
www.burmeseclassic.com



BURMESE CLASSIC

# ဒဂုန်ရွှေမျှား

ထူးဆန်းသော အိပ်မက် နှင့်

ရှေ့ရှုဆန်းကြယ်ဝတ္ထုတိုများ

( ပထမအကြိမ် ပုံနှိပ်ခြင်း )

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ▸ ၅၀၁၈၆၀၁၂၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ▸ ၅၀၀၂၇၃၀၃၁၀

ပုံနှိပ်ခြင်း

ပထမအကြိမ် ▸ (၂၀၁၀၊ ဇွန်လ)

အုပ်ရေ ▸ (၅၀၀)

မျက်နှာဖုံး ▸ ဝေယျာ

ကွန်ပျူတာစာစီ ▸ Quality

အတွင်းဖလင် ▸ Quality

ပုံနှိပ်သူ

ဦးမန်းနော်တင်(ပိုးကရင်ပုံနှိပ်တိုက်)(၀၂၈၀၁)

အမှတ် ၁၂၀၊ မင်းရဲကျော်စွာလမ်း၊ အလုံမြို့နယ်၊

ထုတ်ဝေသူ

ဦးမြင့်ထွန်း(မြ)(၀၃၉၀၆)၊

အမှတ်၅၀၈/၅၁၂(ပထမထပ်)

ကုန်သည်လမ်းနှင့်ဆိပ်ကမ်းသာလမ်းထောင့်၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်၊

တန်ဖိုး ▸ ၂၀၀၀ - ကျပ်

ဒဂုန်ရွှေမျှား ၈၉၅.၈၃

ထူးဆန်းသောအိပ်မက်နှင့်ဂမ္ဘီရဆန်းကြယ်ဝတ္ထုတိုများ/ဒဂုန်ရွှေမျှား

-ရန်ကုန်၊

Quality Publishing House ၂၀၁၀၊

၁၉၃-စာ၊ ၁၃x၂၀.၅စင်တီ

(၁)ထူးဆန်းသောအိပ်မက်နှင့်ဂမ္ဘီရဆန်းကြယ်ဝတ္ထုတိုများ

www.burmeseclassic.com

www.burmeseclassic.com


| | |
|---|---|
| ထူးဆန်းသောအိပ်မက် | ၁ |
| လူလား တစ္ဆေလား | ၁၇ |
| နဂါးပတ်လက်စွပ် | ၂၄ |
| ကံဆိုတာ | ၃၉ |
| အကြံကောင်းတော့ မြှေကျပ် | ၄၅ |
| ဓာတ်ပုံဆရာ | ၅၂ |
| ဆင်သက်သေ | ၇၀ |
| သံသရာလည်ခြင်း | ၉၀ |
| စိတ်ကိုနိုင်သောစိတ် | ၉၈ |
| သဲလွန်စ | ၁၁၆ |
| စောရညီနောင် | ၁၃၆ |
| အမွေပြတ် | ၁၆၄ |
| အကြံကောင်းသူ | ၁၈၀ |


www.burmeseclassic.com

www.burmeseclassic.com

## ထူးဆန်းသောအိပ်မက်

"ကျွန်တော်က ပန်းချီဆရာမို့ပြောတာမဟုတ်ဘူး။ ခေတ်မီပန်းချီပညာရဲ့နက်နဲမှုတွေဟာ ပြောလို့မကုန်နိုင်ပါဘူး။ ဥပမာ ပန်းချီကားတစ်ကားကို ကြည့်ရင် ကားပေါ်မှာ စိတ်ရွှင်ဖွယ်၊ ကြည်နူးဖွယ်၊ ဝမ်းမြောက်ဖွယ်၊ ဝမ်းနည်းဖွယ်၊ လွမ်းဆွတ်ဖွယ်၊ စိတ်ဆိုးဖွယ်၊ အားတက်ဖွယ် အစရှိတဲ့အချက်တွေကို တွေ့နိုင်ပါတယ်။ ပန်းချီပညာဟာ သုခုမပညာရပ်ထဲမှာ အတော်ပဲ ယဉ်ကျေးသိမ်မွေ့တဲ့ ပညာဖြစ်တဲ့အတွက် ယခု မြန်မာ့ခေတ်သစ် ထူထောင်ရေးမှာလည်း အားပေးထိုက်ပါတယ်။ လူနဲ့လူချင်းအဆင့်အတန်းအနိမ့်အမြင့် ခွဲခြားခြင်းမှာလည်း ယဉ်ကျေးခြင်းအပေါ်မှာ တည်ရှိတဲ့အတွက် ပိုမိုမြင့်မြတ်တယ်လို့ ယူဆရပါတယ်။ ရုပ်လုံးပေါ်ရေးနည်းအကြောင်း။ စကားဆက်ပြီး လာလိုက်တာ စကားတောင် နည်းနည်းရှည်သွားပြီ။ ကျွန်တော်ဆိုလိုတာက ကိုယ်လက်ကြံ့ခိုင်ရေးပညာ၊ ကာယဗလပညာ၊ တစ်နေ့က ရန်ကုန်နေပြည်တော် စည်ပင်ရေးအဖွဲ့၊ ပညာရေးဌာန၊ ကျောင်းဝိတ်တော်၊ တသင်တန်းနဲ့ ဆရာဖြစ် သင်တန်းကျောင်းဖွင့်ပွဲမှာ ဦးစိန်ရွှက် အမိန့်ရှိသွားတဲ့ "ရုပ်သင်" ပညာဆိုတာ ယောကျ်ားကလေးများသာမဟုတ်ဘူး။ မိန်းကလေးများသာလိုပါသေးတယ်။ ယခု မိန်းကလေးတွေမှာ တစ်နေ့လုံး အလုပ်တိုက်

Quality Publishing House

www.burmeseclassic.com

www.burmeseclassic.com



ဒီမှာအလယ်လုပ်အိမ်အလုပ်သမားတွေကလည်းနေ့ထွက်ကနေဝင်အထိတစ်နေကုန်အသည်းပန်းသည်း စက်ချုပ်အလုပ်တွေလုပ်၊ ညနေအလုပ်ဆင်းလို့အညောင်းအညာပြေမှာ ဘာလုပ်သလဲသိကြရဲ့လားခင်ဗျ။ ကိုယ်လက်လှုပ်ရှားမှုကို ဘာတစ်ခုမှမလုပ်တဲ့အပြင် မျက်စိကို ပိုပြီးညောင်းစေတတ်တဲ့ အရိပ်ပြပွဲသွားတယ်။ ဝတ္ထုတို အိပ်ခါနီးအထိဖတ်တယ်။ သန်းခေါင်ကျော်အောင် ပိုကာဒေါင်းတယ်။ နေရတဲ့နေရာက ကျဉ်းကျဉ်းကျပ်ကျပ် ပေအစိတ်အခန်းထဲမှာ ဒီလိုမိန်းကလေးတွေမှ ရှူနာရှိုက်ကုန်းဖြစ်ပြီး မီးယပ်နာမရရင် ဘယ်သူရဦးမှာလဲခင်ဗျာ။ မျက်နှာမှာ ပေါင်ဒါဖြူဖြူကလေးတွေ ရိုက်ထားရင် သူတို့ကိုယ်သူတို့ လှလှပြီလို့ ထင်နေကြတယ်။ ဘယ်လို အချိုးအစားကျမှ လှတယ်ဆိုတာ သူတို့ မသိဘူး။ လှတစ်မျက်နှာ ယဉ်တစ်ကိုယ်လုံးဆိုတဲ့ စကားရဲ့အဓိပ္ပာယ်ကို သူတို့ နားမလည်ကြဘူး။ ဒါကြောင့်ကျွန်တော်ဖြင့် မိန်းမယူရင် ရှူနာရှိုက်ကုန်းနဲ့၊ နှုတ်ခမ်းမှာ သွေးမရှိလို့ ပန်းဆီဆိုးထားတဲ့ ပါးစပ်တွေ၊ ကျောက်ဖြူရုပ်လို ပေါင်ဒါရိုက်ထားတာတွေကိုမယူဘဲ လုံးကြီးပေါက်လှနဲ့ တောသူဝဝကလေးပဲယူတော့မယ်လို့ စိတ်ကူးထည့်ထားတာပဲ။

(ဩဘာသံများ)

ဩဘာသံများသည် ရုံတစ်ရုံလုံး ဆူညံ၍သွားလေ၏။ အထက်ပါစကားများကို ပန်းချီဆရာကလေး မောင်စိန်လွင်သည် ကာယဗလ ဟောပြောပွဲတစ်ခု၌ ခြေဟန်လက်ဟန်ဖြင့် စိတ်အားထက်သန်စွာ ပြောလျက်ရှိလေရာ ၎င်း၏စကားအဆုံး၌ အချို့မိန်းမပျိုကလေးများသည် မောင်စိန်လွင်အား မျက်စောင်းထိုး၍ကြည့်ကြ၏။ အချို့လည်း ရှက်ဟန်ဖြင့် ခေါင်းငုံ့၍နေကြလေသည်။ ရှေ့ဆုံးတန်းမှ မိန်းမပျိုကလေးတစ်ယောက်ကမူ မောင်စိန်လွင်အား စိတ်ထဲက များစွာချီးမွမ်းလျက်ရှိလေ၏။ ထိုမိန်းမပျိုမှာ မိန်းမတို့၏အဆင်းအလှဆုံးသောအရွယ် (အသက် ၂၀ အောက်) ကို ကျော်လွန်သေးဟန် လက္ခဏာ မရှိသေးချေ။ ၅ နာရီထိုးလတ်သော် ဟောပြောပွဲပြီးသည်နှင့် မောင်စိန်လွင်လည်း မိမိနေအိမ်ရှိရာ ပန်းဆိုးတန်းသို့ ပြန်ခဲ့လေ၏။

မောင်စိန်လွင်၏မိဘများမှာ ဇာတိမျိုးရိုးအားဖြင့် မင်းမျိုးဖြစ်၍ မောင်စိန်လွင်အား ယခုခေတ်သစ်အစိုးရအဖွဲ့တွင် အနည်းဆုံး အောက်တန်းနိုင်ငံ့ဝန်ထမ်း



www.burmeseclassic.com

www.burmeseclassic.com



အဖြစ်သို့ရောက်အောင်ကြိုးစားခဲ့၏။ ၎င်း၏အစ်ကိုမှာ ခရိုင်နယ်တစ်နယ်တွင်ခန့်ထားခြင်းကို ခံခဲ့ရပေရာ မောင်စိန်လွင်အား မြို့တွင်မနေဘဲ ၎င်းနှင့်အတူ လိုက်၍နေရန်ခေါ်သေး၏။ သို့သော်လည်း မောင်စိန်လွင်၏စိတ်သဘောမှာ မိမိအပေါ်တွင်အထက်က တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ဩဇာပေးခြင်းခံရသောအလုပ်မှန်သမျှကို စက်ဆုပ်ကာ မိမိဝါသနာပါသော စုတ်တံဖြင့် ပန်းချီအလုပ်ကိုပင် ယခင်ကကဲ့သို့ ဆက်လက်၍ လုပ်တော့မည်ဟု သန္နိဋ္ဌာန်ချကာ ပန်းဆိုးတန်းတွင် ၃၀ ပေးရသော တိုက်ခန်းတစ်ခန်းကိုငှားပြီးလျှင် အလုပ်တိုက်ဖွင့်ခဲ့လေသည်။

ဓာတ်ပုံများကို ပုံကြီးချဲ့ခြင်း၊ ပုံတူရေးကူးခြင်း၊ လူပုံကိုကိုယ်တိုင်ကြည့်၍ ရေးဆွဲခြင်းတို့၌ မောင်စိန်လွင်မှာ လူအများ ချီးမွမ်းခြင်းကို ခံရသည့်အပြင်လူကိုယ်တိုင်ကြည့်၍ ပုံတူရေးဆွဲရာ၌ အထူးသဖြင့် ကျွမ်းကျင်ခဲ့လေရာ ဝန်ကြီးတစ်ဦး၏ပုံကို ၎င်း၏အလုပ်တိုက်သို့လာ၍ (၁၀) မိနစ်ခန့်မျှကြာပြီးလျှင် ဆီဆေးဖြင့်ရေးဆွဲပေးသော ပုံတစ်ပုံကို ၎င်းဝန်ကြီးက ၂၅၀ ပေး၍ဝယ်ယူလိုက်လေသည်။ သို့ဖြစ်ရကား လူကုံထံအချို့နှင့်တကွ ခေတ်မီပန်းချီပညာကို အားပေးလိုသောသူဌေးသူကြွယ်များနှင့် တစ်ခါတစ်ရံ ၎င်းတို့၏ သားသမီးများပင်လျှင် မောင်စိန်လွင်၏ ပန်းချီခန်းသို့လာ၍ အလုပ်အပ်နှံကြလေသည်။ သို့ဖြစ်ရကား မောင်စိန်လွင်၏အလုပ်မှာ ပျမ်းမျှခြင်းအားဖြင့် အောက်တန်းနိုင်ငံဝန်ထမ်းအရာရှိများထက်ပင် စည်ခဲ့လေ၏။

မောင်စိန်လွင်အလုပ်လုပ်သောအခန်း၏အထက်ထပ်မှာ မြန်မာဓာတ်ပုံဆိုင်တစ်ဆိုင်ဖြစ်၍ တစ်နေ့သောတနင်္ဂနွေနေ့ နေ့လယ်လောက်တွင် ဓာတ်ပုံဆိုင်မှ ဆင်းလာသော မိန်းမပျို ၂ ယောက်ကို ဂရုစိုက်၍ ကြည့်မိ၏။ ၎င်းတို့အနက်တစ်ယောက်မှာ ရုပ်ရည်အားဖြင့်လည်းကောင်း၊ ကိုယ်လုံးကိုယ်ပေါက်အားဖြင့်လည်းကောင်း အတော်ပင် ကြည့်၍အချိုးအစားကျရကား ပန်းချီဆရာတို့ မည်သည့်မည်သည့်အရာဝတ္ထုမဆို (အများအားဖြင့် မိန်းမများ) ကိုကြည့်သောအခါလူသာမန်တို့ထက် ပို၍လေးနက်သော မြင်ခြင်းဖြင့် မြင်တတ်သည့်အတိုင်း မိမိပန်းချီကားရေးရန် စိတ်ကူးအတွက် ဤသို့ ဂရုစိုက်၍ ကြည့်မိခြင်း ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



အနီးသို့ရောက်လာသောအခါမိန်းမပျိုသည်မောင်စိန်လွင်အားယခင်ကတွေ့မြင်ဖူးသော အနေမျိုးဖြင့် တစ်ကြိမ်မျှကြည့်ပြီးနောက် ခေါင်းငုံ့၍သွားလေ၏။

သူ့ကို ငါမြင်ဖူးပါတယ်။ ဘယ်မှာပါလိမ့်။ သြော် သြော် သတိရပြီ။ တစ်နေ့က ဦးဇော်မိတ်ရဲ့ ကာယဗလ ဟောပြောပွဲမှာပဲ။ ငါက နှုတ်ခမ်းမေးဆိုးတွေ၊ ကျောက်ဖြူရုပ်လို ပေါင်ဒါရိုက်တာတွေ မလိုချင်ဘူးဆိုတဲ့ အကြောင်းပြောတုန်းက ရှေ့ဆုံးတန်းက လက်ခုပ်စပြီးတီးတာ သူပဲ။ ဟုတ်ပြီ ဟုတ်ပြီ။

မိန်းမပျို၏မျက်နှာမှာ နှုတ်ဆက်တော့မည်ကဲ့သို့ရှိနေသဖြင့် မောင်စိန်လွင်ကပင် စတင်၍ နှုတ်ဆက်လေ၏။

"သြော် ဓာတ်ပုံလာရိုက်ကြတယ်လား"

"ဟုတ်ကဲ့၊ ဖေဖော်ဒီက ရိုက်ချင်တယ်ဆိုလွန်းလို့ပါ။ ဒီမှာ နေသလား"

"ဟုတ်ကဲ့၊ ကျွန်တော့်အလုပ်တိုက်ကဒီမှာ ဝင်ပါဦးလား။ လာကြပါ လာကြပါ။ တိုက်ထဲမှာ ဘယ်သူမှ မရှိပါဘူး"

၎င်း၏အဖော်မှာအနည်းငယ်ရှန့်တန့်တန့်ရှိနေသဖြင့် "လာပါအသန်း ရဲ့ ညွှန့်ပါသွားပဲ" ဟု ပြောပြောဆိုဆိုနှင့်ပင် ဆွဲခေါ်လာသဖြင့် မောင်စိန်လွင်၏ အလုပ်ခန်းတွင် ထိုင်ကြလေ၏။

မောင်စိန်လွင်၏ပန်းချီခန်းမှာ ရေးဆွဲထားပြီး ပန်းချီကားအမျိုးမျိုးများ၊ အလှအပ အသုံးအဆောင်များ၊ ရေးလက်စ ကားများဖြင့် ပြည့်နက်လျက် ရှိလေရာ၊ မိန်းမပျို ၂ ယောက်တို့မှာ ကြည့်ရှု၍မဆုံးနိုင်အောင် ရှိနေကြလေ၏။ မကြာမီ မှာပင် မောင်စိန်လွင်၏ တပည့်တစ်ယောက်သည် ငွေလင်ပန်းတစ်ချပ်ပေါ်တွင် လက်ဖက်ရည်နှင့် မုန့်များကို ယူလာပြီးလျှင် စားပွဲပေါ်၌ ချထားလေ၏။

"သောက်ကြပါခင်ဗျား။ လက်ဖက်ရည် အေးကုန်ပြီ။ အသိမိတ်ဆွေဆိုတာ ဒီလိုပေါ့။ ရောက်လာတဲ့အခါ ဝင်ခဲ့ပေါ့။ ဘယ်မှာ နေပါသလဲ"

"ညွှန့် သွန်မဆင်လမ်း(ဗိုလ်တစ်ထောင် ဘုရားလမ်း)မှာ နေပါတယ်။ ဟောဒီက အသန်းက ၅၁ လမ်းက"

မောင်စိန်လွင်မှာ ထိုအခါ၌ အပြာရောင် စပို့ရှပ်တို့နှင့် ရှိလေရာ ညွှန့်သည် လက်ဖက်ရည်ကို တစ်ကျိုက်နှစ်ကျိုက်သောက်ပြီးနောက်၊ မောင်စိန်



www.burmeseclassic.com

www.burmeseclassic.com



လွင်၏ တောင့်တင်းသော လက်မောင်းအိုးကြီးများကို ကြည့်လျက် ရှိလေ၏။ ညွန့်မှာတိုက်ရေ၌ဆွဲထားသောဆိုင်းဘုတ်ကိုမြင်ရသည့်အပြင် ယခင်ဟောပြောပွဲကပင် ဟောပြောပွဲအစီအစဉ်၌ ပါသည့်နာမည်ကို မှတ်သားဖူးသဖြင့် မောင်စိန်လွင်၏နာမည်ကို သိခဲ့၏။

"ကိုစိန်လွင် တရားဟောပွဲမှာ ပြောသွားတာက အားလုံး အမှန်တွေချည်းပဲ"

"မှန်တာတော့ ဟုတ်ပါရဲ့၊ တချို့ကတော့ စိတ်ဆိုးမလားတော့ မပြောတတ်ဘူး"

"ဆိုးဆိုးရှင်။ ပညာမတတ်တဲ့ဟာတွေသာ စိတ်ဆိုးမှာ။ မပူစမ်းပါနဲ့ဗျာ။ ညွန့်ဖြင့် ယောက်ျားဖြစ်ဖြစ်၊ မိန်းမဖြစ်ဖြစ် ယောက်ျားဆိုရင် ယောက်ျားနဲ့တူမှ၊ မိန်းမဆိုရင် မိန်းမနဲ့တူမှ ကြိုက်တယ်"

"နေပါဦး။ အလုပ်ကကော ဘာလုပ်သလဲ"

"ညွန့် ဇာထိုး၊ ပန်းထိုးအလုပ် လုပ်ပါတယ်"

"ကောင်းပါတယ်ခင်ဗျာ။ လွတ်လပ်ပြီး သူများအောက်မကျရတဲ့ အလုပ်မျိုးမှာ"

"နို့ပေမဲ့ တလ ၅၀၊ ၆၀ လောက်ရတဲ့ စာရေးမတွေက မေးငေါ့ကြသေးတယ်"

"ငေါ့ပါစေဗျာ။ ကိုယ့်စိတ်ကူးနဲ့ကိုယ်ပေါ့။ တစ်ခုတော့သတိထား။ ဘယ်တော့မျှ အညောင်းမခံနဲ့"

"ကျွန်မအိပ်မက်ကို အလည်အပတ်ရောက်တဲ့အခါများကျတော့ သိပါလိမ့်မယ်"

"အခု သိနေပြီဟာပဲ။ အားတဲ့နေ့များကျရင် လာခဲ့ပါ့မယ်"

၎င်းနောက် မိန်းမပျို၂ယောက်တို့သည် အတန်ကြာပြီဖြစ်၍ မောင်စိန်လွင်အား နှုတ်ဆက်၍ ပြန်ကြလေ၏။

နောက် တစ်လခန့်မျှ ကြာရှိသောအခါ မောင်စိန်လွင်နှင့် ညွန့်တို့သည် အတော်ပင် ရင်းနှီးသော မိတ်ဆွေအဖြစ်သို့ ရောက်ကြလေ၏။ လူချင်း အချို့တို့မှာ ဤမျှလောက် ရင်းနှီး၍ လွတ်လပ်စွာ ပြောဆိုခွင့်ရကြတော့သောကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ကလေးကစတင်၍ တစ်နည်းနည်းအားဖြင့် ချစ်ကြိုက်စကား ပြောမည်မှန်သော်လည်း မောင်စိန်လွင်သည် ချစ်ကြိုက်သည့် အရိပ်နိမိတ်ကို အနည်းငယ်မျှ မပြသဖြင့်၊ ညွန့်ကိုယ်တိုင်ပင် တွေး၍မရနိုင်အောင်ရှိ၏။ ညွန့်မှာမူကား တစ်နေ့နေ့တွင် မောင်စိန်လွင်က စ၍ပြောလိမ့်မည်ဟု မျှော်လင့်မိ၏။

ညွန့်သည် အပျိုဖြစ်သည်ကို မောင်စိန်လွင်သိ၏။ သို့သော်လည်း မောင်စိန်လွင်၌ သားမယားရှိမရှိကို ညွန့်မသိ၊ မေး၍လည်းမကြည့်ဘူးချေ။ ၎င်း၏အလုပ်တိုက်သို့နောက်ထပ်တစ်ကြိမ်ရောက်ရာ၊နောက်ဖေးခန်းဘက်သို့ ပင်ဝင်၍ကြည့်မိသော်လည်း မိန်းမနေထိုင်သော အရိပ်အခြေဟူ၍ မတွေ့ရသဖြင့် မိန်းမယက်ရှိမရှိကြောင်းကိုသာ သိ၏။သို့သော် လူပျိုဟုတ်မဟုတ်ကိုကား တထစ်ချ မသိသေးချေ။

တစ်ယောက်နှင့်တစ်ယောက် သိကျွမ်းခဲ့သည်မှာ (၃)လကျော်ကျော်မျှ ကြာရှိခဲ့ပြီးနောက်၊ အလွန်လသာသော ညတစ်ညဲ၌ ညွန့်၏ အိမ်ရှေ့ဝရန်တာတွင် မောင်စိန်လွင်သည် ညွန့်နှင့်အတူ စကားစမြည် ပြောဆိုလျက်ရှိလေ၏။ ၂ ယောက်စလုံးပင် ဝရန်တာလက်ရန်းကို ကိုင်၍ မတ်တတ်ရပ်ကာ လမ်းဘက်ကို မျှော်ကြည့်လျက် ရှိနေကြလေ၏။

တစ်ယောက်မျက်နှာကိုတစ်ယောက်ကြည့်ကာ အတန်ကြာ ဆိတ်ငြိမ်လျက်ရှိနေပြီးနောက် မောင်စိန်လွင်သည် လရောင်အောက်၌ ချစ်ချင်စဖွယ်အထူး ပေါ်လွင်လျက်ရှိသော ညွန့်၏ မျက်နှာကလေးကိုလည်းကောင်း၊ ပါးလှပ်သော အဝတ်အစားများအောက်မှ အလင်းရောင်အောက်တွင် မှိုင်းညို့မှိုဖောင်းကာ မထင်တထင်ရှိနေသော ကိုယ်လုံးကလေးကိုလည်းကောင်း အတန်ကြာ စိုက်၍ ကြည့်နေပြီးလျှင် တစ်စုံတစ်ခုကို ပြောမည်လုပ်ပြီးမှ အခြားဘက်သို့ လှည့်သွားလေ၏။ ညွန့်သည်မောင်စိန်လွင်၏အရိပ်အကဲကိုအမှတ်မဲ့ကြည့်ရှုလျက်ရှိလေသည်။

ညွန့်မှာရဲရင့်တည်ကြည်သောမိန်းကလေးတစ်ယောက်ဖြစ်သည့်ပြင် မိန်းမပျိုနှင့် ယောကျ်ားပျိုတို့ ဆက်ဆံရာတွင် မိန်းမများက စတင်၍မျက်နှာသာ ပေးမှသာ ယောကျ်ားများက ပြောဝံ့ကြောင်းကို ယုံကြည်သူတစ်ယောက်ဖြစ်သည့်အတိုင်း မောင်စိန်လွင်အား ဤကဲ့သို့ရဲရဲတင်းတင်းမိတ်ဖွဲ့ဝင်ခြင်းဖြစ်လေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ သို့သော် ဤမျှလောက် ရင်းနှီးပါလျက် မောင်စိန်လွင် ယခုအချိန်သို့တိုင်အောင် အချစ်နှင့်ပတ်သက်၍ မည်သည့်အရိပ်အငွေ့ကိုမျှ မပြသေးခြင်းကိုကား အံ့ဩမိ၏။ အကြောင်းကိုလည်း သိလို၏။ မိန်းမတို့မည်သည် မိမိတို့သိလိုသော အလိုဆန္ဒကို ယောက်ျားများထက်ပင် ဣန္ဒြေမဆည်နိုင်အောင် ရှိတတ်ရကား ညွန့်သည်မောင်စိန်လွင်ဘက်သို့ လှည့်ကာ ဦးခေါင်းကိုငုံ့လျက် –

"ကိုစိန်လွင်မှာ မိန်းမမရှိဘူးလား"

"မှန်တာကို ပြောရမလား၊ လိမ်ပြောရမလား"

"ပြောချင်တာပြောလေ၊ ပြောတတ်သလို ပြောတာပေါ့"

"ဘယ်တော့မျှ မုသားမပြောတတ်ဘူး"

"ဒါဖြင့် ရှိတယ်ပေါ့"

"ရှိဖူးပါတယ်။ အခုတော့ မရှိကြဘူး"

"ဘာစကားလဲရှင့်"

"၃ ယောက်ရဖူးတယ် ညွန့်ရဲ့ အားလုံး သေကုန်ပြီ"

"ဒါဖြင့် ရှင်က မုဆိုးဖိုကြီးပေါ့။ ကိုစိန်လွင်ရဲ့အသက် ဘယ်လောက်ရှိပြီလဲ"

"၃၉ နှစ်"

"ညွန့်ထက် ၄ နှစ်တောင်ကြီးတယ်။ နေပါဦး၊ ၃ ယောက်တောင် ဆုံးခဲ့တယ်"

"ဟုတ်တယ်ညွန့်ရယ်။ ဒါကြောင့် ကိုစိန်လွင်ဖြင့် နောက်တစ်ယောက် ယူဖို့များတောင် စိတ်ပျက်ပျက်ပဲ"

"ဘာဖြစ်လို့ စိတ်ပျက်ရတာလဲရှင့်"

"စဉ်းစားကြည့်ပါလား ညွန့်ရယ်။ နောက်တစ်ယောက်ယူရင် မိန်းမလုပ်တဲ့လူက စိတ်ကောင်းနိုင်ပါဦးမလား"

"အို ကိုစိန်လွင်ကလည်း။ မဟုတ်တာတွေ တွေးနေတာကိုး"

"တွေးတာလည်းမဟုတ်ဘူး။ ကျုပ်စိတ်ထဲမှာကိုစွဲနေတယ်။ ပထမမိန်းမ အပေါ်မှာတော့အမှန်ပဲဒီကဆိုးခဲ့တယ်။ ဒီတုန်းကအသက်ကလည်း ၁၈ နှစ်ရှိသေး တာကိုး။ မူးမူးရူးရူးအရွယ်ဆိုတော့ ထင်သလိုလည်ပတ်ပြီး မယားစိတ်ကောင်းအောင် လုပ်ခဲ့တယ်။ သေတော့ အသက်တောင်မပီဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်မှာလဲ ကိုစိန်လွင်ရဲ့"

"ရှမ်းပြည်နယ် သီပေါမှာ။ ကောင်မလေးအမေကြီးကဖြင့် သူ့သမီးသေရ တာ ကိုစိန်လွင်ကြောင့်ဆိုပြီး ဒီကအပေါ်မှာ အတော်စိတ်နာသွားတယ်"

"သည်လောက်လည်းစိတ်မစွဲပါနဲ့ကိုစိန်လွင်ရယ်။ ယူတိုင်းလည်းသေရ တော့မှာလားရှင့်"

မောင်စိန်လွင်သည် အတန်ကြာ ဆိတ်ငြိမ်လျက်ရှိနေပြီးနောက် "ဒီမယ် မပြောဝံ့သလောက်ကိုဖြစ်နေတယ်။ ဒီက ချစ်ရလေလေ သူတို့ကို သနားနေလေ ဖြစ်ပြီး စ ဘဲ မစဝံ့ပါဘူး ညွှန့်ရယ်"

ညွှန့်သည် အတန်ကြာ တွေဝေစဉ်းစားလျက် ရှိနေ၏။

၎င်းနောက် အချိန်အတော် ညှို့နက်သည်နှင့် အိမ်သို့ပြန်ခဲ့လေ၏။

တစ်ပတ်ခန့်မျှကြာသော်တစ်နေ့သောနံနက်ခင်း၌မောင်စိန်လွင်သည် ပြုံးသောမျက်နှာနှင့် ညွှန့်ထံသို့ ရောက်လာလေ၏။

ထိုအချိန်၌ ညွှန့်မှာ ဗိုးတွန့်လုံချည်ထည်ကို ပန်းထိုး၍ နေရာမှ မောင် စိန်လွင်အား နေရာထိုင်ခင်းပေးပြီးနောက် -

"ဘယ့်နှယ်လဲ ကိုစိန်လွင်ကြီး၊ ဘယ်က မျက်စိလည်လာသလဲ"

"မျက်စိလည်လာတာ မဟုတ်ပါဘူးဗျာ။ ညွှန့်ဆီကို တမင်သက်သက် လာခဲ့တာပါ"

"ဘာများ အကြောင်းထူးလို့လဲ ကိုစိန်လွင်ရဲ့"

"အကြောင်းထူးလို့ပေါ့ ညွှန့်ရယ်။ ညွှန့်ကိုစကားတစ်ခွန်းပြောစရာရှိလို့ လာတာ"

ညွှန့်မှာ မောင်စိန်လွင်သည် ယခုတစ်ခါများ မိမိအား ချစ်ကြိုက်စကား ပြောတော့မည်ဟု ဝမ်းမြောက်လျက်ရှိရကား မျက်နှာကို မထားတတ်အောင် ရှိနေလေ၏။ ထို့နောက် အတန်ကြာမျှ -

"ဘာစကားလဲ ကိုစိန်လွင်ရဲ့"

"ဘာစကားလဲဆိုတာ မပြောခင် ညွှန့်ဆီမှာ ဝန်ခံချက်တစ်ခု တောင်း ရလိမ့်မယ်"

"ဘယ်လို ဝန်ခံချက်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ပြောရမယ့်စကားက ညွန့်စိတ်ဆိုးမယ့် စကားမို့ ပြောတာပေါ့။ ဒါကြောင့် ပြောရင် စိတ်မဆိုးရဘူးဆိုတဲ့ ဝန်ခံချက်ပေါ့"

ညွန့်မှာ ယခင်ကထက် ပို၍ သံသယမကင်းဖြစ်ကာ ခေါင်းငုံ့လျက်ရှိလေ၏။

"မောင်လိုနမလို ခင်မင်နေတဲ့ လူချင်းပဲ ကိုစိန်လွင်ရယ်။ ဘယ်လိုစကားမျိုးမို့ ညွန့်က စိတ်ဆိုးရမှာလဲ။ ကိုစိန်လွင်က တောင်းတယ်ဆိုရင် ညွန့်မငြင်းပါဘူး"

"ဒီလိုချစ်နေတဲ့လူချင်းမို့ အပြောရအခက်သားပဲ။ ဒီစကား ညွန့်ကိုပြောဖို့ဟာ ၃ ရက် စဉ်းစားပြီးပြီ။ နောက်ဆုံးညွန့်သဘောတူမှ ပြောတော့မယ်လေ ဆိုပြီး အခုလာခဲ့တာပဲ"

"ကိုင်း ပြော ပြော ညွန့် စိတ်မဆိုးပါဘူး"

"ဗမာ့မျက်စိနဲ့ကြည့်ရင် ရှက်ဖို့လည်း ကောင်းတယ်။ အားနာဖို့လည်း ကောင်းတယ်။ စိတ်ဆိုးစရာလည်း ကောင်းတယ်"

"အို ကိုစိန်လွင်ကလည်း စိတ်မဆိုးပါဘူးဆိုမှပဲ"

"ဒီလိုညွန့်ရဲ့ မကြာမီက ဆိုက်တဲ့သင်္ဘောနဲ့ နိပ္ပွန်နိုင်ငံက သတင်းစာဆရာကြီး တစ်ယောက်ရယ်၊ နိပ္ပွန်အမျိုးသမီးမဂ္ဂဇင်းက အယ်ဒီတာချုပ် စာရေးဆရာတစ်ယောက်ရယ်၊ အလုပ်တိုက်ကို ရောက်လာပြီး စာရေးဆရာကြီးက "ခင်ဗျားတို့ ဗမာအမျိုးသမီး ကလေးတွေဟာ ချောတယ်လှတယ်လို့ အရှေ့နိုင်ငံတွေမှာ ကျော်ကြားနေတဲ့အတိုင်း ကျုပ် တွေ့ရသလောက်ဖြင့် မျက်နှာပေါက်ကလေးတွေကတော့ သနားကမားရှိပါရဲ့။ နို့ပေမဲ့ လမ်းရှည်ကြီးတစ်လမ်းကို မနေ့က လျှောက်ပြီးသွားတဲ့အခါ ရေဘုံဘိုင်တစ်ခုမှာ အရွယ်ကောင်းကောင်း မိန်းမပျိုကလေး(၆)ယောက်ထဘီရင်ရှားပြီးရေချိုးနေတာတွေ့လို့၊ သူတို့ရဲ့ကိုယ်လုံးကိုယ်ပေါက်ကိုကြည့်ချင်တာနဲ့ ၂ မိနစ်လောက် ကျုပ် ရပ်ပြီးကြည့်ခဲ့တယ်၊ တချို့လည်း လက်မောင်းကသိမ်လို့၊ တချို့လည်း မျက်နှာက ချောပါရဲ့၊ လက်ပြင်က တုန်းလို့၊ တချို့လ အပေါ်ပိုင်းတော့လှပါရဲ့ အောက်ခြေကရှုံးလို့၊ တချို့လည်းအောက်ပိုင်း အချိုးအစားကျပြီးအထက်ကပိန်ကပ်နေလိုက်တာမပြောနဲ့တော့၊ အဲဒီလိုတွေ သာ တွေ့ရတယ်။ ဒီလို ခင်ဗျားတို့ မြန်မာပြည်က မိန်းကလေးတွေဟာသာ


www.burmeseclassic.com

www.burmeseclassic.com



မလိုက်စားရင် ဘယ်မှာလာပြီး အရှေ့အာရှတိုက်မှာ အထူးကြီးပွားရေးဆိုတာတွေ ဘာတွေမှာ ဝင်နိုင်ပါ့မလဲလို့ ပြောတာကိုး ညွှန့်ရဲ့။ ဒီတော့ ကိုစိန်လွင်က ပြန်ပြီး ခင်ဗျားပြောတာလည်း ဟုတ်ပါလိမ့်မယ်။ နို့ပေမဲ့ ကာယပလာလိုက်စားပြီး စံနမူနာ ယူလောက်အောင် အတွင်းချောအပြင်ချောလှတဲ့ မြန်မာမကလေးတွေအများကြီး ရှိပါတယ်။ ကော်ကေးရှစ်တိုင်းသူတွေ ဘယ်လောက်ချောချော၊ တကယ်ချောတဲ့ မြန်မာမကလေးကို မမီဘူးလို့ ဆိုတာ၊ ခင်ဗျားကိုယ်ဘိုင် မြင်ရလိမ့်မယ် လို့ ပြန်ပြောလိုက်တာကိုး။ သည်တော့ သူက ကောင်းပါပြီဗျာ။ ဒီလိုမိန်းကလေး တစ်ယောက် ကျုပ်ကိုပြစမ်းပါ။ လူကိုမပြနိုင်ရင် ဓာတ်ပုံပဲပြပါတော့။ တကယ်လို့ ခင်ဗျားဓာတ်ပုံကိုကျုပ်သဘောကျရင် ဆေးရောင်စုံနဲ့ ပုံကြီးတစ်ပုံလည်း ကျုပ်ယူပါဦးမယ်။ လူကိုကြည့်ပြီး ပုံတူရေးဆွဲတဲ့နေရာမှာ ခင်ဗျားနာမည်ကို သတင်းစာတိုက် တစ်တိုက်က ပြောလိုက်လို့ ကျုပ်တို့ တိုက်ရိုက်ဝင်ပြီး လာခဲ့တာပဲလို့ ပြောတာကိုး ဒီသတင်းစာဆရာကြီးက အင်္ဂလိပ်လို ယည်လည်ဝယ်ဝယ် ပြောတတ်တယ်။ သည်တော့ ကိုစိန်လွင်က ပုံဆွဲခံကဲ့မိန်းကလေးအတွက်ရယ်၊ ဆေးရောင်စုံနဲ့ ပုံတူအကြီးရေးဆွဲတဲ့အခရယ် ခင်ဗျားဘယ်လောက်ပေးနိုင်မလဲမေးတော့ သူက ၃၀၀ ပေးပါ့မယ်လို့ ပြောတယ်။ ဒီက တောင်းတာက ၅၀၀ တောင်းတယ်။ ဒါနဲ့ နောက်ဆုံး ၄၀၀နဲ့ အဖိုးသင့်ဖြတ်ကြတယ်"

"အခုပြောတာ ဘာဖြစ်သလဲ ကိုစိန်လွင်ရဲ့"

"ဘာမှတော့ မဖြစ်ပါဘူး။ ကိုစိန်လွင် အလုပ်လက်ခံလိုက်တာ ညွှန့် အားလုံးထဲကရမယ့်ငွေ ၄၀၀ အနက်က ညွှန့်အတွက် ငွေ ၂၀၀ ရည်ရွယ်ပြီးထားပါဘယ်"

"ငွေရတာတော့ ဟုတ်ပါရဲ့ ကိုစိန်လွင်ရယ်။ နို့ပေမဲ့ ရှက်စရာကြီး"

"နို့ပေမဲ့ ဒီလိုရှိတာကိုး ညွှန့်ရဲ့။ သူတို့ အနောက်နိုင်ငံများမှာတော့ သည် ထက်တောင် ဗမာ့မျက်စိနဲ့ ဆိုးဝါးတဲ့ ပုံတူတွေကို ရေးဆွဲကြသေးတာကလား။ အခု ကိစ္စက ဗမာမတွေဟာ တကယ်ယဉ်၊ တကယ်ချောတဲ့ဟာကျရင် သူတို့ အနောက်နိုင်ငံသူရော၊ အရှေ့သူရော မကြောက်ဘူးဆိုတဲ့အကြောင်း ဂုဏ်ယူတဲ့ ကိစ္စပါ။ ရိုင်းတယ်လို့ ထင်စရာ မဟုတ်ပါဘူး"

"နေပါဦး။ ဘယ်လိုအနေအထိုင်မျိုးနဲ့ နေရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ကူးထားတာကတော့ ထဘီရင်ရှားပြီး ရုံမြင့်တစ်ခုပေါ်မှာ ကိုယ်ကို ခပ်ညွတ်ညွတ်ထားပြီး၊ ခပ်စောင်းစောင်း လက်ထောက်နေရင် ကောင်းလိမ့်မယ် ထင်တယ်။ ဒီက သဘောအတိုင်းပါပဲ"

"ပြီးတော့ သတင်းစာတွေထဲမှာ ဓာတ်ပုံတွေဘာတွေ ပါနေဦးမှာလား ကိုစိန်လွင်"

"အိုမပါစေရပါဘူး။ သူတို့နိပွန်မဂ္ဂဇင်းအတွက်ပါ။ ဒီနိုင်ငံကိုမရောက်ပါဘူး"

ညွန့်မှာ မောင်စိန်လွင်ပြောသည့် စကားကို မပယ်လိုသည့်အပြင် မိမိ ကိုယ်တိုင်ကပင် မြန်မာမကလေးများသည် မျက်နှာလှသလောက်၊ ကိုယ်လက် ကြံခိုင် တောင့်တင်း၍ အဆစ်အမြစ် ပြေပြစ်လှပခြင်းမရှိဟု ပြောဆိုသည်ကို ခံနိုင်သဖြင့် နောက်ဆုံး၌ သဘောတူလိုက်လေ၏။

"ကိုစိန်လွင်က ဒီနေပြည်တော်တစ်ခုလုံးမှာ ညွန့်တစ်ယောက်ပဲ ကြည့် ကောင်းသလား"

"ကိုစိန်လွင် မျက်စိတော့ ဒီတစ်ယောက်တည်းပဲ မြင်တယ်"

"အဟုတ်ပဲလား ကိုစိန်လွင်"

"တကယ်ပြောတာပါ ညွန့်ရယ်"

"ကိုင်းဒါဖြင့်၊ ညွန့် သဘောတူလိုက်ပါပြီရှင်"

ညွန့်၏ဓာတ်ပုံကိုမြင်ရုံမျှနှင့်ပင် နိပွန်သတင်းစာ ဆရာကြီးမှာ သဘော ကျမည်ဖြစ်သည့်အတိုင်း မောင်စိန်လွင်က ပုံတူရေးဆွဲရန် ရက်ချိန်းသောနေ့၌ ညွန့်သည် နံနက်စောစောထ၍ ရေမိုးချိုးပြီးသော် သနပ်ခါးရေကျဲကလေးကို လိမ်းခံပြီးနောက်၊ ပေါင်ဒါနှင့် မျက်နှာချေအနည်းငယ်ကို ရောစပ်၍တစ်ကိုယ် လုံးကို ညီညွတ်ပြေပြစ်အောင် လိမ်းပြီးလျှင် မောင်စိန်လွင်၏ အလုပ်တိုက်သို့ ထွက်လာခဲ့လေ၏။

မောင်စိန်လွင်က ညွန့်အတွက် မိမိ၏အဝတ်အစားခန်းကို ပြုပြင်၍ ထားပြီးလျှင် ရေမွှေး၊ ပေါင်ဒါ၊ မျက်နှာချေ၊ ကော့(စ)မတစ်စသည်ဖြင့် အမွှေးအထုံ တို့ကိုလိုလေသေးမရှိအောင် ထားရှိလေသည်။ ပုံဆွဲရန် အခန်းကိုလည်း သီးသန့် ထား၏။ အချိန်တန်သောအခါ ညွန့်သည် နင်းဆီပွင့်ကြီးများထိုး၍ ထားသော



www.burmeseclassic.com

www.burmeseclassic.com



တွန့်လုံချည်ရွှေဖလားရောင်ကလေးကိုထဘီရင်ရှားကာ ရုံမြင့်အနီးသို့လာခဲ့လေ၏။ပထမဦးအနည်းငယ်ရက်သလိုရှိသော်လည်းမိမိပြုလုပ်ရမည့်အလုပ်ကိုနောက်မတွန့်ဘဲ ပြင်ဆင်လေ၏။

(နေသားတကျလုပ်ပြီးနောက်)

"ဘယ့်နယ်လဲ တော်လောက်ပြီမဟုတ်လား"

"ကိုယ်ကို ခပ်နွဲ့နွဲ့ ခပ်ညွတ်ညွတ်ကလေး အဲ ဟုတ်ပြီ"

အထက်ဆင်အနက်ကလေးမှာ ဆွတ်ဆွတ်ဖြူသော ရင်သားအပေါ်ပိုင်းနှင့် ရွှေဖလားရောင် ထဘီကိုခြား၍ထားလျက် အလယ်မှ အောက်ဆီသို့ ခပ်ကားကား၊ ခပ်စွင့်စွင့် ကျဆင်းလျက်ရှိသော အမှောင်တန်းသည် နင်းပွင့်ကဲ့သို့ ဖြူဆွတ်သော အထက်ပိုင်းကို နှစ်ပိုင်းပိုင်းကာ ထင်ရှားသည်ထက် ထင်ရှားစေ၏။ ညီညွတ်သောပခုံးနှစ်ဖက်သည်လည်းကောင်း၊ အချိုးကျသော လက်မောင်းရင်းနှစ်ဖက်သည် လည်းကောင်း၊ ဆင်၏နှာမောင်းကဲ့သို့ အရင်းကား၍ အဖျားသို့ အတန်ငယ် ရှူးလာသော လက်တံများသည်လည်းကောင်း၊ အရိုးမရှိသကဲ့သို့ ထင်မှတ်ရသောလက်မောင်းများသည်လည်းကောင်း၊ ကြော့ရှင်းသော လည်တိုင်နှင့် ပြည့်တင်းသော မျက်နှာသည်လည်းကောင်း အပြစ်ဆိုစရာရှိသလောက်တင့်တယ်လှပေ၏။ -

မောင်စိန်လွင်သည်ပထမဦးစွာခဲဖြင့်အကြမ်းရေးခြစ်ပြီးနောက်အလင်းအမှောင်ခန့်များကိုစ၍ဖော်လေ၏။ ဆေးဆရာဝန်တို့မှာ လူနာ၏အသားကိုကိုင်တွယ်စမ်းသပ်ရာတွင် လူနာဟူသော အသိအပြင် လိင်နှင့်ပတ်သက်သော အခြားအာရုံမရှိသကဲ့သို့ ပန်းချီဆရာများမှာလည်း မိမိတို့စံထားသော သူ၏ အပေါ်တွင် အချိုးအစား အနေအထားမှတစ်ပါး အခြားအာရုံ မရှိချေ။

ပထမနေ့အဖို့ပြီးစီးလတ်သော် ဒုတိယနေ့တွင် ဆက်လက်ရေးဆွဲပြန်လေ၏။ ဤနည်းအတိုင်း ရေးဆွဲခြင်းအားဖြင့် ၆ ရက်မြောက်သောနေ့တွင်ပြီးဆုံးလပ်သော် နောက်တစ်နေ့၌မူကား အကောင်းဆုံး လက်ရာဖြစ်စေရန် "အနု" ကိုင်ရမည့်နေ့သို့ ရောက်လေ၏။

ထိုနေ့၌မောင်စိန်လွင်မှာ ညွှန့်၏အနီးသို့ မကြာမကြာလာ၍ကြက်ကာအဝေးမှ ကြည့်ရသည်ကို အားမရသည့်ဟန်ဖြင့် လာရောက် ကြည့်ရှု၏။



www.burmeseclassic.com

www.burmeseclassic.com



"ပြီးနေပြီဟာပဲ။ တော်ရောပေါ့ ကိုစိန်လွင်ရဲ့"

"ပြီးတော့ပြီးပါပြီ။ နို့ပေမဲ့ အဝေးကကြည့်ရတာ အားမလို အားမရဖြစ်လွန်းလို့"

"အို တကတဲ ကိုစိန်လွင်၊ ရှက် ရှက်စရာကြီး"

ထိုနေ့၌အနစိတ်တွင် အပြီးသတ်သည်နှင့် တစ်ပြိုင်နက် မောင်စိန်လွင်၏စိတ်များမှာ ပန်းချီဆရာ၏စိတ် မဟုတ်တော့ဘဲ သာမန်လူများ၏စိတ်သို့ပြောင်းလဲခဲ့လေ၏။ ညွန့်သည် အင်္ကျီဝတ်ရန် အခန်းထဲသို့ ဝင်ခါနီး၌ မောင်စိန်လွင်သည် ညွန့်နောက်သို့ လိုက်လာပြီးလျှင် ညွန့်၏လက်ကလေးကိုဆွဲကာ "ညွန့်ကိုပြောရင် စိတ်ဆိုးမှာလား ညွန့်ရယ်၊ ကိုစိန်လွင်တော့ စိတ်ကို မထိန်းနိုင်တော့ဘူး။ အရင်က ၆ ရက်လုံးလုံး ဆွဲခဲ့တာ။ ကိုစိန်လွင်စိတ်မှာ ဘယ်လိုမှ မဖြစ်ခဲ့ဘူး။ ဒီကနေ့ကျမှ စိတ်တွေဟာ ပန်းချီဆရာစိတ် မဟုတ်တော့ဘဲ တစ်ခါတည်း ပြောင်းသွားပြီ ညွန့်ရဲ့"

စသည်ဖြင့် မိမိသည် ညွန့်သဘောတူညီမည်ဆိုက တစ်သက်လုံး ပေါင်းသင်းခွင့်ပြုပါမည့်အကြောင်း တောင်းပန်လေ၏။ ညွန့်သည် သဘောတူသည့်ဟန်ဖြင့် ငြိမ်သက်လျက်ရှိလေရာ မောင်စိန်လွင်သည် ညွန့်၏ကိုယ်ကလေးကို မိမိရင်ခွင်ထဲသို့ ဖြည်းညင်းစွာ ထည့်လိုက်လေသည်။

ထိုည၌ မောင်စိန်လွင်သည် ထူးဆန်းသော အိပ်မက်တစ်ခုကို မက်၏။

အိပ်မက်ထဲ၌ ညွန့်သည် ရုပ်ပုံရေးဆွဲထားသည့်အတိုင်း ပန်းချီဆွဲခန်းထဲသို့ ထဘီရင်ရှားလျက် ဝင်လာရာ၊ ထိုအခါ၌ကား မောင်စိန်လွင်မှာ စိတ်ကို မချုပ်တည်းနိုင်တော့ဘဲ ညွန့်အား တစ်ခါတည်းပွေ့ချီပြီးလျှင် မိမိ၏ ခုတင်ပေါ်သို့ တင်လေ၏။

ထိုအခါ ညွန့်သည် သဘောတူသည့် လက္ခဏာမရှိဘဲ မောင်စိန်လွင်လက်ထဲမှ အတင်းရုန်းကန်ပြီးလျှင် လွတ်မြောက်သွားသည်နှင့် တစ်ပြိုင်နက် ထဘီချင်ရှားထဲတွင် ဝှက်၍ထားသော အသွား ၆ လက်မခန့်ရှိ ဆင်စွယ်ဓား[illegible] တလေးကိုထုတ်ပြီးလျှင် မောင်စိန်လွင်အား တအားစိုက်လိုက်ရာ၊ အ[illegible] နောက်သို့ ပက်လက်မလှန်လိုက်ခဲ့ပါမူ၊ ရင်ဝတည့်တည့်သို့ စိုက်မိတော့[illegible]

www.burmeseclassic.com



၏။ ၎င်း၏မျက်နှာမှာ ဘီလူးမကဲ့သို့ ရက်စက်သော အမူအရာနှင့် လှပသော မျက်လုံး ၂လုံးမှာ ဒေါသဖြင့် ပြည့်လျှမ်းကာ မီးထွက်မတတ် တောက်ပလျက်ရှိ၏။

မောင်စိန်လွင်မှာ ထိုအခါ၌ ညွန့်အပေါ်တွင် အချစ်စိတ် လုံးလုံးမရှိတော့ဘဲ ညွန့်၏လက်ထဲမှ ဓားမြှောင်ကို အတင်းလုယူပြီးလျှင် ၎င်း၏ ရင်ဝသို့ တအားပြန်၍စိုက်လိုက်၏။ ဓားမြှောင်သည် ရင်ဝအလယ်တည့်တည့်၌ အရိုးသို့ စိုက်အောင် နစ်မြုပ်သွားလေ၏။ ပန်းထွက်လာသော သွေးများသည် မင်နီပ်အဖြူပေါ်တွင် မင်နီသွန်၍ ချလိုက်ဘိသကဲ့သို့ ဆွတ်ဆွတ်ဖြူသော ရင်အုံတစ်ခုလုံးတွင် ဖုံးနှံ့သွားလေ၏။

မောင်စိန်လွင်သည် အိပ်ရာမှ လန့်၍နိုးသဖြင့် မျက်လုံးများကို ဖွင့်၍ ကြည့်လိုက်ရာ မိုးစင်စင်လင်းလျက် ရှိနေပြီဖြစ်ကြောင်း တွေ့ရှိသည်နှင့် ကပျာကယာထကာ မျက်နှာသစ်၍ အဝတ်လဲပြီးလျှင် ကြုံရာဆိုက်ကားတစ်စီး ပေါ်သို့ ခုန်တက်ပြီးနောက် ညွန့်နေသော သော်သွန်မဆင်လမ်း (ဗိုလ်တထောင်ဘုရားလမ်း)သို့ သွားလေ၏။ သို့သော်လည်း မောင်ဂိုမာရီလမ်း(ဗိုလ်ချုပ်အောင်ဆန်းလမ်း)ဘက်သို့ကွေ့မည်အလုပ်တွင်အရှေ့ဘက်မှဆိုက်ကာတစ်စီးကွေ့လာသည်ကို တွေ့ရသဖြင့် ဆိုက်ကားပေါ်၌ ညွန့်ကိုမြင်လိုက်ရသောအခါရပ်လိုက်လေ၏။

"အခု ညွန့်ဆီကိုလာမလို့"

"ကျွန်မလည်း ကိုစိန်လွင်ဆီကို လာတာပဲ"

"လာပါ။ ကိုစိန်လွင် အခန်းရောက်မှပဲ ပြောကြတာပေါ့"

ညွန့်သည် မောင်စိန်လွင်၏ ဆိုက်ကားပေါ်သို့ ပြောင်း၍စီးခဲ့ပြီးလျှင် မောင်စိန်လွင့် တိုက်ခန်းသို့လိုက်ပါလာခဲ့လေ၏။ ညွန့်မှာ တစ်စုံတစ်ခုကိုစိုးရိမ်နေဘိသကဲ့သို့ ထိတ်ထိတ်ပျာပျာဖြစ်ကာ မျက်နှာမကောင်းရှိနေလေ၏။ တိုက်ခန်းသို့ ရောက်ကြသောအခါ မောင်စိန်လွင်လည်း မိမိ၏ ထူးဆန်းသော အိပ်မက်ကို ပြန်၍ ပြောသောအခါ ညွန့်သည် ရင်ကလေးကိုမ၍ စိတ်အားထက်သန်စွာ နားထောင်နေပြီးနောက် ထူးဆန်းသော မေးခွန်းများ ထုတ်လေ၏။

"အမယ်လေး ညွန့်အိပ်မက်ကလည်း ကြောက်စရာကောင်းလိုက်တာ မပြောပါနဲ့တော့။ နေပါဦး ကိုစိန်လွင်မှာအနက်နဲ့အဖြူနဲ့မန်ကျည်းစေ့လောက်အဆင်

www.burmeseclassic.com



ရှင်အင်္ကျီတစ်ထည် မရှိဘူးလား"

(အံ့အားသင့်လျက်) "ရှိတယ် ရှိတယ် ဘာဖြစ်လို့လဲ"

"ညက အိပ်မက်ထဲမှာ ကိုစိန်လွင်ရယ် ထူးဆန်းလိုက်တာ။ ကိုစိန်လွင်ရဲ့ ပထမ မယားကြီးရဲ့အမေနဲ့ တွေ့တယ်။ အရုပ်မြင့်မြင့်၊ ဝိန်ဝိန်၊ သွားခေါ်ခေါ်"

"အမယ်လေး ဟုတ်လိုက်လေကွာ။ သည့်အတိုင်းပါပဲ"

"ဒီမိန်းမကြီးဟာ စုန်းမကြီးဆိုပဲ ကိုစိန်လွင့်ရဲ့ သူ့သမီးဟာ ကိုစိန်လွင် အတွက် သေရတယ်ဆိုပြီး ကိုစိန်လွင်အပေါ်မှာ စိတ်အနာကြီးနာပြီး နောက်ရ သည့် ကိုစိန်လွင့်မိန်းမတွေ သူ့သမီးလိုပဲ သေအောင် သူ့အတတ်နဲ့ ပြုထားခဲ့ သတဲ့"

"ထူးဆန်းလိုက်လေ ညွှန့်ရယ်"

"အိပ်မက်ထဲမှာ သူက ကျွန်မကိုကိုင်ပြီး ညည်းတစ်ယောက်ကိုတော့ အမေချစ်တဲ့အတွက် ဒီအိပ်မက်ကိုပေးတာတဲ့။ ညည်းလေးလည်း စိန်လွင်ရဲ့အရင် မိန်းမတွေလို မသေချင်ရင် စိန်လွင်နဲ့ငါ့သမီးနဲ့ ရခါစက ငါ့သမီးချုပ်ပေးဘဲ့ အနက်ကွက်အပေါ်အင်္ကျီနားပတ်ထဲမှာငါထည့်ထားတဲ့အင်းကိုထုတ်ပစ်လိုက်တဲ့။ ဒီလို အိပ်မက်ပေးတာလည်း တခြားကြောင့်မဟုတ်ဘူး။ ညည်းအဖေနဲ့ငါနဲ့ ရှမ်းပြည်နယ်မှာနေတုန်းက ချစ်ချစ်ခင်ခင် နေခဲ့ကြဖူးလို့ ညည်းအပေါ်မှာ သနားတဲ့အတွက်ပေးတာတဲ့လို့ ပြောတယ်။ ပြီးတော့ မြောက်ဘက်ကို လက်ညှိုး ထိုးပြီး တစ်ခါတည်းပျောက်သွားတာပဲ။ ကျွန်မလည်း အိပ်ရာကလန့်နိုးလို့ ကြည့်လိုက်တော့ မိုးလင်းနေပြီ။ ဒါနဲ့ ကိုစိန်လွင်ကို ပြောချင်လွန်းအားကြီးတာနဲ့ အမှတ်တယာ ပြေးခဲ့တာ၊ လမ်းပေါ်မှာ ကိုစိန်လွင်နဲ့ တွေ့တာပေါ့"

မောင်စိန်လွင်သည် မိမိ၏ယူနီဖောင်းသေတ္တာကိုဖွင့်ပြီးလျှင် အောက် ခြေမှ တိုက်ပုံအင်္ကျီ အနက်ကွက်တစ်ထည်ကို ဆွဲထုတ်လေ၏။ အင်္ကျီအနားပတ် [illegible]၍ သေချာစွာ စမ်းသပ်ကြည့်ကြရာ၊ မာကျောသော အရာကလေးတစ် ခုကို တွေ့ရသည်နှင့် ညွှန့်သည် ကတ်ကြေးကလေးဖြင့် ကျင်လည်စွာ ခွဲထုတ်ယူ ထားသောအခါ ထူးဆန်းသောစာများ၊ ဂဏန်းများ၊ အရုပ်များပါသည့် အင်းကလေး တစ်ခုကို တွေ့ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မောင်စိန်လွင်သည် တတ်ဆီတစ်ပုလင်းကို ယူခဲ့ပြီးလျှင် နောက်ဖေး မီးဖိုသို့သွား၍ အင်းနှင့်တကွ အင်္ကျီကိုပါ မီးရှို့ပစ်လိုက်လေသတည်း။

စာရေးဆရာစာစောင်၊ ဇန်နဝါရီလ၊ ၁၉၄၂

www.burmeseclassic.com

www.burmeseclassic.com

## လူလားတစ္ဆေလား

ပြည်မြို့၏ အရှေ့တောင်ဘက် ၃ မိုင်ခန့်မျှဝေးသော (ရွှေလင်ပန်း) ခေါ် တောရကျောင်းအနီး တစ်ခုသော တောင်ကုန်းကလေးပေါ်တွင် တင်ကိုယ်တည်း တောစရိ ကျင့်၍နေသော ရဟန်းတစ်ပါးရှိလေရာ ထိုရဟန်းမှာ အနီးအနားရှိ ကျောင်းများသို့လည်း မည်သည့်အခါမျှ သွားရောက်လေ့မရှိဘဲ တစ်ပါးတည်းသာ လျှင် နေထိုင်ခဲ့လေ၏။ ထိုသို့ နေထိုင်ခဲ့၍ ၆ လခန့်မျှ ကြာလတ်သော် အနီးရှိ ရွာစွန်ရွာငယ်များမှလည်းကောင်း၊ အချို့သော မြို့ပေါ်မှ လူများသည်လည်းကောင်း ထိုရဟန်းထံ သွားရောက်ပူဇော် ဆည်းကပ်ကြရာ။ ၎င်း၏ ဘွဲ့တော်မှာ ဦးကေလာ ဖြစ်၍ တစ်ကိုယ်တည်း တရားများကို အားထုတ်လျက် လူတွေ့မခံလိုကြောင်း၊ ဆွမ်းအတွက်မှာလည်း နံနက်တိုင်း ခံ၍ရသော ဆွမ်းကိုသာ ဘုဉ်းပေးလျက် အခြားအချိုအချဉ်များကို မသုံးဆောင်ကြောင်း ပြောဆိုပြီးလျှင် လာရောက်သော အဘအကာမများနှင့် သင့်လျော်သော တရားစကားများကို ပြောဟော၍ လွှတ်လိုက် လေ၏။

၎င်းရဟန်းမှာ အရွယ်အားဖြင့် ၃၀ ကျော်မျှသာ ရှိလိမ့်မည်ဟု ခန့်မှန်းသိ ရှိရသည်ဖြစ်ရာ၊ ရုပ်ရည်အားဖြင့်လည်းကောင်း၊ ကာယ်ခြေသိကွာ အားဖြင့်လည်း ကောင်း အစေတ်အတန် သိမ်မွေ့နူးညံ့ပုံလက္ခဏာရှိသည် ဖြစ်ရကား [illegible]



www.burmeseclassic.com

www.burmeseclassic.com



လာရောက်ဖူးမြော်ကြသော ပရိသတ်များနှင့် လာဘ်လာဘတို့သည် တစ်နေ့တခြားတိုးလျက် ရှိကုန်၏။

ငှင်းနေထိုင်သော တောင်ကုန်းကလေးမှာ အတော်ပင် သာယာလျက်ရှိသည်ဖြစ်ရာ လူတစ်ရပ် သာသာမျှသော ထန်းပင်ကလေးများသည်လည်း ကျောင်းကလေးကို ဝိုင်းရံကာ ပေါက်လျက်ရှိကုန်၏။ ထူးဆန်းသော အရာတစ်ခုမှာ ငှင်းနေထိုင်သော တောင်ပူစာကလေး၏အောက်၌ ဂူတစ်ခုရှိသဖြင့် ငှင်းဂူမှာ မြေတိုက်သဖွယ် အဝင်ဝတွင် ထူထဲသော တံခါးကြီးတစ်ခုကိုလည်း တပ်ဆင်ထားရှိပေ၏။ ရဟန်းကလေးမှာ ထိုဂူထဲ၌ တရားကိုအားထုတ်ကာ အချိန်ကို ကုန်လွန်စေလျက် ရှိရကား ကျောင်းသို့ ဖူးမြော်ရန်လာသော ပရိသတ်များကိုလည်း ငှင်းဂူထဲသို့ မည်သူမျှ ဝင်ခွင့်မပြုဘဲ ရှိနေခဲ့လေ၏။ ထိုထက်ပင် ထူးဆန်းသော အကြောင်းတစ်ခုမှာလည်း တစ်ခါတစ်ရံ အလွန်လသာသော ညများ၌ သနပ်ခါးပန်းမန်များကို လိမ်းကျံလျက် လှပသော မိန်းမပျိုတစ်ယောက်သည် ထန်းပင်ကလေးကြားထဲမှဂူတံခါးအနီးတွင်ပျောက်ကွယ်၍သွားသည်ဟူ၍လည်းကောင်း၊ ငှင်းဂူအတွင်းမှ အလွန်ဆိတ်ငြိမ်သော ညဉ့်များတွင် မိုးချုန်းသကဲ့သို့ အော်သံကြီးများကိုကြားရသည်ဟူ၍လည်းကောင်း သတင်းဖြစ်ပွားလျက်ရှိလေရာ ထိုသတင်းမှာ မကြာခင်၌ ပျံ့နှံ့လျက်ရှိလေ၏။

လူတို့ မည်သည် ဟုတ်မှန်သည်ဖြစ်စေ၊ မဟုတ်မှန်သည်ဖြစ်စေ ထူးဆန်းသော သတင်းတစ်ခုကို ကြားရသောအခါ မိမိတို့ သဘောထင်မြင်ရာ အမျိုးမျိုး အဖုံဖုံ တွေးတောတတ်ကြစမြဲ ဖြစ်လေရာ အချို့က ဦးကေလာသည် သိဒ္ဓိအမျိုးမျိုးပေါက်၍ နေသည်ဟူ၍လည်းကောင်း၊ အချို့ကလည်း မြင်ရသော မိန်းကလေးမှာ ဥစ္စာစောင့်ဖြစ်၍ ဥစ္စာစောင့်မကလေးနှင့် တိတ်တဆိတ် ဖြစ်ပွား၍နေသည်ဟူ၍လည်းကောင်း ပြောဆိုလျက် ရှိကြကုန်၏။

ဤကဲ့သို့ရှိနေစဉ် တစ်နေ့သော ညနေ နေဝင်ရီတရောအချိန်၌ ဆံပင်နှုတ်ခမ်းနှင့် ပါးမြိုင်းမွေးများသည် ဆွတ်ဆွတ်ဖြူလျက် အသက် ၆၀ ကျော်ခန့်ရှိ အဘိုးကြီးတစ်ယောက်သည် တောင်ဝေ့းကိုထောက်ကာ ကျောင်းကလေးပေါ်သို့ တက်လာပြီးလျှင် ဦးကေလာအား ဝတ်ဖြည့်လေ၏။ ထို့နောက် မျက်ရည်များကို ပုဆိုးစဖြင့်သုတ်လျက် မိမိ၏သားမှာ ရုတ်တရက် ရောဂါဖြင့် ယနေ့ညသည်၌ပင် သေဆုံး



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရသဖြင့် ကံတော်ဦး သချိုင်းတွင် မြှုပ်နှံသဂြိုဟ်မည်ဖြစ်သောကြောင့် အသုဘ ရှုကြွရောက်ရန် လာရောက် ပင့်ခေါ်ခြင်းဖြစ်ပါကြောင်းနှင့် ရှိသေစွာ လျှောက်ထား လေရာ၊ ဦးကေလာက "နေကလည်း" ဝင်တော့မယ် အချိန်မတော် လိုက်လို့ဖြစ်ပါ့ မလား ဒကာကြီးရဲ့၊ ကျောင်းသားလည်းမရှိဘူး"

ကြီး။ ။(လက်အုပ်ချီလျက်) တပည့်တော်နဲ့ ဒကာတစ်ယောက် အပြန် မှာ လိုက်ပြီးပို့ပါမယ်ဘုရား။

ကေ။ ။နီးနီးနားနား ကျောင်းတွေမှာပဲ ပင့်ရောပဗျာ။

ကြီး။ ။အရှင်ဘုရားကိုသာ ကြည်ညိုရင်းစွဲရှိပါတယ် ဘုရား။ ကပျာ တယာလုပ်ရတဲ့ကိစ္စမို့ များများကြီးလည်းမတတ်နိုင်တော့ ငွေအစိတ်ကုန်လောက် ဘုန်းကြီးပွဲတစ်ပွဲထည့်ပြီး အရှင်ဘုရားခြေတော်ရင်းသာ ပြေးလာခဲ့ရတာပဲ ဘုရား။

ကေ။ ။ဒကာကြီးက ဘယ်ကလဲ။

ကြီး။ ။မရဘင်ရွာထဲကပါ ဘုရား။ တပည့်တော် အာဂန္တုပါ။ သားအဘ နှစ်ယောက် အညာကဆင်းပြီး လာခဲ့တာ တစ်လလောက်ရှိသေးတယ် ဘုရား။

ကေ။ ။အင်း သင်္ခါရတရားဆိုတာ မြတ်စွာဘုရားသော်မှ မလွန်ဆန် နိုင်ပဲကို ဒကာကြီးရဲ့၊ တရားနဲ့ဖြေမှပေါ့။ ကိုင်း ကိုင်း အချိန်မရှိဘူး။ ပြီးတော့သာ မြန်ပို့ပေတော့ ဒကာကြီး။

ကြီး။ ။(လက်အုပ်ချီလျက်) စိတ်ချတော်မူပါဘုရား။

၎င်းနောက် ဦးကေလာသည် သင်္ကန်းကိုရုံပြီးလျှင် သချိုင်းဘက်သို့ ကြွခဲ့လေရာ အဘိုးကြီးလည်း နောက်မှ ယပ်ကိုထမ်း၍ လိုက်ပါလာခဲ့လေ၏။

သချိုင်းသို့ရောက်သောအခါ၌ကား နေဝင်ခဲ့ပြီဖြစ်၍ မှောင်စပြုပြီဖြစ် လေရာ၊ ဇရပ်တစ်ဆောင်ပေါ်၌ကား ခေါင်းတစ်ခု၏အနီးတွင် ယောကျ်ားတစ် ယောက်နှင့် မိန်းမတစ်ယောက်သာလျှင် ထိုင်၍ စောင့်နေသည်ကို တွေ့ရလေ ၏။ ဦးကေလာလည်း မိမိအတွက် ခေါင်းအနီးတွင် ပြင်ဆင်၍ထားသော နေရာ၌ ထိုင်ပြီးလျှင် ငါးပါးသီလကိုခပ်မြန်မြန်ပေးလေ၏။ ဤကဲ့သို့သီလပေးပြီးသောအခါ ၌ကားလုံးလုံး မှောင်ခဲ့ပြီဖြစ်၍ အဘိုးကြီးလည်း မိမိအိတ်ထဲတွင် အသင့်ဆောင် ယူလာခဲ့သော ဖယောင်းတိုင်တစ်တိုင်ကို မီးညှိ၍ ခေါင်းအဖုံးကိုဖွင့်ပြီးလျှင် ရှု



www.burmeseclassic.com

www.burmeseclassic.com



သေ၏မျက်နှာပေါ်တွင်အနည်းငယ်ဖုံး၍ထားသောဖွဲပြာများကိုလက်ဖြင့်ယက်ပြီးသော် "အမယ်လေး သားကြီးရဲ့ ဖေဖေတော့ ခွဲရတော့မနေ့ပါ။ ဒီတစ်ခါ သားကြီးမျက်နှာကိုအဖေဝအောင်ကြည့်လိုက်မယ် သားကြီးရဲ့" စသည်ဖြင့်ပြင်းစွာငိုကြွေးရှာလေ၏။

ထိုအခါ ဦးကေလာလည်း မိမိထိုင်နေသောနေရာမှ ခေါင်းအတွင်းသို့ လှမ်း၍ကြည့်လိုက်ရာ၊ ဝါသောအဆင်းရှိသော မျက်နှာရှိသောအလောင်းကောင်၏ မျက်နှာကို မြင်ရသည်နှင့် မျက်နှာကို အခြားဘက်သို့ လွှဲလျက် ဒီလိုငိုနေလို့ မပြီးသေးဘူး ဒကာကြီး၊ မြန်မြန်လုပ်ပါ"

ကြီး ။ ။ ကိစ္စမရှိပါဘူးဘုရား။ တပည့်တော် လိုက်ပို့ပါ့မယ်။

ကေ ။ ။ (မိမိ၏အနီးအနားကို ကြည့်လျက်) အင်း လိုက်ပို့တာတော့ ဟုတ်ပါရဲ့၊ ဒီကဒကာကြီးတစ်ယောက်နဲ့ ဒကာမကြီးတစ်ယောက်ကော ဘယ်ရောက်သွားသလဲ။

ကြီး ။ ။ ရှိပါတယ်ဘုရား။ ဇရပ်အောက်ကို ဆင်းသွားတာပါ။ ဘြော်ရေစက်တောင် မချရသေးဘူး။ ရေခွက်နဲ့ ပန်းကန်ပြား ဇရပ်အောက်ဆင်းပြီး ယူလိုက်ပါရစေဦး ဘုရား။

ကေ ။ ။ (အနည်းငယ် ကြောက်ရွံ့၍လာလျက်) ရေစက်မချပါနဲ့တော့ ဒကာကြီးရယ်၊ ခေါင်းကြီးလည်း ပိတ်ထားလိုက်ပါ။

ကြီး ။ ။ (နေရာမှထလျက်) အိုကိုယ်တော်ကလည်း ဇရပ်အောက်တင်ပဲ ဘုရား။ ကိစ္စမရှိပါဘူး။

၎င်းနောက် အဘိုးကြီးလည်း ပြောပြောဆိုဆိုနှင့်ပင် ဇရပ်အောက်သို့ ဆင်းသွားလေရာ ဦးကေလာတစ်ပါးတည်းသာလျှင် ဖွင့်၍ထားသော ခေါင်းကြီးအနီး၌ ကျန်ရစ်ခဲ့လေ၏။ လေသည် ယခင်ကထက် ပို၍တိုက်ခတ်လာသဖြင့် ကြမ်းပေါ်၌ ချ၍ထားသော ခေါင်း၏အဖုံး၌ ထွန်းညှိ၍ထားသော ဖယောင်းတိုင်မီးရောင်မှာ မှိတ်တုတ်မှိတ်တုတ်ဖြစ်ကာ မကြာမီ ငြိမ်း၍သွားတော့မည်ကဲ့သို့ ရှိလေ၏။ ဦးကေလာလည်း တစ်ကိုယ်လုံး ဖောချွေးများပြန်ခါ စိမ့်၍ကြောက်လာသည်နှင့်မိမိ၏နောက်ကိုလည်းကောင်း၊လက်ဝဲလက်ယာကိုလည်းကောင်း၊မိမိ၏ ရှေ့တွင် ဖွင့်၍ထားသော ခေါင်းကြီးကို လည်းကောင်း၊ ပတ်ခန်းကျင်ကို



www.burmeseclassic.com

www.burmeseclassic.com



လည်းကောင်းကြည့်မိလေ၏။ လေသည်ယခင်ကထက်ပင်ပြင်းထန်၍လာသည်ဟု မှတ်ထင်ရလေရာ၊ အဝေးမှ ခွေးအူသံတစ်ခုကို ကြားရသည်နှင့် ဦးကေလာမှာ ယခင်ကထက်ပင် ကြောက်ရွံ့၍လာလျက် လူတို့မည်သည် အလွန်ကြောက်ရွံ့သောအခါများ၌ အသံပြုခြင်းသည် မိမိကိုယ်ကို အားတက်စေတတ်ရကား ဦးကေသာလည်း အို ဒကာကြီး အို ဒကာကြီးဟု နှစ်ကြိမ်မျှဟစ်၍ ခေါ်သော်လည်း မည်သူမျှ ထူးဖော်မရချေ။ အနီးပတ်ဝန်းကျင်ရှိ သချိုင်းဂူများမှ ပြန်၍ပဲ့တင်ရိုက်လာသော မိမိအသံကိုသာ ကြားရလေ၏။

ထို့နောက် တစ်ဖန် အို ဒကာကြီးဟု တတိယအကြိမ် ခေါ်ပြန်သောအခါ ဦးကေလာမှာ ကြောက်လွန်းလှသည်ဖြစ်၍ အသံများပင် တုန်တုန်ယင်ယင်ဖြစ်လျက်ရှိလေ၏။ ဤကဲ့သို့ ခေါ်ပါသော်လည်း မည်သည့်အသံကိုမျှ မကြားရစော့ချေ။

ကြောက်ရွံ့တုန်လှုပ်ဖွယ်ကောင်းသော အရာများကို မကြာမကြာ ထပ်မံ၍ ကြည့်လိုသော စိတ်ဆန္ဒရှိခြင်းသည် လူတို့၏ ဓမ္မတာဖြစ်သည့်အတိုင်း ဖွင့်၍ထားသော ခေါင်းကို တစ်ဖန်ကြည့်မိပြန်ရာ၊ ခေါင်းသည် တဖြည်းဖြည်း လှုပ်၍ လာသည်ဟု မှတ်ထင်ရလေ၏။ ထို့နောက် ကြမ်းပေါ်တွင် အသံများမြည်သည့်တိုင်အောင် ခေါင်းကြီးသည် လှုပ်၍လှုပ်၍လာပြီးလျှင် ဦးကေလာ၏မျက်နှာပေါ်သို့ ခေါင်းထဲမှ ဖွဲပြာများလွင့်စဉ်၍ ကျလာလေ၏။ ထိုအခါ ဦးကေလာမှာ အတိုင်းမသိအောင် ကြောက်ရွံ့လျက်ရှိသည်ဖြစ်ရာ၊ တစ်စုံတစ်ရာမျှ အသံမပြုနိုင်ဘဲ နဖူးမှချွေးများသည် တပေါက်ပေါက်ကျလျက် မိမိ၏ဦးခေါင်းမှာလည်း ပုတ်လောက်ကြီး၍ သွားဘိသကဲ့သို့ မှတ်ထင်ရလေ၏။

ဤကဲ့သို့ရှိနေပြီးနောက် ဖြူဖွေးသောလက်တစ်ဖက်သည် ခေါင်းထဲမှ တဖြည်းဖြည်း ထွက်၍ လာပြီးလျှင် တစ်ခဏမျှကြာလတ်သော် ခြေထောက်ကြီးနှစ်ဖက်ပါထင်ရှားစွာ ထွက်၍လာလေ၏။ ဦးကေလာလည်းကြက်သေသေလျက် မတုန်မလှုပ် ဆက်လက်ကြည့်နေလေရာ နံရိုးပြိုင်းပြိုင်းထလျက် ဆံပင်တို့အားလျားချ၍ထားသည့်ဝါသောအဆင်းရှိသော လူသေကောင်သည် ခေါင်းတွင်းမှ တစ်ကိုယ်လုံးထွက်လာပြီးလျှင် ဘုန်းကြီးဦးကေလာ၏ လည်မျိုကို လက်နှစ်ဖက်ဖြင့် တင်းကျပ်စွာ ဖျစ်ညှစ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်၌ မည်သူသည် မကြောက်ရွံ့ဘဲ နေနိုင်ပါအံ့နည်း။ ဦးကေလာမှာ မိမိရှေ့တွင်ထားသော ခေါင်းထဲမှ အလောင်းကောင်ကြီးသည် မိမိ၏လည်မျိုကို တအားကုန်ညှစ်လျက် ရှိသည်ဖြစ်ရကား ကြောက်လွန်းလှသည်ဖြစ်၍ သတိမေ့လျော့ကာ ကြမ်းပေါ်သို့လဲကျသွား၏။ အလောင်းကောင်ကြီးလည်း မလွှတ်သေးဘဲ ဆက်လက်၍ ဖျစ်ညှစ်လေရာ ဦးကေလာ၏မျက်လုံးများမှာ အပြင်သို့ ပေါ်ထွက်လုမတတ်ပြူးထွက်လာသည့်တိုင်အောင် ဖျစ်ညှစ်လျက်ရှိရကား နောက်ဆုံး၌ ဦးကေလာမှာ တဖြည်းဖြည်း ပျော့ခွေ၍ သွားရှာလေ၏။

ထို့နောက် အလောင်းကောင်ကြီးလည်း ဇရပ်အောက်တွင် ယခင်က ဆင်းသွားနှင့်သော အဘိုးကြီးနှင့်တွေ့၍ မိမိဝှက်ထားသော အဝတ်အစားများကို လဲလှယ်ဝတ်ဆင်ပြီးလျှင် နှစ်ယောက်သား ဦးကေလာ၏ ကျောင်းရှိရာသို့ သွားကြလေ၏။ အဘိုးကြီးလည်း မိမိဟန်ဆောင်၍ ဝတ်ထားသော ဆံပင်ပုံ၊ နှုတ်ခမ်းမွေးပုံများကို ချုံတစ်ခုထဲ၌ ဖွတ်၍ ထားခဲ့လေရာ တစ်ခဏချင်း၌ပင် အသက် ၄၀ အရွယ်သို့ပြောင်း၍သွားလေ၏။ ဤကဲ့သို့ဆက်လက်၍သွားကြရာ၊ တစ်ယောက်က "ဘယ့်နှယ်လဲဟေ့၊ ဘိုးသင် မင်း တော်တော်မောသွားပြီလား"

တစ်ယောက် ။ ။ မမောဘဲ နေပါ့မလားကွယ်။ ခေါင်းထဲမှာ တစ်နာရီလောက်တောင် အောင်းပြီး နေရတာပဲ။

တစ်ယောက် ။ ။ အင်း ဒီအကောင်တော့ လက်စတုံးပြီး သေတာပါပဲကွယ်။ လက်စသတ်တော့ ကိုယ်တော်မြတ်က ဒီမှာလာခိုပြီး ဘုန်းကြီးယောင်ဆောင်နေတာကိုး။

တစ်ယောက် ။ ။ ပြီးတော့ ရွာထဲက ကောင်မကလေးတစ်ယောက်နဲ့လည်း ညားနေသတဲ့။ ကောင်မကလေးက ညညမှ လာသတဲ့။

တစ်ယောက်။ ။အေးကွယ် ဘယ်သူနဲ့ပဲညားနေနေ အရေးမကြီးပါဘူး။ တို့ စက်ကိုပြန်ရရင် ပြီးတာပါပဲ၊ ကျောင်းအောက်မှာလည်း ဂူတစ်ခုရှိလေတော့၊ အလုပ် လုပ်ဖို့အင်မတန် အခန့်သင့်နေတာပဲ။

တစ်ယောက် ။ ။ ဒါါးလုပ်ပြီးတော့ ကောင်မကလေးကို ရန်ကုန်လွှတ်ပြီး အထုတ်ခိုင်းသတဲ့ ဘိုးမှင်ရဲ့။



www.burmeseclassic.com

www.burmeseclassic.com



များမကြာမီ အင်္ဂလိပ်မြန်မာ သတင်းစာများထဲတွင် ဘုန်းကြီးဦးကေလာ၏ အလောင်းကို ပြည်မြို့ကံကော်ဦးရပ်ရှိ သချိုင်းဇရပ်တန်ဆောင်းပေါ်တွင် တွေ့ရှိရကြောင်း၊ ၎င်း၏ အနီး၌လည်း ပွင့်၍နေသော ခေါင်းကြီးတစ်လုံးကို တွေ့ရှိသည့်အပြင် ကျောင်းအောက်၌ရှိသော မြေတိုက်ကိုလည်း လူဆိုးများ ချိုးဖဲ့ဝင်ကြဟန် လက္ခဏာရှိ၍အထဲမှတစ်စုံတစ်ရာလေးလံသောပစ္စည်းများကိုယူဆောင်သွားဟန် လက္ခဏာရှိကြောင်း၊ ပုလိပ်များက ထို ထူးဆန်းသော အမှုနှင့်တကွ ဦးကေလာသေဆုံးပုံကို လိုက်လံရှာဖွေစုံစမ်းလျက် ရှိကြောင်းဖြင့် တွေ့မြင်ရလေသည်

ရုပ်ရှင်လမ်းညွှန်၊

အတွဲ ၁၊ အမှတ် (၁၂)၊ ဒီဇင်ဘာလ၊ ၁၉၃၃

www.burmeseclassic.com

www.burmeseclassic.com

## နဂါးပတ်လက်စွပ်

အောက်တွင် ရေးသားဖော်ပြလတ္တံ့သော အတ္ထုပ္ပတ္တိမှာ ကျွန်တော်ကိုယ်တိုင် တွေ့ကြုံခဲ့ရသော အကြောင်းအရာများဖြစ်၍ ၎င်းကို ထုတ်ရေးသားရန် ကျွန်တော်၏ဖနီးသည်မှာ သဘောမတူချေ။ သို့သော် ထိုအဖြစ်အပျက်နှင့်ပတ်သက်၍ အရေးခံရမည့်သူမှာ မြန်မာပြည်တွင်မရှိဘဲ တရုတ်ပြည်၌နေထိုင်လျက် ၎င်းမှာ မြန်မာစကားလည်း မတတ်၊ မြန်မာစာလည်း မတတ်သဖြင့် ၎င်း၏ အကြောင်းကို မြန်မာပြည်မဂ္ဂဇင်းတစ်စောင်စောင်၌ ထည့်သွင်းရေးသားခြင်းအားဖြင့် ၎င်းအား တစ်စုံတစ်ရာ ထိခိုက်ရန်မရှိဟုယူဆသည့်အတိုင်း ရေးသားအပ်ခြင်းဖြစ်ပါသည်။

✦✦✦

ကျွန်တော့်၏အမည်မှာ မောင်ဟုတ်ကဲဖြစ်၍ အဘမှာ ပြည်ကြီးသားအစစ်၊ အမိမှာ မြန်မာဖြစ်ပြီးလျှင် လွန်ခဲ့သော ၁၉၃၃ ခုနှစ်က ကျွန်တော်သည် အဘဘက်မှ ဆွေမျိုးများရှိရာ တရုတ်ပြည် ကောင်းတုံနယ် ဝုယ်ရှန်ဒိစကြိတ်ရှင်ကျေးရွာမှ ပီကင်းမြို့သို့ ဆိုက်ရောက်ခဲ့ပါသည်။ ပီကင်းမြို့ (ပေကျင်းမြို့)သို့ ဆိုက်ရောက်ရခြင်းမှာ တရုတ်စာကို ကောင်းစွာ ရေးတတ်ဖတ်တတ်စေရန် ကျောင်းတစ်ကျောင်းတွင် ပညာသင်ကြားရန် ဖြစ်လေသည်။ အဘယ့်ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ဆိုသော်ကျွန်တော့်မှာ တရုတ်စကားကို ကောင်းစွာပြောတတ်ပြီးဖြစ်သော်လည်း တရုတ်စာကိုမူကား ကောင်းစွာ မတတ်သေးချေ။

ပီကင်းမြို့ရှိ ကျောင်းတစ်ကျောင်းတွင် မိမိကိုယ်ကို မိမိအပ်နှံပြီးနောက် တရုတ်စာကို သင်ကြားလျက်ရှိရာ ကျွန်တော့်၏ဖခင်မှာ ကျွန်တော့်ထံသို့ ငွေများကို လစဉ်မှန်မှန် တင်ပို့လျက်ရှိနေခဲ့ပါသည်။ ၁ နှစ်နှင့် ၄ လခန့်မျှ ကြာသောအခါ ကျွန်တော့်၏ဖခင်မှာ ရန်ကုန်မြို့တွင် ရုတ်တရက်သေဆုံး သွားသဖြင့် ကျွန်တော့်အား ဆက်လက်ထောက်ပံ့မည့် အကူအညီ တစ်စုံတစ်ရာ မရှိရကား ကျွန်တော်လည်း နဂိုကပင် ဤကဲ့သို့ ဖခင်ကြီးသေဆုံးသွားပြီဟု ကြားရသောအခါ အမိမြန်မာပြည်ကြီးကို ယခင်ကထက် ၃ ဆမျှပိုမို လွမ်းဆွတ်ကာ နောက်ဆုံး၌ ရန်ကုန်မြို့သို့ အမြန်ဆုံး ပြန်ရန် သန္နိဋ္ဌာန်ချလိုက်ပါသည်။ သို့ဖြစ်ရကား ကျွန်တော်လည်း ရှိသမျှသော ပစ္စည်းကလေးများကို စုဆောင်းသိမ်းဆည်းကာ ရှင်ကျေးရွာသို့ ဆွေမျိုးများထံ သွားရောက်နှုတ်ဆက်ပြီးနောက် အမိမြန်မာပြည်သို့ လာခဲ့ပြီးလျှင် ထိုမှတစ်ဖန် "တီယင်းရှင်း" မြို့သို့ ဆိုက်ရောက်ခဲ့ပါကြောင်း။

တီယင်းရှင်းမြို့သို့ ရောက်သောအခါ မြန်မာပြည်ထွက်မည့် သင်္ဘောမှာ ထွက်ရန် ၇ ရက်မျှလိုသေးသဖြင့် ကျွန်တော်လည်း ထမင်းဆိုင်တစ်ဆိုင်တွင် အခပေး၍ တည်းခိုကာ သင်္ဘောကို စောင့်ဆိုင်းလျက် ရှိလေ၏။

ဤကဲ့သို့ သင်္ဘောစောင့်လျက်ရှိစဉ် တစ်နေ့သော နံနက်ခင်းတွင် တီယင်းရှင်းမြို့ရှိ လမ်းများသို့လျှောက်ကာ လှည့်လည်လျက်ရှိရာ သင်္ဘောဆိပ်နှင့် ၂ ဖာလုံခန့်မျှဝေးသော လမ်းတစ်လမ်းရှိ ကုန်ပေါင်းကုန်မြင်းများ ရောင်းသော ဆိုင်တစ်ဆိုင်ရှေ့သို့ ရောက်လာ၍ ၎င်းဆိုင်ထဲသို့ အမှတ်မဲ့ ဝင်၍ကြည့်ရှုမိလေ၏။ ထိုဆိုင်မှာ လမ်းထောင့်တစ်ခုတွင်ရှိ၍ နာရီများ၊ လက်ကိုင်တုတ်များ၊ ပန်းအိုးနှင့် ကုန်ပေါင်းများ၊ တရုတ်မများ ဝတ်ဆင်လေ့ရှိသော လက်ကောက်နှင့် ကြယ်သီးများ၊ ရှေးဟောင်းပန်းချီကားများ၊ ပန်းပုနှင့် စပ်ဆိုင်သည့် ကုန်ပေါင်းများကို တစ်ဆင့် ဝယ်ယူ၍ရောင်းချဟန်ရှိသော ဆိုင်တစ်ဆိုင်ဖြစ်လေသည်။

ကျွန်တော့်မှာ တရုတ်ပြည်မကြီးသို့ ပထမဆုံးလည်း ပထမဆုံးအကြိမ် နောက်ဆုံးလည်း မနောက်ဆုံးအကြိမ် လာရောက်ခြင်းဖြစ်ရကား ထူးဆန်းသော တရုတ်ပြည်ဖြစ် ပစ္စည်းတစ်စုံတစ်ရာတွေ့ရှိက မြန်မာပြည်ရှိ ဆွေမျိုးများအား လ



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ပေးရန် ဝယ်ယူမည်ဟူသော ရည်ရွယ်ချက်ဖြင့် ဆိုင်တွင်းသို့ ဝင်ခဲ့ခြင်းဖြစ်လေသည်။ ဆိုင်မှာ အတော်အတန်ကြီးသော ဆိုင်တစ်ဆိုင်ဖြစ်၍ ကျွန်တော်လည်း ဆိုင်၏အတွင်းခန်းသို့ လှည့်လည်ကြည့်ရှုလျက်ရှိလေရာ ဆိုင်ရှင်နှင့်တူသောအသက် (၈၀)ခန့်ရှိအိုမင်းလှသောအဘိုးကြီးတစ်ယောက်သည် ကျွန်တော့်နောက်သို့ လိုက်ပါလာပြီးလျှင် အချို့ကုန်ပစ္စည်းများကို လိုက်လံပြသလျက် ရှိလေ၏။ သို့သော် ကုန်ပစ္စည်းများမှာ တရုတ်ကြိုက် ဖြစ်သဖြင့် မြန်မာနှင့် အတော်ပင် ဆန့်ကျင်လျက် ရှိရကား ကျွန်တော့်မှာ ဆိုင်ရှင် အဘိုးကြီးအား မဝယ်ဖြစ်သည့်အတွက် များစွာ အားနာလျက်ရှိနေခဲ့လေ၏။

တရုတ်အဘိုးကြီးသည် နောက်ဆုံး၌ ကျွန်တော့်အား ဆိုင်၏ လက်ဝဲဘက်အကျဆုံးသော ထောင့်တစ်ထောင့်သို့ ခေါ်သွားပြီးနောက် "မောင်ရင်က ပြည်ကြီးသားအစစ် ဟုတ်မယ် မထင်ပါဘူး။ တရုတ်ပစ္စည်းအသုံးအဆောင်တွေ သည်လောက်များပြီး နေတဲ့အထဲမှာ တစ်ခုမျှ ကြိုက်တာ ရွေးမရဘူးလား မောင်ရဲ့"

"ဟုတ်ပါတယ် ဘကြီး၊ ကျွန်တော်က ပြည်ကြီးသားမဟုတ်ပါဘူး။ မြန်မာကပြားပါ"

"မောင်ရင့်မျက်နှာကိုမြင်ကတည်းက ဘကြီးလည်း ဒီလိုတွေးမိသားပဲ။ ဟောဒီမှန်ဗီရိုထဲမှာကြည့်စမ်းမောင်၊ လက်စွပ်ကလေးတွေ ဘယ်လောက်လှသလဲ။ ကိုင်း မောင်ရင်ကြိုက်တာ တစ်ကွင်းရွေးစမ်း"

ထိုအခါကျွန်တော်လည်း အဘိုးကြီးကို အားနာလှပြီဖြစ်၍ မိုးကြိုးလက်စွပ်နှင့်တူ၍ထူးဆန်းသောပုံသဏ္ဌာန်ရှိသည့် လက်စွပ်တစ်ကွင်းကို လက်ညှိုးထိုး၍ပြပြီးလျှင် "ဒီလက်စွပ်ကလေးပြစမ်းပါ ဘကြီး"

အဘိုးကြီးသည် ခါးထဲမှ သော့တွဲကြီးကိုယူ၍ မှန်ဗီရိုကို ဖွင့်ပြီးနောက် ထိုလက်စွပ်ကို ထုတ်ယူပြသလေ၏။ လက်စွပ်မှာ ကျွန်တော် တွေးထင်သည့်အတိုင်း မိုးကြိုးလက်စွပ်ဖြစ်၍ နဂါးနှစ်ကောင် လိမ်၍နေသည့် သဏ္ဌာန်ရှိပြီးလျှင် နဂါးများ၏ ဦးခေါင်းနှစ်လုံးမှာ တစ်ကောင်အပေါ်တွင်တစ်ကောင် ထပ်ကာ အပေါ်ဘက်မှနဂါး၏မျက်လုံးမှာ အထက်သို့ စူထွက်ကာရှိနေလေ၏။ ၎င်းနေရာ၌ကား ကျောက်မျက်ရွဲဟူ၍ တစ်စုံတစ်ရာမပါဘဲ အပ်ဖျားခန့်မျှ သေးငယ်သော အပေါက်



www.burmeseclassic.com

www.burmeseclassic.com



ဘလေးကိုသာ တွေ့မြင်ရလေသည်။ ကျွန်တော်လည်း ထိုလက်စွပ်ကလေးကို များစွာ နှစ်သက်လှသဖြင့် အဖိုးစားနားကို မေးမြန်းရလေ၏။

"ဒီလိုပါမောင် ဒီလက်စွပ်က အဘိုးမတန်လှပါဘူး။ မိုးကြိုးလက်စွပ် ဘလေးပဲ။ သို့သော် လက်စွပ်ကအဘိုးမထိုက်ပေမဲ့၊ သူ့မှာ ရာဇဝင်ကလေး တစ်ခုရှိတယ် မောင်ရဲ့"

"တစ်ဆိတ် ပြောစမ်းပါဦး ဘကြီးရယ်"

"ကျုပ်တို့တရုတ်ဘုရင်ဦးတိဘွားအကြောင်းကိုမောင်လည်းနည်းနည်း ပါးပါး ကြားဖူးမှာပေါ့"

"နည်းနည်းပါးပါးတော့ကြားဖူးပါတယ် ဘကြီး။ နို့ပေမဲ့ တရုတ်ရာဇဝင်တွေ ဘာတွေဆိုတာ ကျွန်တော်လည်း နားမလည်ပါဘူးခင်ဗျ"

"ဟုတ်ပေတယ် ဟုတ်ပေတယ်၊ တရုတ် ရာဇဝင်ဟာလည်း မောင်တို့ မြန်မာရာဇဝင်ထက်တောင် ရှုပ်သေးတယ်။ သို့သော် ဒီတရုတ်ဘုရင် ဦးတိဘွား ဟာ မောင်တို့မြန်မာပြည်နယ်စပ်မှာရှိတဲ့ရှမ်းမင်းသမီးစောမွန်ဆိုတာနဲ့ အတော်ပဲ အဆက်အသွယ် ရှိခဲ့ကြဖူးတယ်။ ဒီစောမွန်ဆိုတဲ့ မင်းသမီးဟာ သူ့တိုင်းပြည်မှာ သူဘုရင် တစ်ဆူပေါ့လေ၊ အင်မတန်လည်းချော အင်မတန်လည်း လှတယ်။ ဦးတော့လည်းသူ့ရုပ်ရည် ချောမောလှပလောက်လည်းကောက်ကျစ်စဉ်းလဲ တယ်ဆိုပဲ မောင်ရဲ့၊ ဒါနဲ့ တိုတိုပြောမယ်ဆိုရင်ဦးတိဘွားက သူနေတဲ့နယ်ကို လိုချင်လေတော့ သံတမန်များစေလွှတ်ပြီး တိုင်းပြည်ကို အသာတကြည်နဲ့ပဲ ပေးမလား၊ စစ်ပဲ ဖက်ပြိုင်မလားလို့ အကြောင်းကြားတဲ့အခါမှာ စောမွန် မင်းသမီးက မိန်းမတို့မာယာနဲ့ ဘုရင်ဦးတိဘွားနှင့် နယ်စပ်မှာ တွေ့ဆုံလို ကြောင်း၊ ထိုအခါမှအကြောင်းစုံကြည့်ရှုစီမံပြောဆိုမည့်အကြောင်းနှုတ်သဝဏ်လွှာ များ ပြန်ကြားတာကို၊ မောင်ရဲ့၊ သည်ဟာနဲ့ နယ်စပ်မှာ ဟိုဘက်ဒီဘက် ဘနန်းကြီးများထိုပြီး တွေ့ဆုံကြတယ်။ စောမွန်မင်းသမီးမှာ ရုပ်ကလည်း ကောင်း၊ အမူအရာလည်းကောင်း၊ အပြောအဆိုကလည်းကောင်းလေချော့ မိန်းမတို့မာယာနဲ့ တစ်ခါနှစ်ခါလောက်သာ လှည့်ရတယ်၊ ဦးတိဘွားဘုရင်ဟာ ဆင်မခြင်နိုင်တဲ့ မိန်းမကျော့ကွင်းမှာ ဇွတ်အတင်းတိုးဝင်[illegible]



www.burmeseclassic.com

www.burmeseclassic.com



နှိပေမဲ့ မင်းသမီးက တကယ်ချစ်ကြိုက်တာမှ မဟုတ်ဘဲကိုးမောင်ရဲ့၊ သူ့ဝိုင်းပြည်ကို မတိုက်ဒေအာင်သာ မာယာနဲ့လှည့်ပတ်တာကလား။ သည်ပဟာတွင်မကသေးဘူး။ ငွေဖြူနဲ့လုပ်တဲ့ လက်ဝတ်ရတနာတစ်ကွင်းကို ဘုရင့်ကို ဆက်လိုက်တယ် မောင်ရဲ့၊ တိုတိုပြောတော့မယ်လေ၊ ဒီလက်ဝတ်ရတနာဟာ တခြားမဟုတ်ဘူး၊ အတွင်းမှာ အင်မတန်ပြင်းထန်တဲ့ မြွေဆိပ်ကိုသွင်းပြီး ဒီလက်စွပ်ခေါင်းငြုပ်ပြီး သွေးနည်းနည်းစို့ရင် တစ်ခါတည်း သေတာပဲ။ သို့သော် ဦးတိဘွားမှာ ကံကောင်းထောက်မလေတော့ လက်ဝတ်ရတနာကိုရတ်တရက် မဝတ်သေးဘဲ သိမ်းဆည်းပြီး ထားတဲ့အခါမှာ မိဖုရားတစ်ပါးကယူပြီး ဝတ်ဆင်လေတော့ ဒီမိဖုရားရဲ့လက်တော်မှာ မတော်တဆ လက်ပွပ်ခေါင်းနဲ့ငြိပြီး မြွေဆိပ်ထိလို့ နတ်ရွာစံရှာတယ်။ ဒါနဲ့ ဒီလက်စွပ်အကြောင်းကို မသိဘဲနေခဲ့တာ အတော်ကြာပြီ။ နောက်ဦးတိဘွားနတ်ရွာစံပြီးတဲ့ နောက်မှ နန်းတွင်းပန်းထိမ်သည် တစ်ဦးက လက်စွပ်ထဲမှာ မြွေဆိပ်ပါကြောင်း၊ ကံကောင်းအားလျော်စွာ တွေ့ရမှ ဒီဇာတ်ဟာ ရှင်းလင်းသွားတာကိုးမောင်ရဲ့၊ ဒါနဲ့ ဒီလက်စွပ်အစစ်ကိုတော့ ရွှေတိုက်ထဲကို ပြန်အပ်ပြီး ဒီလက်စွပ်နဲ့ ပုံသဏ္ဍာန်တူအောင် ပန်းထိမ်သည်က အတုခိုးပြီး လုပ်ထားတဲ့ လက်စွပ်ပဲမောင်ရဲ့၊ ဘကြီးလည်း ဒီပန်းထိမ်သည်ရဲ့ မြေးထံက ဝယ်ယူလိုက်တာ မောင်ရင် သေသေချာချာကြည့်ပါလား။ အထဲမှာ အဆိပ်ထည့်ဖို့ တမင် အခေါင်းလုပ်ပြီး ထားတယ်"

ကျွန်တော်လည်းလက်စွပ်ကိုယခင်ကထက် နီးကပ်စွာကြည့်ရှုပြန်ရာ လက်စွပ်မှာ အတွင်းဘက်မှ အပေါက်ငယ်တစ်ခုပါ၍ ထိုအပေါက်ငယ်ကို ဝက်အူ ဝိတ်ကလေးဖြင့် ပြုလုပ် စီမံထားသည့်ကို တွေ့ရ၏။

"ဒီလက်စွပ်ဟာ အစစ်မဟုတ်သေးဘူးမောင်၊ ပုံကိုသာ သေချာအောင် အတုခိုးပြီး လုပ်ထားသေးတာ၊ အဆိပ်ထည့်ဖို့ ဝက်အူရစ်နဲ့ အပေါက်ဖောက်ပြီး ထားတာ။ ဘယ်လောက် နေရာကျသလဲ"

"ဟုတ်တယ် ဘကြီး သိပ်ပြီး နေရာကျတာပဲ"

၎င်းနောက် အဖိုးစားနားကို ပြောဆိုလျက်ရှိကြရာ နောက်ဆုံးတွင် တရုတ်ဒင်္ဂါးကြီးပြားနှင့် ဈေးတည့်ကြလေ၏။ ထိုအခါ၌ ကျွန်တော့်မှာ လက်ဝဲဘက် လက်သူကြွယ်တွင် စိန်လက်စွပ်ကလေးတစ်ရန်ကို ဝတ်ဆျက်ရှိသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



မိုးကြိုးလက်စွပ်ကို ပိုက်ဆံထည့်သော သားရေအိတ်ထဲတွင် သိမ်းဆည်း၍ ထားလိုက်လေ၏။ ၎င်းနောက် ကျွန်တော်လည်း ဆိုင်ထဲမှ ထွက်ခဲ့လေ၏။

ကျွန်တော်စီးနင်းလိုက်ပါသောသင်္ဘောသည်ပီကင်းမြို့(ပေကျင်းမြို့)မှ ရှန်ဟဲသို့တစ်နေ့နှင့်တစ်ညခုတ်လျက်၎င်းမှတစ်ဖန်ဟောင်ကောင်သို့၅ရက်၊၎င်းမှ စင်ကာပူသို့၅ရက်၊၎င်းမှပီနန်သို့တစ်ရက်နှင့်တစ်ည၊၎င်းမှရန်ကုန်သို့၄ရက်နှင့် ၅ညဉ့်မျှ ခုတ်နှင်ရပြီးလျှင် ကျွန်တော်၏ ဇာတိဖြစ်သော ရန်ကုန်မြို့သို့ ရတနာသုံးပါး၏ဂုဏ်ကျေးဇူးဖြင့် ကောင်းမွန်ချောမောစွာ ရောက်ရှိခဲ့ပါကြောင်း။

ကျွန်တော်၏ဖခင်မှာ တရုတ်ဆေးတိုက်တစ်တိုက်တွင် အလုပ်လုပ်ခဲ့သူဖြစ်၍ ကျွန်တော်လည်း ဤဆေးတိုက်၌ပင် ဆက်လက် အလုပ်လုပ်ကိုင်ခဲ့ရာ၊ သုံးနှစ်ခန့်မျှ ကြာသောအခါ ဆိုင်ရှင်မန်နေဂျာ၏ အတွင်းရေးကိစ္စတစ်ခုနှင့် ပတ်သက်၍စင်ကာပူမြို့တွင်နေသော ဆိုင်ရှင်သူဌေးကြီးထံ ကျွန်တော့်အား စေလွှတ်ခြင်း စင်ကာပူမြို့သို့ သွားရောက်ရန် အရေးကိစ္စတစ်ခု ပေါ်ပေါက်လာခဲ့လေ၏။

သို့ဖြစ်၍တစ်နေ့သော နံနက်ခင်းတွင် ကျွန်တော်၏နေအိမ်မှ သင်္ဘောဆိပ်သို့ ဆင်းခဲ့ပြီးလျှင်၊ သင်္ဘောပေါ်၌ အသင့်ပြင်ဆင် သီးသန့်ရရှိပြီးဖြစ်သော အခန်း၌ နေရာထိုင်ခင်းရရှိပြီးနောက် သင်္ဘောထွက်ခဲ့လေ၏။

ကျွန်တော့်၏ အခန်းနှင့် ကပ်လျက်ရှိသော အခန်းမှာ အသက် ၅၀ ခန့် ရှိအဒေါ်ကြီးတစ်ယောက်နှင့် အသက် ၂၃ နှစ်ခန့်ရှိ မိန်းမပျိုတစ်ယောက်ပါရှိလေရာ ယခုတစ်ကြိမ် ပင်လယ်ခရီးသွားရခြင်းမှာ ယခင်အကြိမ်များထက် စိတ်ပျော်ရွှင်လျက် ရှိလေ၏။ ဒုတိယတန်းခရီးသည်များမှာ ညစာစားပွဲစားရာတွင် စားပွဲတစ်လုံးတည်း၌ စားကြသဖြင့်၊ ကျွန်တော်လည်း အဒေါ်ကြီးအား တစ်စတစ်စ အသိအကျွမ်းဖွဲ့လေရာ ခရီးသည်အချင်းချင်းတို့မှာ သွားဖော်လာဖက်ဖြစ်သဖြင့် ဆင်ဆင်တတ်သည့်အပြင်၊ ကျွန်တော် တစ်ယောက်သာလျှင်မြန်မာစကား ပြောနိုင်သူဖြစ်ရကား၊ မကြာမီပင် ၎င်းတို့နှင့် အကျွမ်းတဝင် ဖြစ်ခဲ့လေ၏။ အဒေါ်ကြီး၏အမည်မှာ ဒေါ်နုဖြစ်၍မိန်းမပျိုမှာ ကျွန်တော့်ကဲ့သို့ပင် အဖေတရုတ်၊ အမေမြန်မာဖြစ်ပြီးလျှင် အမည်မှာ မကြင်မိုန်ဖြစ်ကြောင်း သိရှိရလေ၏။၎င်းတို့မှာ မကြင်မိုန်၏ဖခင် ထားခဲ့သော၊ ပီကင်းမြို့(ပေကျင်းမြို့)ရှိ တိုက်တစ်တိုက်ကို ရောင်းချရန်ကိစ္စအတွက် လိုက်ပါလာခြင်းဖြစ်ရာ၊ ဒေါ်နုမှာ မကြင်မိုန်၏အ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လေသည်။နာရီအနည်းငယ်အတွင်း၌ပင်လျှင် ကျွန်တော်နှင့် မကြင်မိုန် - တို့မှာ အမျိုးတူ ဘာသာတူ ဖြစ်ကြသဖြင့် အတော်ပင် စကားလက်ဆုံဝင်လျက် ရှိကြလေ၏။ တစ်ယောက်အကြောင်းကိုတစ်ယောက် စိုးစဉ်းမျှမေးကာ တစ်

ယောက်၏အမူ အရာကို တစ်ယောက် စောင့်ဆိုင်းကြည့်ရှုလျက် ရှိကြ၏။

ထိုနေ့ညနေစောင်း၌ ကျွန်တော်သည် အဝတ်အစားများထည့်သော သားရေအိတ်ကိုလှန်လှောကာ ရုပ်အင်္ကျီများကို ရှာဖွေလျက်ရှိစဉ် အောက်ဆုံး၌ ပိုက်ဆံများထည့်သော သားရေအိတ်ပေါင်းကို တွေ့ရသည်နှင့် အမှတ်မဲ့ ထုတ်ယူကြည့်ရှုရာ နဂါးလိမ်လက်စွပ်ကို တွေ့ရသဖြင့် လက်ဝဲလက်သူကြွယ်တွင် ဝတ်၍ ထားလိုက်မိ၏။ (ထိုအခါက ကျွန်တော်၏လက်တွင် စိန်လက်စွပ် မရှိချေ။ ရန်ကုန်မှ ထွက်ခါနီးတွင်အသုံးလို၍ မိတ်ဆွေတစ်ဦးထံ ပေါင်နှံခဲ့ရလေသည်။)

မကြင်မိုန်သည် ကျွန်တော် ပြောဆိုပြုလုပ်သမျှကို သဘောကျသည့် လက္ခဏာနှင့်အစဉ်မပြတ်ကြည့်ရှုလျက်ရှိလေရာကျွန်တော်လည်းငင်း၏သဘောထားကို ဖွင့်ဟ၍ မပြောသေးစေကာမူ ရိပ်မိစပြုခဲ့လေ၏။ ငင်း၏အဒေါ်ကြီးသည်လည်း ကျွန်တော်နှင့် မကြင်မိုန်အား လွတ်လပ်စွာ စကားပြောဆိုခွင့်ကို ပေးထား၏။ သို့ဖြစ်ရကား ကျွန်တော်နှင့်မကြင်မိုန်တို့မှာ တစ်စတစ်စရင်းနှီး၍လာခဲ့ကြလေ၏။

ဤသို့ ရင်းရင်းနှီးနှီး ဖြစ်၍လာသည့်အတွင်း အနှောင့်အယှက်တစ်ခု ပေါ်ပေါက်၍ လာလေရာ ငင်းမှာ အခြားမဟုတ် လက်ဝဲဘက်အစွန်ဆုံးအခန်းမှ ပြည်ကြီးသားတရုတ်တစ်ယောက်သည်မကြင်မိုန်အားအစိမ်းဝါး၍စားလုမတတ် ကျဉ်းမြောင်းသော မျက်လုံးများဖြင့် ကြည့်ကာ တစ်ခါတစ်ရံ ကျွန်တော်တို့ ၂ ယောက် စကားလက်ဆုံကျနေသည့် နောက်နားမှာသော်လည်းကောင်း၊ နံဘေးမှသော်လည်းကောင်း ဖြတ်၍သွားတတ်၏။ သို့ဖြစ်ရကား သင်္ဘောပေါ်တွင် ထိုသူပါလာခြင်းမှာကျွန်တော်တို့၂ယောက်၏သွားရာလမ်းတွင်ကြီးကျယ်သော အနှောင့်အယှက်တစ်ခုဖြစ်နေလေသည်။

ထိုညထမင်းစားစားပွဲ၌မကြင်မိုန်သည်ကျွန်တော်နှင့်မျက်နှာချင်းဆိုင် တန်းတွင်လက်ယာဘက်၂ယောက်ခြားတွင်ထိုင်လျက်ရှိလေရာ၊ကျွန်တော်သည်



www.burmeseclassic.com

www.burmeseclassic.com



၎င်းအားစီးကရက်ဘူးကိုလှမ်း၍ပေးရင်းလက်ဝဲဘက်လက်သူကြွယ်တွင်ဝတ်၍ထားသောလက်စွပ်ကိုမြင်လိုက်သည်နှင့်အကျိုးအကြောင်းကိုမေးမြန်းလေ၏။ ကျွန်တော်လည်း တရုတ်ပြည်ကြီးမှ ဝယ်ခဲ့သည့်အကြောင်းနှင့်တကွ ၎င်း၏ရာဇဝင်အတိုချုပ်ကိုပြောပြလေရာမကြင်မိုန်သည်ကျွန်တော့်အားလက်စွပ်ကိုခေတ္တချွတ်၍ ပြရန် ပြောသည်နှင့် ကျွန်တော်လည်း လက်စွပ်ကိုချွတ်၍ ပေးလိုက်လေ၏။

မကြင်မိုန်ကြည့်ပြီး သည့်နောက် ပြန်ပေးသောအခါ တစ်စုံတစ်ယောက်သောသူသည် ကျွန်တော့်၏လက်ဝဲဘက်ဆီမှ တရုတ်ဘာသာဖြင့် မိတ်ဆွေလက်စွပ်ခဏပြစမ်းပါဗျာ" ဟု ပြောသဖြင့်လှည့်ကြည့်လိုက်ရာထိုပြောသူမှာအခြားသူမဟုတ်၊ မျက်ပေါက်ကျဉ်းပင်ဖြစ်ကြောင်းတွေ့ရလေသည်၊ ကျွန်တော့်မှာမျက်ပေါက်ကျဉ်းကိုအတော်ပင်ရှဉ်၍နေသော်လည်းမလွှဲသာသဖြင့်လက်စွပ်ကို ပေးလိုက်ရ၏။

"ဘယ့်နှယ်ဗျ၊ ခင်ဗျား ဗမာလိုပြောတာ ဒီလက်စွပ်ကို ပီကင်းမြို့ (ပေကျင်းမြို့)က ရခဲ့တယ် ဟုတ်စ"

"ဟုတ်ကဲ့"

"ရှေးဟောင်းပစ္စည်းတစ်ခုပဲဗျာ"

"ဟောင်းဆို ဦးတို့ဘွားလက်ထက်က ပုံကို အတုခိုးပြီး လုပ်ထားတဲ့ပုံပဲ"

ကျွန်တော်လည်း လက်စွပ်၏ရာဇဝင်ကို အတိုကောက် ပြန်၍ပြောရာမျက်ပေါက်ကျဉ်းက -

"ဒါဖြင့် လက်စွပ်ထဲမှာအဆိပ်များပါသလားမပြောတတ်ဘူး ဆေးရာခင်ဗျားလက်စွပ်"

ထိုအခါကျွန်တော်လည်းအမြင်ကတ်ကတ်ရှိသည်နှင့်"အဆိပ်ပါတယ် ခင်ဗျားလက်ကို လက်စွပ်ခေါင်းနဲ့ငြိပြီး သွေးများထွက်သွားရင်တော့ ဒုက္ခပဲ"

"ဪ ဒါနဲ့ ကျွန်တော့်နာမည်ကိုတောင် ခင်ဗျားကို မပြောရသေးဘူး ဆီဘွန်ဆုံတဲ့၊ ကမန်တော်တို့ အမျိုးက (ယိ)မျိုးဗျ၊ ရှန်ဟဲမှာတော့ ကျွန်တော်တို့ အမျိုးဟာ အကျော်ဇေယျပေါ့ မိတ်ဆွေ၊ ကျုပ်တို့ ပြည်ကြီးများရောက်ရင် ခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီ"

"ပြီးတော့ပြောရဦးမယ်။ ဟိုကပြားမကလေးကတော့ မိတ်ဆွေပေါ်မှာ အတော် မျက်စိကျနေပြီထင်တယ်"

"ဒါ ခင်ဗျားနဲ့ ဘာဆိုင်သလဲ"

"ဆိုင်တော့ မဆိုင်ပါဘူးဗျာ။ စိတ်မရှိပါနဲ့"

"ဒီမိန်းကလေးနဲ့ ပတ်သက်ပြီး ကျုပ်ကို ခင်ဗျား ဘယ်တော့မှုမပြောနဲ့။ ခင်ဗျားနဲ့ကျုပ်နဲ့က အခုမှသိကြရတာ"

"မကြိုက်ရင်လည်း မပြောတော့ပါဘူး မိတ်ဆွေ"

ဤသို့ပြောပြီးနောက် ယိဘွန်ဆုံဆိုသူ တရုတ်ပြည်ကြီးသားမျက်ပေါက် ကျဉ်းသည်ပြုံးရယ်ကာ၊ ကုလားထိုင်ကိုဖယ်၍ နေရာမှလျင်မြန်စွာ ထသွားလေ၏။ သို့သော် ၎င်း၏ပြုံးရယ်ခြင်းမှာ ကောင်းသော ပြုံးရယ်ခြင်း ဖြစ်ဟန်မတူချေ။

ထိုညမှာ လသာသော ညတစ်ညဖြစ်၍ ကျွန်တော်သည် မကြင်မှိန်နှင့် အတူ သင်္ဘောကုန်းပတ်ပေါ်တွင် စကားပြောဆိုလျက် ရှိနေခဲ့လေ၏။ ပင်လယ် ပြင်၏ငြိမ်သက်ခြင်းသည်လည်းကောင်း၊ ရာသီဥတု၏ကြည်လင်အေးမြခြင်းသည် လည်းကောင်း၊ လရောင်၏သာယာခြင်းသည် လည်းကောင်း ကျွန်တော်တို့၏ ကိုယ်တွင်း၌အောင်းလျက်ရှိသော မေတ္တာဓာတ်များကို လှုံ့ဆော်ပေးသည့်အလား ပြင်းစွာသော အချစ်စိတ်များသည် တဖွားဖွားပေါ်ပေါက်၍ လာလေ၏။

"မကြင်မှိန်ကိုကျွန်တော်စကားတစ်ခွန်းပြောတော့မယ်နော်။ စိတ်မဆိုး ဘူးဆိုရင်"

"စကားပလ္လင်တွေ ဘာတွေခံပြီးမနေပါနဲ့ ကိုဟုတ်ကံ၊ ပြောစရာရှိရင် ပြောသာပြောပါ"

"ဘယ်လိုများနဖူးစာကဖန်လာတယ်မသိဘူးမကြင်မှိန်။ တစ်ယောက် နဲ့တစ်ယောက်ခရီးသွားရင်း ဒီမှာလာပြီးတွေ့ကြတာ။ မကြင်မှိန်ကိုဒီကဖြင့်မျက်နှာ ကလေးမြင်ကတည်းကိုက စိတ်ထဲမှာ မနေနိုင် မထိုင်နိုင်ဆိုသလို ဖြစ်နေတာပဲ။ ဖွင့်ပြောမယ်ကြံတာ ၂ ရက်ရှိပြီ။ နို့ပေမဲ့ မကြင်မှိန် စိတ်ဆိုးမလားလို့ မျိုသိပ်နေခဲ့ ပါတယ် မကြင်မှိန်ရယ်"

"ကိုဟုတ်ကံ ကျွန်မ တစ်ခုပြောမယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ပြောပါ မကြင်မှိန်"

"ကျွန်မဟာ အခုအသက် ၂၃ နှစ်ရှိပြီး ရည်းစားထားတယ် ဘာတယ်ဆိုတာ တစ်ခါမှမလုပ်ဖူးဘူး။ ဝါသနာလည်းမပါဘူး။ ပြီးတော့လည်း နည်းနည်းလည်း ရည်းစားတတ်တဲ့ အရွယ်ရောက်လာတော့ တစ်ခါတစ်ခါ ကိုယ့်မျက်စိအောက်မှာ မေတ္တာမရှိဘဲနဲ့ မေတ္တာရှိဟန်ဆောင်၊ မိန်းကလေးကလေးများကလည်း ကိုယ့်ကို တကယ်မေတ္တာရှိမယ် မရှိမယ်ဆိုတာ ဘာမျှ ဆင်ဆင်ခြင်ခြင်မရှိဘဲ သမီးရည်းစား ဘဝက လင်မယားဘဝ ရောက်ပြီး ဒုက္ခရောက်တာတွေ မြင်ရတော့ မကြင်မှိန် ဖြင့် ဒီဟာတွေကြောက်ပြီး စိတ်ကူးထဲတောင် မထည့်ဝံ့သလောက် ဖြစ်နေတာပါပဲ ဘိုဟုတ်ကဲ့"

မကြင်မှိန်မှာ ကျွန်တော် ရေးသားဖော်ပြသည့်အတိုင်း ၁၆ နှစ်၊ ၁၅ နှစ် ခန့်အပျိုပေါက်စကလေးများကဲ့သို့ အချွဲအပျစ်အကြော့အနှော့ အမူကလေးဟူ၍ အလျှင်းမပါဘဲ ၎င်း၏စိတ်ထဲတွင် ရှိသမျှကို တည်ကြည်ဖြောင့်မတ်စွာ ဖွင့်ဟ ပြောဆိုလေရာ၊ ကျွန်တော်လည်း တတ်နိုင်သမျှကြိုးစားကာ မကြင်မှိန်အပေါ်တွင် ဖွင့်လှစ်ပြောဆိုခြင်းမှာ နှုတ်ဖျားမှသာမဟုတ်ဘဲ၊ တကယ်ပင် မေတ္တာစစ် မေတ္တာမှန်ဖြင့် ပြောဆိုခြင်းဖြစ်ကြောင်း ပြောပြရလေ၏။ ထိုအခါတွင်ကား ကျွန်တော်တို့ ၂ ယောက်မှာ အလွန်ချစ်ခင်သော သမီးရည်းစားဘဝသို့ ရောက်ရှိပြီး ဖြစ်ကြလေ၏။

မကြင်မှိန်သည် ချစ်တင်းစကားများကို ရုတ်တရက် ဖြတ်၍ နေပါဦး ဘိုဟုတ်ကဲ့၊ ဟို မျက်ပေါက်ကျဉ်းကျဉ်းနဲ့အကောင်ကို မကြင်မှိန် မသင်္ကာပါဘူး။ ကြည့်ပုံ ရှုပုံဟာ မရိုးဘူးထင်တယ်"

"မရိုးဘူးဆို ဓားပြတိုက်ပြီး ရစတမ်းမှ မဟုတ်ဘဲ"

"ဒါတော့ ဟုတ်ပါရဲ့၊ နို့ပေမဲ့ ဒီကများ မပါရင် သူ အတင်းကြံမလား မပြောတတ်ဘူး"

"ဒီအကြောင်းတွေ သဘောင်္ကက ကပ္ပတိန်ကို ကျွန်မ သွားပြောထားရင် ကောင်းဘူးလား"

"ကိစ္စမရှိပါဘူးလေ။ ဒီက တစ်ယောက်လုံး အရှိသားပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ ဒါဖြင့်လည်း မပြောတော့ပါဘူး။ ပြီးတော့ရှင်၊ ဒီအကောင်ကို ကြည့်ရတာ မကြင်မှိန်ဖြင့် မျက်စိထဲမှာ စပါးမွေးစူးလွန်းလို့"

ဤသို့ ပြောဆိုလျက်ရှိစဉ် သဘင်္ဘာခန်းထောင့်စွန်းဆီမှ အရိပ်တစ်ခုကို မြင်လိုက်ရသည်နှင့် မကြင်မှိန်၏လက်ကို လွှတ်ခဲ့ပြီးလျှင် ကျွန်တော်လည်း အရိပ်မြင်ရသော နေရာသို့ လျင်မြန်စွာ လိုက်သွားလေ၏။ သို့သော် တစ်စုံတစ်ယောက်၏ အရိပ်အယောင်ကိုမျှ မတွေ့ရချေ။

နောက်တစ်နေ့၌ ကံအားလျော်စွာ ရုတ်တရက် ပေါ်ပေါက်၍လာသော အချင်းအရာတစ်ခုသည် ဖြစ်ပေါ်၍ လာခဲ့လေ၏။

ကျွန်တော်သည် သင်္ဘောဦးပိုင်းမှ ပဲ့ဘက်သို့ တတိယတန်း ခရီးသည်များစီးသည့် သင်္ဘောကုန်းပတ်ပေါ်တွင် လျှောက်၍လာခဲ့ရာ တရုတ်လူမျိုးတစ်ယောက်သည် သင်္ဘောသားကုလားကလေးတစ်ယောက်နှင့် မတော်တဆ ဘေးချင်းဝင်၍တိုက်မိရာမှ အစ တရုတ်သည် ကုလားကလေးအား ပါးချိတ်ကို လက်သီးဖြင့်ထိုးလိုက်ရာ ကုလားကလေးမှာ သင်္ဘောကုန်းပတ်ပေါ်တွင် လဲကျသွားလေ၏။ သင်္ဘောသားကုလားကလေးများအသက် ၁၇ နှစ်ခန့်သာရှိသေး၍ တစ်စုံတစ်ရာ ခုခံခြင်းမပြုနိုင်ဘဲ ၎င်း၏ အင်္ကျီအိတ်ထဲသို့ လျင်မြန်စွာနှိုက်ယူလိုက်ပြီးလျှင် အသွားတစ်မိုက်ခန့်ရှိ မောင်းချမားကြီး တစ်စင်းကို ဖွင့်ရန် အားထုတ်လေ၏။ ထိုအခါ ကျွန်တော်လည်း အနီးသို့ ရောက်ခဲ့ပြီးဖြစ်၍ ၎င်း၏မျက်နှာကို ကြည့်လိုက်ရာ၊ ထိုသူမှာ အခြားမဟုတ် ကျွန်တော်တို့၏ မိတ်ဆွေကြီး ယိဘွန်ဆုံပင် ဖြစ်ကြောင်း တွေ့ရှိရလေသည်။ ထိုခဏတွင် မောင်းချမားမှာ ဖွင့်ပြီးဖြစ်၍ ယိဘွန်ဆုံသည် လဲ၍နေသော သင်္ဘောသား ကလေးအား ထိုးမည်ပြုလေရာ ကျွန်တော် ဝင်ရောက်နှောင့်ယှက်သောကြောင့်သာလျှင် သင်္ဘောသားကလေးမှာ သက်သာရာ ရလေသည်။

ကျွန်တော့်မှာ မျက်စိအောက်တွင် မတရားပြုလုပ်သည်ကို မခံချင်တတ်သော ဝါသနာပါသည့်အတိုင်း ယိဘွန်ဆုံ၏ မြှောက်ထားသောလက်ကို ဖမ်း၍ ဆုပ်ကိုင်ပြီးလျှင် လက်ကောက်ဝတ်ကို တအား ဖျစ်ညှစ်လိုက်ရာ မောင်းချ[illegible] လွှတ်၍ ကျသွားလေ၏။ ကျွန်တော်လည်း မားကို ခြေထောက်ဖြင့် ဖယ်[illegible]လိုက်ပြီးနောက် "ခင်ဗျား တယ်ပြီးလွန်တာပဲဗျာ၊ ခင်ဗျားကို ဘာမျှပြန်မလု[illegible]နိုင်ဘဲ သ[illegible]



www.burmeseclassic.com

www.burmeseclassic.com



လစ်ပြီး လဲနေရာတာ၊ ခင်ဗျားက ဓားနဲ့ထိုးဦးမလို့လား" ဟုဆိုကာ စိတ်တိုလာသည်နှင့် လက်ကို တအားတွန်း၍ ပစ်လိုက်လေ၏။

ဤကဲ့သို့တွန်း၍ပစ်လိုက်သည်နှင့် တစ်ပြိုင်နက် ယိဘွန်ဆုံ၏မျက်နှာသည် သတ်လိုပုတ်လိုသော မျက်နှာထားမှ ကြောက်ရွံ့ထိတ်လန့်သော မျက်နှာသို့ ရုတ်တရက် ပြောင်း၍သွားပြီးနောက် "ဟိုက် ထိသွားပြီထင်တယ်။ ဟုတ်ပါတယ်ဗျာ။ အမယ်လေး ကျွန်တော့်ကို အဆိပ်ထိပါပြီခင်ဗျ" ဟု လက်ဝဲဘက်လက်ကောက်ဝတ်ကိုလက်ယာဘက်လက်ဖြင့်ကိုင်ကာအပေါ်ထပ်သို့တက်ပြေးလေ၏။

ထိုညဉ့်တွင် ကျွန်တော့်မှာ သင်္ဘောဆရာဝန်၏ စစ်ဆေးခြင်းကို ခံရလေ၏။

သင်္ဘောဆရာဝန်သည် ကျွန်တော့်ထံ လာရောက်ပြီးလျှင် အကျိုးအကြောင်းကို မေးမြန်းလျက်ရှိလေရာ ကျွန်တော်လည်း သင်္ဘောသားကလေး၏အသက်ကို မည်သို့မည်ပုံ ကယ်ဆယ်လိုက်ကြောင်းများကို လည်းကောင်း၊ လက်စွပ်၏ရာဇဝင်ကိုလည်းကောင်း အစမှ အဆုံးတိုင် ပြောပြရလေ၏။

"ခင်ဗျားလက်စွပ်ဟာ သူ့လက်ကောက်ဝတ်နဲ့ခြစ်မိပြီး သွားတယ်လို့ပြောတယ်၊ ဟုတ်သလား"

"ဒီဟာတော့ကျွန်တော်လည်း အမှန်မပြောနိုင်ဘူး။ ငြိချင်လည်းငြိသွားမှာပဲ"

"သူ့လက်ကောက်ဝတ်မှာသွေးစို့ပြီးနေတဲ့ခြစ်ရာတစ်ခုကိုတွေ့ရတယ်ဗျ"

"နို့ပေမဲ့ ဒီလက်စွပ်ကအထဲမှာ ဘာမျှမပါပဲ။ ဘာဖြစ်နိုင်ဦးမှာလဲ ဆရာဝန်ကြီး"

"ခင်ဗျားပြောတဲ့အတိုင်းဆိုရင်တော့ ဟုတ်ပါရဲ့၊ နို့ပေမဲ့ ထူးဆန်းတာ အစ်ခုက သူဟာ အဆိပ်တက်ပြီးနေတဲ့ နိမိတ်လက္ခဏာ တွေ့ရတယ်"

"အကယ်၍ ထိသွားတယ်ပဲထားဦးတော့၊ လက်စွပ်မှာ အဆိပ်မပါဘဲနဲ့ အဆိပ်တက်တယ်ဆိုတာ ဖြစ်နိုင်ပါ့မလား ဆရာဝန်ကြီး"



www.burmeseclassic.com

www.burmeseclassic.com



"ဒီဟာတော့ကျုပ်လည်းမပြောတတ်ဘူးလေ။ သို့သော်အဆိပ်တက်နေသောတော့ အမှန်ပဲ။ ဒီတော့ ကျွန်တော် တစ်ခုပြောပါရစေ။ ခင်ဗျားလက်စွပ်ကို ကျွန်တော်ယူသွားပြီး စစ်ဆေးဖို့ ခွင့်ပြုပါ"

"ယူပါခင်ဗျာ ယူပါ။ စစ်ဆေးနိုင်ပါတယ်"

ဆရာဝန်ကြီးသည် ကျွန်တော့်၏လက်စွပ်ကို ယူသွားပြီးနောက် ၁ နာရီခန့်ကြာသောအခါ ပြန်၍ပေးလေ၏။

"ဘယ်နှယ့်လဲ ဆရာဝန်ကြီး၊ ကျွန်တော်ပြောတာ ယုံပြီမဟုတ်လားခင်ဗျ"

"ယုံပါပြီဗျာ။ နို့ပေမဲ့ ခက်တာတစ်ခုက အဆိပ်မပါဘဲ အဆိပ်တက်နေတာခက်တယ်။ ဖြစ်ပုံလက္ခဏာတွေ အားလုံးဟာ အဆိပ်မှန်ပြီးနေတဲ့ လက္ခဏာတွေ ပေါ်နေတယ်"

"ကျွန်တော် တစ်ခုပြောပါရစေ ဆရာဝန်ကြီး"

"ပြောပါ"

"ကျွန်တော်တို့ ဗုဒ္ဓဘာသာ အယူမှာ စိတ်ဆိုတာ ရှိပါတယ်။ ဒီလူဟာ နားစွန်နားဖျားကြားပြီး ဒီလက်စွပ်ထဲမှာ အဆိပ်ထည့်ပြီးထားတယ်လို့ တကယ်ကို ယုံကြည်နေတာ"

"ဒီဟာကြောင့်သာ ပြီးခက်တာပဲ"

"သည်တော့ ကျွန်တော်ပြောတာ တစ်ခုလုပ်ပါ။ တကယ်ပဲ အဆိပ်ပါတယ်လို့ ဆရာကြီးကပြောပြီးတော့ အဆိပ်ကို သူ့မျက်စိအောက်မှာပဲ ထုတ်ယူချင်ယောင်ဆောင်ပြီး ဆေးထိုးတန်လျှင်ထိုး၊ ဘာလုပ်တန်လျှင်လုပ်၊ ညာရတာပေါ့ ဆရာကြီးရယ်"

(သဘောကျသည့်ဟန်နှင့်) "ခင်ဗျားပြောတဲ့နည်းလည်း အကောင်းသားပဲဗျို့။ ခင်ဗျားတို့ မြန်မာမျှသာ မဟုတ်ပါဘူး။ ကျုပ်တို့ အင်္ဂလိပ်မှာလည်း အရှိသားပဲ၊ စိတ်နှင့် ဆေးကုတယ်ဆိုတာ ခင်ဗျားလည်းကြားဖူးသားပဲဟုတ်တယ်ဗျို့ ဟုတ်တယ် ခင်ဗျားပြောမှ ကျုပ် သတိရတယ်"

ဆရာဝန်ကြီး ထွက်သွားသောအခါ ကျွန်တော်လည်း သူရဲဘောနည်းသော မျက်ပေါက်ကျဉ်း၏အကြောင်းကို စဉ်းစားကာ ပြုံးရယ်လျက် ကျန်ရစ်ခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ နေ့လယ်တွင် ဆရာဝန်ကြီးသည် ပြုံးရွှင်သောမျက်နှာဖြင့် ကျွန်တော်၏ အခန်းထဲသို့ ဝင်၍လာပြီးလျှင် "ခင်ဗျားလူတော့ တစ်ခါတည်း ပျောက်သွားပြီ မစ္စတာဟုတ်ကံ"

"ကောင်းပါလေရဲ့ ခင်ဗျာ၊ ဘယ်လို ပျောက်သွားပုံလဲ ပြောစမ်းပါဦး"

"ခင်ဗျားပြောတဲ့အတိုင်း ဖန်ခွက်တစ်ခုထဲမှာ သူ့မမြင်အောင် အောက်ဘိန့်ဆီနဲ့နဲ့ခံပြီး၊ ပြွန်တစ်ခုထဲ ရေသွင်းပြီး သူ့အနာထဲက စုပ်ယူချင်ယောင် ဆောင်ထားကိုးချ၊ ပြီးတော့မှ သူ့ကိုအကြည့်ခိုင်းပြီး ဖန်ခွက်ထဲမှာ ညှီမည်းပြီး ထွက်လာတဲ့ အရည်တွေဟာ၊ လက်စွပ်ထဲက အဆိပ်ပဲလို့ သူ့ကိုပြောတော့ တစ်ခါတည်း ပျောက်သွားတာပဲဗျို့ ခင်ဗျားကို ကျေးဇူးတင်ရမှာပါပဲ"

"ကျေးဇူးတင်စရာ မလိုပါဘူးခင်ဗျာ၊ မတော်တဆများ ဒီအကောင် သေသွားရင် ကျွန်တော် လူသတ်မှုဖြစ်နေမှာ ဆရာရဲ့၊ ဒီတော့ ကျွန်တော်က ပြန်ပြီး ဆရာကြီးကို ကျေးဇူးတင်ဖို့ပါ"

ဆရာဝန်ကြီးပြန်သွားသောအခါ ကျွန်တော်သည် မကြင်မှိန်အား အကျိုးအကြောင်းကို အကျဉ်းချုပ်မျှ ပြောပြလေရာ ဟက်ဟက်ပက်ပက် ရယ်မောလေ၏။

သင်္ဘောသည် ပီကင်းမြို့ (ပေကျင်းမြို့) သို့ ဆိုက်ရောက်ပြီဖြစ်၍ မကြင်မှိန်တို့ တူဝရီးနှစ်ယောက်မှာ ကျွန်တော်နှင့် ခွဲခွာ၍ သွားရမည်ကိုပင် များစွာ ဝမ်းနည်းကြရှာလေ၏။

ကျွန်တော်နှင့် မကြင်မှိန်တို့မှာ ရန်ကုန်မြို့တစ်နေရာတွင် တွေ့ဆုံရန် ချိန်းဆိုပြီး ဖြစ်သည့်အတိုင်း ကျွန်တော် စင်ကာပူမှ ပြန်၍ တစ်လလောက် ကြာသောအခါ မကြင်မှိန်အား လဏ္ဍာလမ်း(လသာလမ်း) တိုက်တစ်တိုက်တွင် တွေ့ရ၏။

လက်ထပ်ရန်ရက်ကိုလည်း သတ်မှတ်ချိန်းဆိုထားပြီးဖြစ်၍ ကျွန်တော့်အား သင်္ဘောပေါ်တွင် တွေ့ကြုံဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များကိုလည်းကောင်း၊ ထူးဆန်းသော လက်စွပ်၏အကြောင်းကိုလည်းကောင်း မေ့လျော့လိုက်လေ၏။ ကျွန်တော်နှင့် မကြင်မှိန်တို့မှာ လူကြီးများ စေ့စပ်ချိန်းဆိုထားပြီးဖြစ်သည့်အတိုင်း ကွန်တီနင်တယ် (ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဆူးလေဘုရားလမ်းထောင့်တွင် တည်ရှိသည်။ နောင်တွင် ပြည်သူ့မုန့်တိုက်ဟူ၍ ခေါ်တွင်လာပြီး နောက်တွင်သည်



www.burmeseclassic.com

www.burmeseclassic.com



ကြီးများပဲ့ကိုတယ်ဆောက်သဖြင့်ဖျက်သိမ်းသည့်အထဲတွင်ပါသွားသည်)တွင်ထိမ်းမြားလက်ထပ် လိုက်လေသတည်း။

သို့သော် ဤဝတ္ထုကိုမရေးမီ တစ်နှစ်လောက်က ကျွန်တော်သည် အထက်ရှမ်းပြည်နယ် တောင်ကြီးမြို့နှင့် ၃ မိုင်ခန့်ဝေးသော ရွာတစ်ရွာရှိ ဗိုလ်တဲတွင်တည်းခိုကာ ကျွန်တော်၏ လက်ဖက်ခြောက် ကိုယ်စားလှယ်များနှင့် အတူ ညဥ့် ၁၀ နာရီအချိန်လောက်တွင် စကားစမြည် ပြောဆိုလျက်ရှိရာ တစ်စုံတစ်ယောက်သောသူသည် ဗိုလ်တဲရှေ့မှနေ၍ ကျွန်တော်ရှိရာသို့ တစ်စုံတစ်ခုကို ပစ်သွင်းလိုက်လေ၏။ ၎င်းပစ်သွင်းလိုက်သော အရာဝတ္ထုသည် ကျွန်တော်မှီ၍နေသော ဗိုလ်တဲနံရံတွင် စိုက်၍နေလေရာ ကျွန်တော်နှင့် ဧည့်သည်များလည်း မီးအိမ်နှင့်ကြည့်ရှုသောအခါ၎င်းမှာလက်ဖြင့်တအားလွှဲ၍ပစ်ရသောမြားတစ်စင်း ဖြစ်ကြောင်း တွေ့ရှိရလေသည်။

၎င်းမြားတံသည်ကျွန်တော့်၏ညာဘက်လက်ကောက်ဝတ်ထားသော နေရာနှင့် လက်လေးသစ်မျှသာ ဝေးသောနေရာ၌ ထရံတွင် လက် ၂သစ်မျှ မြုပ်ဝင်အောင်စိုက်၍နေသည်ကို တွေ့ရ၏။ ၎င်း မြားတံ၌လည်း တရုတ်စာဖြင့် စာတစ်စောင် ရေးသားပါရှိလေရာ ၎င်းမှာ အောက်ပါအတိုင်းဖြစ်လေသည်။

"လက်စွပ်ထဲ၌ အဆိပ်ထည့်၍ ကျွန်ပ်ကို သေကြောင်းကြံသူအား ကျွန်ပ်က အဆိပ်မြားကိုပြန်၍ လက်ဆောင်ပေးလိုက်သည်"

အချို့သော တရုတ်ဧည့်သည်များမှာ အံ့အားသင့်လျက်ရှိသော်လည်း၊ ကျွန်တော်လည်း စကားမပြောဘဲ ဆိတ်ဆိတ်နေလေ၏။

ရန်ကုန်သို့ရောက်သောအခါ ဤအကြောင်းကို စကားစပ်မိသဖြင့်၊ မကြင်မိန်ကို ပြန်၍ ပြောပြသောအခါ မကြင်မိန်သည် မျက်လုံးများပြူးကာ ကျွန်တော်တို့လည်း ယခင်က တွေ့ကြုံခဲ့ကြရသော အကြောင်းများကို စားမြုံ့ပြန်လျက်ရှိကြလေ၏။

ထိုအခါမှစ၍ မကြင်မိန်သည် ကျွန်တော့်အား ရှမ်းပြည်နယ်၊ယိုးဒယား၊ တရုတ်နယ်စပ်စသောနေရာများသို့သွားရန်ခွင့်မပြုတော့ချေ။ ကျွန်တော်ကလည်း အသွားအလာများကို ဆင်ခြင်ရလေတော့၏။

ကြီးပွားရေး၊ ဧပြီလ၊ ၁၉၄၁



www.burmeseclassic.com

www.burmeseclassic.com

## ကံဆိုတာ

ပြည်ဒိစကြိုတ် ဝက်ထီးကံနယ်ရှိ ဗီးဖြူကုန်းရွာကလေးမှာ အတော်ပင် သာယာသော ရွာကလေးဖြစ်၍ ရွာ၏နံဘေးပတ်လည်တွင် အေးမြသော သစ်ပင် ရိပ်ကြီးများ၊ ကြည်လင်သောရေဖြင့်ပြည့်သည့် ရေတွင်းများရှိရကား၊ ဂျူနိသူ နန်များထစဉ်အခါက ပုလိပ်တပ် နှင့် စစ်တပ်တို့ စခန်းချရာ တဲစခန်းတစ်ခု ဖြစ်လေ သည်။

ရွာ၏ မြောက်ဘက်၌ နှုတ်ခမ်းပဲ့၍နေသော ရေတွင်းတစ်တွင်းရှိ၍ ထိုရေတွင်းမှ ရွာသို့သွားသောလမ်းမှာ လွန်စွာပင် သာယာလျက် ရွာတွင်း၌ ဘာလသားများသည် ညနေ နေဝင်ရီတရောအချိန်များ၌ ရေတွင်းမှ ရေခပ် ၍ ပြန်သော အပျိုကလေးများအား မိမိတို့ဘာသာဘာဝ တစ်ခုသော ကုက္ကိုပင်ကြီး တစ်ပင်၏ အရိပ်အောက်မှ စောင့်ဆိုင်းကာ ယောက်ျားတို့ ပရိယာယ်ဖြင့် သွယ် ဝိုက်ကာတစ်မျိုး၊ တိုးတိုးတိတ်တိတ်တစ်ဖုံ မိမိ၏အချစ်ကို အလုံးစုံဖွင့်၍ ပြော ဘတ်၏။ ဤကဲ့သို့ပရိယာယ်ကိုမသုံးဘဲ မိမိတို့၏အချစ်လုံးကိုအတုံးလိုက်အတစ် လိုက်အသုံးပြုကာ ဖွတ်အမွှေ့မရမကကြံစည်သောသူများလည်းရှိကြရာ၊ ထိုအ နက် အချို့မှာ ပုဒ်မ (၃၅၄)ဖြင့်လည်းကောင်း၊ အချို့မှာ (၃၇၆)ဖြင့်လည်း ကောင်း အစိုးရမင်းတို့၏ ရာဇသတ်ဘွဲ့တံဆိပ်ဖြင့် ခတ်နှိပ်ခြင်းကို ခံကြရ လေသည်။

www.burmeseclassic.com



တစ်နေ့သော ညနေခင်း၌ ထို အဓိကာရ ကုဏ္ဍိုပြင်ကြီးအောက်တွင် အသက် ၂၅နှစ်ခန့်ရှိ ယောက်ျားပျိုတစ်ယောက်နှင့် ၁၈ နှစ်ရွယ်ခန့် မိန်းမပျိုတစ်ယောက်တို့သည် တုံးတစ်တုံးပေါ်တွင်ထိုင်ကာ သမီးရည်းစားတို့ဘာဝ စကားပြောလျက်ရှိကြကုန်၏။ ယောက်ျားပျိုမှာ အရှိန့်နေရာများတွင် ချုပ်စပ်ဖာထေး၍ထားသည့် ကာကီရောင် ရှပ်အင်္ကျီလက်တိုနှင့် ပိတ်ဘောင်းဘီအရှည်ကြီးကို ဝတ်၍ထားပြီးလျှင် ဗိုလ်ဆံတောက်ကို နောက်သို့လှန်၍ဖြီးထား၏။ ၎င်း၏ခြေထောက်၌လည်း ခြေအိတ်မပါပဲ ဘွတ်ဖိနပ်ကြီးတစ်ရံကို စီး၍ထားရာ ဖိနပ်၏အရောင်မှာအနီနှင့် အနက် ခွဲခြား၍မသိနိုင်ဘဲ ရွှံ့ပုပ်ရောင် ထွက်လျက်ရှိ၏။ တစ်ဖက်လျှင်၃ နေရာထက်မနည်း ချုပ်၍ထားရရုံမျှမက လက်ဝဲဘက် အောက်ခံခွာမှာ စုတ်ပြတ်ခွေးရိကာ သားရေဖတ်တစ်ခု လန်လျက်ရှိ၏။ မိန်းမပျိုကလေးမှာ ကားသရက်ထည်လုံချည်နှင့် အပြာရောင် ပင်နီရင်ဖုံးကလေးကိုဝတ်ကာ၊ ဆံထုံးကို နောက်တွဲကလေး ထုံး၍ ထား၏။ ရေခပ်၍ အပြန်ဖြစ်သဖြင့် လုံချည်အောက်ပိုင်းမှာ စိုလျက်၊ ဒူးအထက်သို့ ရောက်လုနီးပါး ဝတ်၍ထားလေရာ၊ ဖြူစင်သောအသားအရေမှာ ပကတိသွေးသားအရောင်ကိုပြကာ လတ်ဆတ်စိုပြည်သောအသွေးကို ဆောင်လျက်၊ သွေးသားမရှိ ပေါင်ဒါမှုန့်များဖြင့် ညှိထားသော အချို့သော မြို့ ကြီးသူများထက်ပင် ကြည့်၍ကောင်းလှ၏။ အဘယ့်ကြောင့်ဆိုသော် အချို့သော မြို့သူများမှာ စင်ကြယ်သောသွေးသားကို အားမကိုးဘဲ၊ အမျိုးမျိုးသော ပေါင်ဒါမျက်နှာချေဖြင့်သာ လိမ်းကျံဖုံးဖိ၍ထားသည်ဖြစ်ရကား နဂိုအသားအရောင်ကိုမြင်ရသောအခါ ဖြူဖပ်ဖြူရော်ရှိ၍ လူသေ၏ မျက်နှာနှင့်ပင် တူလှချေ၏။

မစောမေသည် တုံးပေါ်တွင် ခပ်ပုံ့ပုံ့ကလေးထိုင်လျက် ရှိလေရာ၊ မောင်ဘိုးကျသည်ကား တုံးပေါ်တွင် ခြေတစ်ဖက်တင်ကာ တစ်တောင်ခန့်ရှိ ဝါးရင်းတုတ်ကလေးကို ချိုင်းကြားတွင် ညှပ်လျက်၊ မြို့သားဂိုက်ဟန်ပါပါနှင့် လက်နှစ်ဖက်ကိုပိုက်ပြီးလျှင် ခါးထောက်၍နေလေ၏။ မောင်ဘိုးကျမှာ ဂျွန်သူပုန်များ ထစဉ်က ရွာသို့ရောက်လာကြသော ပုလိပ်အရာရှိများ၊ စစ်ဘက်ဆိုင်ရာ အရာရှိကြီးများကို မြင်ရပြီးလျှင် ၎င်းတို့၏ အဝတ်အစား၊ အနေအထိုင်ကို အားကျကာ မြို့မှ ကာကီရောင်ရှပ်လက်တို အင်္ကျီကလေးများကို မှာထားကာ ပခုံး၌ ဒေါက်ကလေးများကိုပင် တပ်၍ ဝတ်လေ့ရှိ၏။ (၎င်း၏ ဘွတ်ဖိနပ်ကြီးသည်ကား မြို့မှ

www.burmeseclassic.com



သူငယ်ချင်းတစ်ယောက်က မစီးချင်၍ ပေးလိုက်သော ဗိနပ်စုတ်ကြီး ဖြစ်လေသည်။)

မစောမေသည် ဆေးပေါ့လိပ်တိုကလေးကို တုံးပေါ်တွင် ချထားလိုက်ပြီးနောက် "ကိုဘိုးကူတို့များ တစ်ခါတည်း မြို့ကိုက်ဖမ်းနေတာပဲ။ ရေတွင်းကနေပြီး ကြည့်တော့၊ မြို့ကရာဇဝတ်အုပ်ကလေးတစ်ယောက် ရောက်များနေသလားလို့"

(သဘောခွေ့လျက်) ဟဲ ဟဲ အမိတို့က ဒီလိုပြောတာပဲ ဝမ်းသာလှပါပြီဗျာ။ ဒါနဲ့ အခု ကဆုန်လကုန်လို့ နယုန်တောင် ဆန်းလာပြီ၊ ဒီနှစ် ဝါမဆိုမီတော့ နေရာကျတန်ကောင်းပါရဲ့လို့ အောက်မေ့ရတာပဲ"

"ကျွန်မ ပြောပါပြီကော ကိုဘိုးကူရဲ့၊ အလုပ်အကိုင် အကြံအစည်တလေးများလည်း စိတ်ကူးဦးမှပေါ့၊ ဒီလို ချည်းဝတ်စားနေလို့ ကိစ္စပြီးကြမှာ မဟုတ်သေးဘူး။ တော်တော်ကြာတော့ ညားပြီးမှ ၂ ယောက်သားတော်ချက်သားတောင်းနေဦးမယ်ဟော့"

"မပူပါနဲ့ မစောမေရယ်၊ ဒီဟာက ကံစီမံတဲ့အတိုင်းဖြစ်ကြတာပါ။ စံထွားနဲ့ နှင်းမေတို့ လင်မယားကို ကြည့်ပါလား။ ရပြီးလို့ ဘာကြာသလဲ၊ နှင်းမေအရီးဆုံးသွားတော့ နွားတစ်ရှဉ်းနဲ့ လယ် ၄ ယောက်စိုက် တစ်ခါတည်း ရလိုက်တယ် မဟုတ်လား"

"ကံကိုချည်းအားကိုးနေလို့လည်း ဘယ်ဖြစ်ဦးမလဲ ကိုဘိုးကူရာ၊ မရှိဘူးဆိုရင် အနည်းဆုံး နွားတစ်ရှဉ်းနဲ့ လှည်းတစ်စီးတော့ လုပ်ကိုင်စားဖို့ ရှိဦးမှပေါ့"

"ကျုပ်တော့ ကံကိုအားကိုးပဲ၊ ကံရှိရင် ရလာလိမ့်မပေါ့ မစောမေရ .. ။ ဒါတွေ တွေးပြီး ပူမနေစမ်းပါနဲ့၊ ဝါမဆိုခင် မြန်မြန် နေရာကျဖို့သာ စိတ်ကူးစမ်းပါ"

"အခု ပြောပကော လင်မယားညားစ အနည်းဆုံး ၁၀၀၊ ၉၀ တော့ ရှိမှပေါ့တော့၊ ဒီတော့မှ နွားတစ်ရှဉ်းကောင်းကောင်းဝယ်၊ ကိုဘိုးကူက လယ်ကလေး အာတာလေးအငှားဆင်းလုပ်၊ ကျွန်မက ပျိုးနုတ်လိုက်၊ လင်မယားနှစ်ယောက် ချောင်ချောင်လည်လည်နေရမယ် မဟုတ်လား ကိုဘိုးကူရဲ့၊ ဒါကြောင့် ဒီငွေ မသာတ်တော့ မရရအောင်ရှာမှ ဖြစ်မယ် ကိုဘူးကူ"

"ဒီငွေ ရမှပဲလား မစောမေ"



www.burmeseclassic.com

www.burmeseclassic.com



"မရရင်ဘယ်ဖြစ်မလဲလေ၊ ကိုင်းမစောမေသွားပါရစေတော့ကိုဘိုးကျ ချည်။ တော်တော်ကြာရင် နောက်ကျနေလို့ အဖေက မယုံသင်္ကာဖြစ်နေပါဦး မယ်"

မစောမေသည် ထိုင်နေရာမှထ၍ ရေအိုးကို လှမ်း၍ယူလေရာ၊ မောင် ဘိုးကျုကပင့်၍ပေး၏။ ထို့နောက် မောင်ဘိုးကျုသည် "အင်းငါနဲ့ ငွေတစ်ရာနဲ့တော့ ဝေးပါသေးရဲ့ကွာ။ ငါ့လိုလူစွမ်းလူစနဲ့ မစောမေ စိတ်ကူးပုံနဲ့တော့ ဘုန်းကြီးနဲ့ဘီး လောက် ကွာနေတာပဲ။ အေးလေ နို့ပေမဲ့ ကံဆိုတာ သိနိုင်တာမဟုတ်ဘူး။ ညကျမှ ဘုရားကို ကောင်းကောင်းရှိခိုးပြီးအိပ်ရတော့မှာပဲ" ဟုစိတ်ထဲမှ စိတ်ကူး ဘာ ရွာထဲသို့ မဝင်သေးဘဲ ထန်းတောကလေးဘက်သို့ လျှောက်၍ လာခဲ့လေ၏။

ထန်းတောကလေးသို့ ရောက်သောအခါ အပေါင်းအဖော်များ တွေ့ရ သည်နှင့် ထန်းရည်များကို ဝင်၍သောက်လေ၏။ ၂ မြူ ၃ မြူခန့် ကုန်ပြီးနောက် အတော်ကာဒလး မူး၍လာသောအခါ၊ ထန်းပင်အောက်တွင် ခဲတစ်လုံးကို အဆင် သင့်တွေ့သည်နှင့် ထိုခဲကို ခေါင်းအုံးကာ မကြာမီ အိပ်ပျော်၍ သွားလေ၏။ ၎င်း၏ အပေါင်းအဖော်များသည်လည်း မောင်ဘိုးကျုကိုမနိူးဘဲ တစ်ယောက်က "ဟေ့ အကောင်တွေ ဘိုးကျုကို မနိုးကြနဲ့ဟေ့၊ သူ့ဘာသာသူ နိုးမှပဲ ပြန်ပါစေ" ဟု ပြော လေရာ၊ အခြားတစ်ယောက်က "အေးကွယ် မနိုးနဲ့ဟေ့။ ဒီအကောင်က သူ့ကိုယ် သူ ပုလိပ်လိုလို၊ ရာဇဝတ်အုပ်လိုလို တစ်ခါတည်း မြှင့်ကိုက်ဖမ်းနေတာပဲကွ" ဟုပြော လေ၏။ အခြားတစ်ယောက်က "သူ့ခမျာ စောမေပိုးပြီးပြန်လာရလို့ မောနေတာနဲ့ တူပါတယ်ကွာ၊ အိပ်ပါစေ" ဟု ပြောသောအခါ၊ အခြားတစ်ယောက်က "စောမေ များ ဒီကောင်နဲ့ရရင် ဘာများ လုပ်ကျွေးမယ် မပြောတတ်ဘူး။ ကံရှိရင်ချမ်းသာ လိမ့်မယ်ဆိုတဲ့ ကံယုံ မင်းသားပေါ့ကွ" ဟု ပြောဆိုကြပြီးလျှင် ထန်းတောမှ တစ် ယောက်စီ ထွက်သွားကြလေ၏။

မောင်ဘိုးကျုမှာ မည်မျှလောက်ကြာအောင် အိပ်ပျော်၍သွားသည် မသိရ။ အိပ်မက်ထဲ၌ မိမိ၏ခြေထောက်ကို သရဲကြီးလာ၍ ဆွဲသည်ဟု အိပ်မက် မြင်မက်ကာ အိပ်ရာမှ လန့်၍ နိုးလေ၏။ မျက်လုံးများကို ဖွင့်၍ကြည့်လိုက်သည် နှင့်တစ်ပြိုင်နက် ခွေးပိန်တစ်ကောင်သည် မိမိ၏ဖိနပ်တစ်ဖက်မှာ စုတ်ထွင်းပျော်



www.burmeseclassic.com

www.burmeseclassic.com



နိုသောသားရေစကိုအနံ့ရသဖြင့် အတင်းဆွဲ၍နေသည်ကိုတွေ့ရသည်နှင့်ပါးစပ်မှကြိမ်းမောင်းရေရွတ်ကာ တုတ်တိုကလေးကို ကောက်၍ ခွေးနောက်သို့ လိုက်လေ၏။ ခွေးသည် ရွာဘက်ဆီသို့ မပြေးဘဲ အရှေ့ဘက်တောစပ်ကလေးဆီသို့ပြေးသဖြင့် မောင်ဘိုးကူလည်း တောစပ်ဘက်သို့ပြေး၍ လိုက်လေ၏။

ဝါး ၂ ရိုက်၊ ၃ ရိုက်ခန့် လိုက်မိလေသော မိမိရှေ့တစ်ခေါ်လောက်တွင် လဲ၍နေသောကညင်ပင်ကြီးတစ်ပင်ပေါ်၌ လူ ၂ယောက် ဆောင့်ကြောင့်ထိုင်ကာ ၂ယောက်၏အလယ်တွင်အထုပ်ကလေးတစ်ထုပ်ကိုချကာ တစ်စုံတစ်ခုကိုခြင်းခုံနေသည့် ဟန်ဖြင့် ပြောဆိုလျက် ရှိကြ၏။

ခွေးပိန်သည် ထိုလူ ၂ ယောက်ထိုင်နေရာဆီသို့ ဗွတ်၍ပြေးသဖြင့် မောင်ဘိုးကူလည်းမိမိ၏စည်းစိမ်ကို လာ၍ဖျက်သောခွေးအားစိတ်မကျေနိုင်ဘဲ ခရင်းတုတ်ကိုဝင့်ကာ ပြေး၍လိုက်လေ၏။ စကားပြော၍ငြင်းခုံနေသူ ၂ယောက်သည် မောင်ဘိုးကူ ပြေးလာသည်ကို မြင်သည်နှင့် တစ်ပြိုင်နက် အလယ်၌ချ၍ထားသော အထုပ်ကလေးကိုပင် မကောက်နိုင်ဘဲ သစ်တုံးပေါ်မှ လျင်မြန်စွာ ခုန်ချပြီးလျှင် တောနက်ထဲသို့ ဝင်ပြေးကြလေ၏။

ထိုနေရာသို့ ရောက်သောအခါ၌ကား လူ ၂ ယောက်ထိုင်သည့် နေရာတွင် အဝတ်စတစ်ခုကိုတွေ့ရလေရာ ထိုအဝတ်ထဲ၌ကား ငွေစက္ကူအထပ်တစ်ထပ်နှင့် ငွေသားအနည်းငယ်ကို တွေ့ရသဖြင့်၊ မောင်ဘိုးကူမှာ အံ့ဩသဖြင့် မျက်လုံးများပြူးကာ အံ့အားသင့်လျက် ရှိနေလေ၏။ စက္ကူများကို ရေတွက်၍ ကြည့်သောအခါ ၁၀ တန် ၁၅ ချပ်နှင့် ငွေသားမှာ ၉ ကျပ်ရှိကြောင်း တွေ့ရလေသည်။ ထို့နောက် မောင်ဘိုးကူသည် ခွေးကိုလုံးလုံးသတိမရတော့ဘဲ ငွေများကိုအင်္ကျီအိတ်ထဲသို့ လျင်မြန်စွာ ထည့်လိုက်ပြီးလျှင် ရွာဆီသို့ သုတ်ခြေတင်ခဲ့လေ၏။

ထိုနှစ်ဝါဆိုဦးအချိန်၌ ဇီးဖြူကုန်းရွာကလေးရှိ အတော်အတန် သပ်ရပ်သော အိမ်ကလေး တစ်ဆောင်ရှေ့၌ အိမ်ရှင်ယောကျာ်းသည် နွားများကို ချည်နှောင်လျက်ရှိလေရာ၊ အိမ်ရှင်မိန်းမသည် ထမင်းအိုးတည်ရာမှ နွားကျွေးရန် ကောက်ရိုးများကို စဉ်း၍ နေလေ၏။ ယောကျာ်းဖြစ်သူသည် နွားချည်ရာမှ ကောက်ရိုးစဉ်းနေသော မိန်းမဘက်သို့ လှည့်၍ "မိန်းမရေ ငါ့ဘွတ်ဖိနပ်ကြီး များ စင်ပေါ်တင်ထားလိုက်စမ်းပါကွယ်။ ခွေးချီပြီး သွားပါဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"တော်က ရထက်ထိ၊ ဒီဇိနပ်ကြီးကို စီးရှင်တုန်းပဲလား"

"သူက ဖူးစာရှင်အစစ်၊ သူ့ကြောင့် စောစောနဲ့ ကျွပ်နဲ့ပေါင်းရတာ"

"တော်ပါရှင်၊ ဟိုဘက်အိမ်က ကိုသာဒွေးတို့ ကြားသွားပါဦးမယ်"

"ဟုတ်တာပြောတာပဲ စောစောရဲ့"

"ဒါကြောင့် မဟုတ်ပါဘူး၊ ဒီအကောင် ၂ ယောက်ဟာ ကေန္တဝက်ထီးကံ ဘက်က နွားပဲနိုးလာသလား"

"တော်ပါသေး၊ ဘာပဲဖြစ်ဖြစ် စောစောနဲ့ ကျွပ်နဲ့ရတာသာလိုရင်းပါ"

"ဒါတော့ အဟုတ်သားပေါ့ရှင်"

"ဒါကြောင့် ကံဆိုတာ"

"တော်ပါရှင် လူကြားပါတယ်"

ဂျာနယ်ကျော်၊ ဇူလိုင် ၁၅၊ ၁၉၃၉

www.burmeseclassic.com

www.burmeseclassic.com

## အကြံကောင်းတော့ ဖြစ် ကျပ်

မောင်ကျော်ဝင်းသည်၁၀တန်းအောင်ပြီးနောက်မိဘများ၏အထောက်အပံ့ကို မရသဖြင့် ယူနီဗာစီတီတွင် ဆက်လက်၍မနေနိုင်ရှာဘဲ ကျောင်းမှ ထွက်ခဲ့ရပြီးလျှင် ပညာရှိ အလုပ်လက်မဲ့ စာရင်းထဲတွင် စာရင်းဝင်တစ်ဦးဖြစ်၏။ သို့ပင်ဖြစ်လင့်ကစား၊ ၎င်း၏လျှင်မြန်ထက်မြက်သော ဉာဏ်ပညာကိုစာတတ်သိသူများကအတော်ပင် ချီးမွမ်းကြရ၏။ ကျောင်းနေစဉ်ကပင် အတော်အတန် ခဲယဉ်းရှုပ်ထွေးသော ကိစ္စကြီးငယ်ရှိက အတန်းပြဆရာသည် မောင်ကျော်ဝင်းကိုသာ ခေါ်၍ဆိုင်ပင်လေ့ရှိ၏။ တိုင်ပင်သည့်အတိုင်းလည်း ရှုပ်ထွေးသော ကိစ္စတို့မှာ မောင်ကျော်ဝင်း ရောက်ရှိလာက ရှင်းလင်း၍ သွားတတ်လေ၏။

မောင်ကျော်ဝင်းသည် ကျောင်းမှထွက်ပြီးနောက် သူငယ်ချင်းဖြစ်သူ မောင်သိန်းမောင်က ကြည့်ရှုမစသော ငွေရင်း၃၀၀ ခန့်မျှနှင့် ကုန်သည်အလုပ်ကို မျှော်လုပ်ခဲ့ရာ၊ ကုန်သည်အလုပ်ပင် ဆိုရငြားသော်လည်း သာမန်ကူးသန်းရောင်းဝယ်ခြင်းထက်၊ သူတစ်ပါးအပေါ်တွင်ခေါင်းဖြတ်၍ခြင်းကာပို၍ဝင်ငွေရှိခဲ့လေ၏။ ကုန်သည်အလုပ်အပြင် ဗေဒင်ဘက်၌လည်းကောင်း၊ အဂ္ဂိရတ်လုပ်ငန်း၌လည်းကောင်း ယတြာချေခြင်း၌လည်းကောင်း မည်သည့်နေရာဘက်ကမဆို ကျွမ်းကျင်သည့်အပြင်၊ ဥပဒေများကိုပင် မတောက်တစ်ခေါက် တတ်သေး၏။ သို့ဖြစ်၍



www.burmeseclassic.com

www.burmeseclassic.com



ကားမောင်ကျော်ဝင်းမှာ အတော်ပင် ဗဟုသုတနှင့် ပြည့်စုံလျက် ၎င်း၏ ပညာရပ်များမှာ ထက်မြက် လျင်မြန်သော ဉာဏ်ဖြင့် ယှဉ်တွဲ၍ အသုံးပြုသောအခါ၊ ငွေရပေါက်ရလမ်းကလေးများမှာ အတော်ပင် ပွင့်၍လာတတ်သည်ကို တွေ့ရှိရလေ၏။

တစ်နေ့သ၌ မောင်သိန်းမောင်သည် အထက်မကွေးဒီ မိချောင်းရဲရွာသို့ ဆီဝယ်ရန် သွားရောက်လေရာ၊ မောင်ကျော်ဝင်းလည်း လိုအပ်သော ကုန်စည်ကလေးများကို ဝယ်ယူပြီးလျှင် မောင်သိန်းမောင်နှင့်အတူ လိုက်ပါသွားလေ၏။ မောင်ကျော်ဝင်း ဝယ်ခဲ့သော ကုန်များမှာ၊ အများအားဖြင့် ဂျပန်မှလာသော ကစားစရာကလေးများဖြစ်၍ ရေထဲသို့ ချလိုက်သည့်အခါ ပန်းပွင့်ကလေးများ ဖြစ်၍လာသော အပြားကလေးများ။ မီးရှို့လိုက်သည့်အခါ အရုပ်အမျိုးမျိုးဖြစ်၍လာသော ဆေးတောင့်ကလေးများနှင့် အခြား ကစားစရာ အရုပ်ကလေးများ စသည်တို့ဖြစ်လေ၏။

မိချောင်းရဲရွာသို့ သင်္ဘောဆိုက်၍ သူငယ်ချင်း ၂ ယောက်တို့သည် သားရေအိတ်များကိုယူကာ ကိုသိန်းမောင်တို့၏ မိတ်ဆွေဖြစ်သော ပွဲစားကိုမြဆိုသူ၏ အိမ်သို့ သွားရောက်ကာ တည်းခိုကြလေ၏။

ပွဲစားကိုမြ၏အိမ်မှာ ရွာသူကြီးအိမ်နှင့်ကပ်လျက်ရှိသဖြင့် ထိုည၌ညစာ စားသောက်ကြပြီးနောက် ပူအိုက်သော ရာသီဖြစ်သဖြင့် အိမ်ရှေ့ကွက်လပ်ပေါ်တွင်ထိုင်ကာ လက်ဖက်ရည်ကြမ်းကို ပဲလှော်သုပ်၊ ထန်းလျက်တို့ဖြင့် မြည်းလျက်ရှိကြကုန်၏။ အိမ်ရှင်ကိုမြသည် အင်္ကျီမဝတ်ဘဲ ဦးခေါင်းတွင် ရေလဲပိုင်းတစ်ခုကို ပတ်ကာ ပြောင်းဖူးဖက် ဆေးလိပ်တိုကို သောက်၍နေ၏။ မကြာမီ လူ ၃ယောက်သည် သူကြီးအိမ်သို့ ဝင်၍လာပြီးနောက် တီးတိုးစကားပြောပြီးလျှင် ပြန်၍ထွက်သွားသည်ကို မြင်ရ၏။ ၁၅ မိနစ်ခန့် ကြာလတ်သော် မိန်းမကြီး ၃၊ ၄ ယောက်နှင့် ဝင်လာပြန်ပြီးလျှင် သူကြီးနှင့် ခေါင်းချင်းရိုက်ကာ တိုင်ပင်ပြီးသော် ထွက်သွားကြပြန်၏။ ၎င်းနောက် သူကြီးက ကိုမြရေ ခဏလာစမ်းပါဦးဗျာ" ဟု ပြောသဖြင့် ပွဲစားကိုမြမှာ သူကြီးအိမ်ဘက်သို့ကူးသွားပြီးနောက် နာရီဝက်ခန့်ကြာသော်အခါ ပြန်၍လာ၏။

ထိုအခါမောင်သိန်းမောင်က "ဘယ့်နယ်လဲဦးမြရဲ့၊ သူကြီးအိမ်ဘက်မှာ စုရုံး စုရုံးနဲ့ ဘာဖြစ်ကြတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဦးချစ်ဆွေ သမီးကလေးပေါ့ဗျာ၊ တောင်မတာလေးကြည့်ရတာ ရှစ်ဆယ်တင်နဲ့မြစ်ဆိပ်မှာ ခြေချင်းတစ်ရန် မေ့နေရစ်လို့ ပျောက်ပါပကော"

"ရွှေခြေချင်းလား"

"ဟုတ်တယ်"

"ဘယ်လောက်တန်သလဲ"

"၂၅၀ လောက် တန်သတဲ့ ကိုသိန်းမောင်"

"ဒီအတွက် ဘာလုပ်ကြသလဲ"

"ဒီလိုဗျ ကိုသိန်းမောင်ရဲ့ ဒီကနေ့ မနက်စောစောစော မြစ်ဆိပ်မှာ အခွဲ့က ရေချိုးတော့ သန်ရောင်းတဲ့ မရွှေပုသမီး စောမြရယ်၊ ကိုတိုးထွန်းတူမ ညိမ်းအေးရယ်အတော် ၂ယောက်ပါသတဲ့။ ဒါနဲ့ အခွဲ့လည်း ရေချိုးပြီးကမျာကယာတက်သွား။ ခြေချင်းက ကျောက်တုံးကလေးပေါ်မှာတင်လျက်သား မေ့ကျန်ရစ်ခဲ့တာပေါ့လေ။ အညိုတော့ စောမြနဲ့ ညိမ်းအေးက အဝတ်လျှော်ပြီး ကျန်ရစ်ခဲ့သတဲ့ဗျ။ ဒါနဲ့သူတို့ ထည်အဝတ်လျှော်ပြီး တက်လာ၊ အိမ်ရောက်လို့ တထိုင်ပြီးကြာခင် ဦးချစ်ဆွေ မိန်းမရော၊ အခွဲ့ရှိတဲ့ကလေးမရော၊ စောမြနဲ့ညိမ်းအေးတို့အိမ်ကို ပျာယာခတ်ပြီး လိုက်လာကြသတဲ့၊ နို့ပေမဲ့ စောမြရော ညိမ်းအေးရော မသိရပါဘူး၊ မမြင်ရပါဘူး ဆိုပြီးကျိန်တွယ်ပြီး ပြောကြတာပေါ့ဗျာ"

"သူတို့ ၂ယောက်မှာ တစ်ယောက်ယောက်ယူမှာပေါ့ ကိုသိန်းမောင်ရယ်"

"ဒါပေါ့ဗျ"

"ပြဿနာကလည်း စောမြကလည်း မသိသော်လည်း ညိမ်းညိမ်းအေးနေတတ်သူတဲ့ ဒါတင်မကသေးဘူး။ ဒီကောင်မကလေး အလည်ဗျ။ အရင်တစ်ခါ သူတို့အိမ်မှာ ကျုံကာပဲဝယ်လာတဲ့ ကုလားရဲ့ရွှေနားကိုကြီး ပျောက်သွားတော့လည်း အစုန်းထဲက သူ့ကိုပဲ ထင်ကြတယ်။ ကျွန်တော့ မပြောတတ်ပါဘူး ဘုရားမှသိမှာပဲ"

"ခြေကျင်း ဟုတ်လား။ နို့ပေမဲ့ ရေထဲများ ကျနေပါလိမ့်မယ် ခင်ဗျာ" ဟု မောင်တော့ဝင်းသည် လက်ဖက်ရည်ကြမ်းပန်းကန်ထဲမှ လက်ဖက်ရည်အေးတချို့ကို အွန်လိုက်ပြီးလျှင် ဆေးပြင်းလိပ်ကို မီးညှိပြီးနေတာ မီးခိုးများတော့ တခြမ်းခြမ်း မွှတ်၍ထွက်နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ နံနက်သို့ရောက်လတ်သော် မောင်ကျော်ဝင်းသည် ပက်လက်ကုလားထိုင်တစ်လုံးပေါ်တွင် ကိုယ်လက်များကို ဖျင်းရိစွာ ဆန့်တန်း အညောင်းဖြေပြီးနောက်ကိုသိန်းမောင်၏ပခုံးကိုပုတ်လျက် "ကိုင်းကိုသိန်းမောင် ဒီဟာ ကျုပ်အချက်ပဲ၊ ခြေချင်းပျောက်တဲ့ ဦးချစ်ဆွေကိုသာ ခင်ဗျား စပ်ချေပေတော့"

"ဟုတ်မှလည်း လုပ်ပါ ကိုကျော်ဝင်းရယ်"

"မဟုတ်ဘဲနဲ့ ကျုပ် ပြောပါ့မလားဗျ"

ကိုသိန်းမောင်လည်းအိမ်ရှင်ဦးမြနှင့် တိုင်ပင်ပြီးလျှင် မောင်ကျော်ဝင်း၏ အစွမ်းကို ယုံကြည်ပြီး ဖြစ်သည့်အတိုင်း သူကြီးထံမှတစ်ဆင့် ဦးချစ်ဆွေထံ အကြောင်းကြားစေရာ ၁၅ မိနစ်ခန့် ကြာလတ်သော်၊ ဦးချစ်ဆွေတို့ လင်မယားလည်း ရွာသူကြီးနှင့်အတူ ဦးမြ၏နေအိမ်သို့ ရောက်လာကြလေ၏။ အိမ်ရှင် ဦးမြလည်း မိမိအိမ်၌ တည်းခိုလျက်ရှိသော မောင်ကျော်ဝင်းဆိုသူ ဧည့်သည်မှာ ပစ္စည်းပျောက်များကို ပြန်၍ ရအောင်လုပ်နိုင်ကြောင်းများကို ပြောကြားလေရာ၊ ခြေချင်းပျောက်သောအနွံ့၏အဖေနှင့်အမေမှာ များစွာဝမ်းမြောက်လျက် ပစ္စည်းကို မကြာမီပြန်၍ရအောင် ပြုလုပ်ပေးပါမည့်အကြောင်းနှင့် မောင်ကျော်ဝင်းအား တောင်းပန်ကြလေ၏။ ၎င်းနောက် မောင်ကျော်ဝင်းလည်း ကျောက်သင်ပုန်း တစ်ချပ်ကို ယူခဲ့စေ၍ -

"အနွံ့က ဘယ်နေ့လဲဗျ"

"စနေသမီးပဲမောင်"

"ဒီရွာမှာ ထနောင်းသားများ ရနိုင်ပါ့မလားခင်ဗျာ"

"ရနိုင်ပါတယ်မောင်။ ရွာထိပ်က ဘုန်းကြီးကျောင်းမှာ ထနောင်းပင် ကြီးမှ ဟိန်းနေတာပဲ"

"ဆန်တစ်ပြည်ရယ်၊ ငွေတစ်မတ်ရယ်၊ ထနောင်းသားလက်လေးသစ် လောက်ရယ် လိုချင်တယ် ခင်ဗျ"

"ရပါစေမောင်"

"ဒီကိစ္စမှာ သူကြီးကလည်းကူညီရလိမ့်မယ်ခင်ဗျ။ ခိုးမှုဆိုတော့ ပုလိပ်အရေးပိုင်တဲ့ အမှုဖြစ်လေတော့ သူကြီးက ကူဖို့ ဝတ္တရားရှိတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဦးအိမ်ကိုရွာထဲကမိန်းမယောကျ်ားအားလုံးကျွန်တော့်အကြောင်းသိရအောင် ထောကလေး လာကြည့်စေချင်ပါတယ် ခင်ဗျာ"

"စိတ်ချပါမောင်ရယ်။ ကျုပ်ဆင့်ပြီးခေါ်ပေးပါ့မယ်။ ဘယ်အချိန်လောက် ရောက်စေချင်သလဲမောင်"

"ထမင်းစားပြီး ၁၂ နာရီထိုးလောက် လူစုံရင် တော်လောက်ပါပြီခင် ဗျာ"

"စိတ်ချပါ မောင်ရေ့ ဦးအိမ်မှာ အသင့်ခေါ်ပြီးထားမယ်"

၁၁ နာရီထိုးပြီးနောက်၊ မောင်ကျော်ဝင်းသည် ဝိတ်ဖြူလုံချည်ကို ဆီးကာမျက်နှာသုတ်ပဝါအဖြူကိုဦးခေါင်းတွင်ပတ်လျက် သူကြီးအိမ်ဘက်သို့ကူး လျက်လာလေ၏။ ရွာသူကြီး ဆင့်ခေါ်၍ လာသူများနှင့် ကြည့်ရှုနားထောင်ရန် လာကြသောပရိသတ်များမှာ သူကြီးအိမ်တွင် ပွဲကလေးတမျှ စည်ကားလှ၏။

၁၂ နာရီထိုးလတ်သော် ပရိသတ်များ စုံလောက်ပြီဖြစ်၍ မောင်ကျော် ဝင်းလည်း ဆန်ကို ပြည်တောင်းနှင့်ထည့်၍ ယူခဲ့စေပြီးသော် ဆန်ထဲ၌ ငွေတစ် ဆယ်၊ ထနောင်းသားလက်လေးသစ်ခန့်ကို မြှုပ်ပြီးနောက် ပြည်တောင်းပေါ်တွင် ပန်းကန်ပြားတစ်ချပ်ကိုတင်ထားလေ၏။ ထို့နောက် ပရိသတ်များဘက်သို့ လှည့် ကာ တည်ကြည်လေးနက်သောအသံဖြင့် "ကိုင်းလေ သူတစ်ပါးမျက်ရည်ပေါက် ကြီးငယ်ကျမှ ထမင်းစားရမယ့် အလုပ်မျိုးကို မလုပ်ချင်ပါနဲ့။ ပြန်ပေးရင် လက် ဆွန်ခင်ကပြန်ပေးလိုက်ကြနော်။ ဆရာလည်းဒီအရပ်ကိုရောက်လာပြီးဒီလိုလုပ် အား ကိုယ့်တာဝန်ကိုယ် မလုံဘဲ မလုပ်ဝံ့ဘူးဆိုတာ မှတ်ထားကြ" ဟုပြောသော အခါ ပရိသတ်မှာ မောင်ကျော်ဝင်းအားကြည့်ကာ ငြိမ်သက်လျက်ရှိလေ၏။

မောင်ကျော်ဝင်းလည်း အိတ်ထဲမှ သားရေအိတ်ကလေးတစ်ခုကို ထုတ်ပြီးလျှင် ၎င်းအတွင်း ဆေးတောင့်ကလေးတစ်တောင့်ယူကာ ဘုရားနှင့် အတွ နတ်သိကြားများကို တိုင်တည်ပြီးလျှင် ၁၅ မိနစ်ခန့် မန်းမှုတ်၍ ပန်းကန်ပြား အလယ်တွင် တင်ထားလေ၏။ ၎င်းနောက် မောင်ကျော်ဝင်းလည်း ပန်းကန်ပြား ထဲ၌ လက်ဝါး ၂ ဖက်ကို အုပ်ချည်ဖြန့်ချည်ပြုလုပ်ပြီးသော် "ကိုင်းကွယ် ငါ့ဓါတ်ညွှန် အတိုင်း ညတော့ မင်း လူတစ်ယောက် စားကောင်းစားရပါလိမ့်မယ်" ဟု ပြော၍ ဆေးတောင့်ကလေး၏ထိပ်ကို မီးခြစ်နှင့်ရှို့လေရာ၊ ပထမ၌ စိမ်းလဲ့သော အ



www.burmeseclassic.com

www.burmeseclassic.com



ရောင်ထွက်ကာ မီးခိုးလုံးကြီးများထွက်ပြီးနောက် ဓလေးဓတောင့်ကို တဖြည်းဖြည်း လောင်၍လာသောမြေများသည် အထက်သို့တရွေ့ရွေ့တွန်းလိမ်ကာ ပန်းကန်ပြား ပေါ်သို့ ၁၀ လက်မခန့်မျှ အမြင့်တက်ကာ မြေရုပ်ကြီးဖြစ်၍ လာလေ၏။

ထိုအခါပရိသတ်များသည်လှုပ်လှုပ်ရွရွဖြစ်၍သွား၏။ အချို့မိန်းကလေး များကလည်း ဒီလူဟာ ယောဆရာထင်ပါရဲ့အေး အသားက ဖြူစပ်စပ်နဲ့ ခြေချင်း နီးတဲ့မိန်းမတော့ ဒုက္ခရောက်တော့မှာအေး” ဟု ပြောလေ၏။

၎င်းနောက်ကျော်ဝင်းသည်နေရာမှထကာ “ဒါပဲခင်ဗျာ၊ သည်လောက် မြင်ကြရရင်ကျွန်တော့်အစွမ်းကိုသိလောက်ပါပြီ။ ပြီးတော့ကျွန်တော်က မြွေမသေ တုတ်မကျိုးဆိုသလိုဒီလိုကြံ့တယ်ခင်ဗျာ။ ဒီက သူကြီးမင်းအိမ်ရှေ့မှာ ရှိုင်းပတ်နဲ့ဖွဲ့ပုံ လုပ်ပြီးထားမယ်၊ တစ်အိမ်ကို တစ်တောင်းကျစီ ဖွဲ့ပုံထဲကိုလာပြီး လောင်းထည့် ကြ။ ပစ္စည်းယူထားတဲ့လူလည်း သူယူထားတဲ့ပစ္စည်းကိုဖွဲ့ထဲမှာထည့်ပြီးဖွဲ့ပုံကြီးထဲ ကိုရောလောင်းပေါ့ခင်ဗျ။ ဒီလိုဆိုတော့ဘယ်သူဘယ်ဝါရယ်လို့မသိဘူးပေါ့။ ဒီလိုမှ ပစ္စည်းယူထားတဲ့လူက သာသာကြည်ကြည်နဲ့ မပေးရင်တော့၊ ကျွန်တော့်တပည့် ပျာလည်းလူသွေးကို မသောက်ရတာ အတော်ကြာသွားပြီ။ နိုင်ရာနဲ့ ကိုင်ရတော့ မှာပဲ”

ရွာသူကြီးလည်း ဤအကြံမှာ အလွန်ကောင်းကြောင်းဖြင့် ပြောသော အခါ ရွာထဲမှ လူကြီး ၂ ယောက်ကလည်း ထောက်ခံသဘောတူကြလေ၏။

အထက်ပါအတိုင်းစီစဉ်ပြီးလျှင် ရွာသူကြီးအိမ်ရှေ့ဖွဲ့ပုံထဲသို့ တစ်အိမ် လျှင် ဖွဲ့တစ်တောင်းကျစီ လောင်းစေရာ အားလုံး အိမ်များစေ့ပြီးနောက် ရွာသူ ကြီးသည် သက်သေ ၃၊ ၄ ယောက်နှင့်အတူ ဖွဲ့များထဲ၌ ရှာဖွေစေရာ၊ အန္တံ့ပျောက် သော ခြေချင်းတစ်ရန်ကို တွေ့ရလေ၏။ မကြာမီ ဦးချစ်ဆွေ လင်မယားလည်း ရောက်လာပြီးလျှင် မောင်ကျော်ဝင်း၏ လက်ထဲသို့ ငွေ ၇၅ ကျပ်ကိုထည့်ကာ ဆရာရဲ့ကျေးဇူးဂုဏ်ကို မည်သည့်အခါမျှသာ မမေ့နိုင်မည် မဟုတ်ကြောင်းနှင့် ပြောလေ၏။

မိချောင်းရဲမှ သဘောထွက်ခဲ့ပြီးနောက် မောင်ကျော်ဝင်းသည် ဆေး ပြင်းလိပ်တစ်လိပ်ကိုခဲကာ “ဘယ့်နှယ်လဲကိုသိန်းမောင်။ ခင်ဗျားဝယ်ခဲ့တဲ့ဆီက ပုသိမ်ကိုတင်ရင် ဘယ်လောက် အမြတ်ထွက်ပါ့မလဲ”



www.burmeseclassic.com

www.burmeseclassic.com



"ဆီဈေးလည်း မကောင်းပါဘူးဗျာ။ အလွန်ဆုံး ဆီ ၅၀၀ ကို စရိတ်တော နုတ်ပြီး ငွေ ၅၀ ပေါ့"

"ငွေရင်းက ဘယ်လောက်ဝင်သလဲ"

"လေးရာ"

"ဒါဖြင့်ကျုပ်လောက်မဟန်ဘူးပေါ့ဗျ။ ကျုပ်မှာအရင်းဝင်တာက မြွေဖြစ်ဆဲ့ဂျုပန်ကလာတဲ့ ဆေးတောင့်ကလေးဟာ တစ်တောင့်ကို တစ်ပဲပေးရတယ်။ ဆေးတဲ့ငွေက ၇၅ကျပ်၊ သည်တော့ သူကြီးကို ၅ကျပ်ပေးတာရယ်၊ ကိုမြကို ၅ကျပ်ပေးတာရယ်နုတ်ရင် ၆၅ကျပ် အသားတင်မြတ်တာပေါ့။ အရင်းက တစ်ပဲရယ်တို့သိန်းမောင်"

"အမှန်တော့ ခင်ဗျား လိမ်ယူတာပဲဗျ"

"ဘာလိမ်ရမှာလဲဗျ။ ကျုပ်က မြွေရုပ်ကိုပြပြီး ဖြီးလိုက်တာ၊ ကျုပ်ဉာဏ်ကောင်းလို့ နောက်ဆုံးအနဲ့ခြေချင်းပြန်ရတာပဲ မဟုတ်လား"

"အေးလေ ဒါလည်းဟုတ်ပါတယ်။ အနေကောင်းတော့တစ်သက်၊ အကြံကောင်းတော့ တစ်ချက်ဆိုတဲ့ စကားပုံအရှိသားဘဲ"

"ကျုပ်တော့ ဒီစကားပုံကို ပြင်ချင်တယ်"

"ဘယ်လိုပြင်ချင်သလဲ"

"အနေကောင်းတော့တစ်သက်၊ အကြံကောင်းတော့ ခြောက်ဆယ့်ငါးကျပ်"

"တယ်လည်းနောက်တဲ့လူပဲ"

ဂျာနယ်ကျော်၊ ဇွန်လ ၁၇၊ ၁၉၃၉

www.burmeseclassic.com

www.burmeseclassic.com

## စာတ်ပုံဆရာ

ကျွန်ုပ်သည် ၁၂၈၇ ခုနှစ်၊ တန်ခူးလထုတ် ဒဂုန်စပါယ်ရှယ်မဂ္ဂဇင်းတွင် မြသိန်းတန်ဟူသော အမည်ဖြင့် ဝတ္ထုတစ်ပုဒ်ကို ရေးသားခဲ့ဖူးသည်ဖြစ်ရာ၊ ထိုဝတ္ထုမှာ မြန်မာပြည်ရှိ ထောင်ကြီးတစ်ထောင်တွင် ထောင်မင်းသားဖြစ်ခဲ့ဖူးသူ ဦးဘိုးထော်ဆိုသူသည် နှစ်ပေါင်းများစွာ အစိုးရတို့၏ မင်းပြစ်မင်းဒဏ်ကို ခံနေရသည့်အတွင်း တွေ့ကြုံမှတ်သားခဲ့သော အကြောင်းအရာများထဲမှ ထုတ်နုတ်ချက်များဖြစ်သဖြင့် ထိုဝတ္ထုကို ဆက်လက်ရေးသားရန် ကြံစည်ခဲ့သော်လည်း အခွင့်အခါ မသင့်သဖြင့် ရပ်ဆိုင်းထားခဲ့ရပေသည် ဖြစ်ကြောင်း၊

အောက်တွင် ရေးသားဖော်ပြအံ့သော အကြောင်းအရာ အဝတ္ထုပ္ပတ္တိများသည်လည်း ဦးဘိုးထော်၏ မှတ်တမ်းမှ ထုတ်နုတ်ယူငင်ရသည်ဖြစ်ရာ၊ ၁၂၈၇ ခုနှစ်၊ တန်ခူး ၄ပထုတ် ဒဂုန်စပါယ်ရှယ် မဂ္ဂဇင်းကို မဖတ်ရသူတို့အတွက် ဦးဘိုးထော်ဆိုသူမှာ မည်သူမည်ဝါဖြစ်ကြောင်းကို အကျဉ်းချုပ်အားဖြင့် ဖော်ပြပေအံ့

ဦးဘိုးထော်မှာ ဇာတိအားဖြင့် ရွှေဘိုနယ် မန်ကျည်းတုံရွာသားဖြစ်၍ မြန်မာ့စာပေကျမ်းဂန်များကို အတော်အတန် လေ့လာ သင်ကြားခဲ့ဖူးလသည်။ ၎င်း၏အဘနှင့် အစ်ကိုတို့မှာ ၁၂၄၇ ခုနှစ်တွင် အရှင် သီပေါဘုရင်မင်းမြတ်အား

www.burmeseclassic.com



အင်္ဂလိပ်အစိုးရမင်းတို့က လက်ရသိမ်းပိုက်စဉ် တိုင်းပြည်မငြိမ်မသက် ရှိသည့်အတွင်း သူပုန်မှုဖြင့် အသက်ဆုံးရှုံးခြင်းကို ခံခဲ့ပြီးနောက်၊ ဦးဘိုးဝေတ်မှာ မိမိ၏ခင်နှင့် အစ်ကိုတို့အတွက် အင်္ဂလိပ် အစိုးရတို့အပေါ်တွင် များစွာစိတ်နာခဲ့သည့်အလျောက် ရိုးသားဖြောင့်မတ်စွာ ရှာဖွေစားသောက်ခြင်းကို မပြုမူ၍ တိုက်နိုက်လုယက်ခြင်းဖြင့်သာလျှင် အသက်မွေးမြူနေထိုင်ခဲ့လေ၏။ တောပုန်းဓားပြအဖြစ်ဖြင့် ၃ နှစ်၊ တစ်ကျွန်းတွင် ၂၅ နှစ်၊ မြင်းခြံထောင်တွင် ၇ နှစ်၊ အင်းစိန်ထောင်တွင် ၂ နှစ်၊ ရန်ကုန်ထောင်တွင် ၁ နှစ်မျှ ကျခံခဲ့ရသည်ဖြစ်ရာ ဦးဘိုးဝေတ်မှာ ထောင်သက်ရှည်ပြီးလျှင် ထောင်ရှည်ဝသည်ဖြစ်သောကြောင့်တစ်ကြောင်း၊ လူမိုက်တို့မည်သည် မိမိထက်ပို၍ မိုက်သူကို တွေ့ရသောအခါ အရှုံးပေးတတ်ကြသဖြင့် ဦးဘိုးဝေတ်မှာ မိုက်သောသူတို့တွင် အမိုက်ဆုံး၊ သတ္တိကောင်းသောသူထဲတွင် သတ္တိအကောင်းဆုံးဖြစ်ရကား၊ နောက်ဆုံး၌ ထောင်သားတို့တွင် ဘုရင်ဖြစ်သော ထောင်မင်းသားအဖြစ်ကို ရရှိခဲ့လေသည်။

ဦးဘိုးဝေတ်မှာ ယင်းကဲ့သို့ ထောင်မင်းသားအဖြစ်ဖြင့် နေ့စဉ် အလုပ်ကြမ်းကို အလျှင်းမလုပ်ရဘဲ ထောင်သားများအပေါ်တွင် စီမံခန့်ခွဲရခြင်း၊ ထောင်မှူးအားကူညီရခြင်း၊ ထောင်စာရင်းများကို ကြည့်ရှုကိုင်တွယ်ရခြင်း စသော အလုပ်မျိုးကိုသာ ပြုလုပ်ဆောင်ရွက်ရသဖြင့် အားလပ်ခွင့်ကိုလည်း အတော်အတန် ရရှိသည့်အလျောက် ထူးဆန်းသော အကြံအစည်တစ်ခုသည် ဖြစ်ပေါ်၍ လာခဲ့ရာ အောက်ပါအတိုင်း ဖြစ်လေသည်။

ဦးဘိုးဝေတ်မှာ ကျွန်ုပ်တို့ ရေးသားဖော်ပြခဲ့ပြီးသည့်အတိုင်း ငယ်စဉ်ကပင်မြန်မာစာပေကျမ်းဂန်များနှင့်တက္ကဗေဒသုတအစရှိသော အတွေ့အမြင်များကို များစွာဝါသနာပါသည့်အလျောက် လူဆိုးလူမိုက်၊ တောပုန်းဓားပြတို့၏ အပြုအမူနည်း ဓာတ်ပုံ၊ တိုက်နိုက်ပုံတို့ကို တစ်စတစ်စ မေးမြန်းပြီးလျှင် ရေးသားမှတ်ယူခဲ့သည်။ ဤကဲ့သို့ မှတ်သားခြင်းမှာ မည်သူတစ်ဦးတစ်ယောက်၏ အတွက်မျှမဟုတ်ဘဲ မိမိ၏ဝါသနာ အလိုဆန္ဒအတိုင်း ပြုလုပ်ခြင်းမျှသာ ဖြစ်လေသည်။

လူတို့မည်သည် မိမိတို့ပြုလုပ်ခဲ့သော မကောင်းမှုများကိုလည်းကောင်း တစ်သက်ပတ်လုံး မိမိတို့ လျှို့ဝှက်၍လာသော အရာများကိုလည်းကောင်း တစ်သက်ပတ်လုံး မသုံးမစားရက်ဘဲ စုဆောင်းလာခဲ့သော ပစ္စည်းတို့ကို မြှုပ်နှံထွယ်



www.burmeseclassic.com

www.burmeseclassic.com



ဝှက်၍ ထားရာအရပ်ကိုလည်းကောင်း သေရမည့်ဆဲဆဲ၌ အမှန်အကန်ကို အလုံးစုံလှစ်ဟ၍ ပြောဆိုတတ်ခဲ့ကြသည်ဖြစ်ရာ ဦးဘိုးထော်မှာ ကြိုးအပြစ်ဒဏ်ကိုခံ၍သွားရရှာသူများထံမှ မှန်ကန်သောအဖြစ်အပျက်များကို များစွာရရှိခဲ့လေသည်။ ဥပမာဆိုသော် အစိုးရကို စိတ်နာသဖြင့် "ဘူးကွယ်" နေသော သူများပင်လျှင် ဦးဘိုးထော်က တိတ်တဆိတ် စုံစမ်းမေးမြန်းသောအခါ၌မူဟုတ်တိုင်းမှန်ရာကို ဖွင့်ဟပြောဆိုတတ်ကြလေသည်။ သို့ဖြစ်၍ အောက်တွင် ရေးသားလတ္တံ့သောဝတ္ထုမှာ ဦးဘိုးထော်၏မှတ်တမ်းတွင် ပါရှိသဖြင့် ၎င်းထံမှတစ်ဆင့်ကြားသိရသည့်အတိုင်း ရေးသားဖော်ပြလိုက်ရခြင်းဖြစ်ပါကြောင်း။

✦✦✦

ကျွန်ုပ်သည်ရန်ကုန်ထောင်၌အကျဉ်းခံလျက်ရှိစဉ် တစ်နေ့သ၌ထောင်မှူးကြီး၏အလုပ်တိုက်တွင်အကျဉ်းထောင်အတွင်းကြိမ်ဒဏ်အပြစ်ပေးခံရသောသူများ၏စာရင်းကိုကြည့်ရှုစစ်ဆေးလျက်ရှိရာ၊ ထောင်မှူးက လေးတစ်ယောက်သည် ဝင်လာ၍ မောင်စိန်မှန်ဆိုသူ အကျဉ်းသမားလူမမာတစ်ယောက်သည် ကျွန်ုပ်နှင့်တွေ့လိုကြောင်းပြောသည်နှင့် ကျွန်ုပ်လည်း ထောင်မှူးကြီးထံ အခွင့်တောင်းပြီးလျှင် ၎င်းအား တွေ့ဆုံရန် လိုက်ပါသွားခဲ့လေ၏။

မောင်စိန်မှန်၏ အခန်းသို့ရောက်လျှင် မောင်စိန်မှန်မှာ သစ်သားကွပ်ပျစ်တစ်ခုပေါ်တွင် များစွာချောင်းဆိုးလျက်ရှိလေရာ၊ ၎င်း၏ အသားတို့မှာလည်း နနွင်းကဲ့သို့ဝါပြီးလျှင် မျက်လုံးတို့မှာလည်း အတွင်းသို့ များစွာ ချိုင့်ဝင်လျက်ရှိသည်ကို တွေ့ရလေ၏။ ၎င်း၏ ရုပ်လက္ခဏာကို ကြည့်ရှုခြင်းဖြင့် မောင်စိန်မှန်မှာ ဤလူ့ပြည်တွင် တာရှည်စွာ နေရတော့မည် မဟုတ်ဘဲ၊ မကြာမီပင် အသက်၏စည်းစိမ်ကိုစွန့်ခွာ၍ သွားရတော့မည်အကြောင်းကို သိရလေ၏။ များစွာ ချောင်းဆိုးလျက်ရှိနေပြီးနောက်ရေတစ်ခွက်ကိုသောက်ပြီးလျှင်၊လွန်စွာမောပန်းလှသည့်လက္ခဏာဖြင့် –

"ဦးဘိုးထော်မှတ်တယ်ဗျ"

"ဟုတ်ပါတယ်ဗျ၊ ခင်ဗျားက တွေ့ချင်တယ်ဆိုလို့ လာခဲ့တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ်ဗျာ၊ ဒီလို ဂရုစိုက်ပြီး ရှာဖွေလိုက်လာတယ်ဆိုတော့ ဒါနဲ့ ဦးဘိုးထော်၊ ကျုပ်တော့ လူ့ပြည်မှာ ကြာကြာ မနေရတော့ဘူးဗျ။ ဒီရောဂါနဲ့ပဲ သွားရတော့မှာပဲ"

"နေပါဦး၊ ခင်ဗျားဆေးရုံကို တက်နေရသေးတယ် မဟုတ်လား"

"ဟုတ်တယ်၊ ထောင်ဆေးရုံမှာ အရက် ၂၀ ကျော်လောက် နေခဲ့ရတယ်"

"ဒါဖြင့် ဘာပြုလို့ပြန်လာရသလဲဗျ"

"ကျုပ်ကို ကျုပ်သေမှာသိလို့၊ မသေခင် ခင်ဗျားနဲ့တွေ့ပြီး ကျုပ် အဖြစ်အပျက်တွေကို ဝန်ခံချင်လို့ ကိုင်းနားလည်ပြီလား"

"ဪ ဒီလိုကိုး"

"ထောင်ထဲကလူတွေ အဖြစ်အပျက်တွေကို ခင်ဗျား စုဆောင်းပြီး နေတယ်လို့ ကျုပ်ကြားတယ်"

"ဟုတ်တယ်"

"ဘယ်လိုသဘောနဲ့ ဒီလို စုဆောင်းတာလဲဗျ"

"ဝါသနာပါလို့လုပ်တာပါ ကိုစိန်မှန်ရယ်။ ဘယ်အတွက်ဘယ်လိုမျှ ရည်ရွယ်ချက်မရှိပါဘူး။ ထောင်ထဲမှာဆိုတော့ ခင်ဗျားသိတဲ့အတိုင်း တော်တော်အလေး လူစုံတယ်ဗျ။ အထက်နယ်ကလူလည်းရှိတယ်။ အောက်မြို့ကျေးရွာက လူများလည်းရှိတယ်။ ဆန်းဆန်းပြားပြား အဖြစ်အပျက်တွေကို တွေ့ကြုံခဲ့တဲ့ လူများလည်းရှိတယ်။ သည်တော့ သူတို့ကိုတစ်စတစ်စ ထောက်လှမ်းမေးမြန်းမယ်ဆိုရင် ကျုပ်လိုချင်တဲ့ အချက်တွေရပြီး ကျုပ်မှာဇာတ်ပဟုသုတ အင်မတန် တိုးတယ်ဗျ"

"ဦးဘိုးထော်၊ ခင်ဗျား အင်မတန် ဉာဏ်သွားတဲ့လူတစ်ယောက်ပဲဗျာ။ ဒီအကြောင်းတွေကြားတာနဲ့ကျုပ်လည်းဘဲမသေခင် ဖွင့်ပြီးပြောခဲ့ချင်တာကလေး တစ်ခု ရှိလေတော့ ခင်ဗျားကို အခေါ်လွှတ်ရတာပဲဗျို့။ ကိုင်း ကိုင်း ကျုပ်အဖြစ်အပျက်ကလေး တစ်ဆိတ် နားထောင်စမ်းဗျာ။ ဒီဟာတွေ ခင်ဗျားကို ပြန်ပြောပြီး သွားခဲ့ရလို့ရှိရင် ကျုပ် အသက်ဖြောင့်ဖြောင့် ထွက်ကောင်းပါရဲ့ဗျာ" ဟုပြောပြီးနောက် မောင်စိန်မှန်သည် ရင်း၏အိပ်ရာ ခေါင်းအုံးများအောက်တွင် တွင်ရှာ



www.burmeseclassic.com

www.burmeseclassic.com



သိပ်သည်းစွာ ဝှက်၍ထားသော စာရွက်ငယ်နှစ်ရွက်ကို ထုတ်၍ပြလေရာ၊ ၎င်းစာရွက်အနက် တစ်ခုသော စာရွက်မှာ မြေပုံနှင့်သဏ္ဌာန်တူ၍ ၎င်း၏အစွန်း၌လည်း အဝေးအကွာခရီးကို အင်္ဂလိပ်ဖိုင်များဖြင့် စကေးလုပ်၍ အသေအချာပြထားသည့်ပြင်၊ တစ်ခုသောနေရာတွင် မင်နီဖြင့် ကြက်ခြေခတ်၍ထားသော နေရာတစ်ခုလည်း ပါရှိသေးသည်။ အခြားစာရွက်တစ်ရွက်ကား၊ မိန်းမတစ်ယောက်သည် ပန်းများကို ဝေဝေဆာဆာပန်ဆင်လျက် သစ်ပင်ကြီးတစ်ခုမှ ကျလျက်ရှိသော နွယ်ကြိုးများကို ဒန်းစီးလျက်ရှိစဉ် ရိုက်ကူးထားသော ဓာတ်ပုံတစ်ခုဖြစ်၍ နှစ်ပေါင်းအတော်ကြာ သိမ်းထားသည့် လက္ခဏာဖြင့် လွန်စွာပင် ဟောင်းနွမ်းလျက်ရှိသော်လည်း မျက်နှာပုံပန်းမှာ ထင်ရှားလျက်ရှိရကား ၎င်း၏ ကိုယ်အင်္ဂါရုပ်ကို ကြည့်ရှုခြင်းဖြင့် အတော်အတန် ချောမောလှပသော သူငယ်မကလေးတစ်ယောက် ဖြစ်ကြောင်းကို သိရှိရလေသည်။

"ဦးဘိုးထော်၊ ကျုပ်မရှိတဲ့နောက်ကို ကျုပ်အတွက် ကုသိုလ်ကောင်းမှုတစ်ခုခုကို ပြုရမယ်ဆိုရင် ပြုနိုင်ပါ့မလား"

"ကျုပ်လည်း ခင်ဗျားလိုပဲ ထောင်နန်းစံနေရတဲ့လူတစ်ယောက်၊ ဘယ်မှာ ကုသိုလ်ကောင်းမှုကို သတိရနိုင်ပါ့မလဲ ကိုစိန်မှန်"

"ဒါကိုပြောတာ မဟုတ်ပါဘူးဗျ။ ထောင်ကလွတ်တဲ့အခါကို ပြောတာပါ။ ကုသိုလ်ကောင်းမှုလုပ်ရမယ်ဆိုတာလည်း တခြားသူ့ပစ္စည်းနဲ့ လုပ်ရမှာ မဟုတ်ပါဘူး။ ကျုပ်ပစ္စည်းနဲ့ပါ"

"သည်လိုဆိုရင် လုပ်နိုင်ချေရဲ့ဗျာ"

"ကိုင်း ဦးဘိုးထော် ကျုပ်ဖွင့်ပြီးပြောတော့မယ်နော်။ ကျုပ်မှာ ပစ္စည်းများ မြှုပ်နှံပြီးထားခဲ့တဲ့ နေရာတစ်ခု ရှိတယ်ဗျ။ ဒီနေရာဟာ ခင်ဗျားလက်ထဲက မြေပုံပါပဲ။ ဒီတော့ ကျုပ်သေပြီးတဲ့နောက် ခင်ဗျားထောင်က လွတ်တဲ့အခါမှာ ကျုပ်မြေပုံမှာ ပါတဲ့အတိုင်း ဥစ္စာပစ္စည်းများကို တူးဖော်ပြီး တစ်ဝက်ကို ခင်ဗျားယူ။ ကျန်တဲ့ တစ်ဝက်ကို လှူဒါန်းပြီး ကျုပ်အတွက်အမျှအတန်းဝေမကောင်းဘူးလား။ ဘယ့်နယ်လဲ ဦးဘိုးထော်၊ သဘောကျပြီ မဟုတ်လား"

"ကောင်းပါပြီဗျာ။ ကျုပ်အတွက်မရချင်နေပါစေ။ ခင်ဗျားပြောတဲ့အတိုင်း ကျုပ် ဆောင်ရွက်ပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုလည်း မဟုတ်ဘူးဗျ။ ခင်ဗျားဒုက္ခခံရတဲ့အတွက်ခင်ဗျားတစ်ဝက် ဆိုင်တယ်လို့ကျုပ်ယူဆတယ်။ ကျုပ်မှာ ခင်ဗျားအပြင်ပေးစရာ၊ သားသမီးလည်း မရှိဘူးဗျ။ မယားလည်းမရှိဘူးဗျ။ ဆွေမျိုးဉာတိဆိုလို့လည်းမရှိဘူး။ သည်တော့ မြေကြီးသြဇာအဖြစ်ခံမယ့်အတူတူတစ်ဝက်ကို ကုသိုလ်ကောင်းမှုလုပ်၊ တစ်ဝက်ကို ကိုယ်နဲ့ခင်မင်တဲ့လူကိုပေးတာယ်နေရာကြတယ်ဗျို့ ကိုင်းဗျာသဘော လူ့ရဲ့မဟုတ်လား"

"ဒါဖြင့်လည်းကောင်းပါပြီဗျာ၊ နေပါဦးသည်ခတ်ပုံအကြောင်းကဘော နော်"

"ကျုပ်ပြောတော့သူ့အကြောင်းလည်းပါပါလိမ့်မယ်ဗျာ၊ အရင်မလိုပါနဲ့ ဦး" ဟုပြောပြီးနောက် မောင်စိန်မှန်သည်ပြင်းစွာချောင်းဆိုးပြီးလျှင်သွေးတစ်ပွက် နှစ်ပွက်မျှ အန်ပြီးနောက် အောက်ပါအကြောင်းအရာများကို ပြောပြသည်ဖြစ်ပါ ကြောင်း"။

✦✦✦

မောင်စိန်မှန်နှင့် ဦးဘိုးထော်တို့သည် ရန်ကုန်ထောင်ကြီးတွင် တစ်ယောက်နှင့်တစ်ယောက်၊ အသိအကျွမ်းမဖြစ်မီ နှစ်ပေါင်း ၂၀ ကျော်ခန့်လောက် ရှိ အလွန်ပူအိုက်သော တစ်ခုသော တန်ခူးလညနေ ဖနဝင်ရီတရောအချိန် ကာတ်၌ ပြည်မြို့၏တောင်ဖျား၊ ယခု မင်းကြီး တောင်ဟုခေါ်သော တောင်ခြေ ရင်း တစ်ခုသော ဝင်းခြံကြီး၏ ခြံစည်းရိုးအနီး၌ အသက် ၂၀ခန့်ရှိ ယောက်ျားပျို တစ်ယောက်နှင့် အသက် ၁၄နှစ်ခန့်ရှိမိန်းမပျိုလေးတစ်ယောက်တို့သည် ချစ်ခင် ရင်းနှီးစွာ သမီးရည်းစားတို့ဘာဝ စကားနောပြောဆိုလျက် ရှိကြကုန်၏။

ထိုအရပ်သည်ကား အစိုးရအရာရှိကြီးများ၊ ပင်စင်အငြိမ်းစားအရာရှိ များနေထိုင်ရာ ရပ်ကွက်ဖြစ်သည့်ပြင် ဝင်းခြံတို့မှာလည်း လွန်စွာပင် ကျယ်ဝန်းလှ သည်နှင့် တစ်အိမ်နှင့်တစ်အိမ်မှာ အတော်ပင် ကွာဝေးလျက်ရှိသည့်ပြင် ဝင်းခြံ တို့မှာလည်းလွန်စွာပင်ကျယ်ဝန်းလှသည်နှင့်တစ်အိမ်နှင့်တစ်အိမ်မှာအတော်ပင် ကွာဝေးလျက်ရှိသည့်ပြင်၊ခြံအတွင်းတို့၌လည်း ထူထပ်သော သစ်ပင်အုပ်များ၌



www.burmeseclassic.com

www.burmeseclassic.com



သည့်ကောင်းကင်မှ ထိန်းဝန်းမိုးကာ သကဲ့သို့ရှိရကား၊ ချစ်ခင်သော သမီးရည်းစားတို့မှာ လွတ်လပ်စွာ စကားပြောဆိုခွင့်ကို ရရှိလေ၏။

ယောက်ျားကလေးမှာ အသက် ၂၀ ခန့်မျှသာ ရှိသော်လည်း အလွန်ထွားကျိုင်းသန့်မာ ဟန်လက္ခဏာရှိ၍ အသားမှာ ခပ်ညိုညိုရှိလျက်၊ မည်းနက်သော ဆံပင်တို့မှာ ဝိုင်းစက်၍ ပုံပန်းကျလှသော ဦးခေါင်းကို တန်ဆာဆင်၍ထားဘိသကဲ့သို့ ရှိလေရာ၊ တောက်ပကြည်လင်သော မျက်လုံးတို့မှာ ထိုသူ၏ သတ္တိကို ပြဘိသကဲ့သို့ ဖျတ်လတ်စွာ တောက်ပလျက်ရှိရာကား၊ လူတို့၏ ရဲရွမ်းသတ္တိနှင့် ၎င်းတို့၏ စိတ်သဘောကို အများအားဖြင့် ဆံပင်နှင့်မျက်လုံးတို့၌ ထင်ရှားစွာ တွေ့မြင်နိုင်လေသည်။ နီ၍ ကြောင်သော မျက်လုံး၊ ရွှေ၍စောင်းသော မျက်လုံးတို့မှာ မရိုးမဖြောင့်သော စိတ်နှင့် ကောက်ကျစ်ခြင်းကို ပြ၍ ကြည်လင်ဝိုင်းစက်၍ တဖျတ်ဖျတ် တောက်လျက်ရှိသော မျက်လုံးတို့မှာ ရဲရွမ်းသတ္တိနှင့် ရိုးဖြောင့်ခြင်းကို ပြလေသည်။

မိန်းကလေးမှာ ပင်စင် အငြိမ်းစား ဝန်ထောက်မင်းတစ်ဦး၏ တစ်ဦးတည်းသော သမီးဖြစ်လေရာ၊ ၎င်းတို့ နှစ်ဦးမှာ တိတ်တဆိတ် ကြိုက်ချစ်လျက်ရှိရကား၊ သူငယ်မကလေး၏ မိဘများမှာ ထိုသူငယ်နှင့် သဘောမကျသဲ့ မိမိတို့၏ တစ်ယောက်တည်းသော သမီးအား မိမိတို့ သဘောနှစ်မြို့က်ရာ ယောက်ျားကို ရွေးချယ်၍ နေရာချထားမည်ကြံရည်စိတ်ကူးလျက်ရှိသည့်အတွင်း ထိုသူငယ်နှင့်ကလေးချင်းဘာဝ တိတ်တဆိတ် ချစ်ကြိုက်နေခြင်း ဖြစ်လေသည်။

ထိုသူငယ်ကား မောင်စိန်မှန်ပင်ဖြစ်၍ မောင်စိန်မှန်မှာ အထက်မြို့ကျေး
ရွာမှ ပြည်မြို့သို့လာရောက်ကာ ပညာသင်ကြားနေသူ တစ်ယောက်ဖြစ်ရာ၊ အင်္ဂလိပ်
ကျောင်းတွင် သင်ကြားရသော ဘာသာအမျိုးမျိုးထက် ဓာတ်ပုံရိုက်ကူးခြင်း
အတတ်ကို ဝါသနာထုံခဲ့သည့်အလျောက် ၎င်းအတတ်ကို များစွာ လေ့ကျက်
ဆည်းပူးလျက် ရှိခဲ့လေ၏။ လူတို့မည်သည် မိမိတို့ ကြိုက်နှစ်သက်ရာ၊ ဝါ
သနာထုံရာ ပညာရပ်များကို လိုက်လံ ရှာဖွေစုဆောင်းသောအခါ အခြား
ပညာများထက် ထူးကဲသာလွန်လေ့ရှိရကား၊ မောင်စိန်မှန်မှာ ကျောင်းသား
ဘဝနှင့်ပင် ဓာတ်ပုံရိုက်ကူးခြင်း အတတ်ပညာကို အတော်အတန် တတ်မြော
လေ၏။ သို့ဖြစ်၍ မောင်စိန်မှန်သည် အင်္ဂလိပ်စာကိုလည်း တတ်မြောက်သ



www.burmeseclassic.com

www.burmeseclassic.com



ရကား၊ အနောက်နိုင်ငံမှ ဓာတ်ပုံသေတ္တာကလေးမှာ နာရီစက်ဖြင့် ပြုလုပ်၍ထားသဖြင့် ထိုနာရီစက်သံပတ်ကို သော့ပေး၍ထားသောအခါ မိမိအလိုရှိသော အချိန်၌ မိမိအလိုရှိသည့်အတိုင်း ချိန်တွယ်ထားရာ အရပ်၌ရှိသော အရာဝတ္ထုများ တို့လူ၏လက်ဖြင့်မပြုပြင်ရဘဲအလိုအလျောက်ပုံရိုက်ပြီးလျှင်ပိတ်၍သွားလေ၏။ မောင်စိန်မှန်မှာ ထိုဓာတ်ပုံသေတ္တာငယ်ကို ရ၍ပြီးခါစဖြစ်သည့်အတိုင်း စမ်းသပ်တ်ယူရန် ကြိုးစားလျက်ရှိလေ၏။

ချစ်သူ ၂ ဦးတို့သည် ဆိတ်ငြိမ်သော သစ်ပင်အုပ်ငယ် တစ်ခုအောက်တွင် ချစ်တင်းစကား ပြောကြားကြပြီးနောက်၊ ယောက်ျားပျိုက ဘယ့်နယ်လဲခင်၊ မောင်ပြောတာ သဘောကျပြီမဟုတ်လားဗျ။ အချိန်တော့ဖြင့် မှန်ပါစေနော်”

“စိတ်သာချပါမောင်ရယ်။ မောင်မှာတဲ့အတိုင်း တံ့ကို ၃ ခါခေါက်လိုက်ရင် ခင် အိမ်ပေါ်က ဆင်းခဲ့မယ် မောင်ရဲ့”

ထိုအချိန်၌နေမင်းသည်ဧရာဝတီမြစ်၏အနောက်ခံဘက်ရှိတောင်စွယ်တွင် လုံးလုံးကွယ်၍ သွားပြီဖြစ်၍ တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ရှု၍အားမရနိုင်သော သမီးရည်းစား ၂ ယောက်အားခွဲခွာရန်အထိမ်းအမှတ်ကိုပြုလေ၏။ မိန်းမပျိုသည် မိမိ၏ရှေ့၌ဖြစ်လတ္တံ့သော ကံကြမ္မာကိုမသိရှာဘဲ ယောက်ျားပျိုအား လက်ပြကာ သစ်ပင်အုပ်တွင် ပျောက်ကွယ်၍ သွားလေ၏။

မောင်စိန်မှန်၌ ထိုအခါ အကြံတစ်ခုသည် ဖြစ်ပေါ်၍လာခဲ့လေရာ ထိုအကြံသည်ကား အခြားမဟုတ်၊ များမကြာမီကမှာထားရရှိခဲ့သော ဓာတ်ပုံသေတ္တာငယ်ကို ချုံတစ်ခုတွင် ဝှက်ထားပြီးလျှင် မိမိတို့ နက်ဖြန် နံနက်စောစော၊ ချိန်းဆိုတွေ့ဆုံရမည့်အချိန်နှင့် ကိုက်ပြီးလျှင် သံပတ်ကို သော့ပေးလျက် တွေ့ဆုံ စကားပြောဆိုရမည့်နေရာကို သေချာကျနစွာ ချိန်တွယ်ပြီးလျှင် ဓာတ်ပုံသေတ္တာကို ထည့်၍ထားခဲ့ပြီးနောက် “တစ်ခါဖြင့် နေရာကျတာပဲ မခင်စိန်တစ်ယောက်ကဖြင့် ဓာတ်ပုံကိုမြင်ရင် သိပ်ပြီးအံ့ဩသွားမှာပဲ” ဟုတစ်ယောက်တည်းရေရွတ်ပြောဆိုကာ ဓာတ်ပုံသေတ္တာကို နေရာတကျ စီစဉ်၍ ထားခဲ့ပြီးသော် လျင်မြန်စွာ ထွက်ခဲ့လေ၏။

မောင်စိန်မှန်ထွက်၍မသွားမီအစိုးရအမှုထမ်းပုလိပ်သားနှင့်ပုံသဏ္ဌာန်တူသော သူတစ်ယောက်သည် မောင်စိန်မှန်နှင့် မခင်စိန် စကားပြောနေသော



www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်အုပ်ကလေး၏နောက်ချုံငယ်တစ်ခုမှ "ဒီတစ်ခါမှမကော်ရင်ဘယ်တော့မှ မကော်ဘူးပေါ့၊အခွင့်ကြုံတဲ့အခါယောက်ျားဆိုတာစွန့်လိုက်မှပဲ။စိန်ကရတီ၁၀၀ ကျော်တဲ့၊ငွေက ၂၀၀၀ တဲ့။ရွှေဖိုးတို့တော့ ဒီတစ်ချက်မှမကော်ရင်ဘယ်တော့မှ ဒီတစ်သက်မှာ ချမ်းသာမှာမဟုတ်ဘူး" ဟု ဝမ်းသာအားရရှိသည့်ဟန်ဖြင့် မိမိတစ် ကိုယ်တည်းပြောဆိုကာ ခြေသံမကြားအောင် တောဘက်သို့ ထွက်သွားလေ၏။ ထိုသူပြောဆိုသွားသော စကားများကို မောင်စိန်မှန်က ကြားလိုက်ရပါမူ ရှေ့တွင် ရေးသားအံ့သော ဘေးဥပဒ်ကြီးသည် ဖြစ်ပျက်နိုင်မည် မဟုတ်ချေ။

✦✦✦

မောင်စိန်မှန်သည် ထိုညဉ့်၌ ကောင်းမွန်စွာ မအိပ်နိုင်ဘဲ အလွန်ရှည် လျားသည်ဟု ထင်မှတ်ရသော ညဉ့်အချိန်ကို အပြစ်တင်ကာ ရှိနေခဲ့လေ၏။ နက် ဖြန် နံနက်စောစောတွင် မခင်စိန်အား နိုးယူ၍ပြည်မှ နံနက် ၇ နာရီထွက် မင်းဘူး သင်္ဘောကလေးဖြင့် သွားရမည့်ခရီးကို စိတ်ကူးကာရှိလေရာ အစော်ပင် ညဉ့် နက်၍ နံနက်သုံးနာရီထိုးပြီးသည့်တိုင်အောင် တစ်ရေးမျှ အိပ်မပျော်နိုင်ဘဲ ရှိရ ကား၊ လူတို့မည်သည် မျှော်လင့်စောင့်ဆိုင်းရန် တစ်စုံတစ်ခုရှိသောအခါ ထိုအချိန် သို့ မရောက်မချင်း အချိန်သည် နေးလွန်းလှသည်ဟူ၍လည်းကောင်း ချမ်းသာ သုခနှင့် တွေ့ကြုံခံစားရသောအခါ မည်မျှပင် ကာလရှည်ကြာသော်လည်း ထို အချိန်သည် မြန်လွန်းလှသည်ဟူ၍လည်းကောင်း ထင်တတ်ကြစမြဲ ဖြစ်ရကား၊ မောင်စိန်မှာ ထိုညဉ့်မှာပင် ခါတိုင်းညများထက် ပိုမိုရှည်လျားလှသည်ဟု မှတ်ထင် ခဲ့လေ၏။ ဤကဲ့သို့မအိပ်စက်နိုင်ဘဲ စောင့်ဆိုင်းလျက်ရှိခဲ့ရာ နံနက် ၅ နာရီအချိန် သို့ ရောက်လတ်သော် မေးခနဲ အိပ်ပျော်သွားပြီးနောက် မျက်စိများကို ဖွင့်၍ ကြည့်လိုက်ရာ မိုးစင်စင်လင်းနေကြောင်းတွေ့ရသည်နှင့် လက်ဆွဲသားရေအိတ် ကို ဆွဲကာ ပြင်းရထားတစ်စီးဖြင့် ဆင်စရပ်ကွက်သို့ ထွက်ခဲ့လေ၏။ နွေရာသီ ဖြစ်ရကားလူများသည်ပူအိုက်လွန်း၍ညဉ့်ဦးယံ၌ကောင်းမွန်စွာအိပ်စက်ကြဘုန် လျက် မောင်စိန်မှန်သည် မခင်စိန်နေသော အိမ်၏ ဝင်းခြံဘေးသို့ရောက် သောအခါအိမ်နီးနားချင်းများမှာ အိပ်ရာမှ မထကြသေးဘဲ လူသူးလူလာတို့မှာ

www.burmeseclassic.com



ဖြတ်စဲလျက်ပင်ရှိနေသေးလေ၏။ သစ်ပင်အုပ်အနီးသို့ရောက်သည်နှင့်တစ်ပြိုင်နက်ခမောင်စိန်မှန်မှာ သေနတ်ထိမှန်သကဲ့သို့ဖြစ်၍သွားလေ၏။ အဘယ့်ကြောင့်နည်းဟူမူ မခင်စိန်၏အလောင်းမှာ သစ်တုံးပေါ်တွင် ခါးတစ်ပိုင်းတင်လျက်ရှိလေရာ ရင်ဝတွင်စိုက်လျက်ရှိသောဓားမြှောင်မှာအသည်းကိုထုတ်ချင်းခတ်ဖောက်၍သွားဘိသကဲ့သို့ ဖလက်မခန့်ရှိ အသွားသည် လက်ကိုင်သို့ရောက်အောင် နစ်မြုပ်ဝင်လျက် ရှိလေ၏။ ဖြူစင် ချောမွေ့သော ပိုးတွန့်အကျီကလေးမှာ သွေးဖြင့်လျှော်၍ထားဘိသကဲ့သို့ ခြင်းခြင်းနီလျက်ရှိလေရာ၊ မြုပ်ဝင်လျက်ရှိသော ဓားမြှောင်၏ လက်ကိုင်ကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ကာ သေဆုံးနေသည်ကို တွေ့ရလေ၏။

မောင်စိန်မှန်သည် အရှုံးပမာ ဆောက်တည်ရာမရဘဲ အလောင်းကို မြော်၍ဖက်ကာ "လုပ်ရက်လေခြင်း စိန်ရယ်၊ ဩော် ငါ့ကိုယ်က မိုက်ပါတယ်လေ။ ဒီမျက်စိကလည်း ဒီကနေ့မှ ဖွင့်မရအောင်ဖြစ်ပြီး နံနက်စောစောမှပဲ အိပ်ပျော်ပြီး သွားရသေးသတဲ့"

မောင်စိန်မှာသည် သတိတရားလွတ်ကင်း၍ သွားဘိသကဲ့သို့ မိမိ ညည်းကဲ့သို့ပြုလုပ်နေသည်ကိုမျှမသိရှာဘဲ မိမိ၏ဆံပင်ဖျားကိုဆွဲခြင်း၊ အသားများ တို လက်သည်းဖြင့် ကုတ်ဖဲ့ခြင်း၊ လေကို အကြိမ်ကြိမ် အတန်တန် လက်သီးဖြင့် ထိုးခြင်း၊ မိမိ၏ ကိုယ်ကို မြေပေါ်သို့ပစ်လှဲ၍ လူးလိမ့်ခြင်းကို ပြုရှာလေ၏။ ထိုင်းနောက် အတန်ငယ် သတိရ၍လာပြီးလျှင် "ဟယ် သေပြီအတူတူတော့ မထူးပါဘူး၊ နို့ပေမဲ့ ငါ့ရည်းစားကို သတ်တဲ့သူကိုတော့ ကမ္ဘာမဆုံးမချင်း ရှာရသေးတာပေါ့" ဟု ဇုတ်များကိုခါ၍ ထကာ အလောင်းအနီး၌ ကြည့်ရှုရှာဖွေသောအခါ အလွန်တုံးသော ဖိနပ်ဖြင့် နင်းသွားဟန်ရှိသော ခြေရာကြီးတစ်ခုကိုလည်းကောင်း၊ ခဲစာလုံးဖြင့် အစိုးရပုလိပ် အမှုထမ်းများ၏အကျီတွင် တပ်ဆင်လေ့ရှိသော ဘီဝီ အမှတ်အသားပါရှိသော စာလုံးတပ် ခဲတံဆိပ်ကလေးတစ်ခု သည်ခြေဖြင့်နင်းမိ၍ လိမ်ကောက်နေသည်ကိုလည်းကောင်း တွေ့မြင်ရလေ၏။ ထိုခဏ၌ မခင်စိန်တို့နေသော အိမ်ကြီးပေါ်မှ ဆူညံသော အသံများ ကို လည်းကောင်း၊ ဧရာဝတီမြစ်ဘက်မှ သင်္ဘောငယ်တစ်စင်း၏ ဥဩသံလည်းကောင်း တောင်ခါးပန်းဆီမှကြက်သွန်သံကိုလည်းကောင်း၊ တစ်ပြိုင်နက် သ



www.burmeseclassic.com

www.burmeseclassic.com



မှုသောယောက်ျား။ မိန်းမတို့သည် မိမိ၏ကိုယ်ကို ဝိုင်းဝန်းကာ ဖမ်းဆီးချုပ်နှောင်လျက်၊ "ဒီအကောင်ပဲဟာ ဒီအကောင်မသတ်ရင် ဘယ်သူမျှမသတ်ဘူး။ ဖမ်းလာဟာ ရွှေမသား" ဆိုသော အသံများကိုလည်း ကြားရလေ၏။ မောင်စိန်မှန်မှာ အကျိုးအကြောင်းကို မျှ ပြောရန် အချိန်မရှာဘဲ၊ ဌာနသို့ ပို့ခြင်းကို ခံရလေရာ၊ လမ်းတစ်လျှောက်လုံး၌ လူများသည် ဖမ်း၍လာသော ရာဇဝတ်ကောင်ကို သနားသည့် လက္ခဏာဖြင့် အချို့မိန်းမများသည်လည်း စုတ်သပ်ကာ "ဒီသူငယ် မြင်ဖူးပါတယ်အေ၊ ရုပ်ကလေးက သနားကမားနဲ့ သူသတ်မယ်မဟုတ်ပါဘူး။ ဘုရားသိကြားမလို့လွှတ်ပါစေတော်" ဟု အံ့ဩသောမျက်နှာထားဖြင့် ကြည့်ကာ ကျန်ရစ်ခဲ့ကြလေ၏။

✦✦✦

ဤနေရာသို့ ရောက်လျှင် အကျဉ်းသမား မောင်စိန်မှန်သည် ပြင်းစွာ ချောင်းဆိုး၍ပြီးနောက် "မောလိုက်တာ ဦးဘိုးထော်ရယ် တစ်ဆိတ်ကလေးဗျာ မရှိမသေ ကျုပ်ရင်ကို လက်ကလေးနဲ့ တစ်ဆိတ် တို့စမ်းပါဗျာ"

"ခပ်ဖြည်းဖြည်းပြောမှပေါ့ဗျ"

"ဒါနဲ့ ကျုပ်ကို လူသတ်မှုနဲ့ဖမ်း၊ အစိုးရရှေ့နေကလည်း၊ ဝန်ထောက်ကြီးတစ်ယောက်၏ သမီးအမှုဆိုတော့ အင်မတန်ပဲ ကြိုးစားပြီး ဓားမြှောင်ကိုလည်း ကျုပ်အနားမှာတွေ့တယ်။ ကျုပ်မျက်နှာမှာလည်း ကုတ်ဖဲ့ရာတွေ့တယ်။ သွေးစသွေးနလည်း ကုတ်အင်္ကျီမှာတွေ့တယ်။ သူတို့ချင်း အချိန်းအချက်ပေးပြီးလို့သာ၊ ဒီသူငယ်မကလေးဟာ နံနက်စာ စောစော ဒီအချိန်အခါမှာ ရောက်လာရတယ်။ ရောက်လာတော့ လက်ဝတ်လက်စားတွေကိုယူ၊ တော်ရာမှာဝှက်ထားပြီး ဒီသူငယ်မကလေးကို သတ်ပစ်ဟန် လက္ခဏာ ရှိတဲ့အကြောင်း လျှောက်လဲတာကိုဗျ၊ သည်တော့ စက်ရှင်တရားသူကြီးလည်း အတော်ကြာ စဉ်းစားပြီး ကျုပ်ကို မောင်မင်း သက်သေပြဦးမလား မေးတာကို ဦးဘိုးထော်ရဲ့"

"ဩော် ကျုပ်တစ်ခုမေးစရာ ကျန်နေရစ်တယ်။ ဟိုနေ့နံနက်က ချုံကြားထဲမှာ စင်ဗျား ဝှက်ပြီးထားခဲ့တယ်ဆိုတဲ့ ဓာတ်ပုံသေတ္တာကလေး အကြောင်းကကောဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ပြောပါ့မယ်ဗျာ။ ဒီဓာတ်ပုံသေတ္တာကလေးကယ်ပေလို့ကျုပ်အသတ်ချမ်းသာရာ ရပေတာပေါ့ ဦးဘိုးတော်ရဲ့ နို့မဟုတ်ရင် ကြိုးကျပြီး အခုလောက်ရှိ ရင်အရိုးတောင် ဆွေးပြီ မဟုတ်လားဗျ"

"တယ် ကံကောင်းတဲ့လူပေဗျာ၊ ပြောစမ်းပါဦး"

"သည့်တော့ ကျုပ်ဟာ ဓာတ်ပုံဘက်မှာ အလွန် ဝါသနာပါသည့်အလျောက် ဓာတ်ပုံရိုက်ခြင်းတွင် ကျွမ်းကျင်ကြောင်း၊ လူသတ်မှု မဖြစ်ပွားမီ တစ်နေ့က အလိုအလျောက် ဓာတ်ပုံရိုက်ယူနိုင်သော စရိုးဆောင်ဓာတ်ပုံသေတ္တာကလေးတစ်ခုကို ယခု လူသတ်မှုဖြစ်ပွားသော နေရာ၏နောက် ၁၀ ပေခန့်အကွာ၊ ချုံကွယ်တွင်ဝှက်၍ထားခဲ့ကြောင်း ဓာတ်ပုံသေတ္တာ၏အကြောင်းကို ယခုစစ်ဆေးသည့်နေ့မှသာလျှင် အမှတ်ရ၍ ပြောဆိုခြင်းဖြစ်ရာ အခြားသက်သေ မပေးနိုင်သော်လည်း ဓာတ်ပုံသေတ္တာကို သက်သေအဖြစ်ဖြင့် ခေါ်လိုကြောင်း၊ ဤကဲ့သို့ ဓာတ်ပုံသေတ္တာကလေး ဝှက်ထားသည်ကို မိမိမှတစ်ပါး မည်သူ တစ်ဦးတစ်ယောက်မျှ မသိသောကြောင့် ယခုပင်လျှင် သွားရောက်ရှာဖွေက တွေ့လိမ့်မည်ဖြစ်ကြောင်း သေရပင်သေရငြားသော်လည်း မသေမီထိုဓာတ်ပုံသေတ္တာတွင် ပါရှိသော ဓာတ်ပုံကို ကြည့်ပြီးမှ သေရလျှင် စိတ်ကျေနပ်ကြောင်း မခင်စိန်အား သတ်၍ပစ္စည်းများကိုယူသည်ဟုယူဆခြင်းမှာလည်းအကယ်၍ပစ္စည်းလက်ဝတ်လက်စားများကို ယူခဲ့ပါလျှင် သွားရောက်ဝှက်ကွယ်၍ထားရန် အချိန်မရှိကြောင်း ငုံးအပြင် စဉ်းစားရန်တစ်ချက်မှာလည်းမခင်စိန်သည် မိမိအား အလွန်စုံမက်ချစ်ခင်၍ မိမိကလည်း အသက်တစ်မျှ ချစ်ခင်စုံမက်ခဲ့ကြောင်း၊ ချစ်ခင်လျက်ရှိသော မိမိ၏ရည်းစားအားသတ်သည်ဟုဆိုခြင်းမှာ ကမ္ဘာလောကကြီး၏နိယာမအစဉ်အလာတရား မဟုတ်ကြောင်း၊ ယောကျ်ားများသည်လည်း ပစ္စည်းဥစ္စာထက် ချစ်ခင်ခြင်းမေတ္တာကို စုံမက်မြတ်နိုးသူများဖြစ်ကြောင်း၊ ယောကျ်ားများ၏ စိတ်ဓာတ်သည် မေတ္တာတည်းဟူသောအချစ်ပန်းကို လက်လှမ်း၍ လှုံကြသော အခါမည်သည့်အရာကိုမျှမကြောက်၊ ရာဇဝတ်ပြစ်မှုကိုပမာမထားဘဲထင်မိထင်ရာ ပြုလုပ်တတ်သည် မှန်သော်လည်း မိမိတို့၏ အချစ်ပန်းကိုမှ သတ်ရန်တို့ ဆိုထားဘိ လက်ဖျားနှင့်မျှ နာကျင်အောင် မပြုတတ်ကြောင်း၊ မိမိလာရောက်၍ အလောင်းကိုတွေ့သောအချိန်မှာ ရှိန်းရျက်၍ထားသောအချိန်ထက် အရင်ရောက်သည်မှ



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ္ဆဲ့ရောက်သွားကြောင်းများကိုကျုပ်လည်းပဲစီကာပတ်ကုံးတစ်ခုမကျန် လျှောက်လဲထုချေတာကိုဗျ။ ရွှေနေတွေ ဘာတွေ ဘယ်ငှားပြီးနေနိုင် မလဲဗျာ အရေးကြုံတော့သက်လုံကောင်းရမယ်ဆိုမဟုတ်လားဦးဘိုးထော်၊မတတ်နိုင်ဘူး ဗျို့ ကိုယ့်အတွက်အရေးတော့ ကြံရတော့တာပဲ"

"ကိုင်းဗျာ၊ ဓာတ်ပုံအကြောင်း ပြောစမ်းပါဦး၊ ကြားချင်လှပါပြီ"

"သည်တော့ တရားသူကြီးနဲ့တကွ အစိုးရရှေ့နေကြီးရယ်၊ ဝတ်လုံ၆ယောက်ရယ်၊ အခြား ဂျူရီလူကြီး ၃ ယောက်ရယ် တစ်ခါတည်း အခင်းဖြစ်ပွားတဲ့ နေရာသွားပြီး ကျုပ် ဓာတ်ပုံသေတ္တာကို ရှာဖွေတာပဲဗျို့"

"တွေ့ရဲ့လား"

"တွေ့ပေါ့ဗျာ၊ပြီးတော့ဓာတ်ပုံသေတ္တာထဲမှာ တွေ့ရှိတဲ့ကျဲကော်ပြားကို သေးရည်စိမ်ပြီးကြည့်တော့ မခင်စိန်က တုံးပေါ်မှာလဲလို့၊ လူတစ်ယောက်က ဓား မြှောင်ကို တအားမြှောက်ပြီး ထိုးမယ်လို့ ဟန်ယူနေတဲ့ပုံ တစ်ခါတည်းပေါ်ပြီး လာတာကိုဦးဘိုးထော်ရဲ့။ "သူတော်ကောင်းနတ်ကောင်းမတယ် ဆိုမဟုတ်လား ဗျ။ ဒါနဲ့ ကျုပ်ကို ဒီအမှုမှာ တရားသေလွှတ်လိုက်တာပေါ့ဗျာ၊ တရားသူကြီးလည်း အင်မတန်ဆန်းပြားတဲ့သက်သေခံချက်များနဲ့၊ သူ့ထင်မြင်ချက်များကိုကျုပ်ကိုစီရင် ချက်ချတဲ့အခါမှာ အကျယ်တဝင့်ရေးတာကိုး ဦးဘိုးထော်ရဲ့"

"သတ်တဲ့လူကကောဗျာ"

"ကျုပ်ထင်တဲ့အတိုင်းပေါ့ဗျာ၊ ပုလိပ်သားတစ်ယောက် ဖြစ်နေတာ ပေါ့ဗျာ။ ဆိုးတာတစ်ခုက မျက်နှာနေရာဟာ သစ်ပင်အုပ်က အရိပ်ကလေး ကွယ်ပြီး ကောင်းကောင်းမထင်ရှားဘူးဗျို့ နို့ပေမဲ့ သူ့ဝတ်ပုံစားပုံကြည့်ရတာ ရယ်၊ ဖိနပ်ကြီးတွေ့ရတာရယ်၊ အစိုးရအင်္ကျီပေါ်မှာ တပ်လေ့ရှိတဲ့ ဘီပီဆိုတဲ့ တံဆိပ်ကလေးတွေ့ရတာရယ် အားလုံးစုပေါင်းပြီး ကြည့်လိုက်ရင် ထင်ရှားတာ ပဲမဟုတ်လားဗျ"

"ဟုတ်တော့ ဟုတ်ပါရဲ့ဗျာ။ လူကို တပ်အပ်မသိရတာက ခက်တယ်"

"သည်တော့လည်း တစ်မျိုးကြံရတာပေါ့ဗျာ။ ကျုပ်လည်းပဲ အမှုက လွှတ်သွားသွားချင်း၊ ဆံတော်ရပ် ဌာနသွားပြီး လူသတ်မှုဖြစ်ပွားခဲ့ ညနေက ဆင်စုရပ်ကွက်မင်းကြီးတောင်အနီးမှာ ဘယ်သူ ပတ္တရောင်ကျတယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ စုံစမ်းရတာပေါ့ဗျာ။ ဗွာနအုပ်ကလည်းကျုပ်မိတ်ဆွေတစ်ယောက်ရဲ့ အုထယ်ရှင်းဖြစ်လေတော့စုံစမ်းရတာမခဲယဉ်းလှပါဘူး။ သည်တော့မှ သိရတာကို ဦးဘိုးထော်ရဲ့၊ ဒီအကောင်ဟာ လွန်ခဲ့တဲ့ ၃ရက်လောက်ကပဲ အလုပ်က ထွက်သွားဆိုပဲဗျ"။

"အကောင်က အထက်သား၊ လူပုံလူပန်းနဲ့ တကွ ထောက်လှမ်းသိရှိခဲ့ရတယ်။ ပြီးတော့ သူပြန်ပြီးအပ်တဲ့ အကျီမှာ လက်ဝဲဘက်ပခုံးက တံဆိပ်တစ်ခု ဖြုတ်ပြီးနေတာ သိရတာကိုးဗျ။ လက်စားချေချင်တဲ့ စိတ်က ကျုပ်မှာ အမြဲ စီးပြီး နေတော့ နိုက်နိုက်ချွတ်ချွတ် ရှာဖွေရတာပဲဗျို့"

"တော်လည်းတော်တဲ့လူပဲဗျာ"

"ပြီးတော့ ဦးဘိုးထော်ရေ၊ သူ့ဓာတ်ပုံကို တစ်ခါရအောင်ရှာ၊ သည်က အည်းကစပြီး ကျုပ်လည်းပဲ ကျောင်းကထွက်၊ သွားချင်ရာသွား၊ ရောက်ချင်ရာ ရောက်၊ ပေါက်ချင်ရာပေါက်ပြီး ဒီအကောင်ကို ရှာဖွေခဲ့တာကိုးဗျ"

"အင်း ပြောစမ်းပါဦးဗျာ"

"ဒီလိုနဲ့ ကျုပ်လည်းပဲ တစ်မြို့ကတစ်မြို့ တစ်ရွာကတစ်ရွာ ပြောင်းပြီး ဒီအကောင်ကိုရှာခဲ့၊ နောက်ဆုံးကျတော့မှ မိတ္ထီလာနယ်မှာ ဆပ်အင်စပိတ်တော် အဖြစ်နဲ့ တွေ့ရတာကိုးဗျ"

"နေပါဦးခင်ဗျာ၊ အမှုအတွက်နဲ့ ပတ်သက်ပြီး ဒီအကောင်ကို အစိုးရက အောမလိုက်ဘူးလား"

"ဘယ်လိုက်လိမ့်မလဲဗျာ၊ ဒီအကောင် သတ်တယ်ဆိုတာ ကျုပ် တစ်ယောက်သာသိတာပဲဗျ။ ဒီအကောင်ကို ထင်တယ်ဆိုတဲ့အကြောင်း သူတို့လည်း ကျုပ်တာပြောမပြဘူး။ သူတို့လည်းမသိဘူး။ ကျုပ်တစ်ယောက်တည်းကျိတ်ပြီး ကြံ အစည်တွေ့ အစည်ပေါ့ဗျာ"

"ဒီအကောင်နာမည်က ရွှေဖိုးတဲ့ဗျ။ မြို့အစွန်မှာ တိုက်အိုကလေးတစ်လုံး ငှားပြီး နေတာကို ဦးဘိုးထော်ရဲ့။ သည်တော့ ကျုပ်လည်းပဲ ငါသူ့အိမ်ကို ဘယ်နည်းနဲ့ ဝင်ခွင့်ရပါ့မလဲလို့ ကြံလိုက်ရတာဗျာ၊ နောက်တော့မှ သူ့လက်အောက်က ပုလိပ် တွေဘာတွေနဲ့ မယောင်မလည်ပေါင်း၊ တစ်နေ့တော့ သူ့အိမ်က ထမင်းချက် အကောင်ကလေးတစ်ယောက် ထွက်သွားလို့ ထမင်းချက်တဲ့ လူတစ်ယော



www.burmeseclassic.com

www.burmeseclassic.com



အလိုရှိတဲ့အကြောင်း သိရတာနဲ့ ကျုပ်ကိုယ်ကျုပ် အညာသားယောင်ဆောင်ပြီးထမင်းချက်အလုပ်ကို ရတာကိုးဗျ။ ဟိုရောက်ရောက်ချင်းတစ်ခါတည်းနှံလိုက်မယ်ကြံလိုက်ပါသေးရဲ့၊ နို့ပေမဲ့ ဒီလို အရမ်းလုပ်လိုက်မယ်ဆိုရင် ကျုပ်အပေါ်မှာလည်းရာဇဝတ်ပြစ်မှုမကင်းဘူး။ သူလည်းပဲဘာယ်အတွက်သူ့ကိုလုပ်တယ်ဆိုတာမသိဘူး။ ဒီတော့ လက်စားချေရကျိုးလည်း မနပ်ဘူး မဟုတ်ဘူးလား ဦးဘိုးထော်"

"ဟုတ်ပါပေရဲ့ဗျာ"

"ကျုပ်အကြံက ဒီအကောင်ကြီးမသေခင်၊ သူ အမှန်တကယ်ဆိုတာကျုပ်ကိုယ်တိုင် ဒိဋ္ဌအမှန်ကိုသိရအောင်လည်း စမ်းချင်သေးတာကိုးဗျ"

"မမှားသော်ရှိ မှားသော်ရှိ ဆိုသလို ဘယ်အရာမျိုးမဆို၊ စုံးစမ်းဆင်ခြင်ပြီးမှ လုပ်ရမယ်ဆို မဟုတ်လားဗျ။ လူတစ်ယောက်ဟာ မလုပ်ရဘဲနဲ့ တမင်သက်သက် ခံရမယ်ဆိုရင် တရားရာ ရောက်ပါဦးမလားဗျာ"

"သည်လိုဆိုရင် ဘယ်မှာတရားမလဲဗျာ"

"မှန်ပေတယ်။ မှန်ပေတယ်။ ကျုပ်က ဆိုးတယ်မိုက်တယ်ဆိုပေမဲ့ အကြောင်းမဲ့ သက်သက်ဆိုရင် လူတစ်ယောက်ကို လက်ဖျားနဲ့မျှ မထိဘူးဗျ။ အဲဒါနဲ့ ပြောရဦးမယ်။ သူ့အိမ်ကိုရောက်လို့ တစ်လလောက်ရှိတော့ သူကလည်း ကျုပ်ကိုအတော် ခင်မင်ပုံရတယ်ဗျ။ ကျုပ်ကလည်း သူ့အကြိုက်ကိုလိုက်ပြော၊ ထမင်းဟင်းချက်ပြုတ်တဲ့နေရာ၊ ဝတ်ကြီးဝတ်ငယ်ပြုတဲ့နေရာမှာ တစ်ခုမျှ မလစ်လပ်ရအောင်ဆောင်ရွက်လုပ်ကိုင်တာကိုး ဦးဘိုးထော်ရဲ့၊ ပြီးတော့မျှ တစ်စတစ်စအယုံသွင်းပြီး တစ်နေ့တော့ ကျုပ်ကိုယ်ကိုယ်ကျုပ် သေတဲ့မခင်စိန်နဲ့တူအောင်ဆင်၊ သူသေတဲ့အခါမှာဝတ်တဲ့ စုလတီလုံချည်၊ အပြာနုရောင်ကလေးဝတ်၊ ပိုးအကျီအဖြူကလေးကို သွေးနဲ့တူအောင် ပန်းဆီတွေဆိုး၊ ဆံပင်ပုံကိုတပ်ပြီး၊ သနပ်ခါးကလေးဖွံဖွံလိမ်း၊ ရင်ဝမှာ ဓားမြှောင်ကြီးတန်းလန်းဖြစ်အောင် ကြိုးနဲ့ညှပ်ပြီး တိုက်နောက်ဘေးက မန်ကျည်းပင်ကလေးပေါ်တက်ပြီး ကိုယ်ယောင်ပြတာပေါ့ဗျာ"

"တတ်လည်း တတ္တနိုင်ဗဲ့လူမပါပဲဗျာ"





www.burmeseclassic.com

www.burmeseclassic.com



"မောင်ရွှေဖိုးက လူပျိုကြီးကိုဗျ၊ အိမ်မှာ တောက်တိုမည်ရ ခိုင်းစရာ အစေကောင်ကလေးတစ်ယောက်ရယ်၊ ကျုပ်ရယ်၊ သူရယ်၊ ဒီသုံးယောက်ပဲရှိတယ်။ ဒီတနေ့ဟာ အိမ်မှာ ကောင်ကလေးလည်း မရှိဘူး။ ကျုပ်လည်းပဲ စောစောတ ညနေက ဉာဏ်ဆင်ပြီး ပွဲကြည့်သွားဦးမယ်လို့ သူ့ဆီမှာ ခွင့်တောင်းပြီး ထွက်ခဲ့တာကိုးဗျ။ ဒီညဟာ လဆန်း ၈ ရက်နေ့ညဗျ။ ကျုပ် သေသေချာချာ မှတ်မိတယ်။ လတလေးကလည်း သာလိုက်တာ ထိန်လို့။ ဒီလို သူ့ကို ခြောက်တော့ သူလည်းပဲ ကျုပ်ကို တကယ်မကောင်းဆိုးဝါးထင်ပြီး၊" ဒီအကောင်မက သည်လောက်ကြာအောင်လာပြီး ခြောက်ရသေးသလားဟင်၊ နင်က ၂ ခါပြန်သေချင်သေးသပေါ့လေဆိုပြီး၊ သူ့ခါးထဲက ခြောက်လုံးပြူးသေနတ်နဲ့ ဆွဲပြီး ပစ်လိုက်တာကိုး ဦးဘိုးတော်ရဲ့"

"ခင်ဗျားကို မထိဘူးလား"

"ဘယ်က ထိရမလဲဗျ။ သူ့သေနတ်က ယမ်းတောင့်တွေ ကျုပ်က စောစောကတည်းက နိုးပြီး ထုတ်ထားတာပဲ"

"တယ်လည်း ဉာဏ်များတဲ့လူဗျာ"

"နောက်တစ်နေ့ ညကျတော့၊ ကျုပ်လည်းပဲ ပြင်ဆင်စရာရှိတာကို ပြင်ဆင်ပြီး သူ့အရိပ်အကဲကို ကြည့်နေတာကိုးဗျ။ သူက ကျုပ်ကို နောက်ဖေးက မန်ကျည်းပင်ကလေးမှာ သရဲရှိတဲ့အကြောင်းကို ပြောတော့၊ ကျုပ်က "မဟုတ်တာ ဆရာ၊ ဒါမျိုးတွေကို ကျွန်တော် နည်းနည်းမှ မကြောက်ပါဘူး" လို့ ပြောပြီး၊ သူလည်းပဲ ဒီညမှာ ကောင်းကောင်း မအိပ်နိုင်ပါဘူး။ ကျုပ်လည်းပဲ စောင့်နေခဲ့တာ ဆယ်နာရီကျော်ကျော်လောက်ရှိတော့ သူအိပ်တဲ့အခန်းက ပြတင်းပေါက်ကို အပြင်ကဖွင့်ပြီးဝင်၊ သူ့ခုတင်နားရောက်တော့ ကျုပ်လည်းပဲ သတ်ရမှာကို ဝမ်းသာလွန်းလို့၊ မီးရောင်ကလေးခပ်မှိန်မှိန်မှာ သူ့မျက်နှာကို စိုက်ပြီး ကြည့်နေမိတာ ကျုပ်စိတ်ထင်ဖြင့် ဆယ်မိနစ်လောက် ကြာလိမ့်မယ် ထင်တယ် ဦးဘိုးတော်ရဲ့၊ ပြီးတော့မှ ပြတင်းပေါက်တံခါးတွေ လုံအောင်ပိတ်၊ မှန်အိမ်ကမီးစာထုတ်ပြီး သူ့ခုံကိုပုတ်နှိုးတာကိုးဗျ။ သည်တော့မှ သူလည်းအိပ်မှုန်စုံမွှားနဲ့အိပ်ရာကထပြီး "ဟော့ ဘိုးသာလား။ အလန့်တကြားကွယ် ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ အကောင်၊ ငါ့မျက်နှာ သေသေချာချာကြည့်စမ်း၊ ဘယ်သူလဲ လို့"

"ဟော့ကောင် ဘိုးသာ၊ မင်းရူးသလား"

"အို မင်းရူးသလား ငါးရူးသလားဆိုတာ သိရပါလိမ့်မယ်၊ ဒီကနေ့ ညတော့ မင်းသေဖို့သာပြင်ပေတော့၊ သတ်ရလိမ့်မယ်၊ ငါ့ကိုမင်းအဟုတ်မသိဘူး လား။

(သေနတ်ကိုစမ်းလျက်) "အဟုတ်ပြောတာလား၊ မင်းနာမည်ဘိုးသာပဲ၊ ဘိုးသာပေါ့"

"သေနတ်တွေဘာတွေစမ်းမနေနဲ့၊ သေနတ်က ဟောဒီမှာ၊ ဘိုးသာဆို တာက ငါ့နာမည်ရင်း မဟုတ်ဘူး၊ နာမည်ရင်းက မောင်စိန်မှန်တဲ့၊ နားလည်ရဲ့ လားဟေ့၊ ဘယ့်နယ်ကွယ်၊ ငါ့ရည်းစားလည်း သတ်သေးတယ်၊ ငါ့ကိုလည်း ကြိုးပေးအောင် လုပ်ခဲ့သေးတယ်၊ လက်ဝတ်လက်စားတွေလည်းယူပြီးသွား သေးတယ်၊ ဒီတစ်သက်ဘယ်မှာ မေ့နိုင်ပါ့မလဲ ရွှေဖိုးရယ်"

"သည်တော့မှ ဒီအကောင်က အရင်က အဖြစ်အပျက်တွေပြန်သတိရ ပြီး တောင်းပန်တာကိုး ဦးဘိုးထော်ရဲ့၊ ကျုပ်လည်းပဲ အိတ်ထဲက အဆိပ်ပုလင်း ရယ်၊ ဓားမြှောင်ရယ်၊ ခြောက်လုံးပြူးသေနတ်ရယ် ပြပြီး" ဟေ့ ရွှေဖိုး၊ မင်းမလွှတ်နဲ့ နော်၊ ဓနရာက နည်းနည်းကလေးမျှ ရွှေ့မယ်မကြံနဲ့၊ မင်းဦးနှောက်တွေထုတ် လိုက်မယ် နားလည်လား၊ ကိုင်းကိုင်းအချိန်လည်း မရှိဘူး၊ ဒီ၃ခုထဲက ကြိုက် တာရွေးပေတော့၊ အဆိပ်နဲ့ပဲ သေချင်သလား၊ ဓားမြှောင်နဲ့ပဲ သေချင်သလား၊ သေနတ်နဲ့ပဲသေချင်သလား" လို့မေးတော့၊ သူလည်းပဲတောင်းပန်လို့မရမှန်းသိ အတွက် ကျုပ်ကိုကိုင်မယ့်ကြံတာကိုးဗျ၊ ဘာရမလဲဗျာ ကျုပ်က ဦးပြီးသား သူထတဲ့အခါမှာ ရင်ဝမှာ ဓားမြှောင်နဲ့ မထိတထိကလေးဆွပြီး ပြန်အထိုင်ခိုင်း အခုပြောတဲ့ သုံးမျိုးကို အရွေးခိုင်းတာပေါ့လေ၊ သူလည်းပဲ ရပုံမပေါ်လေအော အဆိပ်နဲ့ပဲ သေပါတော့မယ်လို့ ပြောတာကိုး ဦးဘိုးထော်ရဲ့၊ သည်တော့မှ ကျ လည်းပဲသူ့ပစ္စည်းရှိသမျှကိုတောင်းတော့၊ လားလားမခင်စိန်ဝတ်သွားတဲ့စိန်ထ ရွှေထည်တွေဟာ တချို့တစ်ဝက် တွေ့ရသေးတာကိုးဗျ၊ အားလုံးပြီးတော့ လည်မျိုကို ဓားမြှောင်နဲ့ ထောက်ထားပြီး၊ အဆိပ်ရည်ကိုကုန်အောင်အသော



www.burmeseclassic.com

www.burmeseclassic.com



...င်း တုလားထိုင်ပေါ်ကစောင့်ပြီး ကြည့်နေခဲ့၊ ၅ မိနစ်လောက်သာ ကြာတယ်။ ...တတဲ ဦးဘိုးထော်ရယ်၊ ဒီအကောင် မျက်နှာကြီးဟာ နဂိုက ဆိုးဆိုးအပေါ်မှာ ...ဖြစ်သွားလိုက်တာဗျာ။ ကျုပ်ဖြင့် ကျုပ်တစ်သက်မှာ မမေ့နိုင်ပါဘူးဗျား။ ...ခုပြောရင်း ဆိုရင်းတောင် မြင်ယောင်ပါသေးရဲ့၊ သည်တော့မှ ကျုပ်လည်းပဲ ...င်ယောင်ထင်မှားဖြစ်အောင် အလောင်းကိုသေသေချာချာပြင်၊ သေနတ်ကို ...ည်းနေရာတကျပြန်ထား၊ ရင်ဝမှာ ဓားမြောင်စိုက်ပြီး ထားခဲ့တာကိုးဗျ"

"ဩော် အရင်တစ်လောက ကြားလိုက်မိတယ်ဗျို့"

"အစစ်ပေါ့ဗျာ။ ဒီဟာ ကျုပ်လက်ချက်ပေါ့"

ဤနေရာသို့ရောက်ပြန်လျှင်အကျဉ်းသားမောင်စိန်မှန်မှာမရပ်မနား ...ချောင်းဆိုး၍လာပြီးသော် သွေးအနည်းငယ် အန်ပြီးနောက် "ဦးဘိုးထော်ရေ၊ ...ျုပ်လည်းပဲစကားပြောနေတာမောလှပြီ။ ဒါပါပဲဗျာ ဒီအကောင်ကိုသတ်ပြီးကျုပ် ...ည်းပဲ အခြေမပျက်၊ သူ့အိမ်မှာဆက်ပြီး ဆယ်ရက်နေခဲ့သေးတယ်၊ ...ျုပ်အပေါ်မှာတစ်စွန်းတစ်စမျှပုလိပ်က မထင်ခဲ့ပေဘူးဗျာ၊ လုပ်တဲ့ ...ိုင်တဲ့နေရာမှာလည်းကျုပ်က စေ့စေ့စပ်စပ်လုပ်ခဲ့တာကိုးဗျ၊ ထင်စရာ ...ည်း အကြောင်းမရှိပေဘူး။ အားလုံး ကိစ္စချောတော့မှကျုပ်လည်းပဲ ...တ်ခဲ့၊ တစ်ခါ ရန်ကုန်ရောက်လာပြီး ကိုင်းတန်းမှာ လူတစ်ယောက်ကို ...းနဲ့ထိုးတဲ့အမှုနဲ့ ဤသည်ထောင်ကို ရောက်ခဲ့တာကို ဦးဘိုးထော်ရဲ့ ...ိုင်း ပြောရင်းဆိုရင်း မောလှပါပြီဗျာ၊ နာရီပိုင်းလောက်သာ ကျန်ပါ ...တော့တယ်၊ သည်တော့ ကျုပ်ယခုပြောခဲ့တဲ့အတိုင်း ဒီပစ္စည်းစုကို ခင်ဗျားကိုယ် ...ိုင်ယူဖော်ပြီး၊ တစ်ဝက်ကို ကာသိုလ်ကောင်းမှုပြု၊ မခင်စိန်နဲ့ကျုပ်အတွက်အမျှ ...နဲ့သော၊ ကျန်တဲ့တစ်ဝက်ကိုတော့ ခင်ဗျား သဘောအတိုင်းပဲဗျာ"

"ကောင်းပါပြီကိုစိန်မှန်၊ စိတ်သာချပါ။ ခင်ဗျားပြောတဲ့အတိုင်းတစ်သဝေ ...ိမ်းအောင်ကျုပ် ဆောင်ရွက်ပါ့မယ်ဗျာ"

ဒဂုန်မဂ္ဂဇင်း၊ နံပါတ် ၉၃

၁၉၂၈၊ မေလ

www.burmeseclassic.com

www.burmeseclassic.com

## ဆင်သက်သေ

လူသတ်မှုများ၌ အခင်းဖြစ်ပွားသော နေရာတွင် တရားခံမရှိကြောင်း။ ထိုအချိန်၌ တရားခံသည် အခြားတစ်နေရာသို့ ရောက်ရှိနေကြောင်း အတိအကျ သက်သေပြနိုင်က တရားခံအား လွှတ်ပစ်ရန်မှတစ်ပါး အခြား အကြောင်းမရှိချေ။

ရန်ကုန်တွင် ညဥ့် ၇ နာရီတိတိ၌ လူသတ်မှုတစ်မှုဖြစ်ပွားအံ့။ ၇ နာရီနှင့် ၁၀ မိနစ်အချိန်၌ တရားခံသည် အင်းစိန်၌ရှိနေကြောင်း၊ အချိန်ကို တိကျစွာ သက်သေပြနိုင်ခဲ့သော် တရားခံမှာ လွတ်မြောက်ရပေမည်။ အဘယ့်ကြောင့်ဆိုသော် ထိုအမှုတွင် တရားခံသာ ပြစ်မှုကျူးလွန်သူ အမှန်ဖြစ်ပါက သူသည် ၇ နာရီ ၁၀ မိနစ်တွင် မည်သည့်နည်းနှင့်မျှ အင်းစိန်၌ မရှိချေ။ မည်မျှလောက် မြန်သော ကားပင် ရန်ကုန်မှ အင်းစိန်သို့ ၁၀ မိနစ်နှင့် ရောက်နိုင်မည် မဟုတ်ချေ။

သို့သော် ဤအမှုမျိုး၌ တရားသူကြီးသည် အချိန်နာရီ၏ တိကျမှုကိုလည်းကောင်း။ ထိုအချိန်အတွင်း တရားခံသည် သူ သက်သေပြသော နေရာသို့ ရောက်နိုင် မရောက်နိုင်အကြောင်းများကို လည်းကောင်း ထက်မြက်သော သတိ သမ္ပဇဉ်ဖြင့် ကောင်းစွာ ဆင်ခြင်စဉ်းစားရာသည်။



www.burmeseclassic.com

www.burmeseclassic.com



မိနစ်အနည်းငယ်မျှ ချွတ်ချော်တိမ်းပါးမှုသည် အပြစ်ရှိသော လူတစ်ယောက်အား လွတ်မြောက်၍ သွားစေနိုင်၏။ အပြစ်ကင်းမဲ့သူတစ်ယောက်၏ ဘည်ပင်းကိုလည်း ကြိုးကွင်းစွပ်စေနိုင်၏။

မည်သို့ပင်ဖြစ်စေ အပြစ်ရှိသူ လူပေါင်း ၁၀၀ လွတ်မြောက်သွားခြင်းက တော်သေး၏။ အပြစ်ကင်းမဲ့သူ တစ်ယောက် အပြစ်ရရှိသွားခြင်းကိုကား မလိုလားအပ်ပေ။

အိန္ဒိယ သက်သေခံဥပဒေကလည်း ဤအတိုင်းပင် အဆိုရှိလေသည်။

အတွင်းဝန်ကလေး ဦးစံလွင်သည် ရွှေကြိုးဖြင့် ပတ်ထားသော သူ၏ "နိုးလက်" နာရီကလေးကို မြောက်၍ ကြည့်လိုက်၏။ အချိန်ကား ၆ နာရီ၊ မိနစ် အမှုရှိလေပြီ။ နောက် ၁၅ မိနစ်အကြာ ၆ နာရီ ၄၅ မိနစ်၌ ဇနီးဖြစ်သူ ခင်မြမြမှုသည် ( ) ကလပ်၌ သူ၏ချစ်သူ ရောဘတ်မောင်ကြီးနှင့် တွေ့ဆုံကြပေလိမ့်မည်။ နှစ်ယောက်သား အရက်များသောက်၍ ကခုန်ပြီးလျှင် မောင်ကြီးသည် ခင်မြမြမှုအား သူ၏ကားနှင့် ခေါ်၍ ဟိုတယ်သို့ သွားရောက်ကာ ညစာ စားသောက်ကြပေလိမ့်မည်။

ညစာ စားသောက်ပြီးနောက် ၂ နာရီခန့်မျှ ဟိုတယ်ရှိ အခန်းတွင် နှစ်တင်းနီးနောကာ အချိန်ဖြုန်းကြပြီးသော် ခင်မြမြမှုအား အိမ်နှင့်အနီးဆုံးနေရာ တစ်ခုသို့ ပြန်ပို့လေ့ရှိ၏။

အထက်ပါ အဖြစ်အပျက်များမှာ စနေနေ့ညတိုင်း ဖြစ်ပျက်သော အဖြစ်အပျက်များဖြစ်၍ ဦးစံလွင်သည် နာရီကိုကြည့်ရင်း၊ ဇနီးသည်၏ ဖောက်ပြားမှုများသည် ပိတ်ကားပေါ်တွင် အရိပ်များထင်လာသကဲ့သို့ ထင်မြင်၍ လာခဲ့လေသည်။

ရောဘတ်မောင်ကြီးသည် ခင်မြမြမှုအား အိမ်သို့ပို့ပြီးနောက် သူ၏ ကားလေးကို ( ) လမ်းရှိ အငှားကားဂိုဒေါင်သို့ မောင်းသွားပြီးနောက် တာဘို ဂိုဒေါင်အတွင်း၌ သော့ခတ်၍ ထားခဲ့၏။

ကားဂိုဒေါင်မှာ ဦးစံလွင်အိမ်မှ ၅ မိနစ်ခန့် ခြေကျင်လျှောက်သွားလျှင် ရောက်နိုင်၏။ ဟိုတယ်မှ လျှောက်လျှင် ၁၅ မိနစ်ခန့် လမ်းလျှောက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ညဥ့်ကား ရောဘတ်မောင်ကြီးသည် ကားကို ဂိုဒေါင်အတွင်းသို့ သွင်းရုံမျှသာ သွင်းနိုင်ပေတော့မည်။ လမ်းလျှောက်ပြန်နိုင်တော့မည် မဟုတ်ချေ။ အဘယ့်ကြောင့်ဆိုသော် ဦးစံလွင်သည် မောင်ကြီးအား ယခုည ကိစ္စတုံး စီရင်မည်ဟု စိတ်ကို ပိုင်းဖြတ်ထားပြီးဖြစ်သောကြောင့်ပေတည်း။

ဦးစံလွင်သည် သစ္စာမဲ့သော ဇနီးသည်၏ အဖြစ်အပျက်များကို စဉ်းစား ရင်း ပြုံးလိုက်၏။ သို့သော် ထိုအပြုံးမှာ စိတ်ထဲမှ ရွှင်ပျသော အပြုံးမဟုတ်ဘဲ ရက်စက်ကြမ်းကြုတ်မှု၏ အရိပ်အယောင် ဖြစ်သော အပြုံးမျိုး ဖြစ်လေသည်။

မျောက်မွေးသော ဇနီးသည်၏ချစ်သူကို သတ်ဖြတ်ခြင်းသည် တရားရာရောက်သည်ဟု အချို့က ယူဆ၏။

ဦးစံလွင်သည် မောင်ကြီးအား သာမန်လူတစ်ယောက်အနေဖြင့်လည်း မုန်းတီး၏။ မောင်ကြီးမှာ အသက် ၂၇ နှစ်မျှသာ ရှိသေး၍၊ ခင်မြမြမှုထက် ၂ နှစ်သာ ကြီး၏။ ရှုတုန်း၊ မိုက်တုန်း၊ အရွယ်များဖြစ်ကြသည့်အတိုင်း မိုက်မိုက် ရူးရူး ကျူးကျူးလွန်လွန်ပင် ချစ်၍နေကြလေပြီ။ မျောက်မွေးသော မိန်းမ၏ လင်ငယ်ကို ဆုံးမရန်မှာ "သေနတ်" ပင် ဖြစ်သည်ဟု ဦးစံလွင် ယူဆ၏။ ဦးစံလွင်မှာ ၄၂ နှစ်မျှ ရှိခဲ့လေပြီ။ ဆင်ခြင်တိုင်းထွာနိုင်သော အရွယ်ဖြစ်၍၊ ဆင်ခြင်တိုင်းထွာနိုင်သော ဉာဏ်ရည်လည်းရှိ၏။ သို့သော် ဤကိစ္စ၌မူ ရှေ့နောက် ဆင်ခြင်တိုင်းထွာခြင်း မပြု၊ သူ စဉ်းစားသောအချက်မှာ မောင်ကြီးအား ပစ်သတ်ပြီးနောက် မိမိ လွတ်မြောက်ရေးအတွက် သက်သေခံချက်ရအောင် မည်သို့မည်ပုံ ပြုလုပ်ရမည်ဟူသော အချက်များကိုသာ စဉ်းစားလျက်ရှိ၏။ အဘယ့်ကြောင့်ဆိုသော် သူသည် အတွင်းဝန်ကလေး မဖြစ်မီ ဝတ်လုံအဖြစ် ၅ နှစ်ခန့်မျှ လုပ်ကိုင်ခဲ့ဖူးသဖြင့် ဥပဒေ အရည်ကျို၍ သောက်နိုင်ခဲ့သူလည်း ဖြစ်လေသည်။

သူသည် မောင်ကြီးအား ခါးခါးသီးသီး မုန်းတီးလှ၏။ မောင်မောင်ကြီး၏ ငယ်ရွယ်နုပျိုခြင်းကိုလည်းကောင်း၊ မောင်ကြီး၏ ပီယဝါစာဆိုတတ်သော စကားများကိုလည်းကောင်း ကယုကယနိုင်လှသော ဟန်အမူအရာကိုလည်းကောင်း တွေး၍ကြည့်တိုင်း "ဒီအကောင် အရှင်ထားလို့ မတော်ဘူး" ဟူသော စိတ်များ ပေါ်ပေါက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးစံလွင်သည် မိန်းမ၏ သဘာဝကို ကောင်းစွာ သိရှိနားလည်သူဖြစ်သော်လည်း ခင်မြမြမှု၏ အကြောင်းကိုကား ပို၍ သိသူဖြစ်လေသည်။

ဦးစံလွင်နှင့် ခင်မြမြမှုတို့မှာ အကြင်လင်မယားပင် ဖြစ်သော်လည်း ဆက်သင်းဆက်ဆံရာတွင် ကာမတဏှာမှဖြစ်ပေါ်လာသော စိတ်မှတစ်ပါး အခြားသော လင်မယားများကဲ့သို့ ချစ်ခင်လေးစားသော စိတ်များ ခေါင်းပါးလှ၏။ ခင်မြမြမှုကလည်း မိမိထက် ၁၅ နှစ်မျှကြီးသော မုဆိုးဖိုတစ်ယောက်ကို လက်ထပ်ရသဖြင့် မိမိ၏ ဂုဏ်ဖြင့်လည်းကောင်း၊ အလှဂုဏ်ဖြင့်လည်းကောင်း မာန်တက်နေ၏။ ဦးစံလွင်ကလည်း ရာထူးဌာန္တရဖြင့်လည်းကောင်း၊ ပစ္စည်းဥစ္စာဖြင့်လည်းကောင်း မာန်တက်၏။ ချစ်ခင် လေးစားသော မေတ္တာစိတ်များ ခေါင်းပါးလာသောအခါ အလိုဝန်တိုစိတ်များ ပေါ်ပေါက်လာ၏။ ထိုအတွင်း ခင်မြမြမှုသည် ဦးစံလွင်အပေါ် တွင် တစ်နေ့တခြား ယခင်ကထက် အေးစက်စက်နိုင်၍လာလျက် နဂိုကတည်းကလည်း ဗိုလ်ဆန်သော မိန်းကလေးတစ်ယောက် ဖြစ်သည့်အတိုင်း ပါတီပွဲများသို့ တစ်ကိုယ်တည်း သွားရောက်ခြင်း၊ ဟိုတယ်များတွင် အခြားယောက်ျားများနှင့် တခုန်ခြင်း၊ ဘိုင်စကုပ်များကို ယှဉ်တွဲကြည့်ခြင်းစသော ဖောက်ပြားမှုများကို ကျင့်သုံး၍ လာတော့၏။

ဦးစံလွင်က အမြင်မတော်သဖြင့် ဆုံးမသွန်သင်သော အခါများတွင် ခင်မြမြမှုသည် နှုတ်ခမ်းကလေးစူကာ -

"အိုအစ်ကိုကြီးကလည်း သိပ်ပြီးခေတ်နောက်ကျသေးတာကိုး။ ဒေဇီတို့ ဘယ်လင်တို့ယောကျ်ားတွေများ ဘယ်လောက် သဘောထားကြီးသလဲ၊ အစ်ကိုကြီးထက် အများကြီးလည်း လခရတဲ့လူတွေ မဟုတ်လား"

"ဟယ်လင် အကြောင်းလား၊ အစ်ကိုကြီး သိတာပေါ့။ အရင်ကတစ်ခါ သူ့ယောကျ်ား ဘီလပ်က မပြန်ခင် တောပြန်ပြီး ကလေးဖျက်ချရတယ် ဆိုပါလား"

"အလကားပါ အစ်ကိုကြီးရယ်၊ မနာလိုလို့ ပြောတာပါ"

"ဒေဇီကတော့ မနှစ်က ဗိုလ်ကပြား ၂ ယောက် သူ့အတွက်နဲ့ စကားများပြီး ပဲခူးကလပ်ကရန်စနဲ့ သမိုင်းမှာ သေနတ်ပစ်မှုဖြစ်တာလေ၊ အစ်ကို သိတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီဟာလည်းမဟုတ်ပါဘူး အစ်ကိုကြီးရယ်။ သေနတ်ပစ်ခံရတဲ့ ဟင်နရီကမှုတို့ရဲ့ သူငယ်ချင်းပါ။ တခြားရန်စပါ အစ်ကိုကြီးရဲ့ ဒီအဆက် မဟုတ်ပါဘူး"

"အဲလေ ဒါတွေထားလိုက်ပါဦး။ မှုလည်း အသွားအလာ အနေအထိုင် နည်းနည်းဆင်ခြင်စေချင်တယ်၊ ကိုယ့်မှာ လင်နဲ့သားနဲ့၊ မိနဲ့ဖနဲ့ တကယ့် လူကြီး လူကောင်းမိန်းမ"

(ကျယ်လောင်သောအသံဖြင့်) "မှုက ဘာလုပ်နေလို့လဲ၊ ကလပ်က အိမ်ပြန်နောက်ကျတာနဲ့ ဒီလို ဆိုရသလား။ အစ်ကိုကြီးသဘော ကြီးကြီးထား ပါ"

"အောင်မယ်ကျုပ်က သဘောကြီးကြီးထားရမယ်ဟုတ်စ။ တော်ကွယ် တော်ပါ အိမ်နီးပါးချင်းတွေကြားမှဖြင့်"

(စကားမဆုံးမီ ကြားဖြတ်၍) "ဟုတ်တာပြောတာပဲ ကြားကြား"

ဦးစံလွင်အပြင်သို့ ထွက်သွားသောအခါမှ စကားပြတ်၍ သွားတော့ ၏။

ယင်းကဲ့သို့ လင်မယား ကတောက်ကဆတ်များမှုများကလည်း မကြာ ခဏဖြစ်ခဲ့၏။

ထိုနေ့ (စနေနေ့နံနက်) က ဦးစံလွင်သည် ချော့မော့ဖျောင်းဖျလိုသည့် သဘောဖြင့် နောက်မှနေ၍ ခင်မြမြမှု၏ ပခုံးပေါ်သို့ လက်နှစ်ဖက်ကိုတင်လိုက်၏။ ထိုအခါခင်မြမြမှုသည် ယမန်ညက စိတ်ကောက်နေသည့်အရှိန် မပြေသေးသဖြင့် ဦးစံလွင်၏ လက်နှစ်ဖက်ကို ခပ်ကြမ်းကြမ်းကလေး တွန်းဖယ်ချလိုက်လေ သည်။

ဦးစံလွင်ကလည်း မိမိက ချော့မော့နေသည်ကိုပင် အချော့မခံသော ဇနီးသည်အား တွန်းချသော လက်နှစ်ဖက်ကို ခပ်ကြမ်းကြမ်းပင် ပြန်၍ ဆုပ်ကိုင် ထားရာ ခင်မြမြမှုက ဦးစံလွင်၏ လက်များကို အတင်းကုတ်ခြစ်ပြီးနောက် လွတ် မြောက်အောင် ရုန်းထွက်သွားလေသည်။

ဤသို့လျှင် ဗိုလ်ဆန်သောမယားနှင့် ခပ်အေးအေးနေတတ်သော ယောက်ျားတို့၏ ဘဝခရီးစဉ်မှာ ရှေ့တွင် မည်သို့ဖြစ်ပျက်မည်ကို ကျွန်ုပ်တို့ စောင့် ကြည့်ရန်သာ ရှိတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုညမှာ စနေနေ့ညဖြစ်သဖြင့် ဦးစံလွင်ကြံစည်ထားသောညဖြစ်လေသည်။

ဦးစံလွင်သည် လက်ပတ်နာရီကိုကြည့်ပြီးနောက်အထက်ပါအကြောင်းများကို စဉ်းစားရင်း ဂုနာရီ ၁၅ မိနစ်သို့ ရောက်လာ၏။

ရန်ကုန်ဘူတာကြီးသို့သွားရန် ၄ မိနစ်၊ ကြည့်မြင်တိုင်သို့ ရောက်ရန် ၁၁ မိနစ်၊ ကြည့်မြင်တိုင်ဘူတာမှဆင်း၍ ရေဘတ်မောင်ကြီး၏ ကားဂိုဒေါင်သို့ ၇မိနစ်ခန့် သွားရမည်ဖြစ်၏။ လော်ကယ်ရထား ထွက်မည့်အချိန်စာရင်းနှင့်တကွ ကားဂိုဒေါင်သို့ရောက်ရန်တတ်နိုင်သမျှအတိုဆုံးအချိန်စာရင်းကိုတွက်ချက်လျက်ရှိ၏။

ထိုညတွင် မိမိနေအိမ်မှ မည်သည့်နေရာကိုမျှမသွားကြောင်းထင်ရှားအောင် သက်သေပြနိုင်ရန် ကြိုတင် စဉ်းစားထားရမည်ဖြစ်၏။ သို့မှလည်း မိမိအမှုအတွက် လုံခြုံစိတ်ချရမည့် သက်သေခံချက်ကို ရနိုင်ပေမည်။

ဦးစံလွင်သည် အခန်းတွင်းမှ မာတ်မီးအားလုံးကိုဖွင့်လိုက်၏။ ဦးစံလွင်နေသော တိုက်ခန်းမှာ ၂ ထပ်တိုက်တန်းလျား အောက်ထပ် အခန်းတစ်ခန်းဖြစ်၍ မီးဖိုသို့ သွားသောအခန်းနှင့် အိပ်ခန်းတံခါးများကိုပင် ပိတ်လိုက်သေး၏။ သစ္စာလပ်အကျီကိုလည်းချွတ်၍ အကျီချိတ်တစ်ခု၌ ချိတ်ထားပြီးသော် ရှပ်အကျီလက်တစ်ဖက်မှ ကြယ်သီးကိုပင် ဖြုတ်ချလိုက်၏။ ထို့နောက် အိမ်တွင် အေးအေးသက်သာစွာနေသည့် သဘောသက်ရောက်အောင် ဆံပင်ကို အနည်းငယ်လက်ဖြင့် ဖွလိုက်ပြီးလျှင် တိုက်တန်းလျား၏ အလယ်ခန်းမဆောင်ဘက်သို့ လျင်မြန်စွာ ကူးသွား၏။

ဦးစံလွင်နေသောတိုက်မှာ တိုက်တန်းလျားဟုပင် ခေါ်ရသော်လည်း နှံ့ညားစွာ ဆောက်လုပ်ထားသော ၂ ထပ်တိုက်ကြီးပင်ဖြစ်၍ အပေါ်ထပ်၌ ၄ ခန်း အောက်ထပ်၌ ၄ ခန်းရှိ၏။ လက်ယာဘက်အစွန်း ၂ ခန်းနှင့် လက်ဝဲဘက်အစွန်း ၂ ခန်းကို အလယ်မှ ကွန်မွန်းရှမ်းခေါ် ဧည့်ခန်းကြီးတစ်ခု ခြားထား၏။ ထိုဧည့်ခန်းကြီးမှာ တိုက်ခန်းငှားနေသူအားလုံးပင် ဧည့်ခံရန် အသုံးပြုနိုင်လေသည်။ ထိုခန်းမဆောင်ကြီး၌ကားစားပွဲကုလားထိုင်များ၊ အပန်းဖြေနားနေရန် ကြိမ်ပက်လက်ကုလားထိုင်ကြီးများ ထားရှိ၏။ ထောင့်တစ်ထောင့်ရှိ စင်ပေါ်တွင် တယ်လီဖုန်း



www.burmeseclassic.com

www.burmeseclassic.com



တပ်ဆင်ထား၍ တိုက်ခန်းငှားနေသူ အားလုံးပင် ယင်း တယ်လီဖုန်းကို အသုံးပြုနိုင်လေသည်။

တိုက်အပေါ်ထပ်ရှိ အခန်းများမှ ဆင်းလာလျှင် ထိုခန်းမဆောင်အတွင်းသို့ ရောက်၏။ အောက်ထပ်ရှိ အခန်းများမှလည်း ထိုခန်းမဆောင်သို့ ဝရန်တာမှ လျှောက်လာပြီးလျှင် ထိုခန်းမဆောင်ရှေ့ ဆင်ဝင်အောက်သို့ ရောက်သောအခါမှသာ အပြင်လမ်းမဘက်သို့ ထွက်သွားရလေသည်။

ခန်းမဆောင်ဆင်ဝင်အောက်သို့ရောက်သည်နှင့်တစ်ပြိုင်နက်ဦးစံလွင်သည် မျက်နှာချင်းဆိုင် တိုက်ခန်းတစ်ခု၌နေသော ဦးဘမောင်၏ အခန်းသို့ သွားရောက်ကာ လူခေါ်ခေါင်းလောင်းကလေးကို နှိပ်လိုက်၏။ ဦးဘမောင်က တံခါးကို ဖွင့်ပေးလေသည်။

"အလို ဦးစံလွင် ဝင်လေဗျာ။ ဒီကနေ့ ညခင်ဗျား အိမ်ထဲက အပြင်မထွက်ပဲကိုးဗျ။ ကိုင်း ဆိုစမ်းပါဦး ဘာကိစ္စများလဲ"

ဦးစံလွင်က မိမိ၏အကြံကို မသိစေရန် ဟန်ဆောင်၍ပြုံးလိုက်ရ၏။

"အပြင်ထွက်ဖို့နေနေသာသာ ရုံးက အလုပ်တွေ ကုန်းလုပ်နေရတယ် ဆရာရေ့ပြီးတော့နက်ဖြန်ထည့်ဖို့စာတွေကလည်းရေးနေတော့အရေးထဲမင်ကုန်သွားလို့ဗျာ။ ခင်ဗျားမှာ မင်အိုးလွယ်ရင် တစ်ဆိတ်ပေးစမ်းပါ"

"ရှိပါတယ်ဗျာ ယူပါ ယူပါ"

မင်အိုးကို ယူလာခဲ့ပြီးနောက် အိမ်သို့ ပြန်ရောက်သောအခါ ဦးစံလွင်သည် မင်အိုးကို စားပွဲပေါ်သို့ တင်ထားလိုက်၏။ စားပွဲ အံဆွဲအတွင်းမှလည်း စာ ၄ စောင်ထည့်ထားသည့် မပိတ်ရသေးသော စာအိတ် ၄လုံးကို ယူလိုက်ပြီးလျှင် ကုတ်အင်္ကျီအိတ်ထဲသို့ ထည့်ထားလိုက်၏။ ထို့နောက် ယင်းအံဆွဲထဲမှာပင် ၁၀ ဗို့ အော်တိုမက်တစ် ပစ္စတိုသေနတ်ကလေးကိုယူပြီးလျှင် သေနတ်ပြောင်းယမ်းတောင့်အိမ်နှင့် လက်ကိုင်ရိုးစသည်တို့ကို လက်ကိုင်ပဝါဖြူဖြင့် သေချာစွာ ပွတ်တိုက်ကာ အခြားအိတ်အကွင်းသို့ ထည့်လိုက်ပြန်၏။

အချိန်ကား ၇ နာရီ ၂၂ မိနစ်မျှရှိနေလေပြီ။ ဖစ်လစ်ရေဒီယိုမှ နူးညံ့သိမ်မွေ့သော သီချင်းသံကလေး ထွက်ပေါ်လာ၏။ ဦးစံလွင်သည် စေ့၍ထားသော အိမ်ရှေ့တံခါးကို ဖွင့်ကာ အပြင်သို့ ချောင်းမြောင်းကြည့်ရှု၏။ အပြင်၌မူကား အနီးပတ်ဝန်းကျင်တွင် လူစလူနပင်၍ မမြင်ရချေ။



www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် သူသည် တံခါးကို ပြန်၍စေ့ခဲ့ပြီးလျှင် ခန်းမဆောင်ရှေ့ဆင်ဝင်အောက်သို့ရောက်သောအခါလမ်းနှင့်ကိုက်အနည်းငယ်မျှသာ ကွာဝေးတော့သဖြင့် လမ်းဘက်သို့ လျင်မြန်စွာ ထွက်သွားလေ၏။ ထိုအချိန်၌ လမ်းပေါ်တွင် လူသွားလူလာ ပြတ်လျက်ရှိ၏။ အကယ်၍ လမ်းပေါ်၌သာ တစ်စုံတစ်ယောက်ကို တွေ့ခဲ့ပါမူ သူသည် ထိုပြစ်မှုကြီးကို ထိုသူ ကျူးလွန်တော့မည်မဟုတ်ဘဲ တစ်နေ့နေ့သို့ ရွှေ့ပြောင်းစေရန် အကြံပြု၏။ သို့သော် ကံအားလျော်စွာ လမ်းပေါ်၌ တစ်စုံတစ်ယောက်ကိုမျှ မတွေ့ မမြင်ရချေ။

ဦးစံလွင်သည် အင်္ကျီအိတ်ထဲတွင် အသင့်ယူဆောင်ခဲ့သော သက္ကလပ်တက်ဦးထုပ်ပျော့ကလေးကို ဆောင်းလိုက်၏။ ထို့နောက် မျက်မှန်အနက်အဝိုင်းကြီးကိုလည်း တပ်လိုက်လေသည်။

၃ မိနစ်ခန့်အကြာတွင် ရန်ကုန်ဘူတာကြီးရောက်လာ၍ လော်ကယ်ရထားထွက်ရန် (၁) မိနစ်မျှသာ လိုတော့၏။ ဒုတိယတန်းလက်မှတ် တစ်စောင်ကို ယူပြီးနောက် ရထားပေါ်သို့ ခုန်တက်လိုက်သည့် ခဏ၌ပင် ရထားထွက်လေ၏။

ကြည့်မြင်တိုင်ဘူတာသို့ ရောက်သောအခါ လူအုပ်ကြီးနှင့် ရောနှော၍ ဒုတိယတန်း ထွက်ပေါက်မှ ထွက်ခဲ့ပြီးလျှင် ဆိုက်ကားတစ်စီးဖြင့် လာခဲ့ရာ ၅ မိနစ်ခန့်အကြာတွင် မောင်ကြီး၏ ကားဂိုဒေါင်ရှိရာသို့ ရောက်ခဲ့လေ၏။

ကားဂိုဒေါင်မှာ လူမနေသော တိုက်ဟောင်းကြီး ၂ လုံးကြားရှိ ကွက်လပ်ကလေးတွင် ဆောက်လုပ်ထားသော ဂိုဒေါင်ဟောင်းတစ်လုံးဖြစ်၍ ဘေးတစ်ဖက်တစ်ချက်တွင် လမ်းကလေးများ ရှိ၏။ ဦးစံလွင်သည် ဆိုက်ကားကို လမ်းခွ၌ ရပ်စေပြီးလျှင် ကားဂိုဒေါင်ရှိရာသို့ လာခဲ့လေ၏။ ဂိုဒေါင်ကလေးမှာ ဘေးပတ်လည်တွင် သွပ်များ ကာရံထား၏။

ဦးစံလွင်သည် ယခင်ကပင် စုံစမ်းသိရှိထားပြီးဖြစ်သည့်အတိုင်း ဂိုဒေါင်တံစက်မြိတ်အောက်တွင် မောင်ကြီး ဝှက်ထားလေ့ရှိသော သော့ကလေးကို ယူပြီးလျှင် ဂိုဒေါင်ကိုဖွင့်၍ သော့ကလေးကို နေသားတကျ ပြန်၍ထားလိုက်၏။ ထို့နောက် ဂိုဒေါင်ထဲသို့ဝင်ကာ တံခါးကို ပြန်၍ စေ့ထားလိုက်၏။

မှောင်ထဲ၌ ပထမ တစ်စုံတစ်ရာ မမြင်ရသော်လည်း မျက်စိများ ကျင့်သားရသောအခါ ဂိုဒေါင်နောက်ဘက်၌ မလှမ်းမကမ်းတွင် တံခါးကလေး တစ်ခုရှိနေသည်ကို

www.burmeseclassic.com



မြင်ရ၏။ တံခါးမှာ အတွင်းမှနေ၍ဖွင့်နိုင်လေသည်။ ဦးစံလွင်သည် တံခါးကလေးကို ဖွင့်ကြည့်ပြီးမှ ပြန်၍ပိတ်ထားလိုက်လေသည်။ ထိုတံခါးလေး၏ နောက်တည့်တည့်မှ များစွာ မမြင့်လှသော ခြံစည်းရိုးတစ်ခုကို ကျော်မိလျှင် အခြားလမ်းဘက်ရှိ တိုက် ၂ လုံးကြားမှ လမ်းကျယ်ဘက်သို့ ထွက်နိုင်သည်ကိုလည်း သတိပြုမိ၏။

လက်ပတ်နာရီကလေးမှ လက်တံများမှာ ရေဒီယမ်သတ္တုလက်တံများဖြစ်၍ ၇ နာရီ ၃၀ မိနစ်အချိန်ကို ပြလျက်ရှိ၏။ အကယ်၍ မောင်ကြီးသည် ၈ နာရီထိုး၍သော်လည်းကောင်း၊ မိနစ်အနည်းငယ် လွန်မှသော်လည်းကောင်း ရောက်၍မလာလျှင် အကြံကို လက်လျှော့တော့မည်ဟု အောက်မေ့မိ၏။

အပြင်တံခါးမကြီးမှနေ၍ လမ်းဘက်သို့ နားထောင်ရာ၊ လမ်းပေါ်သို့ တစ်ခါတစ်ရံ အပြေးအလွှားဖြတ်သန်းသွားသော ကားသံများမှတစ်ပါး တိတ်ဆိတ်လျက် ရှိသည်ကိုတွေ့ရ၏။

လမ်းထောင့်တွင် ဘားတစ်ခုရှိ၍ ၎င်းမှ တယ်လီဖုန်းပြောနိုင်ကြောင်း သိရှိထားပြီး ဖြစ်သဖြင့် ဦးစံလွင်သည် ဂိုဒေါင်တံခါးကို ပြန်၍ ပိတ်ခဲ့ပြီးလျှင် ဘားဆီသို့လာခဲ့၏။ ဘီယာတစ်ခွက်ကိုမှာ၍သောက်ပြီးနောက် ဦးစံလွင်သည် မော်တင်လမ်းရှိ (လမ်းသစ်လမ်း) သစ်ကုန်သည် ဦးဘအေးထံ တယ်လီဖုန်းဆက်လေသည်။

"ဦးဘအေး ရှိမလားခင်ဗျား"

"ဟုတ်ကဲ့ ရှိပါတယ်၊ ဘယ်သူ့ပါလိမ့်"

"ကျွန်တော် စံလွင်ပါ"

"ဩော် ကိုစံလွင်လား၊ ရုတ်တရက် အသံမကျက်မိဘူးဗျာ။ ဘာကိစ္စလဲ ကိုစံလွင်"

"ကိစ္စက အရေးကြီးတဲ့ ကိစ္စမဟုတ်ပါဘူးခင်ဗျာ။ ကျွန်တော်တို့ တောင်ငူက ကိုပုလေးအိမ်နံပါတ်ကို မေ့နေလို့၊ သူ့ဆီကို ကျွန်တော် အစုစာရေးနေတယ်။ အိမ်နံပါတ် ၁၄ လား၊ ဩော် ၁၆ ဟုတ်ပါပြီ၊ ဈေးလမ်း အိမ်နံပါတ် ၁၆ ကျေးဇူးတင်ပါတယ် ခင်ဗျာ"

"ဒီကနေ့ ဘယ်မျှ မသွားဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ မသွားပါဘူး။ ဒီကနေ့တော့ အိမ်ကုပ်ပြီးနေတာပဲ။ ထမင်းစား ပြီးကတည်းက စာတွေထိုင်ရေးနေတာ အခုထက်ထိ မထရသေးဘူး။ ပြီးတော့ နံ့က အလုပ်တွေက ပါလာသေးတယ်"

"မြတစ်ယောက်ကော"

"မြတော့ သူ့သူငယ်ချင်းတစ်ယောက်နဲ့ ပါတီတစ်ခုသွားတယ် ထင်ပါရဲ့ ခင်ဗျာ။ ဟုတ်ကဲ့ ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်"

ဦးစံလွင်သည် ဖန်ခွက်ထဲတွင် ကျန်သောအရက်ကို ကပျာကယာ မော့ချလိုက်ပြီးနောက် ဘားအတွင်းမှ လျှင်မြန်စွာ ထွက်ခဲ့ပြီးလျှင် ကားဂိုဒေါင်ရှိ ရာသို့ပြန်ခဲ့လေ၏။

အချိန်မှာ ၈ နာရီ၊ ၂ မိနစ်မျှ ရှိနေလေပြီ။

ဦးစံလွင်သည် ကားဂိုဒေါင်ကို ဖွင့်၍ဝင်ပြီးလျှင် နောက်ဖေးပေါက်က လေးမှ ထွက်၍သော့ကိုမူ သူတွေ့သောနေရာ၌ပင် နေသားတကျ ပြန်ထားလိုက် ၏။ ထို့နောက် ဂိုဒေါင်အတွင်းသို့ ပြန်၍ဝင်ခဲ့လေသည်။

ဦးစံလွင်သည် ဂိုဒေါင်တံခါးဆီသို့သွားကာ အပြင်မှအသံများကို နား ထောင်လျက် ရှိလေ၏။

၁၀ မိနစ်ခန့်မျှ ဆိတ်ငြိမ်လျက်ရှိနေပြီးနောက် ဂိုဒေါင်ရှေ့တွင် ကားတစ် စီးအရှိန်သတ်၍ ထိုးရပ်လိုက်သံကို ကြားရ၏။ ကားခေါင်းမီးကြီး ၂ လုံးမှ အလင်း ရောင်သည် တံခါးကြားမှ ဂိုဒေါင်အတွင်းသို့ ထိုးဝင်လာရာ ဦးစံလွင်သည် အတန် ငယ်နောက်သို့ ဆုတ်ကာ တံခါးရွက်တစ်ခုအကွယ်တွင် ရပ်၍ နေလိုက်၏။

ကားပေါ်မှ လူတစ်ယောက်ဆင်းလာသော ခြေသံများကို ကြားရပြီး နောက် ထိုသူသည် တံစက်မြိတ်ရှိရာသို့ လျှောက်သွားပြီးလျှင် မကြာမီ ဂိုဒေါင် တံခါးကို အပြင်မှ ဖွင့်သံကြားရ၏။ ထိုအခါ ဦးစံလွင်သည် နောက်ဖေးတံခါးပေါက် အလေးကို ပြန်၍စေ့ထားခဲ့ပြီးလျှင် ကားရုံဘေးမှ ငြိမ်သက်စွာ စောင့်နေ၏။ ထို့နောက် ကားတံခါးကို ပိတ်လိုက်သံ၊ စက်နှိုးသံများ ကြားရပြီးလျှင် ကားသည် ခေါင်းမီးကြီး ၂ ခုထိုးလျက် ကားရုံအတွင်းသို့ တရွေ့ရွေ့ဝင်သွားလေသည်။

ထိုအခါ ဦးစံလွင်သည် ရှေ့တံခါးမကြီးဘက်မှ လှည့်၍ဝင်ခဲ့ပြီးလျှင် ဂိုဒေါင်တံခါးကို အတွင်းမှ ပိတ်လိုက်၏။ ထို့နောက် ထောင့်တစ်ထောင့်တွင် ရပ် နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကားရပ်၍ မီးမောင်းကြီးများ ငြိမ်းသွား၏။ ရောဘတ်မောင်ကြီးသည် ရှေ့တံခါးမကြီး ပိတ်သွားသည်ကိုပင် သိဟန်မတူချေ။ ကားတံခါးကို ဂျောင်းခနဲ ပိတ်ကာ ကားအောက်သို့ ဆင်းလာလေသည်။ မောင်ကြီးသည် ဂိုဒေါင်ရှေ့ဘက်သို့လာရင်း စီးကရက်တစ်လိပ်ကို မီးညှိလိုက်ရာ ထိုအခါမှ ဂိုဒေါင်၏ရှေ့တံခါး ပိတ်မထားသည်ကို သတိပြုမိဟန်တူ၏။ ဂိုဒေါင်နံရံတွင်ရှိသော ဓာတ်မီးကို ဖွင့်လိုက်လေသည်။ ထောင့်တစ်ထောင့်တွင်လည်း မားမားကြီး ရပ်၍နေသော ဦးစံလွင်၏သဏ္ဌာန်ကိုမြင်ရလေသည်။ မောင်ကြီးသည်လည်း မျက်နှာမကောင်းချေ။ ညှိုးငယ်လျက် ရှိသည်ကို ဦးစံလွင် မြင်လိုက်၏။

မောင်ကြီးသည်ဦးစံလွင်၏သဏ္ဌာန်ကိုမြင်လိုက်သည်နှင့်တစ်ပြိုင်နက် ဖျပ်ခနဲ လန့်၍သွား၏။

"ဟော့ ဘယ်သူလဲ"

ဦးစံလွင်သည် အိတ်ထဲသို့ လက်နှိုက်၍ သေနတ်ကို အသင့်ဆုပ်ကိုင်ထားလိုက်လေသည်။

"ဘယ်သူရမလဲ သူ့ယောက်ျားပေါ့"

"ဪ ဒါဖြင့် ခင်ဗျားသိတာပေါ့"

"သိတယ်လေ"

မောင်ကြီးသည် ဆောက်တည်ရာမရသကဲ့သို့ ကားတံခါးကိုမှီ၍ နေလိုက်၏။

"သိတယ်ဟုတ်စ၊ ခင်ဗျား ဘယ်လိုလုပ်ပြီး ဒီရောက်လာတယ်ဆိုတာ ကျုပ် နားမလည်ပါဘူးဗျာ"

ဦးစံလွင်က တစ်စုံတစ်ရာ ပြန်မပြောသောအခါ မောင်ကြီးက ဆက်လက်၍ -

"ခင်ဗျား ကျုပ်ကို သတ်မလို့လား"

ဦးစံလွင်သည် ဦးခေါင်းကို ၂ ခါဆင့်၍ညိတ်လိုက်၏။

"ဟုတ်ကဲ့ ကျုပ်လည်း နားလည်ပါတယ်"

မောင်ကြီးသည် တောင်းပန်သည့်လေသံဖြင့် အသံကိုနိမ့်ကာ -

"ကျုပ် သူ့ကို ဒီအတိုင်းထားခဲ့ဖို့ပဲ၊ နို့ပေမဲ့ နို့ပေမဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဦးစံလွင်သည် လက်အိတ်စွပ်ထားသော လက်ဖြင့် ပစ္စတိုလက်ကိုင်ကို သခင်ကထက် တင်းကျပ်စွာ ဆုပ်လိုက်လေသည်။ ပင့်ကူမ၏ ပိုးမျှင်အိမ်တွင် ချည်နှောင်ရစ်ပတ်ခြင်းခံရသော ပင့်ကူသစ်အား အိမ်ရှင် ပင့်ကူကြီးသည် မည်သည့်နည်းဖြင့် သည်းခံနိုင်အံ့နည်း။

"အခါအခွင့်ရတုန်း ဒီအကောင်ကိုမြန်မြန်သတ်မှ" ဟုယခင်ကလှုံ့ဆော်ခဲ့သည့် စိတ်များသည် သေနတ်ဆုပ်ကိုင်ထားသော လက်အတွင်းသို့ ဝင်ရောက်ကာ လျှပ်စစ်ဓာတ်ဖြင့် အားပေးလိုက်သကဲ့သို့ တိုက်တွန်းလျက် ရှိလေသည်။

ဦးစံလွင်က အေးဆေးသောလေသံဖြင့် -

"ဘယ့်နယ်လဲဟေ့၊ ဒီကနေ့ည ကောင်မက မင်းကို ကောင်းကောင်းပြုစုလိုက်တယ် မဟုတ်လား"

မောင်ကြီးသည် သက်ပြင်းတစ်ချက်ချပြီးနောက် ပင်ပန်းနွမ်းနယ်စွာဖြင့် -

"ဟုတ်တယ်၊ နို့ပေမဲ့ ဒီနေ့ည ဘာဖြစ်တယ်မသိပါဘူးဗျာ၊ ဘားကထွက်လာကတည်းက မော်တော်ကားကိုဟိုအမောင်းနိုင်း ဒီအမောင်းနိုင်း ကျုပ်ကိုရှုပ်နေ စနေတော့တာပဲ၊ ခါတိုင်းထက်လည်း ဒီကနေ့ နည်းနည်းပိုမူးနေတယ်၊ ကျုပ်တားတာ မရဘူး။ ဖွတ်သောက်တယ်၊ ဖွတ်ပြောတယ်၊ သူ့ဘာတွေပြောတယ်၊ ကျုပ်ဘာတွေပြောတယ်မှတ်မိတယ်ဆိုတာတောင် မသိတော့ပါဘူး၊ ကျုပ်ကို အော်ကြီးဟစ်ကျယ်နဲ့ ရန်တွေ့၊ အို ကျုပ် ဘာတွေလုပ်လိုက်မိတယ် မသိဘူး၊ ကြောက်စရာကြီး ကြောက်စရာကြီး"

ပါးစပ်မှမထွက်တော့ဘဲ လည်ချောင်းတွင် တစ်ဆို့နေဘိသကဲ့သို့ ခေတ္တရပ်ပြီးနောက် မောင်ကြီးသည် ဦးစံလွင်၏မျက်နှာကို စိန်းစိန်းကြည့်လိုက်ပြီးနောက် -

"ခင်ဗျား ကျုပ်ကိုသတ်မယ်လို့ မဟုတ်လား၊ သတ်လေ အခုဖြင့် မထူးတော့ပါဘူး"

မောင်ကြီး၏မျက်နှာမှာ သွေးမရှိသကဲ့သို့ ဖြူဖပ်ဖြူရော်ဖြစ်၍သွားကာ ချွေးပေါက်များ စို့လာ၏။ ဦးစံလွင်က သေနတ်နှင့်ချိန်လိုက်လေသည်။

ထို့နောက် မောင်ကြီးသည် တင်းမာကြံ့ခိုင်လျက်ရှိရာမှ ပျော့ပျော့ခွေ၍ သွားသကဲ့သို့ ရှိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"မလုပ်ပါနဲ့ ဦးစံလွင်။ ကျွန်တော် မသေပါရစေနဲ့ဦးဗျာ သေရမှာကို ကျွန်တော်အဟုတ်ကြောက်ပါတယ်(တဖြည်းဖြည်းအသံကျယ်၍လာပြီးနောက်) တစ္ဆေကို သူ့အော်ကြီးဟစ်ကျယ်နဲ့ ရန်တွေဘာတွေပြောတယ်။ ကျွန်တော် မမှတ်မိတော့ဘူး။ ကျွန်တော် ဘာတွေလုပ်မိတယ်ဆိုတာ မသိတော့ဘူး။ အို ကြောက်စရာကြီးဗျာ။ ကြောက်စရာကြီး။ ကျွန်တော် ဆက်မပြောပါရစေနဲ့တော့။ မပစ်ပါနဲ့ ဦးစံလွင် မပစ်ပါနဲ့။ ကျွန်တော် တောင်းပန်ပါရစေဗျာ။ ရှိခိုးပါရဲ့ မပစ်နဲ့နော် မပစ်နဲ့ အို အို"

ထိုခဏ၌ ဦးစံလွင်သည် မောင်ကြီး၏ လက်ဝဲဘက်ရင်အုံကို ချိန်ကာ သေနတ်မောင်းကို ဆွဲလိုက်လေသည်။

ထို့နောက် ဦးစံလွင်သည် ကားနံဘေးတွင် လဲကျနေသော မောင်ကြီး၏ အလောင်းကိုကြည့်ကာ အလောင်းအနီးတွင် ပစ္စတိုသေနတ်လေးကို ချထားလိုက်လေ၏။ သေနတ်ကိုကြည့်ခြင်းဖြင့် သူ့အား ခြေရာခံနိုင်မည်မဟုတ်။ ခင်မြမှပင် ထိုသေနတ်ကလေးရှိကြောင်း မသိရှာချေ။

သို့နှင့် ဦးစံလွင်သည် ဂိုဒေါင်အတွင်းရှိ မာတ်မီးကို ငြိမ်းလိုက်ပြီးလျှင် ကားဂိုဒေါင်ကို ပိတ်ခဲ့ပြီးနောက် နောက်ဖေးလမ်းကြားမှ လမ်းမကြီးဘက်သို့ ထွက်ခဲ့လေ၏။ လမ်းဆုံတစ်ခုသို့ရောက်သောအခါ တက္ကစီတစ်စီး အသင့်တွေ့ရသည်နှင့် အိမ်သို့ပြန်ခဲ့ရာ ၁၀ မိနစ်အတွင်း မိမိနေအိမ်ထောင့်သို့ ရောက်လာ၍ ကားပေါ်မှ ဆင်းလေသည်။

ထို့နောက် စီးကရက်ဆိုင်မှ သံဘူးတစ်ဘူးကိုဝယ်၍ လက်က ကိုင်ခဲ့ပြီးလျှင် ခန်းမဆောင်ဆင်ဝင်အောက်မှ မိမိအခန်းသို့ဝင်လာခဲ့၏။ စီးကရက်ဆိုင်၌ တိုက်ရှေ့ဆင်ဝင်၌လည်းကောင်း၊ အကယ်၍ တစ်စုံတစ်ယောက်နှင့် တွေ့ခဲ့သော် မိမိကိုယ်တိုင် မိမိအခန်း၌ ရှိနေ၍ လမ်းထိပ်သို့ စီးကရက်ဝယ်ရန် သွားကြောင်း သက်သေခံရရန် ရည်ရွယ်ချက်ပင် ဖြစ်လေသည်။ သို့သော် ကံအားလျော်စွာ စီးကရက်ဆိုင်၌လည်းကောင်း၊ တိုက်အဝင်၌လည်းကောင်း မည်သူ တစ်ဦးတစ်ယောက်ကိုမျှ မတွေ့ရချေ။

မိမိတိုက်ခန်းသို့ ဝင်ခဲ့သောအခါ အပြင်တံခါးသည် မိမိထားခဲ့သည့် အတိုင်းစေ့လျက် မာတ်မီးချောင်းများသည်လည်း မိမိဖွင့်ထားခဲ့သည့်အတိုင်းထိန်



www.burmeseclassic.com

www.burmeseclassic.com



ထိန်လင်းလျက် ရေဒီယိုသည် မှန်ခုံပေါ်တွင် မိမိဖွင့်ထားခဲ့သည့် မီတာမှ သီချင်းများ လာလျက်ပင် ရှိ၏။ တိုင်ကပ်နာရီကြီးကို ကြည့်လိုက်မိရာ အချိန်မှာ ၉ နာရီနှင့် ၉ မိနစ်မျှသာ ရှိပါသေး၏။ ၅၅ မိနစ်မျှသော နာရီပိုင်းကလေးအတွင်း၌ လူသတ်မှုကြီးတစ်ခုကို ကျူးလွန်လိုက်လေပြီ။

ဦးစံလွင်သည် အကျီအိတ်ထဲမှ စာ ၄ စောင်ကို ထုတ်ယူပြီးလျှင် စားပွဲပေါ်၌တင်ထားလိုက်၏။ ထို့နောက် အံဆွဲတစ်ခုအတွင်းမှ စာရေးစက္ကူကတ်မင်အိုးခင်နှိပ်နှင့် ကလောင်တံစသော စာရေးကိရိယာများကိုလည်း စားပွဲပေါ်၌ပင် ခင်း၍ ထားလိုက်လေသည်။ ဦးဘမောင်ထံမှ ခေတ္တငှားယူခဲ့သော မင်အိုးကိုမူ အားတစ်စုံတစ်ရာ ကိုင်တွယ်ခြင်း မပြုချေ။ စာများမှာ တောင်ငူမြို့သစ်ကုန်သည်ကိုထုလေးထံသို့ ရေးသော စာလည်းပါ၏။ အချို့စာများ၌ မိမိမှာ အလုပ်အလွန်များသဖြင့် မိတ်ဆွေများထံပေးရန် စာများကို ညဦးအချိန်မှ ရေးရကြောင်း၊ ယခု စာရေးသော အချိန် ၈ နာရီပင် ရှိနေပြီဖြစ်၍ ဤနေရာ၌ပင် စာကို ရပ်လိုက်ရကြောင်းသည်ဖြင့် ရေးသားဖော်ပြထား၏။ (အမှန်သော် ဦးစံလွင်သည် နံနက်ခင်းကပင်ကြိုတင်ရေးသားထားသော စာများဖြစ်၍ ရက်စွဲကိုလည်း အတိအကျ ရေးထိုးထားလေသည်။)

သူရေးသားထားသော စာများကို ကြည့်ခြင်းအားဖြင့်ပင် ဦးစံလွင်သည် ၈ နာရီနှင့် ၉ နာရီကြား၌ အိမ်တွင်ရှိနေကြောင်း ထင်ရှား၏။ ထိုထက် ပို၍ခိုင်လုံစေရန် ဦးစံလွင်သည် မိမိတိုက်ခန်းနှင့် မျက်နှာချင်းဆိုင် လမ်းအခြားဘက်တွင်နေသော စာရေးကြီး ဦးဘမောင်ထံ မင်အိုးကို ပြန်ပို့ရင်း ရမယ်ရှာ၍ သွားပြန်၏။

သို့သော် ထိုအခါက်၌ကား ဦးဘမောင်၏ အိပ်ခန်း တံခါးပိတ်ထားသည်ကို တွေ့ရသဖြင့် မပေးဘဲ ပြန်ခဲ့ရလေသည်။

ကြည့်မြင်တိုင်ရှိ ကားဂိုဒေါင်အတွင်း၌ သေနတ်အက်ရာဖြင့် သေဆုံးနေသော ရောဘတ်မောင်ကြီးအား ဦးစံလွင်နှင့် မည်သည့်နည်းနှင့်မျှ ဆက်စပ်၍ ရနိုင်သည် မဟုတ်ချေ။ ဦးစံလွင်က မောင်ကြီးအပေါ်တွင် မိန်းမနှင့် ပတ်သက်၍ ငြိုးရှိသည်ထားဘိဦး။ ဦးစံလွင်မှာ ရောဘတ်မောင်ကြီး အသတ်ခံရသည့်အချိန်အခါတွင် သူ၏ အိပ်ခန်း၌ ရှိနေသည်မှာ အထက်တွင် ဖော်ပြခဲ့သော သက်သေများအရ ထင်ရှားလှ၏။



www.burmeseclassic.com

www.burmeseclassic.com



၈ နာရီခန့်တွင် မော်တင်လမ်းရှိ သစ်ကုန်သည် ဦးဘအေးထံ တယ်လီဖုန်းဆက်ခြင်း၊ မိမိတိုက်ခန်းနှင့် မျက်နှာချင်းဆိုင်၌နေသော စာရေးကြီးဦးဘမောင်ထံမှ မင်အိုးငှားယူခြင်း၊ မိမိအား မည်သူတစ်ဦးတစ်ယောက်မျှ မမြင်ဘဲ မိနစ် ၅၀ ခန့်အတွင်း တိုက်ခန်းသို့ လျှို့ဝှက်စွာ ပြန်ရောက်လာခြင်း၊ သူရေးထားသော စာများထဲ၌ပင် စာရေးသည့် အချိန်နာရီကို ဖော်ပြထားခြင်းတို့မှာ ၇ နာရီနှင့် ၉ နာရီခန့် အချိန်အတွင်းတွင် ဦးစံလွင်သည် မည်သည့်နေရာသို့မျှမသွားဘဲ အိမ်၌ရှိနေကြောင်း ထင်ရှားသော သက်သေခံများမဟုတ်ပါလော၊ အကြောင်းရှိက မိမိဘက်မှ ပိုင်နိုင်စွာ ခုခံနိုင်သည့် အချက်များပေတည်း။

ဦးစံလွင်ပြန်၍ဝင်လာသော အချိန်မှာ ၁၀ နာရီ ၁၀ မိနစ်မျှသာ လိုတော့၏။ မိမိအခန်းမှ ဝင်းထိန်သော ဓာတ်မီးရောင်များမှာ မိမိထားခဲ့သည့်အတိုင်းပင်ရှိနေသည်ကို မြင်ရ၏။ အိမ်ငှားများ အသုံးပြုနိုင်သည့် အလယ်ဧည့်ခန်း ခန်းမဆောင်ကြီးမှာ တံခါးပေါက် ပွင့်နေပြီးလျှင် ဓာတ်မီးများလင်းလျက်ရှိသည်ကို တွေ့ရ၏။ ခြေကျော်မှန်တံခါးကလေးကို ဖွင့်၍ အတွင်းသို့ဝင်မိသောအခါ တယ်လီဖုန်းအနီးတွင် လူ ၂ ယောက် ရပ်နေသည်ကို မြင်ရ၏။ တစ်ယောက်မှာ အရပ်ရှည်ရှည် ယူနီဖောင်းကိုဝတ်ထား၏။ အခြားတစ်ယောက်မှာ ခပ်ပုပုဖြစ်ပြီးလျှင် အရပ်ဝတ်အရပ်စားဖြင့် ဖြစ်လေသည်။

လွင်။ "ခင်ဗျားတို့ ဘယ်ကလဲ၊ ဘာလုပ်နေကြတာလဲ ဟင်"

အရပ်မြင့်သူ။ "ကျုပ်တို့က ရဲအရာရှိတွေပဲ၊ သူက စုံထောက်ဘက်ကလေ၊ လူသတ်မှု တစ်ခုဖြစ်လို့ လိုက်နေကြတာ"

ဦးစံလွင်သည် ရင်ထဲတွင် ဒိတ်ခနဲဖြစ်သွား၏။

"ဘုရား ဘုရား ကြည့်မြင်တိုင်မှာ သတ်ခဲ့တာများ ဒီလူတွေ သိသွားသလား ဟုတ်နိုင်မယ် မထင်ပါဘူး။ ဂိုဒေါင်ထဲမှာဆိုတော့ ရတ်တရက် တွေ့ဖို့ အခဲယဉ်းသားပဲ" ဟု စိတ်ထဲက အောက်မေ့မိ၏။

အရပ်နိမ့်သူ။ "ခင်ဗျားနာမည် ဦးစံလွင်တဲ့လား"

လွင်။ "ဟုတ်တယ်"

စုံထောက်။ "ခင်ဗျားကြည့်ရတာ နည်းနည်း စိတ်ရှုပ်လာပုံပဲ၊ တစ်ခုလောက် မေးပါရစေဗျာ၊ ခင်ဗျား အခု ဘယ်ကလာတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



လွင် ။ "လမ်းထောင့်ဆေးလိပ်ဆိုင်ကလာတာပါ။ ဆေးလိပ်မရှိလို့ သွားဝယ်တယ်"

ဦးစံလွင်၏အသံမှာ တည်ငြိမ်အေးဆေးလျက်ပင်ရှိ၏။

စံထောက် ။ "ဘယ်အချိန်က သွားသလဲ"

လွင် ။ "၉ နာရီနဲ့ ၁၀ မိနစ်လောက် ထင်တယ်။ နေပါဦး။ ခင်ဗျားက ဘာကြောင့် မေးရတာလဲ"

စံထောက် ။ "ဒီမှာမိတ်ဆွေ၊ တစ်ဆိတ် ကျုပ်ပြောတာ နားထောင်စမ်းပါဦး။ ခင်ဗျားထွက်သွားပြီး တစ်မိနစ်လောက်အကြာမှာ ကျုပ်တို့ရောက်လာတယ်ဗျ။ ခင်ဗျားအခန်းတံခါးကို ကျုပ်တို့ ခေါက်နေတော့ ဟိုဘက်မျက်နှာချင်းဆိုင် တိုက်ခန်းက ဦးဘမောင်ဆိုတဲ့လူက သူ့အိမ်ထဲကထွက်လာပြီး ခင်ဗျားဟာတစ်ညနေလုံး ဘယ်မှမသွားဘူး။ ဒီမှာ ရှိပါတယ်တဲ့။ စာတွေထိုင်ရေးနေရင်း မင်ကုန်သွားလို့ သူ့ဆီက မင်အိုးတောင် ငှားလိုက်ရသေးတယ်။ ဒါကြောင့် ခဏတစ်ဖြုတ် လမ်းထိပ်များ ဆေးလိပ်ဝယ်သွားသလား မပြောတတ်ဘူးလို့ ပြောတယ်"

ထိုအခါကျမှ ဦးစံလွင်စိတ်ထဲတွင် သက်သာရာရသကဲ့သို့ဖြစ်သွားပြီးလျှင် ဦးဘမောင်အား ကျေးဇူးတင်မိ၏။

လွင် ။ "ဟုတ်ပါတယ်၊ အခုပဲ လမ်းထိပ်ကိုဆေးလိပ်ဝယ်ရအောင်ထွက်သွားတာပါ"

ရဲအရာရှိသည် စားပွဲပေါ်၌ချထားသော စာများကို ကြည့်ပြန်၏။

"ဒီစာတွေပဲ ထင်ပါရဲ့"

လွင် ။ "ဟုတ်ကဲ့ ဒီစာတွေပါပဲ"

ရဲအရာရှိသည် စာ ၄ စောင်ကို သိမ်းဆည်း၍ စံထောက်လက်ထဲသို့ ထည့်လိုက်၏။

စံထောက်သည် ဦးစံလွင်၏ လက်များကို ကြည့်လိုက်၏။ ထို့နောက် အေးဆေးငြိမ်သက်သော အသံဖြင့် "ခင်ဗျားမရှိတုန်းက မော်တင်လမ်းက ဦးဘအေးဆိုထင်ပါရဲ့၊ အဲဒီလူက တယ်လီဖုန်းနဲ့ ခင်ဗျားကို ခေါ်တယ်။ ဒီကနေပြီး သူ့ဆီကို တောင်ငူ ကိုပုလေးရဲ့ လိပ်စာကို ခင်ဗျားမသိလို့ မေးတယ်ဆို"

လွင် ။ "ဟုတ်ပါတယ်ဗျာ။ ဟုတ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



စံထောက်။ "အဲဒီလူရဲ့လိပ်စာကိုပေးလိုက်တာ သူလည်း အလျင်စလိုနဲ့ မှိုမှားသွားတယ်တဲ့၊ အရင်လိပ်စာအဟောင်း မဟုတ်တော့ဘူးတဲ့"

လွင်။ "ဩော် ဟုတ်လား။ ကျေးဇူးတင်ပါတယ်ဗျာ"

စံထောက်။ "ဒီတော့ ကျုပ်က ဦးစံလွင်ဟာ ဘယ်အချိန်လောက် ခင်ဗျားဆီကို တယ်လီဖုန်းဆက်သလဲဗျာလို့ မေးတော့ ၈ နာရီခွဲလောက် ၈ နာရီနဲ့ ၂၅ မိနစ်လောက်မှာ ဆက်တယ်ထင်တယ်လို့ သူက ပြောတယ်ဗျ"

လွင်။ "ဟုတ်ပါတယ်ဗျာ။ ဟုတ်ပါတယ် သူပြောတဲ့ အချိန်လောက်ပါပဲ"

ဦးစံလွင်မှာ မိမိဘက်မှ ပိုမိုခိုင်လုံသော သက်သေခံချက်များ ထပ်မံရရှိလာပြန်သဖြင့် "တစ်ခါဖြင့်နေရာကျပြီ၊ ဒီဟာတွေမြင်လို့ငါက ကြိုတင်ပြီး ဆင်ထားတဲ့အလုံးပေါ့" ဟု စိတ်ထဲက အောက်မေ့ကာ တစ်ကိုယ်တည်း အူမြူးလျက်ရှိနေတော့၏။ မိမိမရှိခိုက် တယ်လီဖုန်းဖြင့် ထပ်မံပြောဆိုသော ဦးဘအေးကိုလည်း ကျေးဇူးတင်မိပြန်၏။ မျက်နှာ၌ပင် သွေးရောင်များလျှမ်း၍လာကာ မသိမသာ ပြုံးလိုက်မိလေသည်။

စံထောက်။ "တစ်ညနေလုံးည ၉နာရီအထိ ခင်ဗျား ဘယ်မှ မသွားဘူး အိမ်မှာ ရှိနေတယ်ဆိုတဲ့ သက်သေခံချက်တွေတော့ ခင်ဗျားမှာ အများကြီးရှိတာပဲဗျို့"

လွင်။ "အများကြီးရှိတာပေါ့ ခင်ဗျာ"

စံထောက်သည် ယခင်ကထက် တည်ငြိမ်လေးနက်သော အမူအရာဖြင့် -

"ဒီမှာ ဦးစံလွင် ခင်ဗျားဟာ ဒီကနေ့ညနေကတည်းက အိမ်က ဘယ်မှ မသွားဘူး၊ အိမ်မှာပဲရှိနေတယ်ဆိုတာ ဘာမျှ ယုံမှားစရာမရှိဘူး။ ပြီးတော့ ၈ နာရီခွဲလောက်မှာ တစ်စုံတစ်ယောက်ဟာ အိမ်ရှေ့တံခါးကို ချောင်းခနဲဖွင့်ဝင်လာပြီး ခင်ဗျားတို့ ခါတိုင်းဖြစ်နေကျထက်ပိုပြီး ကျယ်ကျယ်လောင်လောင် စကားများကြတယ် မဟုတ်လား။ ပြီးတော့ ခင်ဗျားလက်ကောက်ဝတ်က ကုတ်ရာခြစ်ရာတွေကလည်း တကယ့် မိန်းမတစ်ယောက်ရဲ့လက်သည်းနဲ့ ကုတ်ခြစ်ထားတဲ့ ဒဏ်ရာတွေနဲ့ တူတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဦးစံလွင်သည် မိုးကြိုးထိမှန်လိုက်ဘိသကဲ့သို့ ကြက်သေ သေ၍ သွားလေ၏။

ရဲအရာရှိသည် ဦးစံလွင်၏ ပခုံးနှစ်ဖက်ကိုကိုင်ပြီးလျှင် သူ၏အခန်းသို့ ခေါ်သွားပြီးနောက် ခင်မြမြမှုအိပ်သော အခန်းမှ ခန်းဆီးကိုလက်ဖြင့်ဖယ်ရှားလိုက်၏။ ခုတင်ပေါ်၌ကား ခင်မြမြမှုသည် လည်ပင်းတွင် အညိုအမည်းဖြစ်ကာ ဖျစ်ညှစ်သတ်ဖြတ်ထားသော ဒဏ်ရာများဖြင့် သေဆုံးလျက်ရှိလေသည်။

ရဲအရာရှိက ခက်ထန်သောမျက်နှာဖြင့် -

"ကိုင်း ဒီမှာ ခင်ဗျားမိန်းမဟာ လည်ပင်းကို ခင်ဗျားဖျစ်သတ်တဲ့ဒဏ်ရာနဲ့ သေနေတယ် မဟုတ်လား"

"အလိုလေး ဘုရားဘုရား ကျားသားမိုးကြိုး၊ ကျွန်တော် မဟုတ်ရပါဘူး နော်"

"ခင်ဗျားမဟုတ်ရင် ဘယ်သူဖြစ်နိုင်မှာလဲ။ ဒီအိမ်ထဲမှာ တစ်ညနေလုံး ခင်ဗျား စာရေးနေတယ်။ ၈ နာရီမခွဲခင်ကလေးမှာ စာရေးကြီးဦးဘမောင်ဆီကို ခင်ဗျားသွားတောင်းသေးတယ်။ ၈ နာရီခွဲလောက်ရှိတော့ ဦးဘအေးဆီကို တယ်လီဖုန်းဆက်ပြန်တယ်၊ ခင်ဗျားရေးထားတဲ့ စာတစ်စောင်ထဲမှာ စာရေးတဲ့အချိန်ကိုတောင် ထည့်ပြီး ရေးထားသေးတယ်၊ ၉ နာရီသာသာ လောက်ကျတော့ လမ်းထိပ်ကို ဆေးလိပ်ဝယ် ခဏသွားတာ ချက်ချင်းကိုပဲ ပြန်ရောက်လာတယ်ဗျာ။ ကိုင်း ဒီတော့ ခင်ဗျားမိန်းမကို ခင်ဗျားမသတ်ရင် ဘယ်သူသတ်မလဲ၊ ကိုင်း ဂါတ်ထဲကိုသာ လိုက်ခဲ့ပေတော့"

ဦးစံလွင်သည် စကားပြန်၍မပြောနိုင်တော့ချေ။ မျက်လုံးများပြူး၍သာ ကြည့်နေလေသည်။

ခေါင်းအုံးပေါ်၌ ကိုယ်တစ်ပိုင်းတင်ကာ မျက်လုံးများ ပြူးထွက်လျက် လည်မျိုတွင်ဖျစ်ညှစ်ထားသည့်အညိုအမည်းဒဏ်ရာများဖြင့်သေဆုံးနေသောခင်မြမြမှု၏အလောင်းကို ဦးစံလွင်သည် မလှုပ်မယှက် ငေးမောကြည့်ရှု၍ နေသည်။ ထိုအခါမှသာ မောင်ကြီး သေဆုံးခါနီးတွင် ပြော၍သွားသော "ကျုပ်တို့ချည်းချည်းနေတော့တာပဲ၊ ကျွန်တော် ဘာတွေလုပ်မိခဲ့တယ်ဆိုတာ မသိတော့ဘူး



www.burmeseclassic.com

www.burmeseclassic.com



ဆို ကြောက်စရာကြီး ကြောက်စရာကြီး။ ကျွန်တော် ဆက်မပြောပါရစေနဲ့တော့" ဟူသော စကားများကို ပြန်၍ သတိရမိတော့၏။

ဦးစံလွင်ကား ကယောင်ချောက်ချားဖြစ်ကာ မျက်လုံးများပြူးလျက် -

"ကျွန်တော်မသတ်ပါဘူးခင်ဗျာ။ ကျွန်တော့်မိန်းမကို ကျွန်တော်မသတ်ပါဘူး။ အမှန်တော့ ကျွန်တော် အိမ်မှာမရှိဘူးဗျ။ လူတစ်ယောက်နဲ့ သွားပြီး ချိန်းတွေ့တယ်။ ကျွန်တော် မဟုတ်ပါဘူးဗျာ။ သတ်တဲ့လူက အင်း အင်း"

ရဲအရာရှိ။ "ဟင် ဘယ့်နယ် တစ်မျိုးဖြစ်ပြန်ပြီလဲ ဦးစံလွင်။ တစ်ချိန်လုံး အိမ်မှာ ခင်ဗျားရှိနေတယ်ဆိုတဲ့အကြောင်း ကောင်းကောင်းကြီး ထင်ရှားနေတယ် မဟုတ်လား။ ခင်ဗျား ကိုယ်တိုင်ကလည်း ဝန်ခံတယ်။ သက်သေခံကလည်း လုံလောက်တယ်။ ကိုင်း ရှင်းစရာရှိရင် ရုံးကျမှရှင်း။ အခု လိုက်ခဲ့ပေတော့"

ဤအမှု၌ အတွင်းဝန်ကလေး ဦးစံလွင်အား သူ၏ဇနီးဖြစ်သူ ခင်မြမြမှုအား သတ်မှုဖြင့် တစ်သက်တစ်ကျွန်းကျခံစေရန် အပြစ်ပေးလိုက်လေသည်။ ကြိုးမပေးဘဲ တစ်သက်တစ်ကျွန်း အပြစ်ဒဏ်ပေးခြင်းသည်ပင် ထောက်ထားညှာတာခြင်းဖြစ်၏။ ဦးစံလွင်မှာ ခင်မြမြမှုအသတ်ခံရသည့်အချိန်၌ အခြားမည်သည့်နေရာကိုမျှ မသွားဘဲ အိမ်၌ရှိကြောင်း ထင်ရှားသည်ဟု ယူဆ၏။ ထို့ပြင်လည်း သေဆုံးသူ၏ လော်လည်ဖောက်ပြားမှုများသည် ပေါ်လွင်လျက် တရားခံသည် ဇနီးဖြစ်သူအား ယင်းကဲ့သို့ လော်လည်ဖောက်ပြားမှုများအတွက် စိတ်ကို မချုပ်တည်းနိုင်လောက်အောင် ဖြစ်၍ လာသဖြင့် သတ်မိခြင်းဖြစ်သည်ဟု တရားရုံးတော်က ယူဆလေသည်။

သို့ဖြစ်၍သာ ညှာတာထောက်ထား၍ အပြစ်ပေးခြင်း ဖြစ်လေသည်။ (ရောဘတ်မောင်ကြီး သေဆုံးသောအမှုမှာ လက်သည်မပေါ်ဘဲ ရဲဘက်က ပိတ်လိုက်ရ၏။)

အမှုအားလုံးကို ခြုံ၍ ကျွန်ုပ်တို့ စဉ်းစားသော် ဦးစံလွင်သည် ဇနီးဖြစ်သူ ခင်မြမြမှုအား မသတ်ပါဘဲလျက် အပြစ်ဒဏ်ခံရခြင်းမှာ ကိုယ့်အတတ်နှင့်ကိုယ် စူး ဆိုဘိသကဲ့သို့ မိမိဆင်သော သက်သေဖြင့် မိမိကိုယ်ကို ပြန်၍ ထိခြင်းဖြစ်



www.burmeseclassic.com

www.burmeseclassic.com



တရားဥပဒေက ခင်မြမြမှုကို သတ်မှုဖြင့် ဦးစံလွင်အား မဟုတ်မမှန် ဘဲ အပြစ်ပေးလိုက်သောကြောင့် ချွတ်ချော် လွဲမှားသည်ဟု ဆိုနိုင်သော်လည်း အမှန်အားဖြင့်မူ ရောဘတ်မောင်ကြီးအတွက် ကလဲ့စားချေသည်ကို ခံရခြင်း ခင်ဖြစ်လေသည်။

သွေးသောက်၊ စက်တင်ဘာ ၅၉

www.burmeseclassic.com

www.burmeseclassic.com

## သံသရာလည်ခြင်း

ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီ ၁၉၃၂-၃၅ ခုနှစ် ပတ်ဝန်းကျင်၌ စပါးဈေးများအဆမတန် ကျဆင်းပြီးလျှင် ဆင်းရဲသားများလက်၌ငွေအလွန်ကျပ်တည်းနေသည့်ဘေးကြီးနှင့်လူတိုင်းလိုလိုပင် တွေ့ကြုံခဲ့ရ၏။ အထူးသဖြင့် စာရေးဆရာ၊ ပန်းချီဆရာ၊ ဂီတဆရာတို့မှာ ထိုဘေးကြီး၏ ဒဏ်ကို အများဆုံး ခံစားကြသူများ ဖြစ်သည့်အတိုင်း တစ်နေ့သော ညနေစောင်း၌ ပန်းချီဆရာ ကိုစိန်လွင်သည် မိမိ၏အိတ်ထဲတွင်ရှိသော မတ်စေ့တစ်စေ့ကိုစမ်းသပ်ကြည့်ရှုကာ အထက်ပါအကြောင်းများကို စဉ်းစားလျက် ရှိလေ၏။

ထိုနေ့အတွက် ညစာ မစားရသေးသော်လည်း လမ်းထိပ်ထမင်းဆိုင်မှ ထမင်းကြွေးမှာ သုံးကျပ်ကျော်ကျော်မျှ တင်ရှိနေပြီဖြစ်၍ ဖရေဇာလမ်း (အနော်ရထာလမ်း) ထောင့်ရှိထမင်းဆိုင်သို့လည်း မသွားဝံ့ဘဲ ရှိလေ၏။ မိမိလက်ခံပြီး အလုပ်များမှာလည်း မပြီးပြတ်သေးသည့်အပြင် စရန်အဖြစ်ယူ၍ သုံးထားသောငွေများမှာလည်း အတော်ပဲင် များနေပြီဖြစ်၍ နောက်ထပ်ရရန် မျှော်လင့်ချက် တစ်စုံတစ်ရာ မရှိတော့ချေ။

ထိုအချိန်က တစ်မတ်တန် ဝတ္ထုမျက်နှာဖုံး တစ်ပုံအတွက် ရှေးချပ်မှုလည်းကောင်း၊ အတွင်းပုံနှင့် တစ်ကြောင်းဆွဲ ပုံကြမ်းများအတွက် ၃ ကျပ်မျှလည်း



www.burmeseclassic.com

www.burmeseclassic.com



ောင်းအခကြေးငွေ ရရှိရာ နာမည်ကြီးပန်းချီဆရာတစ်ယောက်ဖြစ်၍ ၃၁လမ်းွင် တိုက်ခန်းကလေးတစ်ခန်းကို တစ်လလျှင် ၁၀ ဖြင့် ငှားရမ်းနေထိုင်ခဲ့သူ ဖြစ်ည်။ လူပျိုတစ်ယောက်ဖြစ်သည့်အတိုင်း အိမ်မှထွက်သည့်အခါ သော့ခလောက်ို အစောင့်ထားခဲ့၍ ထမင်းကိုလည်း လမ်းထိပ်ရှိ ကုလားဆိုင်တစ်ဆိုင်တွင် ေလ့ရှိ၏။ ဆိုင်ရှင် ကုလားကြီးကလည်း သဘောကောင်းပြီးလျှင် ကိုစိန်လွင်ိုလည်း မျက်မှန်းတန်းမိပြီး ဖြစ်သည့်အတိုင်း လက်ငင်းမပေးနိုင်သည့်အခါ ရင်းစာအုပ်တွင် အကြွေးမှတ်သားထားခဲ့လေသည်။ ထို့အပြင် အခကြေးငွေ ည့်အခါများတွင်လည်း လုံးလုံးခဲခဲ မရတတ်ဘဲ လီ၍ ရတတ်သောကြောင့် လ န်သော အခါများ၌ အိမ်လခ ၁၀ ကိုပင် တစ်ခါတစ်ရံ မပေးနိုင်ဘဲ အကြွေးတင်ခဲ့ လေသည်။

ကိုစိန်လွင်သည် စားပွဲပေါ်၌ အခန့်သင့်တွေ့ရသော ထိုနေ့ထုတ် သူရိယ တင်းစာကို အမှတ်မထင် လှန်လှောကြည့်မိရာ ရေကျော်ရပ် မြောင်းကြီးလမ်း စာရေးဆရာ အောင်သိဒ္ဓိဆိုသူအား အိမ်လခမပေးနိုင်သဖြင့် အိမ်ရှင်က တရား ိုထားခြင်းဟူသော သတင်းတစ်ပုဒ်ကို တွေ့ရသဖြင့် စိတ်ပျက်လက်ပျက်ဖြစ် ာ သတင်းစာကို အခန်းထောင့်သို့ လွှင့်ပစ်လိုက်လေသည်။

ထိုညအဖို့ မိမိ၌ လက်ကျန်ရှိသေးသော ပိုက်ဆံတစ်မတ်သည် ဖရေ လမ်းရှိ ဈေးပေါပေါရောင်းသော ကုလားဆိုင်တစ်ဆိုင်တွင် သွား၍ စားမည်ဆို ာ တစ်နပ်စာအတွက် ကောင်းစွာဖူလုံသေး၏။ မည်သူမျှလည်း သိမည်မဟုတ် ။ နာမည်ရ ပန်းချီဆရာတစ်ယောက်ကို ၆ ပြား ၁ မူးနှင့်ဝသော ကုလားထမင်း ိုင်၌ တွေ့ခြင်းသည်လည်း ထူးဆန်းသော အရာတစ်ခု မဟုတ်ပေ။

သို့သော် မိမိ၏ဂုဏ်ကိုသာမက အနုပညာလောကကိုပါ တစ်နည်းအား ြင့် ထိခိုက်စေမည့် အကြောင်းများကို ၁ဦးစားမိသောအခါ ငွေကြေးကျပ်တည်း ာသော ခေတ်ကြီးကို အမျိုးမျိုးစိတ်နာပြီးလျှင် ယူကျုံးမရဖြစ်မိရာ၏။ ယခု လတ် ာလော အရေးကြီးသည့် ကိစ္စမှာ မိမိနေသော အခန်းရှင် အဒေါ်ကြီးအား အခန်း ူန်ငွေ ၁၀ ကို နောက်တစ်နေ့ပေးရန် ချိန်းထားသဖြင့် အကယ်၍ မပေးနိုင်ခဲ့ ိအား ထုံးစံအတိုင်း တရားစွဲဆို၍ နှင်ချတော့မည့်ကိစ္စ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်မိမိစိတ်ကိုချမ်းသာစေရန်အတွက်အချက် ၂ချက်ကားရှိ
၏။ ပထမအချက်မှာ စဥ့်အိုးတန်းပွဲစားကြီး ဦးဘထွားဆိုသူထံမှ ၎င်း၏ တထ
ကို ပုံတူပုံကြီးချဲ၍ ဆွဲပေးခအတွက် ကျန်နေသော ငွေ ၁၀ မှာ နောက်တစ်
နံနက်၌ ရရန်ရှိ၍ ဒုတိယအချက်မှာ ဆူးလေဘုရား စာအုပ်ဆိုင်တစ်ဆိုင်မှ ဝတ္ထု
စာအုပ်မျက်နှာဖုံးတစ်ခု ရေးပေးခအတွက် စရန် ၂ ကျပ်ကို ထိုနေ့နံနက်ပင် လာ
၍ပေးပါမည်ဟူသော အချက်များဖြစ်လေသည်။

ကိုစိန်လွင်၏စိတ်ကူးမှာဦးဘထွားထံမှငွေ၁၀ရလျှင်၎င်းငွေကိုအခန်း
လခပေး၍ ဝတ္ထုမျက်နှာဖုံးရေးခ စရန်ငွေ ၂ ကျပ် ရသောအခါ ထိုနေ့အဖို့ ပျော်
ရွှင်စွာ သုံးစွဲရတော့မည်ဟု စိတ်ကူးထား၏။ သို့ဖြစ်ရကား ထိုညအဖို့ ကုလား
ဟိုတယ်မှ တစ်မူးဒင်နာကို မြိန်ရှက်စွာ စားသောက်ပြီးလျှင် ချမ်းမြေ့စွာ အိပ်
စက်ရလေ၏။

နောက်တစ်နေ့နံနက်၌ ကိုစိန်လွင်သည် ဆူးလေဘုရား စာအုပ်ဆိုင်
လူကိုလည်းကောင်း၊ စဥ့်အိုးတန်းမှ ပွဲစားကြီး ဦးဘထွားကိုလည်းကောင်း မျှော်
၍နေမိရာ မိမိအိမ်ရှေ့အနီးအနားတွင် လန်ချားများရပ်တိုင်း အခန်းပေါက်ဝသို့
ထွက်၍ကြည့်မိလေ၏။ ၈ နာရီထိုးသော်လည်း တစ်စုံတစ်ယောက်မျှပေါ်၍မလာ
ချေ။ တိုက်ရှင်အဒေါ်ကြီးမှာ ၉ နာရီ ချိန်းထားသဖြင့် ၉ နာရီဘက်သို့ နာရီလက်တံ
ရွေ့၍သွားတိုင်း ရင်ထဲတွင် တထိတ်ထိတ်ဖြစ်၍ နေမိ၏။

ကိုစိန်လွင်မှာ ထိုအချိန်အထိ လက်ဖက်ရည်မသောက်ရသေးသော်
လည်း လက်ဖက်ရည်ကို သတိရသည်ထက် ပွဲစားကြီး ဦးဘထွားကို သာ၍သတိ
ရမိ၏။

၈ နာရီခွဲသောအခါ သူငယ်တလေးတစ်ယောက်သည် အခန်းထဲသို့
ပြေးဝင်လာ၍ ကိုစိန်လွင် လက်ထဲသို့ ငွေ ၁ကျပ်ထည့်ပြီးနောက် -

"ကျွန်တော့်အစ်ကိုက ဒီငွေ ၁ ကျပ်ပဲ ယူထားပါဦးတဲ့ခင်ဗျ"

"မင်းက ကိုသွယ်နှံညီလား"

"ဟုတ်တယ် ခင်ဗျ"

"သူ နှစ်ကျပ်ပေးမယ်လို့ သေသေချာချာ ပြောပြီးသားပဲကွယ်"

"ဟုတ်တယ် ခင်ဗျ။ နို့ပေမဲ့ ဈေးရောင်းမကောင်းလို့ ဒါပဲယူပါဦးလို့ မှာ
လိုက်ပါတယ်"

www.burmeseclassic.com



"အေးကွယ် ကောင်းပြီ၊ ကျေးဇူးတင်ပါတယ်။ မင်းအစ်ကိုကိုပြောလိုက်တော့"

သူငယ်ကလေး ထွက်သွားသောအခါ ၉ နာရီထိုးရန် ၁၅ မိနစ်မျှသာ တော့သည်ဖြစ်၍ နှုတ်သီးကောင်းသော တိုက်ရှင်အဖေါ်ကြီးအား ယခုတစ် တွင် တတ်နိုင်သမျှတောင်းပန်ရတော့မည်ဟု အောက်မေ့ကာ လမ်းထိပ်သို့ ထ်ပြေလက်ပျောက် ထွက်ခဲ့ပြီးလျှင် လက်ဖက်ရည်သောက်ပြီးနောက် အိပ်ခန်း သို့ပြန်ခဲ့လေ၏။

မြို့စားများ ပျက်ကွက်တတ်သလောက် မြို့ရှင်တို့သည် အချိန်မှန် တတ်သည်ဖြစ်ရာ အိမ်ရှင်မိန်းမကြီးသည် ကိုစိန်လွင်၏ အခန်းသို့ ၉ နာရီ ၅ မိနစ် ၌ ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်၍ လာခဲ့လေသည်။

"ဘယ့်နှယ်လဲမောင်၊ ဒီတစ်ခါ ပျက်ဦးမှာလား"

"အားနာစရာတော့ ဖြစ်နေပြီကော ဒေါ်ဒေါ်၊ လူတစ်ယောက်က ကျွန် တို့အပေါ်မှာ စကားဖျက်တော့ ကျွန်တော်ကတစ်ဆင့် ဒေါ်ဒေါ့်အပေါ်မှာ ဖျက်ရ ပဲ ဒေါ်ဒေါ်ရဲ့"

"လူတစ်ယောက်စကားဖျက်တာ မဖျက်တာ အဒေါ်နားမလည်ဘူးလေ။ င်လက ကျန်တဲ့ ငွေ ၁၀ သာ မပေးဘူးပေးမယ် ပြောပါ"

"အခုပြောပြီကော ဒေါ်ဒေါ်၊ ဟိုလူ့ဆီကရမှ ဒေါ်ဒေါ့်ငွေကို ကျွန်တော်ပေး ာပဲ ဒေါ်ဒေါ်ရဲ့"

"ကိုင်း မောင်စိန်လွင်၊ ဒေါ်ဒေါ်တစ်ခု ပြောမယ်"

"ပြောပါ ဒေါ်ဒေါ်"

"မင်း ဒီလိုချည်း ရက်ချိန်းပေးနေတာ ၄ ခါရှိပြီကွယ့်"

"မှန်ပါတယ်ခင်ဗျ"

"ဒီတစ်ခါနောက်ဆုံးပဲကွယ့်နော်၊ ဒီကနေ့ည ၁၀ နာရီတို့ အဒေါ် ခဲ့မယ် ကြားလား"

"နက်ဖြန်ထိအောင်တောင် မဆိုင်းနိုင်တော့ဘူးလား ခင်ဗျာ"

"မဆိုင်းတော့ဘူးဟေ့၊ နက်ဖြန် မနက်ကျရင် ရုံးတင်တော့မယ်။ ဒီဟာ တ်ဆုံးပဲ"

www.burmeseclassic.com



အိမ်ရှင်အဒေါ်ကြီး ဆင်းသွားပြီးနောက် ကိုစိန်လွင်သည် စဉ့်အိုးတန်းသို့ သွားပြီးလျှင် ဦးဘထွားထံမှ ငွေ ၁၀ ကို တောင်းလေ၏။ ထိုအခါ ဦးဘထွားက ဗိုဗိုမှာ စကားပျက်ရသည့်အတွက် အထူးဝမ်းနည်းကြောင်း၊ ပွဲစားဟု အမည်ခံ၍ အလုပ်လုပ်နေသော်လည်း တစ်ခါတစ်ရံ ငွေ ၁၀ပင် အလွန်ခဲယဉ်းကြောင်း၊ ယခု ညတွင် မည်သည့်နည်းနှင့်မျှ မရနိုင်ကြောင်း၊ သို့သော် နောက်တစ်နေ့ညတွင် ဆက်ဆက်ရမည့်အကြောင်းပြောဆို တောင်းပန်လွှတ်လိုက်ရာ ကိုစိန်လွင်လည်း စိတ်ပျက်ပျက်နှင့် အိမ်သို့ပြန်ခဲ့လေ၏။

နံနက်စာ စားသောက်ပြီးနောက် ကိုစိန်လွင်သည် ဝတ္ထုမျက်နှာဖုံးအတွက် စ၍ ရေးဆွဲလေရာ စိတ်ကူးဖြင့် လုပ်ရသော အလုပ်တို့မည်သည် စိတ်လက်ပျော်ရွှင်မှသာ လက်က ပါတတ်သည့်အတိုင်း စိတ်ထင်သလောက် မပေါက်ဘဲ ရှိနေသည်ကို တွေ့ရသဖြင့် ပက်လက်ကုလားထိုင်တစ်လုံးပေါ်တွင် ပစ်လှဲကာ စီးကရက်တစ်လိပ်ကို မီးညှိသောက်ပြီးနောက် အကြံထုတ်လျက် ရှိနေလေ၏။

အကယ်၍ ဝတ္ထုအတွက် မျက်နှာဖုံးကို ညနေ၌ အပြီးရေးဆွဲပေးနိုင်စေကာမူ ကိုသွယ်သည် ကျန်ငွေကို ပေးနိုင်မည် မဟုတ်ချေ။ ကိုသွယ့်ထံမှ ငွေရသော်လည်း အိမ်လခပေးရန် မလောက်သေးကြောင်းကိုလည်း စဉ်းစားမိလေ၏။

ထိုအချိန်တွင် အကြံတစ်ခုရသည်နှင့် မိမိနှင့် အခန်းချင်းကပ်လျက်နေသော အခန်း၌ စာရေးကြီး ဦးဘမောင်ထံ သွားပြီးလျှင် တစ်ဆယ်တန် ငွေစက္ကူတစ်ချပ်မှ အတွင်းစာလုံးများကို ပုံတူရေးဆွဲရန်ဟု အကြောင်းပြပြီးလျှင် ခေတ္တတောင်းရာ ဦးဘမောင်လည်း ငွေစက္ကူအသစ်တစ်ချပ်ကို ချောမောစွာ ပေးလိုက်လေ၏။ ထိုအခါ ကိုစိန်လွင်သည် အခန်းတံခါးများကို လုံခြုံအောင် ပိတ်ပြီးနောက် ဘင့်ခေါ်ငွေစက္ကူနှင့် အတူဆုံး အကောင်းဆုံးစက္ကူတစ်ချပ်ကို တစ်ဆယ်တန်နှင့် အတိအကျတိုင်း၍ ဖြတ်ပြီးလျှင် ၎င်းအပေါ်၌ တစ်ဆယ်တန် ငွေစက္ကူနှင့် တူအောင် ကူးယူရေးဆွဲလျက် ရှိလေ၏။

ဝတ္ထုရေးဆရာနှင့် ပန်းချီဆရာတို့မှာ ငွေကိုဖန်ပြ၍ ခိုင်းစေခြင်းခံရသော အခါ၌လည်းကောင်း၊ ထိုက်တန်သလောက် အဖိုးစားနားရသော အခါတို့၌လည်းကောင်း၊ လွန်စွာပင် စိတ်ပါလျက် မိမိတို့၏ လက်စွမ်းကို အစွမ်းကုန် ပြတတ်ကြမြဲဖြစ်လေရာ ကိုစိန်လွင်သည်လည်း တစ်နေ့လုံး စိတ်ပါလက်ပါ ကူးယူ



www.burmeseclassic.com

www.burmeseclassic.com



ရေးဆွဲလျက် ရှိနေလေ၏။ အရောင်စပ်ရာ၌ပင် အလွန်သတိပြု၍ မတူတူအောင် တတ်နိုင်သမျှကြိုးပမ်းလျက် ရှိလေသည်။

နေ့လယ်သို့ရောက်သောအခါလက်ဖက်ရည်သောက်ရန်ကိုပင် သတိမရတော့ ဆက်လက်ရေးဆွဲပြန်ရာ ညနေ ၆ နာရီထိုးသောအခါ အနည်းငယ် အရောသပ်ရုံမျှသာ ကျန်တော့၏။ ထို့နောက် ညစာကို လျင်မြန်စွာ စားသောက်ပြီးလျှင် မိမိရေးဆွဲသော ပုံတူစက္ကူကို နောက်ဆုံးအရောသပ်လျက်ရှိရာ ည ၈ နာရီထိုးသောအခါ၌ကားငွေစက္ကူအစစ်နှင့်တစ်သဝေမတိမ်းတူလှသောငွေစက္ကူ တစ်ချပ်ကို ရရှိလေ၏။ ထိုအခါ ကိုစိန်လွင်သည် ဦးဘမောင်၏ ၁၀ တန်စက္ကူကို ပြန်၍ ပေးလိုက်ပြီးနောက် မိမိ၏လက်စွမ်းကိုချီးမွမ်း၍ မကုန်နိုင်အောင် ရှိလေသည်။ ငွေစက္ကူအစစ်နှင့်တူအောင် အဖျားများကို အနားသတ်ပုံ၊ ရေစာကို ငရဲမီးဆေးတစ်မျိုးဖြင့် ထည့်နိုင်ပုံတို့မှာ အံ့ဩလောက်ပေ၏။

၉နာရီနှင့်၅မိနစ်ခန့်၌တံခါးကိုခေါက်သံကြားသဖြင့် ဖွင့်လိုက်ရာအချိန်မှန်လှသော အိမ်ရှင်မိန်းမကြီးနှင့် တံခါးဝတွင် ပက်ပင်းပါ တိုးမိလေသည်။

"အဆင်သင့်လိုက်တာဒေါ်ဒေါ်ရယ်။ ကျွန်တော်ပြောတဲ့လူအခုတင်ကပဲ လာပြီး ငွေပေးသွားတယ်"

"ကောင်းပါလေရဲ့ကွယ်"

"ရော့ ဒေါ်ဒေါ်"

အိမ်ရှင်မိန်းမကြီးသည်ကိုစိန်လွင်ပေးသောငွေစက္ကူကိုခေါက်၍အင်္ကျီအိတ်ထဲသို့ ထည့်လိုက်ပြီးလျှင် တိုက်ပေါ်မှ ဆင်းသွားလေရာ ကိုစိန်လွင်မှာ ရယ်လည်းရယ်ချင်၊ အစိုးရအပြစ်ဒဏ်ကိုလည်း ကြောက်ရွံ့ကာ အမျိုးမျိုးတွေးတောရင်း ရင်ထဲတွင် တထိတ်ထိတ်နှင့် ကျန်ရစ်ခဲ့လေ၏။

ထိုအချိန်သည်ကား ပူအိုက်သော နွေရာသီဖြစ်သဖြင့် ကိုစိန်လွင်မှာ အအိပ်နိုင်သေးဘဲ အိမ်ရှေ့ ပြတင်းပေါက်များကိုဖွင့်ကာ စီးကရက်တစ်လိပ်ကို သောက်ရင်း လမ်းဘက်သို့ကြည့်နေစဉ် လန်ချားတစ်စီးသည် တိုက်ရှေ့သို့ဆိုက် လာပြီးနောက် ပွဲစားဦးဘထွားသည် အခန်းတွင်းသို့ ဝင်လာလေ၏။

"ဘယ့်နှယ်လဲ အတော်တောင် ညဉ့်နက်သွားပြီ၊ ဘယ်တုန်းကလဲ လာလဲဦးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မောင့်ငွေကလေးပေးရအောင် တမင် ဝင်လာခဲ့တာပဲ မောင်ရှေ့ နို့ မောင်က ဒီကနေ့ည အင်မတန် အသုံးလိုတယ်ဆို"

"မှန်ပါတယ်ခင်ဗျာ"

"ရုပ်ရှင်ကအပြန် ငွေ ၁၀ ရစရာရှိတာနဲ့ ဝင်ပြီးတောင်းတာ အခန့်သင့်ပဲ ရလာတော့ မောင့်မှာလည်း အင်မတန် အသုံးလိုနေတယ်ဆိုတာနဲ့ နက်ဖြန်ထိ အောင် မဆိုင်းတော့ဘဲ လမ်းလည်းကြုံတာနဲ့ ဝင်လာတာပဲ မောင်ရှေ့"

"ကျေးဇူးတင်ပါတယ်ဦးရယ်"

"ဦးက လက်ထဲငွေရှိရင် မနေတတ်ဘူး မောင်ရဲ့ ပေးစရာရှိရင် ပေးရမှ စိတ်အေးတယ်။ ရော့ မောင့်ငွေတစ်ဆယ်"

ဦးဘထွားသည် ၁၀ တန် ငွေစက္ကူတစ်ချပ်ကို ကိုစိန်လွင်လက်သို့ လှမ်းပေးလိုက်၏။ လက်ထဲသို့ ငွေစက္ကူရောက်သည်နှင့် တစ်ပြိုင်နက် ထိုစက္ကူမှာ အိမ်ရှင်အဒေါ်ကြီးအား မိမိပေးလိုက်သော ငွေစက္ကူအတုဖြစ်ကြောင်း ချက်ချင်း ပင် သိလိုက်လေသည်။

သို့သော် ကိုစိန်လွင်သည် တစ်စုံတစ်ရာ မပြောဘဲ ငွေစက္ကူကိုသာ ရုပ်အင်္ကျီအိတ်ထဲသို့ ထည့်ထားလိုက်ပြီးနောက် -

"ဟုတ်တယ်ဦးရဲ့၊ ငွေများဟာ ကိုယ်က ရစရာရှိရင် ဂျီရိ ဂျာရိနဲ့ တော် တော်နဲ့ မရနိုင်ဘူး။ ပေးစရာရှိရင်သာ မျှောမျှောခါခါ ပေးလိုက်ရတာ"

"ဟုတ်တယ်မောင်၊ ဒီလိုပါပဲ၊ အခုလည်း မိန်းမတစ်ယောက်ကမြင်းကျွေး ဖို့ ကျုပ်ဆီက ကုလားပဲဝယ်တာ တစ်လကျော်လောက်ရှိပြီ။ ငွေ ၁၀ ကျန်နေတာ အခုညမှပဲ ရခဲ့ပေတော့တယ်။ ဒီမိန်းမက အင်မတန်လက်ခက်တဲ့မိန်းမ မောင်ရဲ့ သူ့က ရစရာရှိရင်လား အစိမ်းဝါးပြီး စားတော့မယ့်အတိုင်းပဲ"

"ဘယ်က မိန်းမကြီးလဲခင်ဗျ"

"မောင်တို့နေတဲ့ တိုက်ရှင် ကုလားမကြီးပေါ့။ ကုလားသူဌေး စူလတန် ရဲ့မိန်းမလေ"

"ဩော်"

"ကဲ ဦး ပြန်ဦးမယ်"

"ကောင်းပါပြီခင်ဗျာ၊ ကျေးဇူးတင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ပွဲစားကြီး ဦးဘထွားပြန်သွားပြီးနောက် ကိုစိန်လွင်သည် မိမိအိတ်ထဲ ဆောင် ထည့်ထားသော ငွေစက္ကူခေါက်ကလေးကို ထုတ်ယူလိုက်ပြီးနောက် “ကြံ ဖန်ဖန်ဖြစ်မှဖြစ်တတ်လေကွယ်၊ အင်းလိမ်တယ်ဆိုတာ နောက်ဆုံးကျတော့ ကိုယ့်ပြန်ထိတတ်စမြဲပဲ။ သံသရာလည်တယ်ဆိုတာလည်း ဒါမျိုးပဲ ထင်ပါရဲ့။ တ်ခေတဲ့ ငနဲမွဲတာပဲ ကောင်းတယ်”

ကိုစိန်လွင်သည်ပက်လက်ကုလားထိုင်ပေါ်သို့ကိုယ်ကိုပစ်လှဲကာသက် ပြင်းတစ်ချက်ချလိုက်ပြီးနောက် ငွေစက္ကူခေါက်ကလေးကို အစိတ်စိတ်အမြှာမြှာ ဆုတ်ပစ်လိုက်လေသည်။

ငွေတာရီ၊ မေလ၊ ၁၉၆၉

www.burmeseclassic.com

www.burmeseclassic.com

## စိတ်ကိုနိုင်သောစိတ်

လူတို့မည်သည် မိမိတို့တစ်သက်တွင် အနည်းဆုံး တစ်ကြိမ်မျှမတော် တဆသော်လည်းကောင်း၊ အလုပ်အကိုင်၏အခြေအနေအရသော်လည်းကောင်း အသက်အန္တရာယ်နှင့် အနီးကပ်ဆုံးနေရာကို ရောက်ခဲ့ရသည့် အဖြစ်အပျက် ထူးထူးမျိုးမျိုးကို တွေ့ကြုံတတ်ကြရာ မောင်အံ့မောင် တွေ့ ကြုံဖြစ်ပျက်ခဲ့ပုံမှာ ဤ စာရင်းတွင် ထည့်သွင်းထိုက်ပါပေသည်။

သေမင်း၏ ခံတွင်းမှ သီသီကလေး လွတ်ကင်းခဲ့ရသူများမှာ မိမိတို့၏ ဉာဏ်ကိုဖြစ်စေ၊ ခွန်အားဗလကိုဖြစ်စေ အစွမ်းကုန် ထုတ်တတ်စမြဲဖြစ်၏။ ထိုအခါ မျိုး၌ လူတစ်ယောက်၏ ကာယဗလ၊ ဉာဏဗလ၊ သတ္တိဗလတို့သည် အမြင့်ဆုံး သော အဆင့်အတန်း ဒီဂရီသို့ တက်လာပြီးလျှင် မိမိ၏ အသက်တစ်ချောင်းကို အစွမ်းကုန် ကာကွယ်တတ်လေသည်။ ယင်းကဲ့သို့ အခြေအနေမျိုး ရောက်သော အခါမိမိ၏ဉာဏဗလကိုအစွမ်းကုန်စေစား၍သော်လည်းကောင်း၊ ကာယဗလကို အစွမ်းကုန် အားထုတ်၍သော်လည်းကောင်း၊ နစ်ခုစလုံးကို ဖျစ်ညှစ်၍ထုတ်ကာ သေမင်း၏ လက်တွင်းမှ လွတ်မြောက်အောင် ရုန်းထွက်နိုင်ခဲ့ကြ၏။ သို့သော် မောင်အံ့မောင်၏အတ္ထုပ္ပတ္တိကို ဖတ်ပြီးသည့်နောက် စာဖတ်သူများသည် ထိုနည်း လမ်း ၂ ခုတွင် အခြားနည်းလမ်းများ ရှိလေသေးသလားဟု သံသယဖြစ်ကောင်း

www.burmeseclassic.com



ချစ်ပိပေလိမ့်မည်။

မောင်အုံမောင်သည်အထက်မန္တလေးသားဇာတိဖြစ်၍၊ပထမကမ္ဘာစစ်ကြီးအတွင်း၌မော်တော်ကားတစ်တွင် ၂ နှစ်ကျော်ကျော်မျှစစ်မှုထမ်းခဲ့ဖူး၏။ စစ်ကြီးပြီး၍မြန်မာပြည်သို့ပြန်လည်ဆိုက်ရောက်လာသောအခါမောင်အုံမောင်မှာ ဗိုလ်၏စစ်ပညာ၊ မိဂ်၏စွမ်းရည်သတ္တိ၊ မိမိ၏ဆယ်တန်းအောင်သောပညာအရည်အချင်း၊ မိမိ၏ အားခွန်ဗလတို့နှင့် ပုလိပ်ဘက်တွင် အင်စပိတ်တော် ရာထူးကိုမျှော်လည်း ဖြင်းပယ်ကာ အသက်အာမခံကုမ္ပဏီတစ်ခုတွင် ကိုယ်စားလှယ်အလုပ်ကို ဝင်လုပ်ခဲ့လေသည်။ အလုပ်ဝင်၍ ၆ လခန့်မျှရှိသောအခါ သူသည်အဖွဲ့တစ်ခုနှင့် ယခင်က မရောက်ဖူးသော ပြည်မြို့သို့ ရောက်ရှိလာပြီးလျှင် လမ်းတော်ရှိ ကွမ်းလုံ ဟိုတယ်တွင် တည်းခိုနေထိုင်လျက် ရှိ၏။

ပြည်မြို့သို့ မောင်အုံမောင် ရောက်လာသောနေ့မှာ တပေါင်းလဆန်း ရက်နေ့ဖြစ်၍၊ ထိုနေ့မှာ ရွှေတောင်မြို့ရွှေနတ်တောင်ဘုရားပွဲတော်ရက်ဖြစ်ရကား ပြည်မြို့မှ မြို့သူမြို့သားများသည် ကိုယ်ပိုင်ကားများ၊ ဘတ်စ်ကားများ၊ မြင်းလှည်းများ၊ စက်ဘီးများဖြင့်၊ ဥဒဟို သွားရောက်လျက်ရှိကြကုန်၏။ ရွှေတောင်မြို့မှာ ပြည်မြို့နှင့် ၈ မိုင်မျှသာ ဝေးသဖြင့် ခြေကျင်သွားရောက်သူများ၊ လှည်းကြမ်းကြီးများ ထမင်းမြိန်စားသဘော သွားရောက်သူများလည်း မနည်းလှချေ။ ယခုနှစ် ဘုရားပွဲတော်မှာ ဦးဘိုးစိန်ကြီး ဇာတ်ကလည်း ကပြနေသဖြင့် အထူးစည်ကားလေ၏။

ထိုဘုရားပွဲတော်သို့ပြည်မြို့မှသွားရန်အကောင်းဆုံးအချိန်မှာညနေခင်း ဖြစ်၍ ဘုရားပွဲတော်၌ ညဉ့်ဦးယံ လည်ပတ်ပြီးသော် ည ၉ နာရီ ၁၀ နာရီခန့်တွင် ပြန်လာ့ရှိကြ၏။ အချို့လည်း ပွဲကို ညလုံးပေါက်ကြည့်ပြီးလျှင် နံနက်လင်းမှ ပြန်ခဲ့ကြ၏။ မောင်အုံမောင်သည်ညနေ ၄ နာရီခန့်တွင်ဘတ်စ်ကားဖြင့်သွားရောက်ပြီးနောက်ည ၁၀ နာရီကျော်ကျော်လောက်၌ဘတ်စ်ကားနှင့်ပင်ပြန်ခဲ့လေသည်။ အပြန်၌ ဘတ်စ်ကားသည် စက် ရုတ်တရက် ချို့ယွင်းကာ ရပ်သွားလေရာ ဒရိုင်ဘာသမားသည် အစွမ်းကုန်ပြင်ဆင်သော်လည်း စက်မှာ နိုးမရချေ။

ထိုအခါ ခရီးသည်များသည် ဓ အောက်သို့ ဆင်းကြ၍ နေရစ်ကြပြီး ကျန်ခရီးသည်မြင်းလှည်းကြုံများဖြင့်ပြန်ကြလေ၏။ ထိုနေရာမှာပြည်မြို့တောင်ဘက်



www.burmeseclassic.com

www.burmeseclassic.com



နို့မိချောင်းရဲရွာကလေးနှင့်များစွာမဝေးလှတော့ပြီဖြစ်ရကား၊ မောင်အံ့မောင်မှာ အဖော်တစ်ယောက်ရသဖြင့် ခြေကျင်လျှောက်ခဲ့လေသည်။ သို့သော် အဖော်မှာ မိချောင်းရဲရွာအဝင်ဝတွင် မြင်းလှည်းဖြင့်လိုက်ပါသွားသဖြင့် တစ်ယောက်တည်းသာ လျှောက်လာခဲ့ရ၏။

ဘတ်စ်ကားသည် နတ်မော်ရွာမှ ထွက်သည့် အချိန်ကစ၍ မိုးအနည်းငယ်အုံ့လျက်ရှိရကား မိချောင်းရဲရွာသို့မောင်အံ့မောင် ဝင်ခါနီး၌ မိုးသားများသည် တောင်ဘက်ဆီမှ အလိပ်လိုက် တက်လာပြီးနောက် သာယာသော လရောင်ကလေးကို တစ်ခါတည်း ဖုံးလွှမ်းသွားလေ၏။ အနောက်မြောက်ဘက်ဆီမှ လေကလေးတစ်ချက် သုတ်၍လာပြီးလျှင် လေနှင့်အတူ မိုးဖွဲကလေးများကျ၍ လာလေရာ ထိုအခါ၌ကား ရွှေတောင်ဘက်မှလာသော ဘတ်စ်ကားနှင့် မြင်းလှည်းများမှာ လှုပြည့်၍လာသဖြင့် မောင်အံ့မောင်မှာ မိချောင်းရဲရွာသို့ဖြတ်ကာ မိုးဖွဲထဲ၌ပင် ခပ်သုတ်သုတ် လျှောက်ခဲ့ရလေ၏။

တစ္ဆေခြောက်သည်ဟု မိမိပြောသံကြားဖူးသည့်မိချောင်းရဲသချိုင်းဇရပ်ရှေ့သို့ရောက်သောအခါ မောင်အံ့မောင်မှာ နဂိုက ကြောက်စိတ်ရှိသူတစ်ယောက် မဟုတ်သော်လည်း၊ မိမိငယ်စဉ်က ကြားဖူးသော တစ္ဆေသရဲများအကြောင်းကို အမှတ်ရကာ ဇရပ်ဘက်သို့ နစ်ကြိမ်သုံးကြိမ်မျှ လှည့်၍ကြည့်မိ၏။ သို့သော် မှုန်ဖျားသော လရောင်အောက်တွင် အုံ့မှိုင်းသော ကောင်းကင်ကို နောက်ခံထားကာ ခပ်မည်းမည်းထင်နေသော ဇရပ်ခေါင်မိုးများမှတစ်ပါး အခြားတစ်စုံတစ်ရာ မမြင်ရသဖြင့် စိတ်ထဲတွင် အေး၍သွားလေသည်။

ရွှေသို့ အတန်ငယ်လျှောက်သွားမိသောအခါ ဧရာဝတီမြစ်ဘက်သို့ မျက်နှာမူကာ တောင်ခြေကို ကျောပေး၍ ဆောက်ထားသော ခြံကြီးများနှင့် အိမ်များကို မြင်ရ၏။ ထိုအချိန်၌ မိုးသည် မတိတ်သေးဘဲ မိုးသက်လေကလေးပါရော၍တိုက်ခတ်လာသဖြင့် မောင်အံ့မောင်မှာ ဝတ်ကောင်းစားလှနှင့်ဖြစ်သောကြောင့် အခန့်သင့်က တစ်နေရာရာတွင် မိုးခိုဦးမည်ဟု စိတ်ထဲက အောက်မေ့မိ၏။ သို့ရှိစဉ်ခြံကြီးတစ်ခြံအတွင်းရှိအိမ်တစ်အိမ်မှမီးလက်လက်မြင်သဖြင့်မောင်အံ့မောင်သည် မီးရောင်မြင်ရာသို့ စွပ်၍ဝင်သွားမိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မောင်အုံ့မောင်သည် အိမ်ထဲသို့ဝင်ခဲ့ရာ လူကြီးတစ်ယောက်တမောင် အုံ့မောင်အား နေရာထိုင်ခင်းများ ပေးလေ၏။ အိမ်မှာ နှစ်ထပ်တိုက်အိမ်တစ်လုံး ဖြစ်၍ အတွင်း၌ အတော်ကျယ်ဝန်းပြီးလျှင် အိမ်အိုတစ်လုံးပင် ဖြစ်သော်လည်း ထုပ်တန်း၊ ဒိုင်းများမှာ ကြီးမားတုတ်ခိုင်လှပေ၏။ လသာမှန်အိမ်ဟောင်းတစ်လုံး တို့ အစိမ်းရောင်ပြောင်းနှင့် ခပ်လင်းလင်းထွန်းညှိထားရာ အိမ်ကြီးမှာ တစ်မျိုး တစ်ဖုံအားဖြင့် ပျင်းရိ၊ ငြီးငွေ့ဖွယ် ကောင်းလှပေ၏။ အသက် ၅၀ ကျော်ခန့် လူကြီးတစ်ယောက်အပြင် အခြားအိမ်သူအိမ်သားဟူ၍ မမြင်ရဘဲ၊ အိမ်တစ်ခုလုံး မှာတိတ်ဆိတ်လျက်ရှိလေသည်။

လူကြီးသည် ထောင့်တစ်ထောင့်တွင်ရှိသော လေးထောင့်စားပွဲကို ဝိုင်းထားသည့် ကုလားထိုင်များကို ညွှန်ပြသဖြင့် မောင်အုံ့မောင်သည် ကုလား ထိုင်တစ်လုံးတွင် ဝင်၍ထိုင်လေ၏။

လူကြီးမှာ အသက် ၅၀ ကျော် ၆၀ တွင်း ရှိလိမ့်မည်ဟု ခန့်မှန်းရ၍ ပါး ရေများတွန့်လိပ်ကာ နဖူးထက်ဆံစတွင် အချို့နေရာ၌ အဖြူရောင်သန်းလျက် ရှိ နေသည်မှတစ်ပါး ပြည့်ဝသော မျက်နှာနှင့် ကျယ်ဝန်းမြင့်တက်သော နဖူးရှိ၏။

အိမ်နံရံတွင်ကပ်လျက် မှန်ဗီရိုကြီးများရှိရာ အချို့ဗီရို၌ မှန်များကွဲလျက် ရှိနေသော်လည်း အတွင်း၌ထားသော ပစ္စည်းများမှာ အဆန်းတကြယ် ပစ္စည်းများ ဖြစ်၍ အဖိုးထိုက်တန်ဟန် လက္ခဏာရှိ၏။ ၎င်းတို့မှာ ဆေးစိမ်၍ထားသော အကောင်များ၊ ကျောက်ပန်းကျောက်ခက်နှင့် ငါးပုစွန်များ ထူးဆန်းသော သစ်သီး များဖြစ်၏။ အခြားဗီရိုတစ်လုံးတွင် ကျောက်များစီခြယ်ထားသည့် ဓားအမျိုးမျိုး လှံသွားအမျိုးမျိုး ရှိနေကြ၏။ အခြားနေရာများ၌လည်း စင်များပြုလုပ်ကာ အထူး အဆန်းပစ္စည်းမှန်သမျှကို အလှပြ တင်ထားလေသည်။

မောင်အုံ့မောင်သည် ခေါင်းရင်းဘက်တွင် စင်မြင့်တစ်ခုပေါ်၌ ပလ္လင်နှင့် ဆင်ထားသည့် အစိမ်းရောင် ဆင်းတုတော်တစ်ဆူအနီးသို့ကပ်ကာ ဖူးမျှော် ကြည့်ရှုလျက်ရှိ၏။

"ဒါက မြဘုရားဆိုတာပေါ့ မောင်ရဲ့။ ယိုးဒယားပြည်က မြဘုရားနဲ့ပုံစံ ဆုထားတာ"

"သိပ်ကြည်ညိုစရာ ကောင်းတာပဲခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီဘက်စီရိကိုကြည့်ဦးလေ။ အပေါ်ထပ်က လှံသွားက အိမ်ရှေ့ဘုရားကိုယ်တော်ကိုင်တဲ့ လှံသွားပေါ့။ မြင်ကွန်းမင်းတပည့် ဗိုက်ကြီးတို့အဆက်အနွယ်ထဲက မနည်းရအောင်ကြံဖန် ဝယ်ယူခဲ့ရတယ်"

"ဓားမြှောင်ကကောခင်ဗျာ"

"မြင်ကွန်းမင်းသားကြီး ဆောင်တဲ့ ဓားမြှောင်လေ၊ ဒီဟာကတော့ မဝယ်ရပါဘူး။ ဆေးဝေါင်းမြို့ (ဗီယက်နမ်နိုင်ငံ ဆိုင်ဂုံမြို့) က မိတ်ဆွေတစ်ဦးကိုလက်ဆောင်ပေးလို့သူ့ဆီကတစ်ဆင့်ကျုပ်ကဓားပြတိုက်ယူခဲ့တာပါ။ အောက်ထပ်ကကတ္တီပါဖိနပ်က မြကလေးစီးခဲ့တဲ့ဖိနပ်၊ အလယ်ထပ်က သားမွေးအင်္ကျီက အချုပ်တန်းဆရာဖေ ဝတ်ခဲ့တဲ့အင်္ကျီ၊ ဒီဘက်က သားရေဖုံးထားတဲ့ စာအုပ်ကြီးက ကင်းဝန်မင်းကြီး ဘိလပ်သွားတဲ့အခါ ပထမရေးတဲ့ လက်ရေးမူပဲ။ အင်း မြန်မာဘုရင်များလက်ထက်က ရှေးဟောင်းပစ္စည်းတွေပေါ့လေ"

"တယ်စုံပါကလားခင်ဗျာ"

"စုံအောင်လည်းနှစ်ရှည်လများစုဆောင်းခဲ့တာကိုမောင်ရဲ့။ ဟိုဘက်စီရိထဲက ပစ္စည်းတွေကတော့ တယ်မကြာလှသေးပါဘူး။ အပေါ်ဆုံးထပ်က ကြိုးနှစ်ချောင်းက ဆရာစံနဲ့မင်းလောင်းမောင်သန့်ကို သတ်လိုက်တဲ့ကြိုးက အစကို နည်းနည်းစီ ဖြတ်ယူထားတာ၊ ဟိုဘက်က ခြောက်လုံးပြူး သေနတ်ပျက်ကလေးကတော့ စံဖဲရဲ့ပစ္စည်းပဲ၊ အမှုပြီးတဲ့နောက်မှ သူ့မယားဆီက တိတ်တိတ်ဝယ်ယူခဲ့ရတယ်၊ ဟိုဘက် အစွန်းဆုံးထောင့်မှာ သစ်ခေါက်ဆိုးရောင်ကြီးလိုလို တစ်ခုမြင်လိမ့်မယ်၊ အဲဒါလဲ သိလား"

"မသိပါဘူးခင်ဗျာ"

"ဗန္ဓုက ရသေ့ဆောင်းတဲ့ ဒေါက်ချာပေါ့မောင်"

"စုံလည်းစုံပါပေ့ခင်ဗျာ၊ အံ့လောက်ပါပေတယ်"

"ကဲ ရောက်တဲ့အခိုက် ကော်ဖီပူပူကလေး တစ်ခွက်လောက်တော့ သောက်သွားပါဦး မောင်"

"ဟာ အလကား ဒုက္ခရှာလို့ခင်ဗျာ"

"ဖျော်ပြီးသား အသင့်ရှိပါတယ် မောင်ရဲ့၊ ကိုယ်တိုင်တော့ မဖျော်ပါဘူး၊ မျက်စိက မမြင်လို့"



www.burmeseclassic.com

www.burmeseclassic.com



မောင်အံ့မောင်မှာ ထိုလူကြီး ရုတ်တရက် ပြောလိုက်သောစကားတို့ ...ဖြင့်ထယ်နိုင်အောင် ရှိလေသည်။

(အံ့အားသင့်လျက်) "ခင်ဗျာ"

"ကျုပ်က မျက်စိမမြင်ဘူးမောင်"

"ဒါပေမဲ့ မျက်လုံးကတော့"

"ကြောင်တောင်ကန်းကိုးမောင်ရဲ့။ ရုတ်တရက်ကြည့်တော့ လူကောင်း ...ပဲ"

ထိုနောက် လူကြီးသည် နောက်ဖေးဘက်သို့ သွားရောက်ကာ ကော်ဖီ ...ကို ယူခဲ့ပြီးလျှင် တစ်ခွက်ကို မောင်အံ့မောင်အားပေး၍ တစ်ခွက်ကို သူ ...တိုင်သောက်လေသည်။ နောက်ဖေးဘက်၌ကား မီးသွေးများဖြင့် ရဲရဲတောက် ...ရှိသော မီးဖိုကြီးကို မောင်အံ့မောင် မြင်ရ၏။

"ဦးက သိပ်ဒုက္ခရှာတာပဲကိုး ခင်ဗျ။ အိမ်ကလူတွေကိုခိုင်းရင်"

(စကားမဆုံးမီဖြတ်၍) "ဟာ ကျုပ်က တစ်ယောက်တည်း ဒီအိမ်မှာ ...တယ်။ ထမင်းကတော့ မိချောင်းရဲရွာကလေးက ထမင်းဆိုင်က အချိန်မှန်မှန် ...ပို့တာပဲ"

"ဦးကိုကြည့်ရတာ ကျွန်တော်ဖြင့် သိပ်ကရုဏာဖြစ်မိတာပဲ ခင်ဗျာ"

"မောင်က ဘာအလုပ်လုပ်သလဲ"

"အသက်အာမခံကုမ္ပဏီတစ်ခုမှာ ကိုယ်စားလှယ် လုပ်ပါတယ် ခင်ဗျာ။ ...တော်လည်း ဦးလိုပဲ တစ်ကိုယ်ရေ တစ်ကာယသမားပါပဲ"

"ဟန်ကျလိုက်လေ မောင်ရယ်။ ဒီလိုဖြင့် မောင် အေးအေးဆေးဆေး ...နိုင်တာပေါ့။ အပေါ်ထပ်မှာ အထူးအဆန်းတွေ ပြစရာ အများကြီး ကျန်သေး ...တယ်မောင်"

မောင်အံ့မောင်သည် စကားပြန်၍မပြောချေ။ ကော်ဖီကိုသာ သောက် ...ရှိလေသည်။ လူကြီးမှာ မျက်စိမမြင်သော်လည်း အိမ်တွင်းမှုကိစ္စများကို ...မြင်သောသူတစ်ယောက်ကဲ့သို့ စွမ်းဆောင်လုပ်ကိုင်နေနိုင်သည်ကို စိတ် ...တွင် အံ့ဩလျက်ရှိလေ၏။ ထိုအချိန်၌ မိုးဖွဲကလေးများကျဆဲ ဖြစ်သဖြင့် မိုး ...တိတ်မှပင် အေးအေးပြန်တော့မည်ဟု မောင်အံ့မောင် စိတ်ကူးမိ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုင်း ကိုင်း ရောက်တဲ့အခိုက် အပေါ်ထပ်ကို လိုက်ကြည့်စမ်းပါဦး။ မောင့်မှာ လက်နှိပ်ဓာတ်မီးတော့ မပါဘူးထင်ပါရဲ့"

"မပါဘူးခင်ဗျ"

"ဒါဖြင့် ဖယောင်းတိုင်ထွန်းခဲ့ပေတော့၊ ဟောဒီမှာ"

လူကြီးသည် မောင်အံ့မောင် ထိုင်နေသော ကုလားထိုင်အနီးရှိ စားပွဲအံဆွဲထဲမှ ဖယောင်းတိုင်များနှင့် မီးခြစ်ကို ထုတ်ပေးရာ မောင်အံ့မောင်သည် ဖယောင်းတိုင်တစ်တိုင်ကို ထွန်းညှိလေသည်။

"လာ လာ စောပါသေးတယ်။ ရောက်တဲ့အခါ စုံအောင် ကြည့်သွားတာပေါ့"

လူကြီးသည် တစ်ဆစ်ချိုး လှေခါးကို ရှေ့မှတက်သွားသဖြင့် မောင်အံ့မောင်သည် ဖယောင်းတိုင်ကို ထွန်းညှိကာ နောက်မှ လိုက်ပါသွားလေ၏။ အပေါ်ထပ်၌ကား၊ အပြင်ခန်းတွင် မှန်ဗီရိုဟောင်းကြီးတစ်လုံး၊ စားပွဲဟောင်းတစ်ခုနှင့် ကုလားထိုင် ၂ လုံးရှိ၏။ ထို့နောက် လူကြီးသည် မောင်အံ့မောင်အား အတွင်းခန်းသို့ခေါ်သွားလေသည်။ အခန်းတွင်း၌ကား တစ်ယောက်အိပ် သစ်သားခုတင်တစ်လုံးရှိ၍ အိပ်ရာခေါင်းတွင် စားပွဲဝိုင်းတစ်လုံးရှိ၏။ စားပွဲဝိုင်းပေါ်တွင် ကြွေးလင်ပန်းတစ်ချပ် တင်ထားလေသည်။

လူကြီးသည်စားပွဲကလေးကိုကိုင်ပြီးနောက် "မောင်ယူလာတဲ့ဖယောင်းတိုင် ဒီလင်ပန်းပေါ်မှာ ထွန်းထားပါလား။ ရော့ ဟောဒီမှာတောင် ဖယောင်းတိုင်တစ်တိုင် ပါသေးတယ်။ ပိုပြီးမြင်ရအောင် ၂ တိုင်ထွန်းလေ"

မောင်အံ့မောင်သည်လူကြီးပြောသည့်အတိုင်းပြုလုပ်လေ၏။ အခန်းမှာ အလျား ၁၅ ပေ၊ အနံ ၁၀ ပေ၊ အမြင့် ၁၂ ပေခန့်ရှိသော အခန်းကလေးဖြစ်၍ သံတိုင်များ စိုက်ထားသည့် ပြတင်းပေါက်ကလေး နှစ်ပေါက်ရှိ၏။ အိမ်ထောင်ပရိဘောဂဟူ၍ များစွာမမြင်ရသော်၊ ခုတင်ခြေရင်းတွင် အလျား ၅ ပေသာသာခန့်ရှိ သေတ္တာရှည်ရှည်တစ်လုံး ရှိ၏။ ကြမ်းများမှာ ဖုံအလိမ်းလိမ်းရှိနေပြီးလျှင် မျက်နှာကြက်တွင် ပင့်ကူမျှင်များ၊ ကျပ်ခိုးများဖြင့် ပြည့်နက်လျက်ရှိသည်ကို ဖယောင်းတိုင်နှစ်တိုင်၏ အလင်းရောင်ဖြင့် မြင်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ထိုင်လေ ခုတင်ပေါ်မှာပဲ ထိုင်ပါ။ အားနာစရာမရှိပါဘူး။ ဒါက ကျွန်ုပ်အိပ်ရာပဲ"

မောင်အုံ့မောင်သည် စကားပြန်၍ မပြောဘဲ ခုတင်နံဘေးရှိ အိမ်ထရံတွင် ဆွဲချိတ်ထားသော ပစ္စည်းများကို ကြည့်ရှုလျက် ရှိလေ၏။ ချိတ်ထားသော ပစ္စည်းများမှာ ငွေဓားအိမ်ဖြင့် ထည့်ထားသော ဓားလွယ်တစ်ခု၊ ဓားမြှောင်ရှာစ်ချောင်း အလွန်ကြီး၍ လှပသော လွယ်အိတ်ကြီးတစ်လုံး လေးတောင်ခန့်ရှည်သည့် ဒါးမြှောင်းတစ်ခုနှင့် ငုဝ်းနှင့်အတူ ကျည်တောက်တွင် ထည့်ထားသည့် အရင်းတွင် ငှက်မွေးများ တပ်ထားသော မြားများ၊ ဒူးလေးကြီးတစ်ချောင်းနှင့် မြားတစ်စင်း စသည်တို့ဖြစ်လေသည်။ ထိုပစ္စည်းများမှာ မြို့ထဲတွင် အလွန် မြင်ရခဲသော ပစ္စည်းများဖြစ်လေသည်။

"ဒီပစ္စည်းတွေကမကော အမိန့်ရှိပါဦးခင်ဗျ"

"ဓားလွယ်က ကရင်နီသွေးသောက်တစ်ယောက် လက်ဆောင်ပေးတာ။ ဒါနဲ့ လည်ပင်းပြတ်ခဲ့တာ လူ ၁၀ ယောက်မနည်းဘူးတဲ့။ ဒူးလေးနဲ့ ငှက်မွှတ်မြှောင်းကတော့ ကချင်နယ်စပ်ရဲ့ ဟိုဘက်လဝများ အသုံးပြုတဲ့ ပစ္စည်းတွေပဲ"

"လွယ်အိတ်ကြီးကဖြင့် ကောင်းပါပေ့ခင်ဗျာ။ ဒီလိုဟာမျိုး တစ်ခါမှ မမြင်ဖူးဘူး။ ကချင်လွယ်အိတ်နဲ့ တူတယ်"

"ဆိုပါတော့လေ။ သို့သော် ရခဲ့တာကတော့ လဝနယ်က ရခဲ့တာ လဝနယ်စပ်က မြောက်ဘက်ကို တစ်နေ့ခရီးလောက်သွားတော့ အင်မတန်ရိုင်းတဲ့ လူတစ်မျိုးရှိတယ်။ လူမျိုးရဲ့နာမည်ကိုတော့ ဦးလေးလည်း မခေါ်တတ်ဘူး။ ဦးက ဒီလူရိုင်းတွေနဲ့ ၂ နှစ်တောင် နေခဲ့ဖူးတယ်"

"ဟုတ်လား ခင်ဗျာ။ ဘယ်လိုကြောင့်လဲခင်ဗျ"

"ကျုပ်ကို ဖမ်းထားလို့ပေါ့မောင်။ အဲဒီလွယ်အိတ်က သူတို့ဆီက ရခဲ့တဲ့ လွယ်အိတ်ပေါ့။ ခြောက်ဒါထက် မောင်က လွယ်အိတ်ကြီး လှတာသာ ချီးမွမ်းနေတာကို အထဲက ပစ္စည်းတွေမြင်ရင် ပိုပြီး အံ့သြဦးမယ်"

"ဘာပစ္စည်းများလဲ ခင်ဗျာ"

"မြင်တော့ သိလိမ့်မပေါ့လေ။ တစ်ဆိတ် မောင်ပဲ ဖြုတ်လိုက်စမ်းပါ လွယ်အိတ်ကို"



www.burmeseclassic.com

www.burmeseclassic.com



မောင်အုံ့မောင်သည် စုတင်ပေါ်တွင် မတ်တတ်ရပ်ကာ၊ လွယ်အိတ်ကြီး ကို ဖြုတ်ယူလိုက်ရာ၊ အတွင်း၌ လုံး၍ အတော်အတန် လေးလံသော အရာဝတ္ထု နှစ်ခု ပါရှိသည်ကိုတွေ့ရ၏။ ထို့နောက် အိမ်ရှင်လူကြီးလက်သို့ လှမ်းပေးလိုက် ၏။

"ထိုင်ပါထိုင်ပါ။ စုတင်ပေါ်မှာပဲ ထိုင်ပြီး ပြောကြတာပေါ့။ ကျုပ်အိမ်ရာမှာ အားနာစရာမရှိပါဘူး"

မောင်အုံ့မောင်သည် ထိုလူကြီး၏ ဖိတ်ကြားချက်အရ စုတင်ပေါ်တွင် အေးဆေးစွာ ထိုင်လိုက်၏။ လူကြီးသည် လွယ်အိတ်ထဲမှ ခပ်လုံးလုံးရှိသော အရာ နှစ်ခုကို ဖြည်းညင်းစွာ ဆွဲထုတ်လေရာ၊ မောင်အုံ့မောင်သည် ကြောက်လွန်းအား ကြီးသဖြင့် ကြက်သီးမွေးညင်းထကာ နောက်သို့ တွန့်ဆုတ်၍ သွားမိ၏။ အလုံး ၂ လုံးမှာ လူ၏ ဦးခေါင်းများဖြစ်၍ ဦးခေါင်းကြီးမှာ လိမ္မော်သီးခန့်ရှိပြီးလျှင် အငယ် မှာမူ ဘိလိယက်ဘောလုံးခန့်မျှသာ ရှိလေသည်။ ငယ်ပင်ငယ်သော်လည်း ဆံပင်၊ နဖူး၊ မျက်စိ၊ နှာခေါင်း၊ ပါးစပ်၊ နားရွက်မှစ၍ အင်္ဂါလက္ခဏာတို့မှာ အချိုးအစားအား ဖြင့် ပကတိလူ၏ ဦးခေါင်းပေတည်း။ ယုံမှားစရာမရှိပေချ။ မောင်အုံ့မောင်သည် ကြက်သေ သေလျက်ရှိ၏။

"ဟား ဟား ဟား ကြောက်သလားမောင်ရဲ့၊ ကိုင်ကြည့်လေ ကြည့်ပါ"

"ကျွန်တော် မကိုင်ဝံ့ပါဘူးခင်ဗျာ"

လူကြီးသည် သူ့အလိုအလျောက် ပြောဆိုနေဘိသကဲ့သို့ စကားကို စဉ်တိုက် ဆက်၍ ပြောလေသည်။

"စိတ်ထဲက သံသယဖြစ်မနေပါနဲ့မောင်။ လူ့ခေါင်းတွေအစစ်ပဲပဲ။ ဆေး စိမ်ပြီး ငယ်အောင်လုပ်ထားတာပါ။ နည်းကတော့ လွယ်ပါတယ်။ ကျုပ်ရှေ့မှာတင် လုပ်တာပဲ။ ခေါင်းကိုမဖြတ်ခင် ဦးရေကို ခွာလိုက်ရတယ်။ အထဲက ပုပ်သိုးမယ့် ဟာတွေထုတ်၊ သဲထည့်ပြီး အလိုက်သင့် ပြန်ချုပ်ရတယ်။ ကျန်တဲ့အလုပ်ကတော့ လွယ်ပါတယ်။ ကျောက်ခဲပူပူနဲ့နှိပ်အောင်တိုက်ပေးရုံပဲ။ အဲဒီတော့မှ သူ့အနေအထား ကျသွားတာကိုး။ ဒီခေါင်းအငယ်က ကလေးတစ်ယောက်ရဲ့ ခေါင်းပဲ။ လုပ်ရတာ ၃ နာရီလောက်ပဲ ကြာပါတယ်"

"ဒီလိုဆိုတော့ သူတို့က ကြည့်ဖို့ ခွင့်ပြုသလားခင်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ခွင့်ပြုလိမ့်မလဲမောင်၊ ဆေးရည်စိမ်တဲ့အိုးတွေတောင် လူမမြင်အောင် သစ်ရွက်တွေနဲ့ဖုံးပြီးထားတယ်။ အနားကို သူတို့ရဲ့မော်ဆရာကြီးတွေက လွဲပြီးဘယ်သူမျှမကပ်ရဘူး။ သူတို့လူမျိုးကရန်သူများရဲ့ခေါင်းကိုအစုလိုက်လုပ်လေ့ရှိတာပဲ"

"ဒါဖြင့် ဦးကို သူတို့က နှိပ်စက်သေးသလား"

"နာအောင် ကျင်အောင်တော့ မနှိပ်စက်ပါဘူး။ ဒါပေမဲ့ တောထဲမှာရှိတဲ့ သစ်ပင်ဆေးပင်တွေကို ကျိုထားတဲ့ အိုးထဲက ဆေးရည်တွေကိုတော့ အတင်းတိုက်ကြတယ်။ ဒါကြောင့်မို့ ဦး မျက်စိကွယ်သွားတာပေါ့"

"သိပ်ဝတုးဆန်းတာပဲခင်ဗျာ၊ လူ့ခေါင်းကိုများဆေးအတတ်နဲ့ငယ်အောင် လုပ်လို့ရတယ်ဆိုတာ ကျွန်တော်ဖြင့် ဒီတစ်ခါပဲ ကြားဖူးရတယ်"

"ဟုတ်ပါတယ်မောင်ရဲ့၊ ဒီခေါင်းတွေက ဒီမှာလုပ်ယူတာပဲ"

(ယခင်ကထက် အံ့အားသင့်လျက်) "ဒီမှာ ဟုတ်လားခင်ဗျ"

"ဟုတ်တယ် ကျုပ်ကိုယ်တိုင် လုပ်တာပေါ့။ ဒီမှာ ကျုပ်လိုချင်တဲ့ ပစ္စည်းတွေရတာပဲ။ ဥပမာကျောက်ခဲတွေဆိုတာပဲ။ ကျုပ်တို့ခြံနောက်ဖေးကတောင်ကြားမှာ လိုချင်တဲ့ ကျောက်ခဲတွေ ကျောက်တုံးကလေးတွေ၊ ဧရာဝတီမြစ်ကမ်းပါးမှာ လိုချင်တဲ့ ကျောက်ပြားကလေးတွေကို ရတယ်။ ပြီးတော့ လိုချင်တဲ့ ဆေးပင်တွေကို အရှေ့ဘက် မင်းကြီးတောင်ပေါ်မှာ အားလုံး ရနိုင်တာပဲ၊ ဘာလိုချင်သေးသလဲ"

"ဆန်းပါပေ့ခင်ဗျာ"

"ဆန်းဆို ကျုပ်က လူဆန်းတစ်ယောက်ကို မောင်ရဲ့ တစ်ချက် ဂရုစိုက်ရတာက ကိုယ်လုပ်လိုက်တဲ့ လူဟာ အစအနမပေါ်ဘဲ ခြေရာပျောက်ဖြစ်သွားဖို့ လိုတာပဲ"

"အလို ဘုရားဘုရား"

"ကျုပ်က လုပ်ချင်တာလုပ်တဲ့ လူတစ်ယောက်ပဲ မောင်ရဲ့ ကျုပ်လုပ်လိုက်ရင် အစအနမပေါ်ပါဘူး။ မလုပ်ရင်လည်းနေရော၊ လုပ်ရင်လည်းပိုင်လောက်မှလုပ်တာကို"



www.burmeseclassic.com

www.burmeseclassic.com



မောင်အုံ့မောင်သည် လူကြီး၏စကားများကို ကြားရသောအခါ မိမိသည်စိတ်မနှံ့သူ လူရူးကြီးတစ်ယောက်နှင့် ရင်ဆိုင်တွေ့နေပြီဟု အောက်မေ့မိ၏။ ဆို့သော် လူကြီးမှာ အသက် ၅၀ ကျော်ခန့်ရှိပြီး အင်အားချည့်နဲ့သော အရွယ်ဖြစ်သဖြင့် မိမိက စတင်၍ တစ်စုံတစ်ရာပြုလုပ်ရန် ကြောက်ရွံ့ဖို့လည်းမရှိချေ။ အကယ်၍ အားခွန်ဗလ ယှဉ်နိုင်သည်ထားဘိဦး။ မျက်စိမမြင်သော လူကြီးတစ်ယောက်သည် မိမိအား တစ်စုံတစ်ရာ တတ်နိုင်မည် မဟုတ်ချေ။ သူ၏ အရိပ်အခြည်ကို မိမိက စောင့်ကြည့်ရန်သာရှိလေသည်။ ခေါင်း ၂ လုံးကို တစ်လှည့်စီကိုင်ကာ လူကြီးသည် သူ၏စကားကို ဆက်ပြန်၏။

"ဟောဒီ အငယ်က ကလေးရဲ့ခေါင်း၊ ဒီအကြီးက မိန်းမတစ်ယောက်ရဲ့ခေါင်း။ ကျုပ်က တစ်စုံလိုချင်တာ မောင်ရဲ့ ယောက်ျားကြီး တစ်ယောက်ရဲ့ခေါင်း လိုသေးတယ်။ အခု မောင်ရောက်လာတာနဲ့တော့ အဆင်သင့်ပဲ"

"အလိုလေး ဘုရား ကယ်တော်မူပါ"

ပထမ၌မောင်အုံ့မောင်မှာ သံသယဖြစ်မိရုံမျှသာရှိသော်လည်း ထိုစကားကို ကြားရသောအခါမှ လူကြီးသည် တကယ်ပြောနေကြောင်း သိရဟန်တော့၏။ သို့သော်ယခင်က မိမိစိတ်ကူးထားခဲ့သည့်အတိုင်း လူကြီးအားတစ်စုံတစ်ရာကြောက်ရွံ့ရန် မရှိချေ။ အသက်ငါးဆယ်ကျော် မျက်မမြင်လူအိုကြီးတစ်ယောက်အား မိမိသည် အဘယ်ကြောင့် မနိုင်ဘဲ ရှိအံ့နည်း။ ဤလူကြီးကား ကောင်းသည်ဖြစ်စေ ရူးသည်ဖြစ်စေ မိမိအားတစ်စုံတစ်ရာ ပြုလုပ်တော့မည် ကဲ့သို့သော အခြေအနေသို့ ရောက်ရှိနေပြီဖြစ်ရကား၊ ပုလိပ်ထံ သွား၍ တိုင်ချက်ပေးခြင်းသာ အကောင်းဆုံး ဖြစ်တော့၏ဟု စဉ်းစားလိုက်မိ၏။

အချိန်လည်း များစွာ ညဉ့်မနက်သေးချေ။ ထိုအချိန်၌ မိုးလည်း စဲသွားပြီဖြစ်၍ ကြည်လင်အေးမြသော လရောင်ကလေးသည် ပြတင်းပေါက်မှ ထိုးဖောက်ဝင်ရောက်လျက်ရှိ၏။ အိမ်ကြီးမှာ ပြည် - ရန်ကုန် လမ်းမကြီးနှင့် ကိုက် ၃၀ ခန့်သာ ဝေးသဖြင့် လမ်းပေါ်မှ တစ်ခါတစ်ရံ ဘတ်စ်ကားများ မောင်းနှင်သွားသံကို ကြားရ၏။ ထိုမှတစ်ပါး ပတ်ဝန်းကျင်မှာ တိတ်ဆိတ်လျက်ရှိလေသည်။

သို့နှင့် မောင်အုံ့မောင်သည် ခုတင်ပေါ်တွင် ခြေကို တွဲလွဲချလျက် ထိုင်နေရာမှ၊ မတ်တတ်ရပ်ရန် ကြမ်းပြင်ပေါ်သို့ ခြေကို ထောက်လိုက်၏။ သို့သော် ခြေ



www.burmeseclassic.com

www.burmeseclassic.com



တား ကြမ်းပေါ်သို့ မရောက်ချေ။ ခြေကို ချ၍မရတော့ဘဲ သူ၏တစ်ကိုယ်လုံးမှာ ကြိုးများဖြင့် တုက်နှောင်ထားဘိသကဲ့သို့ ရှိနေသည်ကို တွေ့ရလေ၏။ မောင်အုံ့မောင်မှာ ထိုအခါမှ ကြောက်စိတ်များအတန်ငယ်ပေါ်၍လာတော့၏။ လူကြီးသည် မောင်အုံ့မောင်အား နံဘေးမှ လက်တစ်ဖက်ဖြင့် ညင်သာစွာ တွန်းလိုက်ရာ မောင်အုံ့မောင်မှာ အိပ်ရာပေါ်တွင် တစောင်းလဲကျသွားလေသည်။

လူကြီးသည် ရုပ်အင်္ကျီအိတ်ထဲမှ ငွေကြိုးတစ်ကုံးဖြင့် ဆွဲထားသော ခိုက်ဆောင် ငွေနာရီကြီးတစ်လုံးကို ထုတ်၍ကြည့်ပြီးနောက် -

"အချိန်မှန်သားဘဲ။ ၆ မိနစ်နဲ့ ၃၅ စက္ကန့်မှာ ခြေထောက်တွေ သေသွားမယ်၊ နောက် စက္ကန့် ၃၀ အကြာမှာ တစ်ကိုယ်လုံး တောင့်သွားမှာပဲ၊ ခုတင်ပေါ် အေးအေးပဲ လှဲနေလိုက်ပါမောင်"

ပြောပြောဆိုဆိုနှင့် လူကြီးသည် မောင်အုံ့မောင်အား ပက်လက်လှန်၍ လိုက်ကာ ဦးခေါင်းအောက်တွင် ခေါင်းအုံးနှစ်လုံးကို ထပ်၍ ထိုးပေးနေလည်း။ ထို့နောက် လူကြီးသည် တစ်ကိုယ်ထည်း ပြောသကဲ့သို့ ဆက်လက် ပြောလေ၏။

"အဆုံးမှာတော့ ဒီဟာ မောင်သောက်တဲ့ ကော်ဖီထဲ ခတ်လိုက်တဲ့ဆေး ပေါ့။ လဝနယ်စပ်မှာ ပေါက်တဲ့ ဆေးခြောက်ပင်တစ်မျိုးပဲ။ သူတို့ကတော့ သစ်ခွလို့ခေါ်ကြတယ်။ ပေ၅၀၊ ၆၀မြင့်တဲ့ သစ်ပင်ကြီးပေါ်မှာပေါက်ပြီး မနည်း တက်ယူရတယ်။ အချိန်ကလည်း သိပ်မှန်တာပဲ။ မှန်တယ်မမှန်တယ်သိရအောင် ဦးကိုယ်တိုင် စမ်းသောက်ကြည့်ဖူးတာကိုး မောင်ရဲ့။ ဝမ်းထဲရောက်သွားပြီး မိနစ် ၃၅ စက္ကန့်ဆိုရင် တန်ခိုးပြတာပါပဲ။ နို့ပေမဲ့ မောင့်ကိုယ်သာ ထိခိုက်တာ မောင့်စိတ်တန်ခိုးကို ထိခိုက်တာ မဟုတ်ပါဘူး။ သည်းခံပါမောင်ရယ် မကြာပါဘူး။ သူ့တန်ခိုးက အလွန်ဆုံးခံလှရင် ၂ နာရီပါပဲ။ ဒီအတွင်း ကိစ္စကောင်းပြီးနိုင်ပါတယ်"

မောင်အုံ့မောင်သည် အားယူ၍ ထရန်ကြိုးစားလျက်ရှိလေ၏။ သို့သော် တစ်တတ်နိုင်ဘဲ ရှိလေသည်။ တစ်ကိုယ်လုံးတွင် ကြွက်သားတစ်မျှင်ကိုမျှ လှုပ်ရှားနိုင်တော့ ရှိရာ၊ လျှာနှင့် နှုတ်ခမ်းများလည်း မရွေ့လျားနိုင်တော့ပြီဖြစ် ပြောသော်လည်း အသံမထွက်တော့ချေ။ မျက်စိကမြင်ရခြင်း ကြား

www.burmeseclassic.com



ရခြင်းနှင့်စိတ်ကသိရခြင်းအာရုံများသာကျန်ရှိတော့၏။ မောင်အုံ့မောင်မှာ ခွဲစိတ်ကုသရန် ထုံဆေးပေးခြင်းခံရသောသူတစ်ယောက်ကဲ့သို့ရှိနေလေသည်။ လူကြီးသည် ခေါင်းနှစ်လုံးပါသော လွှယ်အိတ်ကို နေသားတကျ ပြန်ချိတ်ထားလိုက်ပြီးနောက် မောင်အုံ့မောင်ထံသို့ပြန်၍ လာပြန်၏။

"မောင့်ကိုတစ်ခုတောင်းပန်ရဦးမယ်။ အကောင်းဆုံးခေါင်းပုံစံရအောင်ခေါင်းကိုဖြတ်တာဟာ အသက်ရှင်နိုက်မှာ ဖြတ်ရလိုက်တာ အကောင်းဆုံးပဲ။ ဒါပေမဲ့ နာဖို့ကျင်ဖို့ဆိုတာများတော့ စိတ်တောင်မကူးနဲ့။ ဘယ်လိုမှမနေဘူး။ အပ်တစ်ချောင်းစူးတာကမှ နာဦးမယ်။ ကျုပ်ဆေးရဲ့တန်ခိုးက ကိုယ်ပေါ်မှာရှိတဲ့အာရုံခံစားမှုတွေကိုအကုန်လုံးပျောက်ပစ်လိုက်ပြီမောင်ရဲ့ ဘယ်မှာနာကျင်တော့မှာလဲ။ ကျုပ်က ကိုယ်ရေးကိုယ်တာအတွက် သုံးနေရလို့သာပေါ့ မောင်ရယ်။ နို့မဟုတ်ရင် ဆေးပညာဌာနဘက်ကိုများ ဒီဆေးကို လှူလိုက်ရင် ဘယ်လောက်အဖိုးတန်မလဲဆိုတာ မောင်ပဲ စဉ်းစားကြည့်လိုက်ဦးနော်။ ကျုပ် ပြင်ဆင်စရာရှိတာကလေးတွေ ပြင်ဆင်လိုက်ပါရစေဦး"

မောင်အုံ့မောင်ကား ခုတင်ပေါ်၌ ပက်လက်လှန်ကာ ခြေလက်များကိုဆန့်တန်းလျက်ရှိလေ၏။ မည်သည့်ကိုယ်အင်္ဂါအစိတ်အပိုင်းကိုမျှ မလှုပ်ရှားနိုင်သော်လည်း မိမိအပေါ်တွင် ကျရောက်မည့် ဘေးအန္တရာယ်ကို ကြောက်ရွံ့ခြင်းသောစိတ်မှာမူ ရင်ထဲတွင် လှုပ်ရှားလျက်ရှိ၏။ ကြောက်ရွံ့ခြင်းမှာ မိမိကိုယ်ကိုလက်သန်းတစ်ချောင်းမျှမလှုပ်ရှားနိုင်သဖြင့် သာဖြစ်ရာ၊ အကယ်၍ လက်တစ်ဖက်မျှ လှုပ်ရှားနိုင်ခဲ့ပါမူ လူကြီးအား ပြတင်းပေါက်မှ တစ်ခါတည်း ပစ်ချလိုက်လို၏။ လည်မျိုကိုဖျစ်၍ သတ်လို၏။ အစိမ်းလိုက် ဝါး၍စားလို၏။ ကြောက်ရွံ့သောစိတ်များထဲတွင် ဒေါသထွက်သောစိတ်သည် ဝင်ရောက်ရောနှောလျက် ရှိလေ၏။ သို့သော် မောင်အုံ့မောင်ကား စိတ်သာရှိ၍ ကိုယ်မရှိသော သတ္တဝါမျိုးကဲ့သို့ဖြစ်နေလေသည်။

မောင်အုံ့မောင်မှာမိမိ၏ခန္ဓာကိုယ်ကို အပ်တစ်ချောင်းစာမျှမလှုပ်ရှားနိုင်သော်လည်း စိတ်ထဲကမူ၊ ပတ်ဝန်းကျင်မှ လှုပ်ရှားမှုများကို ယခင်ကထက်သွက်လက်ဖျတ်လတ်စွာ ကြားသိလျက်ရှိ၏။ လမ်းပေါ်မှ ဘတ်စ်ကားများ ဖြတ်သွားသံကို တစ်ခါတစ်ရံ ကြားလိုက်ရ၏။ ခေါင်းရင်းနံရံရှိ တိုင်ကပ်နာရီကြီးမှ



www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်တစ်ချက် မြည်သော အသံကိုလည်းကြားရ၏။ မိမိ၏ဦးခေါင်းမှ ဦးရေကို ရှုးဦးစွာဆုတ်ပြီးနောက်၊ ဦးခေါင်းကိုဖြတ်ရန် ပြန်လာမည့်လူကြီး၏ ခြေသံများ ကိုလည်း နားစွင့်လျက်ရှိ၏။ ထိုအချိန်၌ မောင်အုံ့မောင်၏ မျက်လုံးအစုံမှာ အပေါ် ခေါင်မိုးဆီသို့ ရောက်လျက်ရှိလေရာ ကြီးမားသော ထုပ်လျောက်၊ ဒိုင်းမြားကြီးများ တွင် တွယ်ကပ်လျက်ရှိသော ကျပ်ခိုးများ၊ အမှိုက်သရိုက်များ၊ ပင့်ကူအိမ်များကို အယောင်းတိုင်အလင်းရောင် ရောက်သော နေရာများတွင် ထင်ရှားစွာ မြင်ရ၏။

အချိန်မှာကုန်ခဲလှသည်ဟု အောက်မေ့ရ၏။ ထိုအတောအတွင်း မောင် အုံ့မောင်မှာ မြင်၍လည်းနေရ၏၊ ကြား၍လည်းနေရ၏၊ သိ၍လည်းနေရ၏။ သို့ သော် လှုပ်၍ကား အနည်းငယ်မျှ မလှုပ်နိုင်ချေ။

သူ၏မျက်နှာအပေါ် တည့်တည့်၌ကား ကန့်လန့်ဖြတ်နေသည့် ရက်မ တန်းကြီးတစ်ခုရှိရာ၊ ၎င်းတွင် ပင့်ကူမြွေး ပင့်ကူအိမ်များသည် အများဆုံးဖြစ်၏။ မောင်အုံ့မောင်သည် ထိုရက်မတန်းကြီးကို အာရုံစူးစိုက်ကြည့်ရှုလျက်ရှိစဉ်၊ မျက်နှာနှင့် တည့်တည့်နေရာတွင် အလွန်ကြီးသော ပင့်ကူကြီးတစ်ကောင်ကို မြင် ရလေ၏။ ပင့်ကူကြီးမှာ အမွေးအမျှင်ထူလျက် အချင်းတစ်ထွာခန့်မျှရှိပြီးလျှင် ဤမျှလောက် ကြီးမားသော ပင့်ကူမျိုးကို မောင်အုံ့မောင် မမြင်ဖူးချေ။

မောင်အုံ့မောင်မှာ ငယ်စဉ်ကစ၍ ပင့်ကူကို အထူးသဖြင့် ကြောက်တတ် သူဖြစ်၍ ပင့်ကူကိုမြင်ရုံမျှနှင့် ဆတ်ဆတ်တုန်အောင် ကြောက်ရွံ့တတ်၏။ သို့နှင့် စစ်မြေပြင်၌ရှိစဉ် တစ်နေ့သ၌ မောင်အုံ့မောင်တို့၏ ကားတပ်သည် သဲကန္တာရ တောစပ်တစ်ခုမှဖြတ်ကာ စစ်စခန်းတစ်ခုသို့ ရိက္ခာများပို့ရန် သွားရောက်ရ၏။ သူ၏ကားသည် အလွန်ကြီးသော ချုံကြီးတစ်ခုအောက်မှ ဖြတ်သန်းမောင်းနှင် သွားစဉ် ချုံပေါ်မှ စိမ်းဖန့်ဖန့်အရောင်ရှိသော တောပင့်ကူကြီးတစ်ကောင်သည် ကားသံကိုလန့်ဖျပ်ကာ နံဘေးရှိသစ်ကိုင်းတစ်ခုပေါ်မှ ကားပေါ်သို့ခုန်ချလိုက်လေ ၏။ ပင့်ကူကြီးသည် မောင်အုံ့မောင်၏ ကားလက်ကိုင်ပေါ်သို့ တည့်တည့်ကြီး ကျလျက် လက်ကိုင်မှတစ်ဆင့် မောင်အုံ့မောင်၏ ကိုယ်ပေါ်သို့ ခုန်တက်လေရာ မောင်အုံ့မောင်မှာ နဂိုကပင် ပင့်ကူကြောက်တတ်သူ ဖြစ်ရကား စတီယာရင်ကို လွှတ်ကာ တစ်ခါတည်း နေရာမှခုန်၍ ထလိုက်လေ၏။ ထိုအခါ ကားသည် နံဘေး ရှိချိုင့်တစ်ခုထဲသို့ ကျသွားပြီးနောက် ကားမှောက်သွားသည်တွင် မောင်အုံ့မောင်

www.burmeseclassic.com



ပါ တစ်ခါတည်း ပါသွားသဖြင့် လက်ဝဲဘက်လက် ကျိုးပဲ့သွားခဲ့လေသည်။ ဤမျှ သာမက‌သေး၊ တစ်ပတ်ခန့်မျှ ထိတ်လန့်၍ ဖျားလည်းဖျားခဲ့သေး၏။ ဤကိစ္စအတွက် မောင်အုံ့မောင်မှာ အထက်အရာရှိများအား အတော်ပင် ထုချေခဲ့ရ၏။

အချို့လူများတွင် အကောင်အမျိုးမျိုးကို အထူးကြောက်ရွံ့တတ်သည့် အစွဲအမျိုးမျိုး ရှိတတ်၏။ အချို့က မြွေကို ကြောက်တတ်၏။ အချို့က ကြွက်၊ အချို့က ပိုးဟပ် စသည်တို့ကို အခြားအကောင်များထက် ကြောက်တတ်၏။ မောင်အုံ့မောင်မှာ လူပင်သတ္တိကောင်းသော်လည်း အထူးသဖြင့် ပင့်ကူကို ကြောက်တတ်သော အစွဲရှိသူဖြစ်လေသည်။

ရက်မတွင် ကပ်လျက်ရှိသော တစ်ထွာခန့်မျှရှိသည့် တောပင့်ကူကြီးသည်အမွေးအမျှင်များသော သူ၏လက်ချောင်းကြီးများဖြင့် ရက်မကို လှည့်ပတ်ကာ လှုပ်ရှားကစားလျက် ရှိလေသည်။ မောင်အုံ့မောင်သည် ပင့်ကူကြီးကို မြင်လိုက်သည့် အချိန်မှစ၍ သူ၏ စိတ်များသည် ပင့်ကူဆီသို့ရောက်ကာ ရင်ထဲတွင် တဆတ်ဆတ်တုန်လျက် ရှိနေလေပြီ။ မိမိ၏ဦးခေါင်းမှဦးရေကို အရှင်လတ်လတ် ခွာချပြီးနောက် ဦးခေါင်းဖြတ်ပစ်မည်ကို ကြောက်ရွံ့ခြင်းထက်၊ ပင့်ကူကြီးသည် မျက်နှာပေါ်သို့ တည့်တည့်ကြီး ခုန်ချလိုက်မည်ကို ကြောက်ရွံ့ခြင်းက ပို၍ လွန်ကဲလျက်ရှိနေလေပြီ။

သို့ရှိစဉ် ပင့်ကူကြီးသည် ပင့်ကူအိမ်တွင် တစ်ခဏမျှ ထိုမှ ဤမှ ယိမ်းယိုင်လှုပ်ရှားပြီးနောက် တစ်စက္ကန့်မျှ ကြာလတ်သော် အောက်သို့ခုန်ချလိုက်ရာ မောင်အုံ့မောင် ထင်သည့်အတိုင်း သူ၏ မျက်နှာပေါ်သို့ ဖျတ်ခနဲ ကျ၍လာလေသတည်း။

အကယ်၍သာ လူကောင်းပကတိအဖြစ်နှင့် ရှိနေက မောင်အုံ့မောင်မှာယယ်သံပါအောင်အော်လိုက်မည်မလွဲတည်း။ ယခုသော်ရင်တွင်းမှသံကုန်အော်ဟစ်လိုက်သော အသံများသည် ဗလုံးဗထွေးဖြစ်ကာ တုတ်ချောင်းကဲ့သို့ မာကျောနေသောလည်ချောင်းအတွင်းတွင် ပျောက်ကွယ်သွားလေ၏။ ထိုအသံကြားလိုက်ရသည့်တစ်ခဏ၌ပင်မောင်အုံ့မောင်သည်ပင့်ကူကြီးကိုမျက်နှာပေါ်မှလက်ဖြင့် ပုတ်ချလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဟူသည်ကား လွန်စွာပင်ထူးဆန်းလှပေ၏။ စိတ်တစ်ခုသည်အခြားစိတ်တစ်ခုကို လွှမ်းမိုးနိုင်သလော မပြောတတ်ပေ။ အရှုးကြီးသည် မိမိ မလှုပ်ရှားနိုင်သည့်အတွင်း မိမိ၏ ဦးခေါင်းကို အမှန် ဖြတ်တော့မည်ဟူ၍ ကြောက်ရွံ့သောစိတ်အပေါ်၌ ပင့်ကူကို ကြောက်ရွံ့သည့်စိတ်က ဖုံးလွှမ်းသွားဟန် ရှိ၏။ အနိုင်ရ၍သွားဟန်ရှိ၏။ ဥပမာအားဖြင့် ရေသည် မီးကို ငြိမ်းသတ်နိုင်သည်ဆိုသော်လည်း အလွန်ကြီးမားသော မီးပုံကြီးအတွင်းသို့ ရေတစ်ပုံးကိုထည့်လိုက်က အရှိန်ပြင်းထန်လှသောမီးသည် ရေနှင့်တကွ ရေပုံးကိုပါ အစပျောက်အောင် လောင်ကျွမ်းသွားသကဲ့သို့ မောင်အုံ့မောင်၏ ပထမကြောက်စိတ်ကို ဒုတိယကြောက်စိတ်က ဖိနှိပ်၍ သွားခဲ့လေပြီ။

ယခင်ကလက်သန်းတစ်ချောင်းကိုမျှ မလှုပ်ရှားနိုင်သော အုံ့မောင်သည် မိမိမျက်နှာပေါ်သို့ ကျ၍လာသော ပင့်ကူကြီးကို တစ်ခါတည်းပုတ်ချလိုက်လေ၏။ လက်မောင်းကို လှုပ်ရှားနိုင်ရုံမျှမက အခြားလက်တစ်ဖက်ဂ ဒါလည်းကောင်း၊ ခြေများကိုလည်းကောင်း၊ ဦးခေါင်းကိုလည်းကောင်း၊ ကိုယ်ကိုလည်းကောင်း၊ တစ်ခါတည်း ဖြေ၍ချလိုက်သကဲ့သို့ အနှောင်အဖွဲ့မှ လွတ်၍ သွားတော့၏။ မောင်အုံ့မောင်သည် အိပ်မက်မက်ရာမှ နိုးလာသောသူ တစ်ယောက်ကဲ့သို့ အိပ်ရာမှထကာ ကြမ်းပြင်ပေါ်တွင် မတ်တတ်ရပ်လိုက်လေသည်။ ထို့နောက် ခြေသံကြားအောင်နင်းကာ အောက်ထပ်သို့ ဆင်းလာခဲ့၏။

အောက်ထပ်၌ကား လူကြီးကို အရိပ်အငွေ့မျှ မမြင်ရချေ။ သို့နှင့် မောင်အုံ့မောင်သည် အိမ်ရှေ့ဧည့်ခန်းဘက်သို့ မလာသေးဘဲ နောက်ဖေးမီးဖိုဘက်သို့ လှည့်၍ သွားလေ၏။ နောက်ဖေးဆောင်မှာ အိမ်ရှေ့ခန်းများထက် ဆွေးမြည့်သော အခြေအနေရှိရာ ကြမ်းများ၊ နံရံများသည်လည်း ကြိုးတိုးကြဲတဲရှိနေလေ၏။ ဒီခန်း၏ အဆုံး၌ကား မီးဖိုကြီးတစ်ဖိုရှိရာ လူကြီးသည် မီးဖိုနံဘေးတွင်ထိုင်ကာ မီးဖိုအတွင်းသို့ ထင်းများ ထိုးပေးနေသည်ကို မြင်ရလေ၏။ မီးဖိုနံဘေး၌ လက်တစ်ဖက်ခန့်ကြီးသော ကြေးအိုးကြီးတစ်လုံးကို မြင်ရလေရာ တဖိတ်ဖိတ်တောက်လျှက်ရှိသော ကြေးအိုး၏အရောင်သည် တဟုန်းဟုန်း တောက်နေသည့် မီးရောင်တွင် ပြောင်တလက်လက် တောက်ပလျက် ရှိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မောင်အုံ့မောင်သည် လူကြီးထံသို့ ပြေးသွားကာ "ကိုင်းသည်လောက် ရက်စက်တဲ့ ခွေးမသားကြီး သေပေတော့ကွာဟု ပြောကာ" လည်မျိုကို လက်နှစ်ဖက်ဖြင့် ဖျစ်လေသည်။ လူကြီး၏ အော်ဟစ်လိုက်သောအသံမှာ အပြင်သို့မထွက်တော့ဘဲ လည်ချောင်းထဲ၌ပင် ပျောက်ကွယ်၍ သွားလေ၏။ ထို့နောက် မောင်အုံ့မောင်သည် မိနစ်ပေါင်းအတော်ကြာမျှ တောင့်တင်းညောင်းညာနေသည့် မိမိ၏ အင်အားများကို စုရုံးကာ လူကြီးအားမီးဖိုဘက်သို့ တွန်းလိုက်ရာ လူကြီး၏ကိုယ်လုံးသည် သစ်တုံးတစ်ခုကဲ့သို့ မီးဖိုထဲသို့ လဲကျသွား၏။ ထိုအခါ၌ကား မောင်အုံ့မောင်မှာ အပြင်တံခါးမှ ထွက်လာခဲ့လေပြီ။

လမ်းပေါ်သို့ရောက်၍ တစ်ခဏမျှလျှောက်မိသောအခါ ဘတ်စ်ကားတစ်စီးကို တွေ့ရသည်နှင့် ထိုဘတ်စ်ကားကိုစီးကာ မိမိဟိုတယ်သို့ ပြန်ခဲ့လေ၏။ ယခင်က ပုလိပ်ကို တိုင်တန်းမည်ဟု စိတ်ကူးခဲ့သော်လည်း ဒေါသအလျောက် မိမိဆုံးမခဲ့ရာတွင် လက်လွန်သွားသည့် အဖြစ်ကို သိရသောအခါ မိမိ မကောင်းမှုကို မိမိပင် ကျိတ်၍ခံတော့မည်ဟု စိတ်ကူးတစ်မျိုး ပြောင်းခဲ့လေသည်။

ထိုညရထားနှင့်ပင် မောင်အုံ့မောင်သည် ရန်ကုန်သို့ ပြန်ခဲ့ရာ၊ နောက်တစ်နေ့ သတင်းစာများတွင် အောက်ပါအတိုင်း တွေ့ရှိရ၏။

"ပြည်မြို့၏တောင်ဘက် မိချောင်းရဲရွာကလေးအနီးကမ်းနားလမ်းရှိ ပွဲစားကြီး ဦးမြပိုင် ခြံနှင့် အိမ်ကြီးကိုလွန်ခဲ့သော ဗုဒ္ဓဟူးနေ့ည ၁၂ နာရီခန့်တွင် မီးလောင်ကျွမ်းသွားကြောင်း၊ ထိုအိမ်ကြီး၌ အထက်ဗန်းမော်မြို့မှ ပြောင်းလာသော ဦးယာနောင်ဆိုသူ လူကြီးတစ်ယောက် ငှားရမ်းနေထိုင်ရာ ထိုလူကြီးပါ မီးထဲသို့ ပါသွားသည်ဟု ယုံကြည်ရကြောင်း၊ အဘယ့်ကြောင့်ဆိုသော် မီးများငြိမ်းပြီးနောက် နောက်ဖေးဆောင်ဘက်တွင် လူ၏အရိုးများကို တွေ့ရသောကြောင့်ဖြစ်ကြောင်း၊ ထိုလူကြီးမှာ လွန်ခဲ့သော ၆ လလောက်ကပင် အထက်ဗန်းမော်မြို့မှ ပစ္စည်းအပြောက်အမြားနှင့် အထက်စာပို့ သင်္ဘောတွင် ပါလာပြီးနောက် ထိုအိမ်ကြီးကို ငှားရမ်းနေထိုင်ခဲ့လေသည်၊ ပစ္စည်းဥစ္စာနှင့် ပြည့်စုံဟန် ရှိသော်လည်း အလုပ်အကိုင်ဟူ၍မည်မည်ရရ မရှိဘဲ ရှေးဟောင်းပစ္စည်းများကို ရှာဖွေစုဆောင်းနေသည်ဟု အိမ်သို့ ရောက်ဖူးသူများက ပြောကြားကြကြောင်း၊ အချို့ကလည်း အင်္ဂလိပ်ပညာတတ်သူရူးကြီးတစ်ယောက်၊ စိတ်မနှံ့သူတစ်ယောက်ဟု ပြောကြ



www.burmeseclassic.com

www.burmeseclassic.com



ကြောင်းတစ်ယောက်တည်းနေ၍ထမင်းကိုရှာထမင်းဆိုင်ကလေးတွင်လာ၍ပေး၍ စားသောက်နေထိုင်သည်ဆိုကြောင်း၊ ၎င်း၏အဆက်အနွယ်ကိုယခုတိုင်အသေ အချာ မသိရသေးကြောင်း"

လူ၏စိတ်ကား လွန်စွာပင် ထူးဆန်းလှပေ၏။ စိတ်၏ အလွန်သိမ်မွေ့ နူးညံ့လှသော လုပ်ငန်းဆောင်တာ အပြောင်းအလဲတန်ဖိုး သတ္တိတို့ကို လူသာမန် တို့၏ ဉာဏ်စွမ်းဖြင့် နိုင်းချိန် တွက်ချက် ကြံဆနိုင်ရန် ခဲယဉ်းလှ၏။

လွန်ခဲ့သော ကမ္ဘာစစ်ကြီးအတွင်း ပြည်ဒီဇတြိတ်ဆင်ပြီးဆွဲနယ် မီးရ ထားဘူတာနှင့် မနီးမဝေးတွင် လူတစ်ယောက်သည် နေ့ဝင်ရီတရောအချိန်၌ ခရီးသွားလျက်ရှိရာ သူသည် သချိုင်းတစ်ခုအနီးသို့ ရောက်လာခဲ့၏။ ထိုအခါ၌ လေယာဉ်ပျံများသည် အောက်သို့ တစ်ဟုန်တည်း ထိုးဆင်းလာကာ မီးရထား ဘူတာရုံနှင့် မီးရထားတွဲများကို ပစ်ခတ် တိုက်ခိုက်လေတော့၏။

ထိုသူသည် လေယာဉ်ပျံများရန်ကို ကြောက်ရွံ့သဖြင့် ပုန်းကွယ်ရန် နေရာကို လိုက်လံရှာဖွေလျက်ရှိရာ ကျင်းတစ်ခုကို အဆင်သင့် တွေ့ရသဖြင့် ထိုကျင်းထဲသို့ဝင်မည်ပြုလေ၏။ သို့သော်ထိုကျင်းထဲ၌ကား အပေါ်မှမြေမဖို့ရသေး သောလတ်လတ်ဆတ်ဆတ်ခေါင်းတစ်လုံးကိုတွေ့ရသည့်အပြင်အတွင်းမှအပုပ် နံ့ပင် မခံမရပ်နိုင်အောင် တထောင်းထောင်းထွက်လျက် ရှိသည်ကို တွေ့ရ၏။ ထိုအခါ၌ သူသည် ဝင်ရမည်၊ မဝင်ရမည်ကို တစ်ခဏမျှ စဉ်းစားလျက်ရှိနေရာမှ လေယာဉ်ပျံများသည်တဖြည်းဖြည်း နီးလာ၍ တဖုံးဖုံး တဖြောင်းဖြောင်းပစ်ခတ် လေ၏။ ထိုအခါမှ နောက်ဆုံး ကြံရာမရသည့်အဆုံးတွင် ထိုကျင်းထဲသို့ ဆင်း၍ ခေါင်းပေါ်၌ အလျားမှောက်ကာ ပုန်းအောင်းရလေသည်။

လူ၏အလောင်းကိုလည်းကောင်း၊ တစ္ဆေသရဲကိုလည်းကောင်း ကြောက်ရွံ့သောပထမစိတ်ကိုလေယာဉ်ပျံ၏ရန်ကိုကြောက်သောဒုတိယစိတ်က ဖုံးလွှမ်းမိုး၍ သွားခြင်းပင်ဖြစ်လေသည်။ ကျွန်ုပ်အား မောင်အံ့မောင် ပြောပြသော ၎င်း၏ အတ္ထုပ္ပတ္တိမှာ အထက်ပါနည်းအတိုင်းပင် ဖြစ်ဟန် လတ္တကာရှိ၍ စိတ် တစ်ကြောင့်မလှုပ်ရှားနိုင်သည့်အဖြစ်ကိုပင့်ကူအားကြောက်ရွံ့သည့်အကြောက် ဆုံးစိတ်က အနိုင်ရလိုက်ဟန် ရှိလေသည်။

သွေးသောက် မောင်သစ္စာ

www.burmeseclassic.com

## သဲလွန်စ

ယခု ရေးသားဖော်ပြအံ့သော အမှုမှာ စုံထောက်ကြီး ဦးထင်ကျော်နှင့် အမှုပေါင်းများစွာ တွဲဖက် လုပ်ကိုင်ခဲ့သော ယခင်ခေတ်အခေါ် စုံထောက်အင်စပိတ်တော် ဦးအုန်းဘူးသည် ဦးထင်ကျော်နှင့် မသိကျွမ်းသေးမီ တစ်ချိန်က စုံစမ်းထောက်လှမ်းခဲ့သော ပြစ်မှုတစ်ခု ဖြစ်လေသည်။

ထိုအမှုအကြောင်းကို ဦးအုန်းဘူးက တစ်နေ့တွင် ဦးထင်ကျော်အား ပြန်ပြောရာ ကျွန်တော်လည်း ယင်းအမှုကို မှတ်တမ်းတင်ပြီးလျှင် ဝတ္ထုအဖြစ် ယခု ရေးသားအပ်ပါကြောင်း။

"ယောက်ျားဆိုတာ ကိုယ့်ကို မေတ္တာရှိတဲ့ မိန်းမမှန်သမျှကို ယူနိုင်ခွင့်ရှိတယ်။ ဘာမျှ အပြစ်ဆိုစရာမဟုတ်ဘူး။ အပျိုတစ်ယောက်ကို မရရအောင် သွေးဆောင်ပြီး ယူတာလည်း လောကကြီးရဲ့ မွေတာပဲ။ ဒါပေမဲ့ မယားရှိတဲ့ ယောက်ျားတစ်ယောက်က အခြားလူတစ်ယောက်ရဲ့ မိန်းမကို တိတ်တိတ်ပုန်း ကြာခိုတာက တော့ လူ့နေမှုနဲ့ ပေါင်းသင်းဆက်ဆံရေးအသိုက်အအုံမှာ အဆိုးဝါးဆုံးပဲ။ လောကမှာ ရွံ့ရှာစရာအကောင်းဆုံးအလုပ်၊ ဒီလိုအကောင်မျိုးကိုတော့ ဆုံးမစရာ နည်းလမ်းတစ်ခုပဲရှိတယ်။ ဒီအကောင် သေရမယ်ကွာ။ ဘယ်နည်းနဲ့မဆို သေရမယ်"



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သော ညနေစောင်း၌ ဦးဘဦးနှင့် သားများ အဆောက်အအုံဆောက်လုပ်ရေးကန်ထရိုက်တာများကုမ္ပဏီမှ ငွေကိုင်စာရေးကြီးကိုသက်ညွန့်သည် အထက်ပါအတိုင်း စဉ်းစားလျက်ရှိလေ၏။ လွန်ခဲ့သော နှစ်ပတ် သုံးပတ်အတွင်း မြင်းပွဲတွင် တတိတိ ရှုံးခဲ့ရသောငွေများမှာ ၅၀၀၀ နီးပါးမျှ ရှိနေပြီဖြစ်ရာ သင်းငွေများမှာ ကုမ္ပဏီ၏ နေ့စဉ်ဝင်ငွေများထဲမှ ငွေများကို နည်းအမျိုးမျိုးဖြင့် ညှပ်ပတ်ထားသော ငွေများဖြစ်ရကား အကယ်၍ ယခုတစ်ပတ်အတွင်းတွင်မှ ရင်းစားပြန်၍ မထည့်နိုင်လျှင် မိမိမှာ အလုပ်ပြုတ်ရုံမျှမက ထောင်နန်းပင် စံရချေတော့မည်။ ကုမ္ပဏီပိုင်ရှင် ဦးဘဦးသည် ငွေ ၅၀၀၀ မဆိုထားဘိ၊ ငွေငါးကျပ်ကိုပင်သည်းခံမည့်သူ မဟုတ်ချေ။ နောက်တစ်ပတ်မြင်းပွဲတွင် ငွေ ၅၀၀၀ အစားပြန်ရန် လောင်းကစားရာ၌လည်း အနည်းဆုံး လက်ထဲတွင် ငွေရင်း ၂၀၀၀၊ ၃၀၀၀ လိုပေမည်။ ထိုငွေရင်းကို မိမိအနေဖြင့် မည်ကဲ့သို့ ရှာဖွေနိုင်ပါမည်နည်း။

အထက်ပါပြဿနာများကို ဖြေရှင်းရန် ကိုသက်ညွန့်သည် တနင်္လာနေ့၍ စဉ်းစားခဲ့ရာ ယခု ကြာသပတေးနေ့သို့ ရောက်ခဲ့လေပြီ။ စဉ်းစား၍ မရသေး

အကယ်၍ ဦးဘဦးကို မိမိ စိတ်ကူးထားသည့်အတိုင်း စနစ်တကျ သတ်လျှင် မိမိ အလွဲသုံးစားပြုလုပ်ထားခဲ့သော ငွေ ၅၀၀၀ ခန့်ကို ရင်းစားပြန်၍ ထည့်ရန် မလိုတော့သည့်အပြင် သံသေတ္တာအတွင်း၌ ရှိသည့် ငွေများကိုပင် ထပ်မံရရှိဦးမည်။ မိမိ၏ ဇနီးသည် မေရီအတွက်လည်း တစ်သက်လုံး စိတ်ချရပေတော့သည်။ ဤနေရာသို့ ရောက်သောအခါ ကိုသက်ညွန့်သည် ဦးဘဦးနှင့် မိမိ၏ဇနီးတို့၏ အဖြစ်အပျက်ကို မြန်၍ သတိရမိပြန်၏။ ဦးဘဦးသည် မိမိအား တောများသို့ မကြာခဏ ရမယ်ရှာ၍ လွှတ်ပြီးလျှင် ထိုအတွင်း မေရီထံသို့ မည်ကဲ့သို့ချဉ်းကပ်ပုံ၊ မေရီအား ဝတ်ကောင်းစားလှများသာမက အဖိုးထိုက်တန်သော ရွှေ လက်ဝတ် လက်စားများပင် ဝယ်ပေးပြီး..လျှင် မိမိဘက်သို့ပါအောင် မည်သို့ ဆွဲဆောင်ပုံ၊ အညာလွှယ်၍ အလှမက်သော မေရီအား ဟိုတယ်များ ညစလပ်များသို့ ခေါ်သွားပြီးလျှင် ၎င်း၏အချစ်ကို ရယူရန် မည်သို့မည်ပုံ ကြံစည်သည်ကို မိမိ၏ သူငယ်ချင်းမ တစ်ယောက်က ပြောပြသဖြင့် သိရပုံများကို ထပ်ဝပ် ပြန်၍ စဉ်းစားလျက်ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုသက်ညွှန့်သည် မိမိ လျှို့ဝှက်သုံးစွဲထားသော ငွေများ မပေါ်ပေါက်စေရန်လည်းကောင်း၊ မိမိ၏ဇနီးအား ဖြားယောင်းသွေးဆောင်ခဲ့သည် ဓနရှင်တစ်ဦးအားလက်စားချေရန်လည်းကောင်း၊ဦးဘဦးကိုတစ်နည်းနည်းဖြင့်သတ်ရန် စိတ်နှလုံးကို တုံးတုံးချလိုက်လေ၏။ သို့သော် လူတစ်ယောက်ကိုခြေရာလက်ရာ မပေါ်ဘဲသတ်ဖြတ်ရန်ကားလွယ်ကူသောအလုပ်မဟုတ်ပေ။ စနစ်တကျစိတ်ကူး ထုတ်၍ကြံစည်မှသာ လုံခြုံပေမည်။

သို့နှင့် ကိုသက်ညွှန့်သည် ရက်သတ္တပတ်ခန့် မိမိ၏ အကြံအစည်ကို အသေးစိတ် အတွက်ရကာ စိတ်ကူးထုတ်လျက် ရှိလေသည်။ နောက်တစ်နေ့ သောကြာနေ့၌ကား အကွက်ဆိုက်၍ လာတော့၏။

ထိုနေ့နံနက်ခင်း၌မိမိတို့ကုမ္ပဏီကာကန်ထရိုက်ယူ ဆောက်လုပ်လျက် ရှိသောအိမ်ရှင်တစ်ဦးသည်ငွေ ၁၀၀၀၀၀ ကိုကုမ္ပဏီသို့ လက်ငင်းလာ၍ပေးသဖြင့် ကိုသက်ညွှန့်သည် ထိုငွေကို လက်ခံထားလိုက်ပြီးလျှင် စာရင်းသွင်း၍ ငွေစာရင်းအရာရှိထံ ခပ်စောစော ပေးအပ်လိုက်၏။ ယင်းအချက်သည်ပင် ကိုသက်ညွှန့်အား ၎င်း၏ အကြံအစည်ကို အထမြောက်စေရန် ဖန်တီးပေးခြင်းဖြစ်လေသည်။ ငွေစာရင်းအရာရှိ တစ်နေ့တွက်ရသော ငွေများကို ဦးဘဦးလက်သို့ ညနေ၄ နာရီတွင် ပေးအပ်ရ၏။

၁ နာရီထိုး၍ နေ့လယ်စာစားရန် အလုပ်ဆင်းသောအခါ ကိုသက်ညွှန့်သည် မိမိ ကားကလေးကို ဆူးလေဘုရားလမ်းရှိ ဟိုတယ်တစ်ခုသို့ မောင်းကာ နေ့လယ်စာ စားသောက်ပြီးနောက် ဗရေဇာလမ်း (အနော်ရထာလမ်း) ဘက်သို့ ချိုး၍ဝင်ခဲ့၏။ ကုန်စုံဆိုင်တစ်ဆိုင်ဝင်၍ လက်အိတ်တစ်စုံကိုဝယ်၏။ သံပစ္စည်းများ ရောင်းသော ကုလားဆိုင်တစ်ဆိုင်သို့ရောက်သောအခါအလျား ၁ ပေလုံးပတ်၆ လက်မရှိ သံပိုက်တစ်လုံးကိုဝယ်၍ မိမိ၏ လက်ဆွဲသားရေအိတ်တွင် ထည့်ယူလာခဲ့၏။

အလုပ်သို့ ပြန်ရောက်သောအခါ သူသည် သံပိုက်လုံးကို သတင်းစာစက္ကူများဖြင့် အထပ်ထပ် ထုပ်ပတ်ပြီးလျှင် အပေါ်ဆုံးမှ မင်နိပ်တစ်ချပ်ကို ကော်သုတ်၍ကပ်လိုက်၏။ သို့ပြုလုပ်ရာ၌ပင် ကိုသက်ညွှန့်သည် မိမိလက်ရာများ မထင်အောင် လက်အိတ်စွပ် ပြုလုပ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



၂နာရီထိုးအချိန်၌ကားမိမိ၏အလုပ်ရှင်ဦးဘဦးအား သတ်ရန် အသင့်ရှိနေပြီ။

ဦးဘဦးနှင့်သားများကုမ္ပဏီအလုပ်တိုက်သည်အတော်ပင်ကျယ်ဝန်း၍ ဦးဘဦး၏ အလုပ်ခန်းမှာ အလုပ်ရုံကြီးနှင့် အလယ်မှ အခန်းကလေးတစ်ခန်း ခြားလျက်ရှိ၏။ ထိုအခန်းကလေးမှာ ဦးဘဦး၏ ပရိုက်ဗိတ်စက္ကရီတေရီ သန်းသန်း အေးဆိုသူ၏ အလုပ်ခန်းဖြစ်လေသည်။ ဦးဘဦးသည် အသက် ၂၀ ထက် မကြီး သေးသော မိန်းကလေးများအား အလုပ်နှင့် ပညာအရည်အချင်းကို မရွေးချယ်ဘဲ ချစ်ချောခြင်းနှင့် ဟန်အမူအရာကို အဓိကထား၍ ရွေးချယ်ပြီးလျှင် တစ်ယောက်ပြီး လျှင် တစ်ယောက် ခန့်ထားလေ့ရှိ၏။ ယခုလက်ရှိ ခန့်ထားခြင်းခံရသော အတွင်း ရေးမှူး သန်းသန်းအေးမှာ ရုံးဆင်းခါနီး အချိန်များတွင် အနည်းဆုံး နာရီဝက်ခန့် အချိန်ယူ၍ အလုပ်ပြင်ပြီးမှသာ ရုံးဆင်းလေ့ရှိကြောင်းဖြင့် ရုံးစာရေးများနှင့် အလုပ် သမားများက အသိအမှတ်ပြုခြင်းခံထားရသော အမျိုးသမီးတစ်ယောက်ဖြစ်လေ သည်။

သန်းသန်းအေး၏ အလုပ်ခန်းတွင် ဦးဘဦး၏ အခန်းတွင်းသို့ တိုက်ရိုက် ဝင်နိုင်သော တံခါးပေါက်တစ်ပေါက်ရှိ၏။ သို့သော် ဦးဘဦး၏ အခန်းဘေးဘက်၌ လည်း အခြားတံခါးပေါက်တစ်ခုလည်းရှိသေးရာ ဦးဘဦးသည် ရုံးတက်ချိန်များ၌ သော်လည်းကောင်း၊ ရုံးဆင်းချိန်များ၌သော်လည်းကောင်း သန်းသန်းအေး၏ အခန်းကိုဖြတ်သန်းခြင်းမပြုဘဲ ထိုတံခါးပေါက်မှ ဝရန်တာသို့ထွက်ပြီးလျှင် အောက် ထပ်သို့ ဆင်းသွားနိုင်လေသည်။ ထိုအခါမျိုး၌ သန်းသန်းအေး မမြင်ဘဲ ဝင်ထွက် သွားလာနိုင်လေသည်။

ရုံးခန်းကြီးထဲတွင် အလုပ်လုပ်လျက်ရှိသော စာရေးစာချီများ၊ ဂိုဒေါင် ဘက်မှ စာရေးများနှင့် ဂိုဒေါင်စောင့်များပါ ဦးဘဦးထံ ရောက်လိုက အတွင်းရေးမှူး သန်းသန်းအေးမှတစ်ဆင့် ဆက်သွယ်ရလေသည်။

အလုပ်သမားများအတွက်လစာကို ၁၅ ရက်လျှင် တစ်ကြိမ်မျှ ရှင်းပေး လေ့ရှိရာ ထိုနေ့များ၌ ကိုသက်ညွန့်က ယင်းလစာများကို စာရင်းပြုလုပ်ပြီးလျှင် ၎င်းတို့ရသင့်သော လစာငွေများကို လူတစ်ယောက်အတွက် စာအိတ်တစ်လုံးစီ စီနှင့် ထည့်ပြီးသော် လစာမပေးမီ တစ်ရက်တွင် ဦးဘဦးထံ သွားရောက်အပ်နှံ



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဦးဘဦးသည် ယင်းလစာ စာအိတ်များ၄ ကိုသက်ညွှန့်ထံမှ ယူပြီးလျှင် အခန်းတွင်းရှိမီးခံသေတ္တာကြီးအတွင်း၌သိမ်းဆည်းထားလိုက်၏။ နောက်တစ်နေ့ (လစာပေးသောနေ့)တွင်ယင်းစာအိတ်များကိုကိုသက်ညွှန့်ကပင်ဦးဘဦးထံမှယူ၍ စာရေးများနှင့် အလုပ်သမားများကို ရှင်းပေးရ၏။ ယင်းသည်ကား ကုမ္ပဏီ၏ အစဉ်အလာဖြစ်၍ကိုသက်ညွှန့်သည်ဦးဘဦးအခန်းတွင်းသို့မကြာခဏရောက် ရှိရုံမျှမက သံသေတ္တာကြီး ဖွင့်ပုံပိတ်ပုံကိုလည်း အနည်းဆုံး စောင်းပါးရိပ်ခြည် မြင်နိုင်သည့် အခွင့်အရေးကို အခြားသူများထက် ပိုမို ရရှိခဲ့လေသည်။

ဦးဘဦးအခန်းတွင်းရှိမီးအာမခံသံသေတ္တာကြီးမှာအမြင့်လူတစ်ရပ်ခန့် မျှမြင့်၍အကျယ်အဝန်းအားဖြင့်၄ပေပတ်လည်ခန့်ရှိပြီးလျှင်ပစ်တမင်နှင့်ကရေ ကုမ္ပဏီလုပ်ရေးဟောင်းသေတ္တာကြီးဖြစ်၏။ သော့ခလောက်ကို မှုလပိတ်ထားသူ ၏အက္ခရာစဉ်စာလုံး၄ လုံးကို၄ လုံးစလုံး အက္ခရာစဉ်မှန်အောင် ပြန်၍ ပေါင်းစပ် နိုင်သောအခါမှသာ ပွင့်နိုင်လေသည်။ ဦးဘဦးသည် ယင်းသေတ္တာကြီးကိုဖွင့်ရန် စကားဝှက်ကို သူ၏အချစ်ဆုံး ပရိုက်ဗိတ် စက္ကရီတေရီ (အတွင်းရေးအတွင်းဝန်) သန်းသန်းအေးကိုပင် မသိမပေးချေ။

ဦးဘဦးအားလုပ်ကြံရန်စိတ်ကူးခဲ့သည့်အချိန်မှစ၍ကိုသက်ညွှန့်သည် မျက်စိအောက်လိုလို၌ပင် သော့ခလောက်ကွင်းပေါ်၌ဦးဘဦးက လျင်မြန်စွာ စီ၍ လှည့်လိုက်သော စာလုံးများကို စောင်းပါးရိပ်ခြည် မှတ်သားခဲ့ရာ ပထမစာလုံး နှစ်လုံးသည် M. A ဖြစ်သည်ကိုမြင်ခဲ့လေပြီ။ သို့သော် ဒုတိယစာလုံးနှစ်လုံးမှာ ဦးဘဦး၏ လက်ခုံကကွယ်နေသဖြင့် မမြင်နိုင်ချေ။

ဤသို့ဖြင့် အနည်းဆုံးတတိယစာလုံးကိုရရန် အားထုတ်၍ကြည့်ခဲ့ရာ လွန်ခဲ့သော အင်္ဂါနေ့က R ဟူသော စာလုံးကို ရိပ်ခနဲ မြင်လိုက်ရ၏။ ယင်းကဲ့သို့ စာလုံး၄လုံးပေါင်းဖွင့်ရသောသော့ခလောက်၌ သုံးလုံးမျှရရှိပြီးသောအခါကိုသက် ညွှန့်သည် ကျန်တစ်လုံးကို စိတ်ကူးဖြင့် ဆက်လက် စဉ်းစားတော့၏။ A.B.C စာလုံးများအနက် မည်သည့်စာလုံးဖြစ်ချိမ့်မည်နည်း။ W.X.Y.Z စသည်တို့ပင် လော။ နောက်ဆုံး၌ သူ၏စိတ်ကူးတွင် Y ဟူသောစာလုံး ပေါ်လာတော့၏။ ယင်း ကဲ့သို့ ပေါ်လာရခြင်းအကြောင်းမှာ ဦးဘဦးသည် ကိုသက်ညွှန့်၏ဇနီး အမရီကို ထိုအခါက အမြတ်တနိုးထားဟန်ဖြင့် ရွေးချယ်ခဲ့လျှင် နောက်ဆုံးစာလုံးမှာ မှ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရမည်ဟုစိတ်ကူးပေါက်မိခြင်းဖြစ်လေသည်။ ဦးဘဦးသည် မိမိ၏ဇနီးသည်အား ဤမျှလောက် စွဲလမ်းလျက် သံသေတ္တာဖွင့်ရန် စကားဝှက်ကိုပင် MARY ဟုရွေးခဲ့ခြင်းဖြစ်ရာ စဉ်းစားယင်း ပို၍ပင် ဒေါသထွက်မိပြန်၏။

ထိုနေ့နံနက်ကပင် ကိုသက်ညွန့်သည် အလုပ်ဆင်းရာတွင် အဝတ်အစားကို သပ်ရပ်စွာဝတ်လေ့ရှိသည့်အတိုင်း ဘောင်းဘီရှည်နှင့် ကုတ်အင်္ကျီကို ဝတ်ပြီးလျှင် လက်ဝဲဘက် ရင်ဘတ်၌ နှင်းဆီပွင့်တစ်ပွင့် ထိုးထား၏။ ထို့နေ့ ကိုသက်ညွန့်သည် အလွန်အလှအပကြိုက်သူ ဖြစ်သည့်အတိုင်း သူ၏အိမ်တွင် စိုက်ပျိုးထားသော နှင်းဆီများထဲမှ ကြက်သွေးရောင် လာဖရန့်နှင်းဆီတစ်ပွင့်ကို အထူး ရွေးချယ်၍ ထိုးခဲ့လေသည်။ ၎င်း၏အကျင့်မှာ နှင်းဆီလှိုင်လှိုင်ပွင့်ချိန်၌နေ့စဉ် အလှဆုံး နှင်းဆီပွင့်တစ်ပွင့်ကို ဆွတ်ခူးခဲ့ပြီး ရင်ဘတ်၌ ထိုးလာခဲ့ပြီးနောက် ညနေ အချိန်များ၌ သန်းသန်းအေးအား ပေးလေ့ရှိ၏။ သန်းသန်းအေးကလည်း ထိုနှင်းဆီပွင့်ကို မိမိကိုယ်တိုင် မပန်သော်လည်း စားပွဲပေါ်ရှိ ပန်းစိုက်သော ပန်းတကောင်းထဲတွင် တယုတယ စိုက်ထားလေ့ရှိ၏။

အချိန်သည် တရွေ့ရွေ့ကုန်လွန်ခဲ့ရာ ညနေ ၄ နာရီသို့ပင် ရောက်လာခဲ့လေပြီ။ ကိုသက်ညွန့်သည် လက်ပတ်နာရီကို မကြာခဏကြည့်ကာ မိမိ၏အကြံအစည်ကို ကြံစည်ရန် မိနစ်ပိုင်းမျှသာ လိုတော့သည့် အဖြစ်ကို သတိပြုမိ၏။

အချိန်သည် ညနေဘက်သို့ တဖြည်းဖြည်း စောင်းလာ၏။ ထိုနေ့နံနက်ခင်းက ရုံးသို့လာရန် ကားကို စက်နှိုးလျက်ရှိစဉ် မေရီသည် အိမ်ပြတင်းပေါက်မှနေ၍ "ညွန့် ဒီနေ့ညနေ ခပ်စောစော ပြန်ခဲ့နော်၊ ဂလုပ် (ရုပ်ရှင်များအား ပြည်သူပိုင် ပြုပြီးနောက် ဂလုပ်ရုံကို ဂုဏ်ရုံဟု အမည်ပြောင်းသည်။ ထို့နောက် ကုန်သည်ကြီးများဟိုတယ် ဆောက်ရာတွင် ဖျက်သိမ်းလိုက်သည်။ ယခု ကုန်သည်ကြီးများဟိုတယ် ဗဟိုဝင်ပေါက်နေရာလောက်တွင် တည်ရှိခဲ့သည်။) ကို ကျွန်မတို့ သွားရအောင်" ဟု ဇနီးသည်က မှာလိုက်သည့် အသံကိုလည်းကောင်း၊ အခြားအခန်းတစ်ခုတွင်နေသော နမဝမ်းကွဲဖြစ်သူ စိုးစိုးက "ဟုတ်တယ် အစ်ကိုကြီး ကျွန်မလည်း လိုက်မယ်လို့ မမကို ပြောထားတယ်၊ ဘယ်မျှ မဝင်ပါနဲ့ အစ်ကိုကြီးရယ်၊ ကျွန်မတို့ စောစောသွားကြရအောင်" ဟု မိမိ၏ညီမဝမ်းကွဲတော်စပ်သူ စိုးစိုးက မှာကြားလိုက်သော အသံကိုလည်းကောင်း ကြားယောင်၍ နေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



ဤအစီအစဉ်များမှာလည်း ကိုသက်ညွန့်က တမင်ဖန်တီးထားသော အစီအစဉ်များပင်ဖြစ်လေသည်။

ရုံးဆင်းချိန်မှာ ၅ နာရီတိတိဖြစ်၍ ၅ နာရီထိုးရန် မိနစ် ၂၀ ခန့်အလိုတွင် ကိုသက်ညွန့်သည် သန်းသန်းအေး၏အခန်းထဲသို့ဝင်လာလေသည်။ သူ၏လက်ယာဘက် ဘောင်းဘီအိတ်အတွင်း၌ကား စက္ကူများဖြင့်အထပ်ထပ် ရစ်ပတ်ထားသော ၁၂ လက်မခန့်ရှည်သည့် သံပိုက်လုံးကို ထည့်ထားပြီးလျှင် လက်တစ်ဖက်ဖြင့် စပ်အုပ်အုပ် ကိုင်ထား၏။ လက်ဝဲဘက် ချိုင်းကြားအောက်တွင် နေ့စဉ် ငွေဝင်ထွက်ငွေစာရင်းစာအုပ်ကို ညှပ်ထားလေသည်။ သန်းသန်းအေးသည် ကိုသက်ညွန့် ဝင်လာသည်နှင့် လက်ဝဲဘက်တွင် ကိုင်ထားသော မှန်ပိုင်းကလေးနှင့် လက်ယာဘက်မှ တို့ဖတ်ပဝါကို ခေတ္တချလိုက်လေသည်။

ညွန့် - "ဆရာ အထဲမှာရှိရဲ့လား။ မပြန်သေးဘူး မဟုတ်လား"

အေး - "ဟုတ်ကဲ့ မပြန်သေးပါဘူး။ ရှိပါတယ် ဝင်သွားလေ"

သန်းသန်းအေးသည် ကိုသက်ညွန့်၏ရင်ဘတ်၌ထိုးထားသော ကြက်သွေးရောင် လာဖရန့် နှင်းဆီအနီပွင့်ကြီးကို တစ်ခဏမျှ စိုက်၍ကြည့်လိုက်ပြီးနောက် စားပွဲတင်နာရီကလေးကိုလည်း တစ်ချက်မျှ လှမ်း၍ ကြည့်လိုက်လေ၏။ ထို့နောက် မှန်နှင့် တို့ဖတ်ပဝါကို ကိုင်ကာ -

"ကိုသက်ညွန့်ကြီး ကြာမနေစေနဲ့နော်၊ ကျွန်မ ပြန်ချင်ပြီ"

"မကြာစေရပါဘူးဗျာ၊ စိတ်ချပါ"

ကိုသက်ညွန့်သည် ဦးဘဦး၏အခန်းတံခါးသို့ရောက်သည်နှင့် တစ်ပြိုင်နက် လက်အိတ်များကို လျင်မြန်စွာ စွပ်လိုက်၏။ အသံလုံစေရန် သစ်သားတံခါးကြီးကို ခပ်စေ့စေ့ထားလိုက်၏။ ထိုအချိန်၌ကိုသက်ညွန့်သည် ရှေ့ ၂ မိနစ်အတွင်း ဖြစ်ပျက်မည့် အကြောင်းချင်းရာများကို တိတိကျကျ အစီအစဉ် ပြုလုပ်လိုက်လေပြီ။ သူသည် ချိုင်းအောက်တွင် ညှပ်လာသော စာရင်းစာအုပ်ကို ဦးဘဦး၏ စားပွဲပေါ်တွင် ချလျက်၊ ထိုနေ့ ငွေစာရင်းပိတ်သည့်နေရာကို လက်ညှိုးဖြင့်ထောက်ပြ၏။ ဦးဘဦးက စာရင်းကို စူးစိုက်ကာ ငုံ့ကြည့်လိုက်သည်နှင့် တစ်ပြိုင်နက် ကိုသက်ညွန့်၏ ညာဘက်လက်သည် ပိုက်လုံးကို ဆုပ်ကိုင်လိုက်ပြီးဖြစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ဓါးနှင့် တစ်ချိန်တည်းလိုပင် ကိုသက်ညွန့်သည် စက္ကူများပတ်ထားသည့် သံပိုက်လုံးဖြင့် ဦးဘဦး၏ ဦးဆက်ရှိရာသို့ တစ်ချက်တည်း ခပ်ဆတ်ဆတ် နှိုက်ချလိုက်၏။ ဖြောက်ခနဲ မြည်သွားသောအသံမှာ ခပ်အုပ်အုပ်ဖြစ်သည့်အပြင် အခန်းကလေးဘက်မှ သစ်သားတံခါးကြီးမှာလည်း စေ့ထားပြီးဖြစ်သဖြင့် အသံသည် အပြင်သို့ မထွက်ဘဲ အခန်းထဲ၌ပင် ပျောက်ကွယ်သွားလေသည်။

ဦးဘဦးမှာ တစ်ချက်မျှပင် မအော်နိုင်ဘဲ အသက်ပျောက်၍သွားပြီးလျှင် စားပွဲပေါ်သို့ ခေါင်းငိုက်စိုက် ကျသွားလေ၏။ သို့သော် ဒဏ်ရာမှကား သွေးတစ်စုံတစ်ရာ မထွက်ချေ။ ကိုသက်ညွန့်သည် ငယ်စဉ်ကပင် လူတစ်ယောက်အား သွေးမထွက်ဘဲနှင့် ဦးဆက်ပြုတ်၍သေအောင် ရိုက်နိုင်သည့် နည်းမျိုးကို အထူးတလည် လေ့လာလိုက်စားခဲ့ဖူးသူ ဖြစ်လေသည်။

ကိုသက်ညွန့်သည် သံသေတ္တာကို လက်အိတ်ဖြင့် ကိုင်တွယ်၍ M.A.R.Y တလုံးများကို အစီအစဉ်အတိုင်း လှည့်လေ၏။ သေတ္တာပွင့်သွားသောအခါ ပိုက်လုံးကို သေတ္တာအတွင်းသို့ ထည့်ထားလိုက်၏။ ဦးဘဦး၏ လက်မွေးသားရေအိတ်ကိုစားပွဲပေါ်မှဆွဲယူပြီးလျှင် သံသေတ္တာအတွင်းသို့ထိုးသွင်းလိုက်၏။ ဦးဘဦး၏ အကျီအိတ်များကို စမ်းသပ်ရှာဖွေသောအခါ သော့တွဲတစ်တွဲကို တွေ့ရှိရ၍ ယင်းသော့တွဲတွင် ဦးဘဦး၏ အတွင်းအလုပ်ခန်းသော့ပါကြောင်း သိရှိပြီး ဖြစ်သည့်အတိုင်း အိတ်ထဲတွင် သိမ်းဆည်းထားလိုက်၏။ နောက်ဆုံး၌ ကိုသက်ညွန့်သည် ဦးဘဦး၏ အလောင်းကို ပွေ့ချီပြီးလျှင်ကိုးရိုးကားရား ကျလျက်ရှိသော လက်တံများကို တတ်နိုင်သမျှ သိမ်းပိုက်ကာ သံသေတ္တာကြီး အတွင်းသို့ ထိုးသွင်းလိုက်၏။ နောက် တံခါးကို ပိတ်လိုက်လေသည်။

ဦးဘဦး၏အလောင်းကို ပွေ့ချီရာ၌ အတော်ပင် အကိုင်အတွယ်ကျွမ်းသဖြင့် ကိုသက်ညွန့်မှာ နဖူးမှ ချွေးများပင် ပြန်လေ၏။ သို့သော် အလုပ်မှာ ၂ မိနစ်အတွင်းပြီးစီးသွားလေသည်။ ကိုသက်ညွန့်သည် ဒူးများတုန်ပြီးလျှင် ရင်ထဲ၌လည်း ကတုန်ကယင် ရှိနေသဖြင့် မိမိကိုယ်ကိုမိမိ ထိန်းသိမ်းရန် မိနစ်ဝက်ခန့်မျှ တည်ငြိမ်စွာ ရပ်နေမိ၏။ ထို့နောက် အတန်ငယ်တွန့်နေသော မိမိ၏ အကျီကို ဆွဲဆန့်ထား တည်ငြိမ်အေးဆေးသောအမူအရာဖြင့် သန်းသန်းအေး၏အခန်းဘက်သို့ထွက်သွား ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



အေး - "ဒီလိုဆိုတော့လည်း တယ်မကြာပါကလား"

ညွန့် - "ဒါကြောင့် အစကတည်းက မကြာလှပါဘူးလို့ ပြောနေတာပဲ"

သန်းသန်းအေးသည် စားပွဲတင်နာရီကို တစ်ချက်စောင်း၍ကြည့်လိုက်ပြန်၏။ ထို့နောက် မှန်ဝိုင်းကလေးဖြင့် ဆက်လက် အလှပြုပြင်နေပြန်လေသည်။

အေး - "ကိုသက်ညွန့်တို့အိမ်မှာ နှင်းဆီပင်တွေ သိပ်ပေါ်တယ်နော်"

ညွန့် - "သိပ်မများလှပါဘူးဗျ။ နို့ပေမဲ့ ကျုပ်က စနစ်တကျစိုက်တော့ အပွင့်တွေက သိပ်ထွားတာပေါ့"

သန်းသန်းအေးက ကိုသက်ညွန့်၏ရင်ဘတ်မှ နှင်းဆီပွင့်ကြီးကိုကြည့်လျက် -

"ဒီကနေ့ နှင်းဆီပွင့်ကြီးက သိပ်ကြီးတာပဲနော်။ ဘာမျိုးလဲ"

"လာဖရန့်မျိုးလေ။ သင်းသင်းကလေးကလေး မွှေးတယ်"

"အေး သိပ်ပြီး သဘောကျတာပဲ"

"သဘောမကျလည်း ပေးမှာပါပဲဗျာ။ အေးဖို့ယူလာတာပဲ။ ဒါပေမဲ့နည်းနည်းကလေး ညှိုးနေလို့ ပေးရမှာတောင် အားနာနေရတယ်"

"အို ကိစ္စမရှိပါဘူး။ အေး စားပွဲပေါ်က ဖန်ခွက်ထဲ ထိုးထားမှာပါ"

"ပန်လိုပန် ထိုးလိုထိုးပျာ။ သဘောရှိ"

ကိုသက်ညွန့်သည် ရင်ဘတ်တွင် ထိုးထားသည့် ကြက်သွေးရောင် လာဖရန့် နှင်းဆီပွင့်ကြီးကို ရင်ဘတ်မှအသာဖြုတ်ပြီးလျှင် သန်းသန်းအေးလက်သို့ ပေးလိုက်ရာ သန်းသန်းအေးကလည်း ညင်သာစွာ လှမ်းယူပြီးလျှင် ရေထည့်ထားသော ဖန်ခွက်၌ တယုတယ ထိုးထားလိုက်လေသည်။ နှင်းဆီပွင့်ကြီးမှာ အရောင်ညှိုးရုံမျှညှိုးလျက်ရှိသော်လည်း ပွင့်လန်းလတ်ဆတ်လျက်ပင် ရှိနေ၏။ စားပွဲခင်းအဖြူ ခင်းထားသော သန်းသန်းအေး၏ စားပွဲခင်းမှာ ကြက်သွေးရောင် နှင်းဆီပွင့်စိုက်ထားသော ဖန်ခွက်နှင့် များစွာ ပန်းရပြီးလျှင် ကျက်သရေရှိလှပေသည်။

ဤကဲ့သို့ နှစ်မိနစ် သုံးမိနစ်ခန့်မျှအချိန်ကုန်အောင် သန်းသန်းအေးနှင့် စကားပြောနေခြင်းသည်လည်း ကိုသက်ညွန့်၏အကြံအစည်တွင် တစ်ဆင့်တစ် အသေပါဝင်လေသည်။ သန်းသန်းအေးသည် စားပွဲတင်နာရီကို လှမ်း၍ကြည့်လိုက်


www.burmeseclassic.com

www.burmeseclassic.com



ပြန်၏။ သန်းသန်းအေးသည် နေ့စဉ် ရုံးဆင်းချိန် ၅ နာရီထိုးရန် ၁၀ မိနစ်အလို၌ အလုပ်ရှင်ဖြစ်သူ ဦးဘဦးအား မိမိပြန်မည့်အကြောင်းကို သွား၍ ပြောစမြဲဖြစ်၏။

သို့နှင့်ကိုသက်ညွန့်ထွက်သွားပြီးနောက်မိနစ်အနည်းငယ်မျှကြာသော အခါသန်းသန်းအေးသည်ဦးဘဦးအလုပ်ခန်းထဲသို့မိမိပြန်တော့မည့်အကြောင်း ပြောရန် ဝင်သွားလေ၏။ သို့သော် ဦးဘဦးကိုကား မတွေ့ရတော့ချေ။ တစ်ခါတစ် ရံ ဦးဘဦးသည် ၅ နာရီထိုးရန် ၁၀ မိနစ် ၁၅ မိနစ်ခန့်အလို၌ မည်သူ့အားမျှ အသိ မပေးဘဲ နံဘေးတံခါးမှ ထွက်ပြီးလျှင် သွားတတ်ကြောင်း သိပြီးဖြစ်သည့်အတိုင်း ဦးဘဦး ထွက်သွားပြီပဲ ယူဆကာ မိမိအခန်းသို့ လှည့်၍ပြန်ခဲ့လေ၏။ ထို့နောက် ခါတိုင်းလိုပင် အလုပ်မှ ဆင်းခဲ့လေသည်။

ထိုအချိန်မှစ၍ ကိုသက်ညွန့်၏ သွားလာလှုပ်ရှားမှုများကို အကယ်၍ လိုအပ်လျှင် ခရေစေ့တွင်းကျ တင်ပြနိုင်လောက်ပေ၏။

သူသည် အလုပ်တိုက်မှ ၅ နာရီတိတိတွင် ဆင်းခဲ့၏။ အိမ်အပြန် တွင် မိတ်ဆွေတစ်ယောက်က လမ်းကြုံလိုက်သဖြင့် ၎င်းကိုပင် သူ၏ အိမ်ရှေ့၌ ချထားပေးခဲ့၏။ အိမ်သို့ပြန်ရောက်သောအခါ ရေမိုးချိုး၍ အဝတ်အစားလဲပြီး နောက် အိမ်သားများနှင့်အတူ ညနေစာစား၏။ ညနေစာ စားပြီးသောအခါ မိမိ၏ အိမ်သားများနှင့်တကွ အခန်းချင်း ကပ်နေသော နမဝမ်းကွဲ တော်စပ်သူ စိုးစိုးကိုပါ ခေါ်ခဲ့ပြီးလျှင်ဂလုပ်ရုံသို့ ၆ နာရီပွဲတွင် သွားရောက်ကြည့်ရှုကြ၏။ ၉ နာရီကျော်ကျော် တွင် အိမ်သို့ ပြန်ရောက်ပြီးနောက် အိပ်ရာသို့မဝင်မီ အိမ်သားများနှင့်အတူ လိမ္မော်ရည်တစ်ခွက်စီ သောက်ကြပြီးနောက် ည ၁၀ နာရီအချိန်တွင် အိပ်ရာသို့ ဝင်၏။ ထို့နောက်တွင်ကား ဇနီးဖြစ်သူမေရီမှာအအိပ်ကြီးသောမိန်းမတစ်ယောက် ဖြစ်သည့်အတိုင်း နံနက်မိုးလင်းသော အခါမှ တစ်ရေးသာနိုးသဖြင့် အိပ်ရာမှ ကိုသက်ညွန့် တိတ်တဆိတ် ထသွားသည်ကို မသိရှာချေ။ ထို့ပြင် အိမ်သားများ နှင့်လည်းကောင်း၊ အခန်းချင်း ကပ်၍နေသော စိုးစိုးသည်လည်းကောင်း ကိုသက် ညွန့်၏ လှုပ်ရှားသွားလာမှုများကို သိမည် မဟုတ်ပေ။

နံနက် ၂ နာရီထိုးအချိန်တွင် ကိုသက်ညွန့်သည် အိပ်ရာမှ ဖြည်းညင်း စွာ ထလာခဲ့ပြီးလျှင် ဂိုဒေါင်အတွင်းမှ ကားကလေးကို ညင်သာစွာ တော်နှင်၍ လမ်း ပေါ်သို့ရောက်အောင် ထုတ်ခဲ့ပြီးလျှင် ဦးဘဦး၏အလုပ်တိုက်သို့ မောင်းနှင်သွားခဲ့



www.burmeseclassic.com

www.burmeseclassic.com



လေ၏။ အလုပ်တိုက်နံဘေးရှိ ကားများထားရာ ကွက်လပ်သို့ ရောက်သောအခါ ကားကို မှောင်ရိပ်တစ်ခုတွင် ထိုးထားခဲ့ပြီးလျှင် နောက်ဘက်မှ လှည့်၍ အလုပ်ခန်းကြီးဘက်သို့ ရောက်အောင်လာခဲ့၏။ ရှေ့ဘက်၌မူ တစ်ခါတစ်ရံလမ်းပေါ်သို့ ဖြတ်သွားသော ကားတစ်စီးတလေကို မြင်လိုက်ရသည့်အပြင် အဖော်ခပ်လှမ်းလှမ်းရှိ ဓာတ်ပင်အောက်တွင် ထိုင်၍နေသော ဒရဝမ်ကုလားတစ်ယောက်ကိုလည်း တွေ့မြင်ရသဖြင့် နောက်ဘက် မှောင်ရိပ်ကိုခို၍ လာခဲ့ခြင်း ဖြစ်လေသည်။

အခေါက်အအုံကြီး တစ်ခုလုံးသည် တိတ်ဆိတ်လျက်ရှိ၏။ ဦးဘဦးအခန်းနံဘေးတံခါးပေါက်မှ သော့ကိုရရှိပြီးဖြစ်သည့်အတိုင်း ကိုသက်ညွန့်သည် သံသေတ္တာကြီးရှိရာ အတွင်းခန်းသို့ဝင်ခဲ့လေ၏။ သူသည် လက်အိတ်ကိုစွပ်လိုက်ပြီးနောက် စကားဝှက်သော့ခလောက်ကို M.A.R.Y ဟူသော စာလုံးများဖြင့် အလွယ်တကူ ဖွင့်လိုက်လေ၏။

ထို့နောက် ဦးဘဦးအလောင်းကို သံသေတ္တာအတွင်းမှ ထုတ်ယူ၍ ကြမ်းပြင်ပေါ်တွင် အလိုအလျောက် လဲကျခြင်းနှင့် သဏ္ဍာန်တူအောင် ထားရခြင်း သေတ္တာကြီးအောက်ထပ် အံဆွဲအတွင်းမှ ငွေတစ်သောင်းကျော်ကို မိမိ၏ လက်ပွေ့အိတ်ထဲသို့ ပြောင်း၍ထည့်ရခြင်း၊ ဦးဘဦး၏ စာရွက်စာတမ်းများပါသော လက်ပွေ့အိတ်ကိုဦးဘဦး၏အလုပ်စားပွဲပေါ်သို့နေသားတကျတင်ထားရခြင်း၊ သော့တွဲကို ဦးဘဦးအင်္ကျီအိတ်ထဲကို ပြန် ထည့်ထားရခြင်းစသော အလုပ်တို့မှာ ၆ မိနစ်အတွင်းပြီးစီးသွားလေ၏။ ထို့နောက် ကိုသက်ညွန့်သည် လာလမ်းအတိုင်းပြန်၍ ကားဆီသို့ ရောက်သောအခါ ကားကလေးကို ညင်သာစွာ စက်နှိုးထွက်ခဲ့လေ၏။ သံပိုက်လုံးကိုမူ ကန်တော်ကြီးနံဘေးရှိ လမ်းပေါ်သို့ ကားဖြတ်လာစဉ် ရေစပ်နှင့် အနီးဆုံးနေရာသို့ အရောက်၌ ကမ်းခြေမှ ဝေးနိုင်သမျှဝေးအောင် ရေထဲသို့ တအားလွှဲ၍ ပစ်ချခဲ့လေသည်။

ဤသို့လျှင် ကိုသက်ညွန့်သည် သူကျူးလွန်ခဲ့သော ပြစ်မှု ဤမျှအထိ လုံခြုံစွာ ဖုံးအုပ်နိုင်ခဲ့လေသည်။

နောက်တစ်နေ့နံနက် ၉ နာရီ ထိုးပြီးလတ်သော် ကိုသက်ညွန့်သည် ကားကလေးကိုကိုယ်တိုင်မောင်းကာတစ်စုံတစ်ရာမသိဟန်ဆောင်လျက်အလုပ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုက်သို့လာခဲ့လေ၏။ အလုပ်ခန်းကြီးအတွင်းသို့ရောက်သောအခါ စာရေးများ သည်၄ယောက်တစ်တွဲ၅ယောက်တစ်တွဲစုရုံးသွားလာကာ ပျာလောင်ခတ်လျက် ရှိနေသည်ကို တွေ့ရသဖြင့် အင်္ကော်ပင် ဂ္ဂရေဖြူဆည်ကာ မျက်နှာမပျက်အောင် ထားလိုက်ရ၏။ အလုပ်ရုံးခန်းမဆောင်အဝင်ဝတွင် ရဲသားနှစ်ယောက် စောင့်၍ နေ၍ဦးဘဦးအခန်းဘက်တွင် ရဲအရာရှိများ ရပ်နေသည်ကိုမြင်ရ၏။ ထိုအတွင်း ဒီအနီးရှိ လူစုထဲမှ စာရေးတစ်ယောက်က -

"ဘယ်တုန်းက တွေ့တာလဲဗျ" ဟု အခြားတစ်ယောက်ကို မေးလိုက် သည်တွင် အမေးခံရသူက -

"မနက်စောစောအပွနားနဲ့ ဒရဝမ်ကြီးကတွေ့တာ ဟု အတူဝင်ရောက် ပြောဆိုလျက် ရှိလေ၏။

မေးသူ - "ဒီနေ့ ဘယ်သူ အစောဆုံးရောက်သလဲ"

ဖြေသူ - "ကျုပ်က ဒီကနေ့ ခပ်စောစော ရောက်လာတာ"

ထိုအခါ ကိုသက်ညွန့်လည်း -

ညွန့် - "ဘယ်လိုဖြစ်တာလဲဗျ။ ပြောကြစမ်းပါဦး"

တစ်ယောက် - "ဆရာကြီး ကိစ္စချောပြီလေ။ ခင်ဗျား မသိဘူးလား"

ညွန့် - "ဟင့်အင်းမသိဘူး။ ကျုပ်က ခုမှရောက်လာတာ လမ်းမှာအသိ တစ်ယောက်နဲ့ တွေ့နေလို့"

ထိုအခါအလုပ်တိုက်သို့ ခပ်စောစော ရောက်လာသူ ပထမစကားပြော နေသော စာရေးက -

"ဒီလိုတဲ့ဗျ။ မနက်စောစောကြီး ၆ နာရီလောက် ဒရဝမ်ကြီးက အပွနား တို့တံမြက်စည်းလှည်းဖို့ ဒီအခန်းထဲက တံခါးဖွင့်ပြီး သန့်သန့်အေး အခန်းဘက် ရောက်တော့ အဘိုးကြီး အခန်းဝရန်တာဘက်က တံခါးပွင့်နေတာ မြင်သတဲ့ဗျ။ အဲ့ ဝရန်တာဘက် လှည့်ကြည့်တော့ အခန်းထဲမှာ လားလား ဆရာကြီးဟာ ကြမ်း ပေါ်မှာ ခပ်စောင်းစောင်းလဲသေနေတာ တွေ့ရတာပါပဲခင်ဗျာ။ သေတ္တာကြီးလည်း ဖွင့်လို့"

တစ်ယောက် - "ငွေတွေတော့"



www.burmeseclassic.com

www.burmeseclassic.com



ပထမလူ - "ငွေလိုချင်လို့သတ်တာပဲဗျာ။ ခင်ဗျားကလည်း ကျားကိုက်တာကို နာတာရှည်လားလို့ မေးနေပြန်ပါပြီ"

အခြားတစ်ယောက် - "ဟုတ်ပါတယ်ဗျာ။ ကိုဘအုန်းကလည်း ဗျာ ကိုထွန်းရီပြောတာ အသာနားထောင်ပါဦး။ ကဲ ကိုထွန်းရီ ဆက်ပြောစမ်းပါဦး။ ဘယ်လိုသတ်သွားတာလဲဗျ။ ဒင်္ဂါးရာကကော"

ရီ - "ဦးဆက်ပြုတ်ထွက်သွားသတဲ့ဗျ။ တစ်ချက်တည်း တအားလွှဲ ရိုက်တဲ့ သဘောပေါ့ဗျာ"

ထိုအခါ ကိုသက်ညွန့်က တောက်တစ်ချက်ခေါက်လိုက်ပြီးလျှင် ကြားဖြတ်၍ "ဖြစ်မှဖြစ်ရလေဗျာ။ ကျုပ်တို့အလုပ်လည်း တစ်မျိုးတစ်ဖုံ ထိခိုက်တာပဲဗျ။ သူမရှိရင် အတော်ခက်တယ်"

တစ်ယောက် - "သူမရှိရင် အခြားဒါရိုက်တာတစ်ယောက် တက်ပေါ့ဗျ"

အခြားတစ်ယောက် - "ဟုတ်တော့ဟုတ်တာပေါ့ဗျာ။ နို့ပေမဲ့ အေးလေ ဒါတွေထားလိုက်ပါဦး။ ဘာများ ခြေရာလက်ရာ မတွေ့ဘူးတဲ့လား"

အခြားတစ်ယောက် - "ဟော့ကောင် ဒါက မင်းအလုပ် မဟုတ်ပါဘူး။ ပုလိပ်တွေ အလုပ်ပါ။ အခု အခန်းထဲမှာ ကြည့်နေတုန်းပဲ"

ပထမရောက်လာသူ - "ကျုပ် တစ်စွန်းတစ်စ ကြားရတာကတော့ ဒီကိစ္စမှာ ကေနွှ အတွင်းလူ ပါရမယ်လို့ ပုလိပ်က ထင်မြင်ချက်ပေးနေသတဲ့ ဆရာတို့ရဲ့"

တစ်ယောက် - "ဘာဖြစ်လို့တဲ့လဲ ကိုထွန်းရီ"

ရ - "ဒီသေတ္တာကြီးကစကားဝှက်အကွရာစဉ်နဲ့ဖွင့်ရတယ်မဟုတ်လား။ ဒီတော့ အတွင်းလူသာ ဒီစကားဝှက်ကို သိနိုင်တာပေါ့"

ထိုအချိန်၌ ကိုသက်ညွန့်မှာ ရင်များ တထိတ်ထိတ်ခုန်လျက်ရှိရာ စီးကရက်တစ်လိပ်ကို ကပျာကရာ မီးညှိ၍ သောက်ပြီးနောက် မျက်နှာမပျက်စေရန် အတော်ပင် ကြံဖန်ဆည်လိုက်၏။

တစ်ယောက် - "ဪ ဦးလှမောင်ကိုတော့ အဘိုးကြီးမရှိတဲ့အခါ သေတ္တာကိုဖွင့်နိုင်ဖို့ စကားဝှက် ပေးထားတယ်လို့ ပြောကြတယ်"



www.burmeseclassic.com

www.burmeseclassic.com



(ဦးလှမောင်မှာ ငွေစာရင်းအရာရှိဖြစ်၏)

ရီ – "သူ့ကိုလည်း စစ်မှာပေါ့ဗျာ၊ နို့ပေမဲ့ ကျုပ်သိသလောက်တော့ ဒီလိုအခါမျိုးမှာ ဦးလှမောင်အတွက် အဘိုးကြီးက စပယ်ရှယ်စာလုံးတစ်ခု ထုပ်ပေးထားသတဲ့ဗျ။ ဒီအကွရာစဉ်ကို ဦးလှမောင်နဲ့အဘိုးကြီးပဲ သိတယ်၊ ဒီနောက် သေတ္တာကို ဦးလှမောင်က အဘိုးကြီးပြန်အပ်တဲ့အခါ ဒီအကွရာစဉ်ကို ချက်လိုက်ကြတယ်"

တစ်ယောက် – "ဟုတ်တာပေါ့။ နို့မှလည်း ဦးလှမောင်တာဝန်ကင်းတော့ပေါ့"

ရီ – "ဒါပေါ့ဗျာ"

သို့စကားပြောလျက်ရှိကြစဉ် ရုံးလုလင်ကလေးတစ်ယောက်ဝင်လာ၍ ရဲအရာရှိများသည် ဦးဘဦးအခန်းမှ သန်းသန်းအေး၏ အခန်းကလေးဘက်သို့ ဝင်ရောက်ကြည့်ရှုနေကြကြောင်း လာရောက် ပြောဆိုလေ၏။

ထိုအခါ၌ ကိုသက်ညွှန့်လည်း သက်ပြင်းတစ်ချက် ချလိုက်လေ၏။

အချိန်မှာ ၉ နာရီခွဲပြီဖြစ်၍ စာရေးများသည် သူ့နေရာတွင်သူ ထိုင်မိကြသောအခါ ရုံးခန်းမှာ နဂိုအခြေအနေအတိုင်း ရှိနေပြီးလျှင် စာရေးများသည် မိမိတို့ သက်ဆိုင်ရာ အလုပ်ကို စတင်လုပ်ကိုင်လျက် ရှိကြကုန်၏။

ထိုအချိန်၌ ရဲအရာရှိများသည် မသန်းသန်းအေးအား မေးခွန်းအနည်းငယ် ထုတ်ပြီးနောက် ဦးဘဦး အခန်းဘက်သို့ ပြန်၍ ကူးသွားပြန်၏။

သို့ရှိစဉ် ကိုသက်ညွှန့်စားပွဲနှင့် ကပ်လျက်ရှိသော စာရေး ကိုဘအုန်းဆိုသူက နောက်ကျောဘက်တွင် ကပ်လျက်ရှိသော စားပွဲမှ ကိုထွန်းရီအား –

"ဒီလိုဆိုရင် ကျုပ်တို့တစ်တွေများ စစ်နေဦးမှာလားဗျာ"

" ဘာဆိုင်လို့ စစ်ရမှာလဲဗျ။ သူ့ဘာသာသူ သူခိုးကဝင်ပြီး သံသေတ္တာ ဖွင့်ပြီးသတ်သွားတာ၊ ကျွန်ုပ်တို့ညနေ ၅နာရီရုံးဆင်းတဲ့စာရေးတွေနဲ့ ဘာဆိုင်လို့ လဲ"

"နို့ပေမဲ့ သန်းသန်းအေးနှင့် ဦးလှမောင်ကိုတော့ အတော်ကြာ စစ်နေတယ်၊ ပြောတယ်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"သူတို့က ဘိုးကြီးအခန်းထဲ အထွက်အဝင်များတာကိုဗျ။ ပြီးတော့ မသန်းသန်းအေးကလည်း ပရိုက်ဗိတ် စက္ကရီတေရီဆိုတော့အဘိုးကြီးနဲ့ အတွေ့ အများဆုံးမဟုတ်လား။ စစ်မှာပေါ့"

ထိုအချိန်၌ ကိုသက်ညွှန့်သည် ကိုဘအုန်းနှင့် ကိုထွန်းရီတို့ ပြောသော စကားများကိုနားစိုက်ကာမိမိအားမည်သည့်အချိန်တွင်လာရောက်စစ်ဆေး မည်နည်းဟု စိတ်ထဲတွင် တဒိတ်ဒိတ် ဖြစ်နေလေ၏။ မကြာမီ မသန်းသန်းအေး သည် အခန်းတစ်ဖက်မှ ထွက်လာ၍ ဝရန်တာဘက်သို့ လျှောက်သွားသည်ကို လည်းကောင်း၊ ထို့နောက် အခန်းထဲမှ ထွက်လာပြီးလျှင် ဝရန်တာမှလှည့်၍ ဦးဘဦးအခန်းနံဘေး ပြတင်းပေါက်မှ ဝင်သွားသည်ကိုလည်းကောင်း မြင်လိုက် ရ၏။

၁၅မိနစ်ခန့်ကြာသောအခါ ဓာတ်ပုံသေတ္တာလွယ်၍ထားသောရဲအရာ ရှိတစ်ယောက်ကိုလည်းကောင်း၊နောက်မှလိုက်ပါလာသောဆရာဝန်နှင့်သဏ္ဌာန် တူသည့် ကုလားကပြား တစ်ယောက်ကိုလည်းကောင်း အခန်းတွင်းသို့ မသန်း သန်းအေးက ခေါ်ဆောင်ခေါ်သွားသည်ကို မြင်လိုက်ရပြန်၏။

နောက် ၁၀မိနစ်ခန့်အကြာ၌ ရဲအရာရှိများသည် ဦးဘဦး၏အခန်းထဲ တွင် အလောင်းနှင့် သံသေတ္တာကြီးကို ဓာတ်ပုံရိုက်ခြင်း၊ ပေကြိုးများဆွဲ၍ ကြည့် ရှု ရှာဖွေခြင်းများ ပြုလုပ်နေသည်ဟု စာရေးတစ်ယောက်က ခပ်တိုးတိုး လှမ်း၍ ပြောသဖြင့် သိရ၏။ အခြားစားပွဲမှ စာရေးများသည်လည်း နီးရာ စားပွဲသို့ လှမ်း၍ ထိုအကြောင်းများကို ပြောဆိုကာ တစ်ယောက်နှင့်တစ်ယောက် အမျိုးမျိုး ထင် မြင်ချက်ပေးလျက် ရှိကြကုန်၏။

မကြာမီ သန်းသန်းအေးသည် အခန်းကလေးထဲမှထွက်လာ၍ ခန်း မကြီးထဲတွင်ရှိနေသော လက်နှိပ်စက် စာရေးမတစ်ဦး စားပွဲသို့ သွားရောက်ကာ စကားပြောနေသည်ကို မြင်ရသဖြင့် ကိုသက်ညွှန့်လည်း ဂနာမငြိမ်တော့ဘဲ အကျိုးအကြောင်းမေးမြန်းရန် စားပွဲသို့သွား၍မသန်းသန်းအေးအားဖင်းက စ အခန်းကလေးထဲသို့ ခေါ်သွားလေ၏။ အခန်းတွင်းသို့ ရောက်သောအခါ မသန်း သန်းအေး၏ မျက်နှာမှာ ညှိုးငယ်သင့်သလောက် မညှိုးငယ်ဘဲ ရှိနေသည်ကို ကိုသက်ညွှန့်ကအကဲခတ်မိရာမသန်သန်းအေးကလည်းကိုသက်ညွှန့်၏မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ရှင်တစ်စုံတစ်ရာစိုးရိမ်ထိတ်လန့်နေသည့်အမူအရာရှိနေသည်ဟုမှတ်ချက်ချလိုက်မိ၏။

ညွန့် - "ကျုပ်တော့ သိပ်စိတ်မကောင်းတာပဲ မသန်းသန်းအေးရယ်၊ ဘယ်လိုများဖြစ်ရတာလဲ မပြောတတ်ဘူး။ ကျုပ်နဲ့ မနေ့က၄ နာရီခွဲလောက်မှာတောင် ငွေစာရင်းတွေအပ်ရင်း စကားပြောနေသေးတယ်"

အေး - "၄ နာရီခွဲ မဟုတ်ဘူးရှင့်၊ ၄ နာရီနဲ့ မိနစ် ၄၀ ရှိပြီ။ ဒီတုန်းက ကျွန်မ နာရီကြည့်လိုက်လို့ မှတ်မိတယ်"

"အေးလေ ထားပါတော့။ ဒါထက် စုံထောက်တွေက ဘာပြောသလဲ၊ ဘာမှုခြေရာလက်ရာ မတွေ့ဘူးတဲ့လား"

"မပြောတတ်ပါဘူးရှင်။ အလောင်းကို ဓာတ်ပုံရိုက်၊ သေတ္တာကြီးဖွင့်စိတ်ကြည့်၊ သေတ္တာထဲမှာရော အပြင်ဘက်မှာရော အမှိုက်ကလေးတွေ၊ ဖုန်ကလေးတွေမကျန် မှန်ဘီလူးနဲ့ကြည့်၊ ပေကြိုးနဲ့လျှောက်တိုင်း ဒါတွေလျှောက်လုပ်နေတာပဲ၊ ဘာမှုတော့ မသိရသေးဘူး"

"အရပ် ထောင်ထောင်မောင်းမောင်းနဲ့လူက ခေါင်းဆောင်နဲ့တူတယ်"

"ဟုတ်တယ်ရှင့် စုံထောက် အင်စပိတ်တော် ဦးအုန်းဘူးဆိုတာပဲတဲ့၊ ရဲသားကလေးတစ်ယောက်က ပြောပြလို့ကျွန်မသိပါတယ်။ ဒီလူက အမှုစုံထောက်တဲ့နေရာမှာ အင်မတန် သေချာပြီး အထူးသဖြင့် လူသတ်မှု လက်သည်ရှာတဲ့နေရာမှာ အင်မတန်တော်သတဲ့ ကိုသက်ညွန့်ရဲ့"

ကိုသက်ညွန့်မှာ ရင်ထဲတွင် တထိတ်ထိတ်ဖြစ်၍နေသော်လည်း အပေါ်ယံတွင် ဣန္ဒြေမပျက်စေဘဲ မိမိမျက်နှာကို အခြားသူများ အကဲမခတ်နိုင်အောင် စီးကရက်တစ်လိပ်ကို ကပျာကယာ မီးညှိ၍ သောက်လိုက်လေ၏။

ညွန့် - "ဒီလိုဆိုရင် မြန်မြန်ပေါ်မှာပဲ၊ ပေါ်ပါစေလို့ ဆုတောင်းပါတယ်ဗျာ။ ဪ ဒါထက် ဦးလှမောင်ကို တော်တော် စစ်တယ်ဆို"

"ဟုတ်တယ်ရှင့်။ ဦးလှမောင်တွင်မကဘူး။ ကျွန်မတို့လည်း မေးခွန်းတွေ အတော်ထုတ်တယ်"

"ဘာတွေမေးတာလဲ မသန်းအေးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"စုံလို့ပါပဲရှင်။ မနေ့ညက ညနေပိုင်း အစ်ကိုကြီးအခန်းထဲအထွက်အဝင်တွေ မေးတာပေါ့။ စောစောပိုင်းက ငွေစာရင်းအရာရှိ ဦးလှမောင်လာတာရော။ ဒီနောက် မောင်ညိုဆိုတဲ့ စာရေးကလေး တစ်ယောက်နဲ့ မင်းစေ ဖိုးစွားလာတာရော။ ဒီနောက် ညနေ ၄ နာရီထိုးအပြီးမှာ ကျွန်မကိုယ်တိုင် အထဲကို ဘယ်နှစ်ခေါက်ဝင်မိတယ်ဆိုတာရော။ ပြီးတော့ ၄ နာရီမိနစ် ၄၀ မှာ ကိုသက်ညွန့်လာတာရော။ နောက် အခန်းထဲမှာ ၄၊ ၅ မိနစ်လောက် ကိုသက်ညွန့်နေပြီး ကျွန်မအခန်းထဲပြန်ဝင်လာတာရော။ စုံနေတာပါပဲရှင်။ အားလုံး စာနဲ့ ရေးမှတ်ထားတယ်"

"ကျုပ်အကြောင်း ဘာပြောလို့လဲ"

"ဘယ်သူ့အကြောင်းမျှ ထူးထူးခြားခြား မပြောပါဘူး။ အစ်ကိုကြီးရဲ့အခန်းထဲက ရှင်ထွက်လာတော့ လက်ထဲမှာ ဘာပါလာသလဲလို့ မေးတော့ သူ့လက်ထဲမှာ စာရင်းစာအုပ်ပဲ ကိုင်လာတာ မြင်ရတယ်လို့ ပြောလိုက်တယ်။ ရှင့်လက်ထဲမှာလည်း ဒါပဲ မြင်လိုက်တာပဲ"

"ဟုတ်လည်းဟုတ်သားပဲမသန်းအေးရဲ့၊ ကျုပ်လည်း စာရင်းစာအုပ်ပိုက်ပြီး အဘိုးကြီးအခန်းထဲက ထွက်လာတာပဲ။ ပြီးတော့ ကျုပ်ရှင်ဘတ်မှာထိုးထားတဲ့ နှင်းဆီပွင့်ကြီးတောင် မသန်းအေးစားပွဲပေါ်မှာ စိုက်ဖို့ ပေးခဲ့သေးတယ်လေ"

"ခြော်ဒါထက် နှင်းဆီပွင့်ဆိုလို့ ပြောရဦးမယ်။ ရှင်ပေးခဲ့တဲ့ နှင်းဆီပွင့်အကြောင်းတောင် ကျွန်မကို မေးနေတယ်။ အဲဒီနှင်းဆီပွင့်ဟာ အင်မတန်ကြီးပြီး အနံ့ကလည်း သင်းသင်းကလေးမွှေးတဲ့အကြောင်း သူတို့အချင်းချင်း ပြောနေကြတယ်။ ကိုသက်ညွန့်ရဲ့"

"ဟုတ်လား"

"ဟုတ်တယ်ရှင့်။ သူတို့က နှင်းဆီပန်း အတော် ဝါသနာပါတယ်ထင်တယ်"

"ကဲလေ ပြန်ပါ့မယ်။ ဒီကနေ့ စာရင်းလုပ်စရာတွေ အများကြီး ရှိသေးတယ်"

ထို့နောက် ကိုသက်ညွန့်လည်း သူ၏အလုပ်စားပွဲရှိရာသို့ပြန်သွားလေသည်။ ထိုအချိန်၌ အလောင်းအနေအထားနှင့် အခန်းပုံစံကို ဓာတ်ပုံရိုက်ခြင်း၊ တိုင်းထွာခြင်း၊ ကြည့်ရှုစစ်ဆေးခြင်းများပြုလုပ်ပြီးပြီဖြစ်၍ အလောင်းကိုဆေးရုံသို့



www.burmeseclassic.com

www.burmeseclassic.com



နှင့် ဦးဘဉီး၏ အိမ်သားများပါ ရဲအရာရှိများနှင့်အတူ စိစဉ်လျက်ရှိနေကြလေ၏။

ဦးဘဉီးအလောင်းကို ဆေးရုံသို့ပို့ပြီးနောက် စုံထောက် ဦးအုန်းဘူးနှင့် အခြားရဲအရာရှိတစ်ယောက်တို့သည် ဦးဘဉီးအခန်းထဲ၌ပင် နေရစ်ခဲ့ကြသည်ကို တွေ့ရလေသည်။

၁၀ မိနစ်ခန့်ကြာသောအခါ စုံထောက် ဦးအုန်းဘူးသည် ကိုသက်ညွန့်အား ခေါ်ယူစစ်ဆေးလေသည်။

ဦးအုန်းဘူးသည် သေသူဦးဘဉီး၏ အလုပ်စားပွဲ၌ ထိုင်နေပြီးလျှင် ကိုသက်ညွန့် ဝင်လာသည်ကို မြင်သောအခါ စားပွဲရှေ့ရှိ ကုလားထိုင်တစ်လုံးကို ညွှန်ပြကာနေရာထိုင်ခင်းများ ပေးလေ၏။

"ထိုင်ပါ ကိုသက်ညွန့်၊ ခင်ဗျားတို့ ဆရာကြီးရဲ့ကိစ္စကို စစ်ရအောင်လား။ မသန်းသန်းအေးကို မနေ့က ခင်ဗျားပေးခဲ့တဲ့ နှင်းဆီပွင့်ကြီးအကြောင်း ကျုပ်တို့ ပြောနေမိကြသေးတယ်ဗျ"

"ဟုတ်ကဲ့၊ အင်မတန်လှတဲ့ နှင်းဆီပွင့်ဗျာ။ လှလည်းလှ မွှေးလည်းမွှေး အိမ်မှာစိုက်တာနဲ့တူတယ်"

"ဟုတ်ကဲ့ အိမ်မှာ စိုက်တာပါ"

"ဘာမျိုးလဲဗျာ"

"လာဖရန့်မျိုးခင်ဗျာ"

"သင်းသင်းလေးမွှေးတယ်နော်"

"ဟုတ်ကဲ့ မွှေးပါတယ်"

"မနေ့က မသန်းအေးကိုပေးခဲ့တာက ဘာရောင်ခေါ်မလဲ၊ ကြက်သွေးရောင်ခေါ်မလား"

"ဟုတ်ကဲ့ ကြက်သွေးရောင်ပါ"

"ကိုသက်ညွန့်က တော်တော်အလှအပကြိုက်တယ်ထင်တယ်။ အဲဒီ အခန်းနေ့တိုင်း ပန်းပွင့်တစ်ပွင့် ထိုးထိုးလာတတ်တယ် ပြောတယ်"

(ကိုသက်ညွန့်က အတန်ငယ်ပြုံးလျက်) "ဟုတ်ပါတယ်ခင်ဗျား။ ဒါတော့ ကျွန်တော် ကျောင်းသားဘဝတည်းက ဝါသနာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကဲကဲ မေးခွန်းလေးတစ်ခွန်းနှစ်ခွန်းလောက် မေးပါရစေဗျာ။ ကျုပ်တို့နားလည်ထားတာက မနေ့ညနေက ၄ နာရီ မိနစ် ၄၀ နဲ့ ၄ နာရီ ၄၃ မိနစ် ၄ မိနစ်လောက်ကြားမှာ ဟော့ဒီ ဦးဘဦးသေတဲ့ အခန်းထဲမှာ ရှိနေတယ်လို့ သိရတယ်"

"မှန်ပါတယ်ဗျာ"

"ဒီအရင် ဘယ်အချိန်ကမှ ဒီနေ့မှာ ဦးဘဦး အခန်းထဲ မရောက်ဘူးလား"

"မရောက်ပါဘူးခင်ဗျာ။ မသန်းသန်းအေးက ကျွန်တော့်ဘက်က ရဲရဲကြီး သက်သေခံနိုင်ပါတယ်"

"ပြီးတော့ ကိုသက်ညွန့်က ဒီပီးခံသေတ္တာကြီးကို ဘယ်တုန်းကမှ မဖွင့်ဘူး။ ဟုတ်တယ် မဟုတ်လား"

"ဟုတ်ပါတယ်"

"ဖွင့်လည်း မဖွင့်နိုင်ဘူးဆိုပါတော့"

"မှန်ပါတယ်ခင်ဗျာ။ ကျွန်တော်တို့ ဆရာကြီး ဦးဘဦး ကိုယ်တိုင်ကလွဲပြီး ဘယ်သူမှ မဖွင့်နိုင်ပါဘူး ခင်ဗျာ"

"ဟုတ်တာပေါ့။ ကျုပ်တို့လည်း ဒီအတိုင်းပဲ ယူဆတယ်။ ကိုင်း တစ်ခုတော့မေးပြောစမ်းပါဦး။ ဦးဘဦးကိုယ်တိုင်ကော ကိုသက်ညွန့်ကို အင်္ကျီရင်ဘတ်မှာ နှင်းဆီပွင့်တွေဘာတွေ ထိုးလေ့ရှိသလား"

"မရှိပါဘူးခင်ဗျာ၊ တစ်ခါမှ ကျွန်တော်တို့ မမြင်ဖူးပါဘူး"

ထိုအချိန်၌ စုံထောက် အင်စပိတ်တော် ဦးအုန်းဘူးသည် သူ၏ လက်ယာဘက်တွင်ရှိနေသော စာအိတ်အဖြူကလေးတစ်လုံးကို ကိုသက်ညွန့်၏လက်သို့ လှမ်းပေးလိုက်ပြီးနောက် -

"ကဲ ဒီစာအိတ်ထဲ ဘာပါသလဲ ကြည့်စမ်းပါဦး" ဟု ပြောသဖြင့် ကိုသက်ညွန့်လည်း တုန်ယင်သောလက်များဖြင့် စာအိတ်အဖုံးကို တဖြည်းဖြည်းဖွင့်လိုက်လေ၏။

စာအိတ်အတွင်း၌ကား ကြက်သွေးရောင် နှင်းဆီပွင့်မှ ကြွေကျသည့် ပွင့်ဖတ်ကလေးနှစ်ခု ပါရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်ရှုသာကြည့်နော်၊ ကိုသက်ညွန့်လက်နဲ့မကိုင်နဲ့၊ ကြွေသွားမယ်၊ ဒီပွင့်ဖတ်ကလေး နှစ်ဖတ်ဟာ မနေ့က ကိုသက်ညွန့်အကျီမှာထိုးလာပြီး ဦးဘဦး အခန်းထဲက ထွက်အလာမှာ မသန်းအေးကို ပေးလိုက်တဲ့ နှင်းဆီပွင့်က ကြွေကျ ချန်ရစ်ခဲ့တဲ့ ပွင့်ဖတ်ကလေးနှစ်ခု၊ မသန်းအေးကို ပေးခဲ့တဲ့နှင်းဆီပွင့်ကြီးမှာ အဖတ်ကလေးနှစ်ဖတ် အရင်းက ကြွေကျသွားတဲ့ အရာနှစ်ခုကို တွေ့ရတယ်၊ ဒါကြောင့် ဒီနှင်းဆီပွင့်ကြီးက ကြွေကျတဲ့ပွင့်ဖတ်ကလေးနှစ်ခုဖြစ်ကြောင်း ထင်ရှားတယ်၊ အဲဒီနှင်းဆီပွင့်ဖတ်ကလေးနှစ်ခု ဘယ်နေရာက တွေ့ရတယ်ထင်သလဲ၊ သံသေတ္တာကြီးထဲက တွေ့ရတယ် ကိုသက်ညွန့်ရဲ့၊ ကိုင်း ဒီတော့ ဒီပွင့်ဖတ်ကလေး နှစ်ဖတ် ဘာကြောင့် သံသေတ္တာထဲ ရောက်နေတယ်ဆိုတာ ပြောနိုင်သလား၊ ပြောနိုင်ရင် ကျုပ်တို့ နားရှင်းအောင် ပြောစမ်း"

ကိုသက်ညွန့်သည် စကားပြန်၍ မပြောနိုင်တော့ဘဲ ဦးခေါင်းကိုငုံ့ကာ အုန်မလှုပ် ကျောက်ရုပ်ကဲ့သို့ ရှိနေလေ၏။

စုံထောက် ဦးအုန်းဘူးက ဆက်လက်၍ "ဘယ့်နယ်လဲ မပြောနိုင်ဘူး ဆိုတာလား"

ကိုသက်ညွန့်ထံမှ စကားပြန် မရတော့ချေ။

ထိုအခါ ဦးအုန်းဘူးက ခက်ထန်သောအသံဖြင့် -

"ကဲ ထ၊ တခြားရုံးစာရေးတွေရှေ့မှာ အရှက်မရချင်ရင် ကျုပ်နောက်က အေးအေးသာ လိုက်ခဲ့၊ ဒီလိုမဟုတ်ရင်တော့ လက်ထိတ်ခတ်ပြီး ခေါ်ရလိမ့်မယ်"

"ကျွန်တော် လိုက်ခဲ့ပါမယ်ဗျာ"

သွေးသောက်မဂ္ဂဇင်း

အမှတ် ၂၀၈၊ မေလ ၁၉၆၃

www.burmeseclassic.com

www.burmeseclassic.com

## စောရညီနောင်

ရန်ကုန်မြို့ ကိုယ့်မင်းကိုယ့်ချင်းလမ်း ချာချီအဲဝင်းနယ့်ကြား၌ စတုရ
ပေ ၁၀၀ ခန့်ရှိ ခြံကြီးတစ်ခြံရှိရာ ၎င်းအတွင်း၌ တစ်ထပ်အိမ်ကလေးတစ်လုံး
၏။ အိမ်ကလေးမှာ သာမန် ပျဉ်ထောင်ပျဉ်ခင်း သွပ်မိုးတစ်ထပ်အိမ်ဖြစ်လေသည်
အိမ်သားများမှာ အသက် ၆၀ ကျော် အမယ်အိုကြီးတစ်ယောက်၊ အသက် ၂၅
ခန့်ရှိ ပိန်ပိန်ပါးပါး ယောကျ်ားတစ်ယောက်၊ အသက် ၂၀ ခန့်ရှိ ရုပ်ရည် အသ
အတင့်သာရှိသော မိန်းမပျိုတစ်ယောက် နေထိုင်၏။

လုလင်နှင့် မိန်းမပျိုမှာ မောင်နှမအရင်းဖြစ်၍ မျက်မမြင် မိန်းမကြီး
မှာ ၎င်းတို့၏ မိခင်ဖြစ်လေသည်။

ခြံကြီးများနံဘေးနှင့် နောက်တွင် ကင်ပွန်းချဉ်နှင့် ဆူးပုပ်ပင်များ။
ရှေ့ပိုင်းတွင် ဘူးစင်နှင့် သဘောက်ပင်၊ ရွက်လှပင်များရှိနေ၍ လမ်းမှကြည့်လျှင် အိ
ကလေးကိုပင် အနိုင်နိုင် မြင်ရလေသည်။

လုလင်ပျိုမှာ အများအားဖြင့် ညဥ့်နေဝင်ရီတရော အချိန်များနှင့် ထ
ထက်ပင် ညဥ့်နက်သော အချိန်များ၌ စက်ဘီးတစ်စီးဖြင့်ထွက်ကာ ဗဟန်း
ဘက်မှ မြို့ထဲသို့လည်းကောင်း၊ ကုက္ကိုင်းလမ်းဘက်သို့လည်းကောင်း မ
သွားရောက်တတ်၏။ မိန်းမပျိုမှာ ရွက်ကြမ်းရေကျိုမျှ လုပချောမောသူဖြစ်၍ မိခ



www.burmeseclassic.com

www.burmeseclassic.com



ကြီးနှင့်အစ်ကိုအား ချက်ပြုတ်ကျွေးမွေးရ၏။ အထူးသဖြင့် မိခင်ကြီးအား ဝတ်ကြီးဆင်ငယ်ပြုခြင်း၊ ချက်ပြုတ်ကျွေးမွေးခြင်း၊ အိမ်ထောင်ထိန်းသိမ်းခြင်းဖြင့် အချိန်ကုန်ရရှာ၏။

မိခင်အိုကြီး၏အမည်မှာ ဒေါ်ဖွားစုဟူ၍လည်းကောင်း၊ သားဖြစ်သူ၏အမည်မှာ မောင်အေးချိုဟူ၍လည်းကောင်း၊ သမီး၏အမည်မှာ ခင်အေးပိုဟူ၍လည်းကောင်း ခေါ်တွင်၏။ သို့သော် မောင်အေးချိုနှင့် ခင်အေးပိုတို့မှာ အိမ်နီးပါးချင်းများနှင့်သော်လည်းကောင်း၊ အပြင်မှ အခြားသူစိမ်းတစ်ရံဆံများနှင့်သော်လည်းကောင်း ပေါင်းသင်းဆက်ဆံသည်ကို မမြင်ရဘဲ မိမိတို့ဘာသာအိမ်ထဲတွင် အေးချမ်းစွာ နေထိုင်လေ့ရှိ၏။ ခင်အေးပိုသည် တစ်လလျှင် တစ်ကြိမ်နှစ်ကြိမ်မျှ ဆောန်းဈေးသို့ သွားရောက်ကာ ဈေးဝယ်ချမ်းပြီးနောက် တစ်လကိုးသီတင်း အိမ်ထဲမှ မထွက်ဘဲ ရှိနေ၏။ မောင်အေးချိုမှာလည်း ညဥ့်အချိန်များတွင် စက်ဘီးဖြင့်ထွက်ကာ လည်ပတ်သည်မှတစ်ပါး မည်သူနှင့်မျှ အပေါင်းအသင်းမလုပ်ချေ။ သို့ဖြစ်၍ သူတို့၏ အိမ်ထောင်ကလေးမှာ မိသားစု ၃ ယောက်ဖြင့် အေးချမ်းသာယာစွာ ရှိနေသော်လည်း တစ်နည်းအားဖြင့် ထူးဆန်းလှပေ၏။

မောင်အေးချိုမှာ ပိန်ပိန်ပါးပါးဖြစ်သော်လည်း တောင့်တင်းဖြောင့်စင်းသော ကိုယ်ရှိပြီးလျှင် အရပ်မြင့်သလောက် ခြေတံလက်တံ ရှည်၏။ မျက်လုံးချက်ခုံးကောင်း၍ စူးရှသော မျက်လုံးများရှိပြီးလျှင် သွက်လက်ဖျတ်လတ်ခြင်း အရည်အချင်းနှင့် ပြည့်စုံခြင်း အသွင်အပြင်ကို ဆောင်လျက်ရှိလေသည်။ အိမ်တွင်နေသောအခါ ချည်လုံချည်တစ်ပတ်ရစ်ကလေးကိုဝတ်၍ရိုးသားစွာဝတ်ဆင်လေ့ရှိ၏။ အပြင်သို့ထွက်သောအခါများ၌မူ ကာကီရှပ်လက်ရှည်နှင့် သက္ကလပ်ဘောင်းဘီရှည်ကိုလည်းကောင်း၊ ရွှက်ဖျင်ဖိနပ်ကိုလည်းကောင်း ဝတ်လေ့ရှိ၏။

ခြံကြီးမှာ ဝင်းတံခါးကို သော့ခတ်ကာ အမြဲပိတ်ထားလေ့ရှိသည့်အပြင် ခွေးနက်အမွေးဖွားကြီးတစ်ကောင်လည်းရှိသဖြင့် သူစိမ်းများဝင်ရန်လည်းခဲယဉ်းလေသည်။ သို့ဖြစ်၍ အိမ်နီးပါးချင်းများက မောင်အေးချိုမှာ ရဲဘက်တွင် အလုပ်လုပ်သည်ဟူ၍လည်းကောင်း၊ အချို့ကလည်း လျှို့ဝှက်သော စုံထောက်တစ်ယောက်ဖြစ်သည်ဟူ၍လည်းကောင်း၊ အချို့ကလည်း နာမည်ကြီးသတင်းစာတိုက်တစ်တိုက်မှသတင်းထောက်ဟူ၍လည်းကောင်း အမျိုးမျိုးထင်မြင်ချက်ပေး



www.burmeseclassic.com

www.burmeseclassic.com



ရှိကြလေသည်။

ထိုညဉ့်ကားအလွန်မှောင်မိုက်သော ညဉ့်ဖြစ်သဖြင့် ကောင်းကင်တွင် အနည်းငယ်မျှသော ကြယ်ရောင်များမှတစ်ပါး အခြားအလင်းရောင်မရှိချေ။ ဘတ်လမ်း (ပဒ္မာလမ်း) ရှိ ဗိုလ်အိမ်ပုံဆောက်ထားသော တိုက်ခံအိမ်ကလေး တစ်လုံးမှာ ကျယ်ဝန်းသော ခြံတစ်ခြံအလယ်၌ တည်ရှိပြီးလျှင်သော်ကချုံများ ဖြင့် ဝန်းရံလျက်ရှိ၏။ တစ်တိုက်လုံးမှာ မှောင်နှင့်မည်းမည်းရှိနေရာ၊ ခြံ၏ရှေ့ဂိတ် ပေါက်နှင့် ကိုက် ၂၀ခန့်ဝေးသောနေရာတွင် လမ်းဓာတ်မီးတိုင်တစ်တိုင်မှတစ်ပါး အခြားအလင်းရောင် မရှိချေ။

အချိန်မှာညဉ့်၁၂နာရီကျော်ပြီဖြစ်၍ရပ်ကွက်တစ်ခုလုံးမှာတိတ်ဆိတ် ငြိမ်သက်လျက် ရှိပေသည်။

ဆွယ်တာအင်္ကျီလက်ရှည်၊ ဘောင်းဘီရှည်နှင့် ရွက်ဖျင်ဖိနပ်ကိုစီးထား သော လူတစ်ယောက်သည် စက်ဘီးတစ်စီးကိုစီးကာ ဟယ်လပင်လမ်း(ပြည်ထောင်စု ရိပ်သာလမ်း) ဘက်မှ ဘတ်လမ်းဘက်သို့ ချိုး၍ဝင်လာပြီးလျှင် ဓာတ်မီးတိုင်နှင့် မျက်နှာချင်းဆိုင်ဘက် သစ်ပင်ရိပ်တစ်ခုအောက်သို့ ရောက်သည်နှင့်တစ်ပြိုင်နက် စက်ဘီးပေါ်မှ ဆင်းလိုက်၏။ သူသည်ဘေးပတ်ဝန်းကျင်သို့သတိကြီးစွာဖြင့်ကြည့်၏။ အသံကို လည်းနားစိုက်ထောင်၏။ ဟယ်လပင်လမ်းဘက်မှကားတစ်စီးဖြတ်၍မောင်းသွား သောအသံကို တစ်ကြိမ်ကြားလိုက်ရ၏။ ထို့နောက် တိတ်ဆိတ်မြဲ တိတ်ဆိတ်၍ သွားပြန်လေသည်။

သို့နှင့် ထိုသူသည် စက်ဘီးကိုသစ်ပင်၌ထောင်ထားခဲ့ပြီးလျှင်ခြံတံခါး ဆီသို့ လျှောက်လာပြီးနောက် သော့ကိုစမ်းသပ်ရာ သော့ခလောက်ကလေးမှာ အတွင်းဘက်မှ ချိတ်ရုံသာ ချိတ်ထားသဖြင့် ခြံတံခါးကိုအလွယ်တကူဖွင့်ပြီးလျှင် စက်ဘီးကို မီးငြိမ်းပြီးနောက် တစ်ခါတည်းစီး၍ဝင်သွားလေ၏။ သူသည် ဝရန်တာ အောက်သို့ မဝင်ဘဲ လက်ဝဲဘက်မှ အိမ်၏ နောက်ဖေးဘက်သို့ လှည့်သွားလေ သည်။

အိမ်နောက်ဖေးဘက်မှ မှန်ပြတင်းပေါက်၄ ပေါက်နှင့်တကွ အလ တံခါးကြီးပါ လုံခြုံကျပ်တည်းစွာ ပိတ်ထားသည်ကို တွေ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုသူသည် စက်ဘီး ကယ်ရီယာပေါ်တွင်ပါသော သားရေအိတ်ငယ် အတွင်းမှ ဖောက်ထွင်းရန် လက်နက်ကိရိယာများကို ဘောင်းဘီအိတ်ထဲသို့ ထည့်လေ၏။ ထို့နောက် ကက်ဦးထုပ်အပျော့တစ်လုံးနှင့် အညိုရောင်ပိုးလက်အိတ် တစ်စုံ ကိုမျက်နှာတွင်စည်းကာ ကက်ဦးထုပ်ကိုမျက်လုံးများဖုံးလုမတတ်ဆွဲ၍ချလိုက် လေသည်။ ထို့နောက် လက်တွင် ချည်လက်အိတ်ကို စွပ်လိုက်သည်။

အောက်ထပ် မှန်ပြတင်းများမှာ မျှော်လင့်ချက်မရှိသဖြင့် ထိုသူသည် နောက်ဖေးရေသွန်ခန်း ပိုက်လုံးမှ တွယ်ကပ်၍ တက်သွား၏။ ထို့နောက် ၆ လက်မ ခန့်သာကျယ်သော အုတ်ခုံအစွန်းကိုနင်းကာ အပေါ်ထပ်ရှိ ပြတင်းပေါက်များကို ချောင်းသပ်လေ၏။ စတုတ္ထ ပြတင်းပေါက်သို့ ရောက်သောအခါ မှန်တံခါးမှာ အတွင်း ချိတ်များဖြင့်သေချာစွာပိတ်ထားသော်လည်း အပေါ်မှလေဝင်ပေါက်မှာတစ်ဖက်မှ အနည်းငယ်ပြုတ်ထွက်နေသည်ကို ကံအားလျော်စွာ တွေ့ရ၏။ ဤသို့တွေ့ရခြင်း သည်ပင် သူ့အတွက် ကံကောင်းခြင်းပေလော၊ ကံဆိုးခြင်းပေလော မပြောတတ် ပေ။

သူသည်တစ်လက်မခန့်သာအပြင်သို့အစွန်းထွက်နေသောမှန်ပြတင်း ပေါက်ပေါ်သို့ ခြေတစ်ဖက်ဖြင့် မေးပြီးလျှင် လေဝင်ပေါက်ကိုပြုတ်ထွက်နေသည့် ဘက်မှ အပြင်သို့လှည့်၍ ဆွဲထုတ်လေရာ သစ်သားပေါင်မှာ အရင်းမှမပြုတ် သော်လည်း အပြင်သို့ထွက်လာသဖြင့် လူတစ်ယောက် ဝင်နိုင်လောက်အောင် အပေါက်တစ်ပေါက် ဖြစ်သွားလေ၏။ ထို့နောက်တွင်ကား သူသည် အတွင်းသို့ ဦးခေါင်းလျှို၍ဝင်ကာ ခန်းဆီးစောင်တစ်ခုကို တွဲလွဲခိုပြီးနောက် ကြမ်းပြင်ပေါ်သို့ ညင်သာစွာ ကိုယ်ကိုဖော့၍ ချလိုက်လေသည်။

သူဝင်ခဲ့သော ပြတင်းပေါက်မှာ ခေါင်းရင်းဘက်ပြတင်းပေါက်ဖြစ်၍ သူ၏ လက်ယာဘက်တွင် ဘုရားစင်တစ်ခုရှိ၍ လက်ဝဲဘက်၌ အဝတ်ကန့်လန့် ကာတစ်ခုရှိရာ သူသည် ကန့်လန့်ကာကို လက်ဖြင့်ဖယ်ရှားပြီးလျှင် အပြင်သို့ လှမ်းကြည့်၏။ ဧည့်ခန်း၌ကား ခန်းလုံးပြည့်ခင်း၍ထားသော ကော်ဇောကြီးသည် အိပ်ခန်း၏ ခုံညားထည်ဝါသော အသွင်ကို ဆောင်လျက်ရှိ၏။ ကြိမ်ကုလားထိုင် လေးလုံးနှင့် ဆက်တီတစ်ခုသည် အခန်းအလယ်၌ရှိနေ၍ ကတ္တီပါစိမ်းများဖြင့် အုပ်ထား၏။ မှန်ဖုံး၍ထားသော အလယ်စားပွဲပေါ်တွင် ကြွေပန်းအိုးတစ်လုံးရှိ



www.burmeseclassic.com

www.burmeseclassic.com



၍သရုပ်ထည်အနီစဖြင့် ပြုလုပ်ထားသည့် နှင်းဆီပန်းများကို မြင်ရ၏။ သူသည် လက်ဝဲဘက် ဘောင်းဘီအိတ်အတွင်းမှ လက်နှိပ်ဓာတ်မီးကလေးကိုထုတ်ကာ ကြေပန်းအိုးကလေးကို ထိုးကြည့်၏။ ဓာတ်မီးထိပ်တွင် စက္ကူပါးကလေးတစ်ချပ် ကပ်ထားသဖြင့် အလင်းရောင်မှာ ပိုးဝါးမှုဖြစ်သော်လည်း မှောင်ထဲ၌မူ အတော် အတန် မြင်နိုင်လေသည်။ ဧည့်ခန်း၏နောက်ဘက်တွင် အိပ်ခန်း ၂ ခန်းရှိ၍ သော့ ခလောက်များဖြင့် ပိတ်ထား၏။

သူသည် ထိုအိပ်ခန်းများကိုကျော်ကာ လှေကားရှိရာသို့ သွားလေ၏။ အောက်ထပ်သို့ဆင်းသော လှေကားကြီးမှာ ကော်ဇောခင်းထားပြီးလျှင် အရောင် တင်၍ထားသော ပွတ်လုံးကြီးများ တပ်ဆင်ထား၏။ စောရသည် တိုင်လှေကားမှ အောက်ထပ်သို့ ဆင်းခဲ့ရာ ရွက်ဖျင်ဖိနပ်မှာ ခြေသံများပင် ထွက်သော ကော်ဇော ပေါ်နစ်မြုပ်၍ သွားလေသည်။ လှေကားမှာ တစ်ဆစ်ချိုး လှေကားဖြစ်၍ သူသည် ထောင့်ချိုးသို့ ရောက်သောအခါ အောက်ဆီမှ ချွတ်ခနဲ အသံတစ်သံ ကြားလိုက်ရ သဖြင့် ခြေလှမ်းများ တုံ့သွား၏။ သို့သော် အသံမှာဆက်၍ မကြားရသဖြင့် ကျန် လှေကားထစ်များကို ဆက်လက် ဆင်းသွားလေသည်။

လှေကားခြေရင်းသို့ ရောက်သောအခါ တံခါးတစ်ချပ်ကို ဖွင့်လိုက် သကဲ့သို့ ကျွီခနဲ အသံတစ်သံကို ကြားလိုက်ရသဖြင့် သူသည် လှေကားရင်း၌ တိုင်တစ်တိုင်ကိုပင် ပြေး၍ ကပ်လိုက်မိသေး၏။ အောက်ထပ်၌ကား နောက်ဖေး ဘက်သို့သွားသော အခန်းကြီးတစ်ခန်းရှိရာ ၎င်း၏ အလယ်တံခါးမှာ ပွင့်၍နေ သဖြင့် စောရသည် ထိုတံခါးရှိရာသို့ ခေတ္တမျှငေးစိုက်ကြည့်နေမိ၏။ တံခါးပွင့်၍ နေခြင်းမှာ သဘာဝ မကျလှသဖြင့် သူသည် ခြေများကို အသံမကြားအောင် ဖော့၍နင်းပြီးလျှင် တံခါးဝသို့ သွားရောက်ကာ အခန်းတွင်းသို့ လက်ဝဲဘက်ဖြင့် ပထမ လှမ်း၍ဝင်လိုက်၏။ အခန်းတွင်းမှာ မှောင်၍နေသည်ဆိုရသော်လည်း ပွင့် ၍နေသော တံခါးမှ အပြင်အလင်းရောင် တိုးဝင်နေသဖြင့် မျက်စိဖြင့် ပိုးဝါးမြင်ရ မှုအနည်းငယ် လင်းလျက်ရှိ၏။ ထိုခဏ၌ သူ၏လက်ယာဘက် အမှောင်ထဲတွင် ရိပ်ခနဲ မြင်လိုက်ရသော မည်းမည်းသဏ္ဌာန်ကြီးတစ်ခုကိုတွေ့လိုက်ရသဖြင့် အသည်းနှလုံးများမှာ သူ၏ရင်ဝတွင် လာ၍ ဆို့သကဲ့သို့ထင်လိုက်မိ၏။ ကြက်သီးမွေးညင်းထကာ ထိုသဏ္ဌာန်ကြီးရှိရာသို့ ကြည့်၍နေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် လူတို့မည်သည် မည်မျှလောက် ကြောက်မက်ဖွယ်ကောင်းသောအရာဝတ္ထုဖြစ်စေ၊ ကြောက်ရွံ့ခြင်းကြောင့်ပင်ကြည့်ရှုလိုသော ဆန္ဒရှိသဖြင့် မီးလက်နှိပ်ဓာတ်မီးဖြင့် ထိုသဏ္ဌာန်ရှိရာသို့ ထိုးကြည့်လိုက်လေသည်။ သို့သော် ထိုခဏ၌ပင် မထင်မှတ်ရားဓာတ်မီးရောင်တစ်ခုလည်း သူ၏မျက်နှာပေါ်သို့ ကျရောက်လာလေသည်။ သူမြင်ရသောအရာမှာ ဘောင်းဘီရှည်နှင့် ကာကီရောင် ရှပ်အင်္ကျီဝတ်ကာ မျက်နှာတွင် ဦးခေါင်းစွပ်အမည်းကြီးကို မျက်လုံးများပေါ်ရုံမျှ စွပ်ထားသည့် လူတစ်ယောက်ဖြစ်လေသည်။ ထိုသူသည် သူ့အား လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်လျက်ရှိ၏။ လက်နှိပ်ဓာတ်မီး၌ အဝတ်ပါးကလေးဖုံးထားသဖြင့် အလင်းရောင် ပေါ်သည်ဆိုရုံမျှရှိ၏။ လူနှစ်ယောက်တို့သည် တစ်ယောက်ကိုတစ်ယောက် စူးစူးကြည့်ကာ အရုပ်များကဲ့သို့ မလှုပ်မယှက် မိနစ်အနည်းငယ်မျှ ငြိမ်သက်လျက်ရှိကြလေသည်။

ပထမစောရသည် လက်ယာဘက်ဘောင်းဘီအိတ်ဆီသို့ လက်ရောက်နှိုသွား၏။

ဒုတိယလူ - "ကျုပ်မှာလည်း ပါပါတယ်ဗျ။ အလကားဒုက္ခမရှာပါနဲ့။ ဒိန်းဒိန်း ဒိုင်းဒိုင်းနဲ့ မကောင်းပါဘူး"

ပထမလူ - "ခင်ဗျား ဘယ်သူလဲ"

ဒုတိယလူ - "ခင်ဗျားက မေးရတယ်ရှိသေးသလား။ ခင်ဗျားလို စောရပေါ့"

ပထမလူ - "ဒါဖြင့် ခင်ဗျားအရင်ရောက်နေလို့ရှိရင် ကျုပ်ကပဲ ရှောင်ပေးပါမယ်ဗျာ။ ကျုပ်က နံပတ် ၂ ပါ"

ဒုတိယလူ - "ဘာဖြစ်လို့ ရှောင်ပေးရမှာလဲဗျာ"

ပထမလူ - "ကျုပ်က ရှောင်မပေးရင် ကျုပ်ကို ခင်ဗျား တစ်ဝက်ပေးနေရမှာပေါ့"

ဒုတိယလူ - "ကျုပ် လောဘမကြီးပါဘူး မိတ်ဆွေ။ ခင်ဗျားနဲ့ ကျုပ်နဲ့ အဝတူ အကြံတူချင်းပဲ။ ဘာပဲရရ ဝေစားမျှစားပေါ့"

လူနှစ်ယောက်တို့သည် တစ်ယောက်၏ ပုံသဏ္ဌာန်ကို တစ်ယောက်၊ တစ်ယောက်၏စိတ်သဘောကို တစ်ယောက်က တွေးတောစဉ်စားနေကြရ



www.burmeseclassic.com

www.burmeseclassic.com



၏။ သူတို့သည် ရှေ့သို့လည်းမတိုး နောက်သို့လည်းမဆုတ်၊ နေရာ၌ရပ်မြဲရပ်ကာ တစ်ယောက်၏အရိပ်အကဲကို တစ်ယောက်က အကဲခတ်နေဟန်တူသည်။ သို့သော် နှစ်ယောက်စလုံးပင် တစ်ယောက်ကိုတစ်ယောက် လှည့်ဖြားလိုသောစိတ်ရှိကြဟန်မတူချေ။ တစ်ယောက်၏ရိုးသားခြင်းသည် အခြားတစ်ယောက်၏ကိုယ်တွင်းသို့ ထိုးဖောက်ဝင်ရောက်ကာ ကူးပြောင်းသွားသကဲ့သို့ ရှိလေသည်။

ဒ - "ကိုင်း ရဲဘော် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကြရအောင်"

ပ - "ဒါဖြင့် ခေါင်းစွပ်ကို ချွတ်လိုက်ကြစို့။ ပြိုင်တူနော်"

ဒ - "စိန်လိုက်ဗျာ"

သူတို့သည် ခေါင်းစွပ်များကိုပြိုင်တူချွတ်လိုက်ကြ၏။ အနီးသို့ချဉ်းကပ်ပြီး တစ်ယောက်မျက်နှာကို တစ်ယောက် အတန်ကြာ အကဲခတ်လျက် ရှိကြလေသည်။

ဝတ္ထုအစတွင် ကျွန်ုပ်တို့ရေးသားဖော်ပြခဲ့သော ဟယ်လယင်လမ်းဘတ်မှ စက်ဘီးနှင့် ဝင်လာသူမှာ သေးသွယ်သော ကိုယ်ဟန်အနေအထားရှိသော်လည်း ဖြောင့်စင်းကျစ်လျစ်သော ကိုယ်ကာယရှိ၏။ အခန်းတွင်းသို့ ပထမရောက်နှင့်သူမှာ တုတ်ခိုင်သော ကိုယ်ရှိ၍ ခွန်အားဗလနှင့် ပြည့်စုံသူတစ်ယောက် ဖြစ်လေသည်။

ကိုယ်လုံးသေးသွယ်သူမှာ နက်မှောင်သော မျက်လုံးများနှင့် ဖျတ်လတ်သော အမူအရာရှိ၍ ကိုယ်လုံးတုတ်ခိုင်သူမှာ ဉာဏ်စွမ်းထက် ကာယဗလကိုအားကိုးသူတစ်ယောက် ဖြစ်ဟန်တူ၏။ သူတို့အချင်းချင်းပင် ဤအကြောင်းကို ရိပ်မိကြလေသည်။ နောက်ရောက်လာသူက ပထမရောက်နှင့်သူအား -

"ခင်ဗျား အပြင်မှာ ဘာလုပ်သလဲ"

"ဘာလုပ်ရမှာလဲဗျ။ စောရ စောရပေါ့"

"မဟုတ်ပါဘူး။ အလုပ်ကြမ်းများ လုပ်ခဲ့ဖူးသလားလို့ပါ"

"ကျုပ်ငယ်ငယ်ကပန်းပဲလုပ်ခဲ့တယ်။ ထောင်ကျတော့လည်း ထောင်မှာပန်းပဲလုပ်ရတယ်။ ခင်ဗျား ဒီအိမ်ကို သတင်းရလို့လာတာ မဟုတ်လား"

"သတင်းရတယ်လို့ မဟုတ်ပါဘူး။ လူမရှိမှန်းသိတာနဲ့ ဖောက်ဝင်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ဒီလိုလုပ်လို့ ဘယ်ဖြစ်မလဲ။ ကျုပ်တို့ အလုပ်မျိုးက သတင်းတို့ အသေချာချာရအောင်ယူတယ်။ အိမ်မှာ လူရှိမရှိကြိုတင်သိမှပေါ့။ လူရှိရင်လည်း အိမ်မှာ ခွေးဘယ်နှစ်ကောင်ရှိတယ်။ မိန်းမဘယ်နှစ်ယောက်ရှိတယ် ဆိုတာ သိရတယ်။ ယောကျ်ားထဲက အရေးရှိရင် ခုခံနိုင်မယ့်လူ ဘယ်နှစ်ယောက် ရှိတယ်။ သူတို့ ဘယ်နေရာမှာအိပ်တယ်။ အိပ်ရာနားမှာ ဘာလက်နက်ထားတယ် ဆိုတာ ကြိုတင်ပြီး သိထားမှပေါ့"

"ခင်ဗျားက အတော်ဉာဏ်သွားတဲ့လူပဲ။ ကျုပ်တော့ ဒီဟာတွေ သိပ်စုံစမ်းမနေဘူး။ ပိုက်ဆံရှိတဲ့အိမ်ဆိုရင် လစ်ရင် ဖောက်တာပဲ"

"ဒီလိုအရမ်းလုပ်တာက လူမိတတ်တယ်"

"ဟုတ်တာပဲ၊ ဒါကြောင့်လည်း ကျုပ် ၂ ခါထောင်ကျခဲ့တာပေါ့။ စစ်မဖြစ်ခင်တုန်းက တစ်ခါလေ"

"နိုးတယ်ဆိုပေမဲ့ ဉာဏ်ထုတ်တာ အကောင်းဆုံးပဲ"

"ခင်ဗျားပြောတာ ကျုပ် သဘောကျတယ်ဗျာ။ နို့ပေမဲ့ အခုစကားပြောနေချိန်မရှိဘူး။ နောက်မှ ပြောကြသေးတာပေါ့။ ကျုပ်တို့ အခု အလုပ်လုပ်ကြရအောင်တယ်"

"ဘယ်လိုလုပ်မလဲ"

"ပစ္စည်းရှာမယ်လေ"

"ဘာပစ္စည်းတွေ တွေ့ထားသလဲ"

"ဟောဒီထမင်းစားခန်းမှာ ငွေထည်တွေအများကြီးပဲ။ တချို့မှန်ဗီရိုကြီး ထဲထည့်ထားတယ်။ ဒီဟာတွေ ယူကြရုံပေါ့"

"ယူတာတော့ ဟုတ်ပါရဲ့။ ပစ္စည်းတွေက ဝန်ကျယ်လှတယ်ဗျ"

"နို့ ခင်ဗျားက ဘယ်လိုအကြံပေးချင်လို့လဲ"

"ဒီတိုက်ဟာ ပင်စင်အငြိမ်းစား ဦးဘသာရဲ့တိုက်ဗျ။ ဒီလူကြီးမှာ ရွှေထည်တွေ အများကြီးရှိတယ်လို့ ကျုပ် သတင်းရထားတယ်"

"ဟုတ်လား။ ကျုပ်တော့ မသိဘူးဗျို့။ အမှန်ပြောရမယ်ဆိုရင်ကျုပ်ကို သတင်းပေးတဲ့လူက ဒီအိမ်မှာလူမရှိဘူး။ အိမ်ရှင်တွေဟာ မန္တလေးကို သွားကြ တယ်။ အိမ်တံခါးကို သော့ခတ်ပိတ်ထားခဲ့တယ်။ ထမင်းစားခန်းဟာ အိမ်အော

www.burmeseclassic.com



ထပ်မှာရှိပြီး ငွေပန်းကန်ပြားတွေ အချပ် ၅၀ လောက်ရှိတယ်၊ အိမ်ဘေးပေါက်က လွယ်လွယ်ဖွင့်ဝင်နိုင်တယ်။ ဒါလောက်ပဲ ကျုပ်သိတယ်"

"ကျုပ်က ဒီထက်စုံအောင် သိတယ်"

"သိရင် ခင်ဗျားအကြံဉာဏ်ပဲ ကျုပ်လိုက်ပါ့မယ်ဗျာ"

"ကောင်းပြီ၊ ခင်ဗျားကိုလည်း ကျုပ် မြင်မြင်ချင်း ခင်မင်တယ်၊ ခင်ဗျား ကျေးဇူးလည်း ကျုပ်အပေါ်မှာ ရှိတယ်"

"နေပါဦး ဘာကျေးဇူးလဲ"

"ခင်ဗျားသာ အခန်းထဲကနေပြီး ကျုပ်ကို ချောင်းလုပ်လိုက်ရင် အခု လောက်ရှိ ကျုပ်အလောင်းက ဟောဒီ သမံတလင်းပေါ် စန့်စန့်ကြီးဖြစ်နေပြီ"

"ကျုပ် ဒီလို မလုပ်တတ်ပါဘူးဗျာ၊ ခင်ဗျားဝင်လာကတည်းက ခင်ဗျား ဟာ ကျုပ်လိုပဲ ညဥ့်လှူတစ်ယောက်ဖြစ်တယ်ဆိုတာ သိတာပေါ့၊ ဘဝတူချင်း ကျုပ် ရန်မမူတတ်ပါဘူး"

"ဒါကြောင့် ကျေးဇူးတင်တာပေါ့၊ ပြီးတော့ အခုလို ဖွင့်ပြောတာလည်း ခင်ဗျားမှာ ရိုးသားတဲ့ စိတ်သဘောရှိတယ်ဆိုတာ ပြတာပဲ"

"ဒါထက် ခင်ဗျားနဲ့ကျုပ်ဟာ တစ်ယောက်မျက်နှာကို တစ်ယောက် တော့မြင်ရပြီ၊ ကျုပ် နံ့ပေမဲ့ နာမည်တော့ မသိကြသေးဘူး"

"ဟာ ဒီဟာ ပြောလို့ ဘယ်ဖြစ်ဦးမလဲဗျာ၊ အခု အလုပ်သာ အရင်ပြီး အောင်လုပ်ပါဦး၊ နောက်တစ်နေ့ရာရာ ချိန်းတွေ့ပြီး အဲဒီတော့မှ ရှေ့ကို ဘယ်လို ဆက်ကြမယ်ဆိုတာ တိုင်ပင်ကြတာပေါ့၊ ဒီအခါကျမှ တစ်ယောက်အကြောင်း တစ်ယောက် ပြောကြမယ်၊ အဲဒါ မကောင်းဘူးလား"

"ကောင်းပါ့ဗျာ၊ ခင်ဗျားပြောတာ သဘောကျပါတယ်"

"ကိုင်း လာ ကျုပ်နောက်လိုက်ခဲ့"

သို့နှင့် ကိုယ်လုံးကိုယ်ပေါက် ခပ်သွယ်သွယ်ရှိသော စောရန်ပါတ် ၂ သည် အခန်းတွင်းသို့ ပထမရောက်နေသော စောရန်ပါတ် ၁ ကိုခေါ်သွားလေ၏။ သူတို့နှစ်ယောက်ရှိနေသော အခန်းမှာ ထမင်းစားခန်းဖြစ်၍ နံပါတ် ၂ သည် နောက် ဖေးဘက်မှ တံခါးကိုဖွင့်ကာ မီးဖိုဆောင်သို့ ခေါ်သွားလေသည်။ ဤသို့ခေါ်သွားပြီး ရင်း နံပါတ် ၂ က တီးတိုးလေသံဖြင့် -



www.burmeseclassic.com

www.burmeseclassic.com



"ဒီဟာက မီးဖိုခန်းဗျ။ အဲဒီမီးဖိုခန်းအောက်မှာ မြေတိုက်တစ်ခုရှိတယ်။ အဲဒီ မြေတိုက်ထဲမှာ သူဌေးကြီး ဦးဘသာဟာ သူ့ရဲ့ပစ္စည်းတွေထားတယ်"

"ခင်ဗျားက တယ်လည်း သိထားတာကို"

"မသိရင် ဘယ်ဖြစ်မလဲလေ။ ကျုပ်တို့အလုပ်ဟာ ဒီဟာကို ပထမ ဆောက်လုပ်းရမယ် မဟုတ်လား"

"ဟုတ်ပါတယ်"

"နို့ပေမဲ့ မြေတိုက်ထဲဝင်တဲ့နေရာတော့ ကျုပ်မသိဘူး။ ကျုပ်ကိုသတင်း ပေးတဲ့အကောင်ကလည်း ဒီနေရာတော့ မသိဘူး။ ဒီတော့ ကျုပ်တို့ကိုယ်တိုင်ရှာရုံပဲ ရှိတော့တယ်"

သို့နှင့် စောရနစ်ယောက်တို့သည် မီးဖိုခန်း သမံတလင်းပေါ် မြေတိုက်သို့ သွားရာတံခါးကို လက်နှိပ်ဓာတ်မီးများဖြင့် ရှာဖွေလျက်ရှိကြလေ၏။ ၅ မိနစ် ခန့်ကြာသောအခါ နံပါတ် ၂ သည် ကြောင်အိမ်ကြီးတစ်လုံးအောက်တွင် ခင်းထားသော ဂုန်နီအိတ်တစ်ခုကို ဖယ်လိုက်သည်တွင် သော့ခလောက်တစ်ခုဖြင့် ခတ်ထားသော သံကွင်းတစ်ခုကို တွေ့ရလေ၏။ ထို့နောက် ကြောင်အိမ်ကြီးကို ဖယ်ရှားပြီးလျှင် သံတံခါးကိုမတင်ရာ ၂ ပေပတ်လည်ခန့် အပေါက်တစ်ပေါက်မှ အောက်သို့ဆင်းသော လှေကားထစ်များကို တွေ့ရသဖြင့် စောရနစ်ယောက်တို့သည် အေးဆေးစွာ ဆင်းနိုင်လေသည်။

မြေတိုက်ကလေးအတွင်း၌ကား ရှေးရိုးတုံးလုံး သံသေတ္တာကြီးတစ်လုံးကို တွေ့ရ၍ အဖုံးကို သွပ်သော့ခလောက်ကြီးတစ်လုံးဖြင့် ခတ်ထား၏။

ပ - "ကျုပ်မှာ သံတူးရွင်းပါတယ်။ အပေါ်မှာ ထားခဲ့တယ် မဟုတ်လား"

ဒ - "သံတူးရွင်းနဲ့ ဖွင့်လို့မရပါဘူးလေ။ ကျုပ်မှာ ဖွင့်ဖို့ ကိရိယာ ပါပါတယ်"

နံပါတ် ၂ သည် သူ၏ဘောင်းဘီအိတ်အတွင်းမှ ဖယောင်းတိုင်တစ်တိုင် လင်းကလေးတစ်လုံးနှင့် တစ်ထွာခန့်မျှသာရှိသော အမေရိကန် ဒိုင်းလွှကလေး တစ်လက်ကို ထုတ်ယူလေ၏။ ထို့နောက် ဖယောင်းတိုင်ကို မီးထွန်းပြီးလျှင် နံပါတ် ၁ အား ကိုင်၍ပြစေလျက် သွပ်ကွင်းအဆက်နေရာကို ငရဲမီးအနည်းငယ်လောက်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



လျှင် ဒိုင်းလျှဖြင့် တိုက်ဖြတ်လေရာ ၁၀ မိနစ်ခန့် ကြာလတ်သော် သော့ခလောက် တွင်းမှာ ပြုတ်ထွက်သွားလေ၏။

သံသေတ္တာကြီးအတွင်း၌ကား အဝတ်အိတ် ၂ လုံးဖြင့် ထည့်ထားသော ရွှေထည်အပျက်များနှင့် ရွှေဒင်္ဂါးအနည်းငယ် တွေ့ရလေသည်။ မြေတိုက်အတွင်း၌ပင် သူတို့သည် ပစ္စည်းများကို ခွဲဝေကြလေသည်။ နံပါတ် ၂ သည် ရွှေထည်များ စုပုံကာ နံပါတ် ၁ အား ထက်ဝက်ခွဲပေး၏။

နံပါတ် ၁ - "အမှန်တော့ ကျုပ် ထက်ဝက်မရထိုက်ပါဘူးဗျာ။ ခင်ဗျား ဝိုယူပါ"

နံပါတ် ၂ - "ကိစ္စမရှိပါဘူးလေယူသာယူပါ။ ခင်ဗျားကျေးဇူးလည်းကျုပ် အပေါ်အများကြီးရှိတာပဲ"

နံပါတ် ၁ - "ကျေးဇူးစကား မပြောစမ်းပါနဲ့မိတ်ဆွေ။ ဒီဟာတွေအားလုံးဟာ ခင်ဗျားအစွမ်းကြောင့်ရတာပဲ။ ဒြော်ဒါထက် ဒီကနေ့ည ကျုပ်တို့ဘယ်မှာ တွေ့ကြမလဲ"

နံပါတ် ၂ - "ဒီကနေ့ညတော့ မကောင်းသေးဘူးဗျ။ မနက်ဖြန်ည အေးအေးဆေးဆေး ချိန်းရရင်ကောင်းမယ်။ ခင်ဗျား ဘယ်မှာ တွေ့ချင်သလဲ"

နံပါတ် ၁ - "လင့်လမ်းက တရုတ်ဟိုတယ်ကို လာပါလား။ ည ၈ နာရီ လောက်ဆိုရင် လူလည်းရှင်းတယ်၊ ချောင်လည်းချောင်တယ်"

ပ - "အကောင်းသားပဲ၊ ဒါထက် ခင်ဗျားမှာ အပေါ်အင်္ကျီအနက် ရှိသလား"

"ရှိတယ်၊ ကုတ်အင်္ကျီအနက်ရှိတယ်"

"ကျုပ်မှာလည်းရှိသဗျို့အဆင်သင့်ပဲ။ ဒါဖြင့် ခင်ဗျားကုတ်အင်္ကျီအနက် ဝတ်ခဲ့ဗျာ၊ ကျုပ်လည်း ဝတ်ခဲ့မယ်၊ ဒီတော့ ကျုပ်တို့အချင်းချင်း အထိမ်းအမှတ် အဖြစ်နဲ့ ပိုသိနိုင်တာပေါ့"

"ဝတ်ခဲ့ပါ့မယ်ဗျာ"

"မနက်ဖြန်ည ၈ နာရီနော်၊ အရင်ရောက်တဲ့လူကစောင့်တမ်း၊ ကတိ မပျက်ရဘူး"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါမိတ်ဆွေ"

စောရနှစ်ယောက်တို့သည် အိမ်အတွင်းအပြင် ခြေရာလက်ရာများကို နောက်ကာ နောက်ဖေးတံခါးမှ ထွက်ခဲ့ကြ၏။ နံပါတ် ၂ က မိမိကိုင်တွယ်သော နေရာများကို အဝတ်စတစ်ခုနှင့်ပင် ပွတ်သပ်ခဲ့လေသည်။ မိမိတို့ထွက်ခဲ့သော နောက်ဖေးဘက် တံခါးကိုလည်း အောက်မှ သစ်စတစ်ခုဖြင့် ခုကာ တင်းကျပ်စွာ ပိတ်ထားခဲ့၏။

နံပါတ် ၂ – "ကျုပ်မှာ စက်ဘီးပါတယ်ဗျ။ စက်ဘီးနဲ့လစ်မယ် ခင်ဗျား ကော"

နံပါတ် ၁ – "ကျုပ်မှာလည်း ပါတယ်။ အုံ့ဩစရာ ကောင်းလိုက်လေဗျာ။ အိမ်အထိအောင် ခင်ဗျားနဲ့ကျုပ်နဲ့ အကြံချင်းတူတာပဲ။ တွေ့ရတာ ဝမ်းသာတယ် ဗျာ"

နံပါတ် ၂ – "ကိုင်း ဒါဖြင့် နှစ်ယောက်အတူသွားလို့မကိုက်ဘူး။ ခင်ဗျားက ဆင်ခြင်လမ်း (မြို့မကျောင်းလမ်း) ဘက်က သွားပေတော့။ ကျုပ်က ပြည်လမ်းဘက် ချည်စက်ပြီး ထောင်ကြီးဘေးရောက်မှ စိန့်ဂွန်းလမ်း (မင်းရဲကျော်စွာလမ်း) အတိုင်း သွားမယ်၊ ဘယ့်နှယ်လဲ"

နံပါတ် ၁ – "ခင်ဗျားသဘောအတိုင်းပဲဗျာ"

နံပါတ် ၂ – "ကိုင်း ဒါဖြင့် သွားပြီဗျို့၊ ဘေးဥပဒ်ကင်းပါစေဗျာ"

သို့နှင့် အကြံတူ စောရ ၂ ယောက် လမ်းခွဲကြလေသည်။

နောက်တစ်နေ့ည ၈ နာရီအချိန်တွင် လင့်လမ်းရှိ တရုတ်ဟိုတယ်နှင့် အခန်းကလေးမှာ အတော်အတန် လူပြတ်လျက်ရှိရာ ချောင်ကျသော ထောင့်တစ်ထောင့်၌ ကုတ်အင်္ကျီ အနက်ဝတ်ထားသော လူရွယ်နှစ်ယောက်သည် စားပွဲကလေးလုံးခန့်စီ ရှိနေသော ဖန်ခွက်ကိုယ်စီဖြင့် ပွနွေးသော ဝက်သား ဆီတိတ်နှင့် ဝက်အူချောင်းများကို တမြိန့်မြိန့် စားသောက်လျက်ရှိကြ၏။

တစ်ယောက်မှာ အရပ်မြင့်ပြီးလျှင် ခပ်သွယ်သွယ်ဖြစ်၍ အခြားတစ် ယောက်မှာမူ တုတ်ခိုင်သော လက်မောင်းများနှင့် ထုထဲသော ရင်အုပ်ရှိခြင်းကို ထောက်သဖြင့် ခွန်အားဗလနှင့် ပြည့်စုံသော လူတစ်ယောက်ဖြစ်ဟန်တူ၏။

ကိုယ်လုံးတုတ်တုတ်နှင့်လူက အရပ်မြင့်သူအား –



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ကိုအေးချိတို့အိမ်က ငါးထပ်ကြီးဘုရားဘက်က လာရင်လည်း ရောက်တာပေါ့"

"ရောက်တာပေါ့။ နို့ပေမဲ့ ရာချီလမ်း (ရွှေဂုံတိုင်လမ်း) ဘက်ကဝင်ရင် ပိုနီးတယ်။ ခြံတံခါးတော့အမြဲပိတ်ထားတာပဲ။ ခွေးကြီးကလည်းရှိတော့ ဘယ်သူမှ မဝင်ဝံ့ဘူး"

"ဒါဖြင့် ကျုပ် နက်ဖြန်လောက် အလည်လာဦးမယ်"

"နက်ဖြန်တော့ မလာနဲ့၊ သန်ဘက်ခါလာပေါ့။ ဘယ်အချိန်လာမလဲ"

"မနက်ခင်း လာမယ်"

"အင်းမနက်လာတာကောင်းတယ်။ နေ့လယ်တော့ကျုပ်ကအိပ်တယ်။ ကိုင်း ကျုပ်အိမ်တော့ ခင်ဗျားသိပြီ။ ကိုရွှေဇင် ခင်ဗျားအိမ်ကကော"

"ကျုပ်မှာ အိမ်မရှိဘူး ကိုအေးချိ၊ တွေ့ကရာမှာ နေတာပဲ၊ အခု ဘုရားကြီးပေါ်မှာနေတယ်။ ဇရပ်တစ်ခုရဲ့ နောက်ဖေးဆောင်ကလေးဟာ ကျုပ်အိမ်ပဲ။ ဒါကြောင့် စောစောက ခင်ဗျားကို ကျုပ်ဟာ ခြေသလုံးအိမ်တိုင်လို့ ပြောပါပြီကော"

"ဖြစ်ရလေဗျာ။ ခင်ဗျားမှာ ဆွေမျိုးဉာတိတော်မှု မရှိတော့ဘူးလား ကိုရွှေဇင်"

"မရှိပါဘူး ကိုအေးချိ။ တစ်ကောင်ကြွက်ဆိုမှ တစ်ကောင်ကြွက်ပါ"

"ဒါဖြင့် ခင်ဗျားပစ္စည်းတွေကကော၊ နေဦးနေဦး ပစ္စည်းထားတဲ့နေရာကို သိချင်လို့ ကျုပ်ကမေးနေတာ မဟုတ်ဘူးနော်။ ဘယ်နေရာမှာထားတယ်ဆိုတာလည်း ကျုပ်ကို ပြောဖို့မလိုပါဘူး။ စိတ်မချလို့ ကျုပ်ကမေးတာပါ ကိုရွှေဇင်"

"လျှို့ဝှက်တဲ့နေရာတစ်ခုမှာ ဒီလိုပဲထားရတာပေါ့ဗျာ။ ကိုင်း ကိုအေးချိ ထည့်ဦးဗျာ နည်းနည်း"

"တော်ပြီဗျို့ ကိုရွှေဇင် ကျုပ်က မသောက်ပါဘူး။ အခု ခင်ဗျားနဲ့တွေ့လို့သာ နည်းနည်းပါးပါးလုပ်တာပါ။ ဒါထက် ကျုပ်တို့တစ်တွေဟာ ဒီအလုပ်လုပ်နေရင် အလွန်အမင်းသောက်လို့ မကောင်းဘူးဗျ။ ဆင်ခြင်ရမယ်။ ဉာဏ်ထိုင်းသည့် အလုပ်၊ သတိလစ်ဟင်းမယ့်အလုပ်ကို မလုပ်သင့်ဘူး"

"ဒါကြောင့် ခင်ဗျားကို ဆရာတင်ချင်တာပဲဗျို့။ ခင်ဗျားဟာ ကျုပ်ထက်



www.burmeseclassic.com

www.burmeseclassic.com



ရည်းနည်းအသက်ငယ်တယ်မဟုတ်လား။ နို့ပေမဲ့ပညာဉာဏ်မှာတော့ခင်ဗျားက အများကြီး သာပါပေတယ်ဗျာ"

"ဒီလိုမပြောပါနဲ့ဦးဗျာ။ ခင်ဗျားကိုလည်း ကျုပ် အားကိုးပါတယ်။ ခင်ဗျားဟာ ခွန်အားဗလနဲ့ ပြည့်စုံတယ်၊ သတ္တိရှိတယ်၊ ရှတ်ရှတ်ချွံချွံ လုပ်တတ်တယ်၊ ဖွဲ့ရှိတယ်ဆိုတာ ခင်ဗျားရုပ်ကိုကြည့်ပြီး ကျုပ် အကဲခတ်နိုင်တယ် မဟုတ်ဘူးလား"

"ဟုတ်တယ်ပဲ ထားပါတော့လေ"

"နို့ပေမဲ့ ကျုပ် ဘယ်လောက်ပဲထိုးထွင်းဉာဏ်ရှိတယ်ထား၊ လူဆိုတာ ကိုတဲ့အချက်ကလေးတွေချို့ယွင်းချက်ကလေးတွေတော့ရှိတာပဲကိုဗျ။ ကျုပ်ဟာ တစ်ခါတလေ သတ္တိကြောင်တတ်တယ်။ လောဘရမ္မက်ကြီးတဲ့အခါ ကြီးတယ်။ သဝန်တိုချင် တိုတတ်တယ်"

"အို ကိစ္စမရှိပါဘူးဗျာ။ ကျုပ် သည်းခံနိုင်ပါတယ်"

"ဒါထက် ကျုပ်တို့ ဘယ်လို ရှေ့ကို စခန်းသွားကြမယ်ဆိုတာ စဉ်းစားဖို့ ကောင်းတယ်ဗျ။ ဦးနောက်နှစ်လုံးနဲ့ ကြံစည်ရတာဟာ တစ်လုံးတည်း ကြံရတာ ထက် ခရီးရောက်လိမ့်မယ်လို့ ကျုပ်ထင်တယ်။ ဆိုပါတော့ဗျာ ခင်ဗျားက ခွန်အား ဗလနဲ့ သတ္တိကိုသုံး၊ ကျုပ်က ဦးနောက်ကိုသုံးရင် ကျုပ်တို့နှစ်ယောက်စလုံးအတွက် အကျိုးရှိမယ် မဟုတ်လား။ ပြီးတော့ ကျုပ်တို့ရိုးတာက တိုင်းပြည်ကိုလည်းအနှောင့် အယှက်မပေးဘူး။ အိမ်ရှင်ကိုလည်းအနှောင့်အယှက်မပေးဘူး။ မံခုခံသမျှဘယ် သူတို့မှ အကြမ်းမဖက်ဘူး။ အိမ်ရှင်ကိုလည်း ရန်မရှာဘူး။ ရဲအဖွဲ့ကိုလည်း ဒုက္ခ ပေးဘူး။ အမှန်တော့ ကျုပ်တို့လို အကောင်မျိုး အစိုးရက တောင် ကျေးဇူးတင်ဖို့ ကောင်းတယ်"

"ဟုတ်လိုက်လေဗျာ။ ရှေ့ကို စခန်းသွားဖို့ကတော့ ကိုအေးချို သဘော အတိုင်းပေါ့"

"ဒါဖြင့် ဒီလိုလုပ်၊ သန်ဘက်ခါ ခင်ဗျား ကျုပ်အိမ်လာကြည့်။ နေ့ဒို့ထိုင်ဖို့ အဲဒီဟာကျရင် ကျုပ်အိမ် ပြောင်းနေပေါ့။ အစားအသောက်က စပြီး ဘာမှမပူနဲ့ ကျုပ်အမေနဲ့ နှစ်မကလေးတစ်ယောက်ပဲ ရှိတယ်"

"သိပ်ကောင်းတာပေါ့ ကိုအေးချို။ ဒီလိုနေရရင်"

www.burmeseclassic.com



"ကျုပ်က ဉာဏ်တုတ်၊ ခင်ဗျားက အလုပ်လုပ်"

"ဟုတ်တာပေါ့ဗျ။ ကျုပ် ဘယ်မှာဖြစ်ဖြစ် နေနိုင်ပါတယ် ကိုအေးချို ရေပ်မှာတောင် နေသေးတာပဲ"

"ကိုင်းဗျာ။ သန်ဘက်ခါသာ ဆက်ဆက်လာခဲ့"

"လာပါ့မယ် ကိုအေးချို။ စိတ်သာချပါ"

ချိန်းဆိုထားသောနေ့သို့ရောက်သောအခါကိုရွှေဖင်သည် ကိုအေးချို၏အိမ်သို့ ရောက်ရှိလာသဖြင့် ကိုအေးချိုက မိမိနမ်ကာလေးနှင့် မိခင်တို့အား မိတ်ဆက်ပေး၏။ မိခင်ကြီးက ချိုသာသောစကားများဖြင့်လည်းကောင်း၊ မအေးပိုက ကော်ဖီ၊ မုန့်တို့ဖြင့်လည်းကောင်း လောကွတ်ပျူငှာ ဧည့်ခံကြ၏။ အိမ်ကလေးမှာ အပြင်မှကြည့်လျှင် စပ်ကုပ်ကုပ်မျှသာ ရှိနေသော်လည်း အတွင်းတွင် အတော်အတန် ကောင်းမွန်၍ခေတ်ဆန်သော အိမ်သုံးကိရိယာများ၊ အိမ်ထောင်ပရိဘောဂများသည် သူ့နေရာနှင့်သူ သပ်ရပ်စွာ ရှိနေ၏။ ဘုရားစင်တွင် လတ်ဆတ်သောနှင်းဆီအဖြူပွင့်များကိုလည်းကောင်း၊ ဧည့်ခံစားပွဲရှိ အပြာရောင် ကြွေအိုးတွင် စိမ်းလန်းသော ကျောက်ပန်းကလေးများဖြင့်လည်းကောင်း၊ အခန်းဝနှင့် ပြတင်းပေါက်များတွင် အပြာရင့်ရောင် ပေါ်ပလင်ခန်းဆီးများဖြင့်လည်းကောင်း သိုက်မြိုက်ဝေဆာစွာ ရှိနေ၏။ မောင်ရွှေဖင်မှာ ယင်းတို့ကို မြင်ရသည်နှင့် လွန်စွာဝင်သဘောကျလျက် ရှိလေသည်။

ခေတ္တမျှဆိုင်း၍ စကားစမြည် ပြောဆိုကြပြီးနောက် မိခင်ကြီးနှင့် နမ်ကာလေး ထ၍သွားသောအခါ ကိုရွှေဖင်က –

"ခင်ဗျားဟာ သိပ် ကုသိုလ်ကံကောင်းတာပဲ ကိုအေးချို"

"ဘာဖြစ်လို့လဲ"

"လောကမှာပစ္စည်းရှာရတယ်ဆိုတာ၊ ဒီလိုခင်တွယ်စရာရှိတော့ သာပြီးအားတက်တာပေါ့ဗျာ။ ကျုပ်တို့များကြည့်ပါဦး၊ အိပ်တော့ဇရပ်၊ စားတော့ထမင်းဆိုင် သောက်တော့ ရေအိုးစင်ပဲ ကိုအေးချိုရေ"

"ဒါကြောင့် ခင်ဗျားကို ကရုဏာသက်မိတာပေါ့ ကိုရွှေဖင်၊ ဘယ့်နှယ်လဲ အိမ်ကိုတော့ သဘောကျပြီ မဟုတ်လား"

"မေးမှ မေးပလေ ကိုအေးချိုရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုင်း ... ဒါဖြင့် ခင်ဗျားပြောင်းခဲ့ပေတော့၊ ဘယ်တော့ပြောင်းမလဲ"

ကိုရွှေဇင်သည် တစ်စုံတစ်ရာကို စဉ်းစားမိသည့်ဟန်ဖြင့် ခေါင်းငုံ့နေ၏။

"ဘာလဲဗျ။ ခင်ဗျား သဘောမကျတာ ရှိလို့လား"

"သဘောမကျစရာ မရှိပါဘူးဗျာ၊ ကျုပ် စဉ်းစားတာ ဒါမဟုတ်ပါဘူး"

"ကိုင်း ... ဒီတော့ ဘယ်နေ့ပြောင်းမလဲ"

"နေပါဦး ခင်ဗျားအမေကြီးနဲ့ ညီမလေးကကော ကျုပ်ပြောင်းလာမှာ သဘောတူရဲ့လား"

"ကျုပ်ပြောပြီးပါပြီဗျ။ ပြီးတော့ အမယ်ကြီးက ကျုပ်စကားကို ဘယ်တော့မှ မလွန်ဆန်ပါဘူး"

"ဒီကနေ့ ဗုဒ္ဓဟူးနေ့မဟုတ်လား"

"ဟုတ်တယ်"

"ကျုပ် စနေနေ့ည ပြောင်းခဲ့မယ်၊ နေဝင်ရီသရောကို လာခဲ့မယ်နော်"

"ကောင်းပါပြီဗျာ"

စနေနေ့ည (၇)နာရီအချိန်လောက်တွင် ကိုရွှေဇင်သည် မြင်းလှည်းလေးတစ်စီးဖြင့် ဆိုက်ရောက်လာရာ သူ၏ပစ္စည်းအချို့ကို မြင်းလှည်းသမားက ဆယ်ယူပေးသဖြင့် တစ်ခါတည်းနှင့် ပစ္စည်းများအစုံပါလာ၏။ မောင်ရွှေဇင်၏ ပစ္စည်းများမှာ အလွန်နံ့ချာပြီးလျှင် သင်ဖြူးစုတ်တစ်ခုဖြင့် ရစ်ပတ်ထားသော မွေ့ရာ တစ်ခု၊ ကုလားဆိုင်များတွင်ရောင်းချသော သံဖြူသေတ္တာအနက်တစ်လုံး၊ ခြင်းထောင်ကြီးတစ်ခုဖြစ်လေသည်။ ဖက်ဘီးဟောင်းတစ်စီးကိုလည်း လက်က ဆွဲယူလာ၏။

မောင်အေးချိုကလည်း ကိုရွှေဇင်အား အိမ်နောက်ဖေးတိုလီမိုလီထားသော အခန်းကို ရှင်းလင်းစေပြီးလျှင် နေရာပေးလေသည်။

ကိုရွှေဇင်မှာ တုတ်ခိုင်သော ကိုယ်လုံးရှိသော်လည်း မျက်နှာပေါက်မှာ နူးညံ့လှ၍ သနားကမားအမူအရာရှိပြီးလျှင် ကြည်လင်အေးမြသော မျက်လုံးများ ဖြင့် အစဉ်မပြတ် ပြုံးရယ်၍ စကားပြောတတ်လေသည်။

(ချို) "ဒီမီးဖိုစုတ်ကြီးက ဘာလုပ်ဖို့လဲဗျ"



www.burmeseclassic.com

www.burmeseclassic.com



(ဇင်) "ထမင်းချက်စားဖို့ပေါ့ဗျာ"

"ဘယ်မှာလဲ၊ ဒါဖြင့် ခင်ဗျား ထမင်းအိုး၊ ဟင်းအိုးတွေ"

"ဇရပ်က မယ်သီလရှင်ကြီးကို စွန့်ခဲ့တယ်လေ"

"အေးပေါ့ဗျာ၊ ကျုပ်တို့နဲ့အတူတူ စားတာပေါ့၊ တစ်သီးတခြား ချက်မနေပါနဲ့"

တစ်ပတ်ခန့်ကြာလတ်သော် ကိုရွှေဇင်မှာ အလိုက်သိတတ်သော သူတစ်ယောက်ဖြစ်သည့်အတိုင်း နံနက်လင်းလျှင် ဖရေနွေးအိုးဆူ၍နေပြီးလျှင် ထင်းနှင့်ရေများအသင့်ရှိနေလေပြီ၊ သို့နှင့် မောင်အေးချို၏မိခင်ကြီးနှင့်တကွ မအေးပိုက ပါ ကိုရွှေဇင်အား မိမိတို့သားချင်းတစ်ယောက်ကဲ့သို့ ချစ်ခင်၍လာတော့၏။ ကိုရွှေဇင်က မေမေဟူ၍လည်းကောင်း၊ ညီမလေးဟူ၍လည်းကောင်း ခေါ်ဝေါ်လေရာ မအေးပိုကလည်း အစ်ကိုကြီးဟူ၍နှုတ်ဖျားတွင် သီး၍လာတော့၏။

တစ်လလျှင် ထမင်းဖိုး ၁၀၀ ကျပ်ဟူ၍ မောင်ရွှေဇင်က မောင်အေးချို၏ မိခင်ကြီးလက်ထဲသို့ထည့်၍ မအေးပိုအားလည်း မုန့်ဖိုး ၅၀ ကျပ် ၆၀ ကျပ်ခန့်ပေးလေ့ရှိ၏။ သို့နှင့် မောင်အေးချိုတို့၏အိမ်ထောင်မှာ ကိုရွှေဇင်ရောက်လာသည့်အချိန်မှစ၍ ယခင်ကထက် စိုပြည်လာတော့၏။ ကိုရွှေဇင်မှာ အားလပ်သောအခါများ၌ မီးဖိုချောင်သို့ပင်ဝင်၍ အကူအညီပေးလျက်ရှိရာ မအေးပိုကလည်း လွန်စွာပင် လိုက်ရောလျက်ရှိလေ၏။

ထိုအချိန်အတွင်း သူတို့၏ သွားလာလှုပ်ရှားမှုများမှာ လွန်စွာပင် နည်းပါးလျက် ၁ နှစ်နှင့် ၆ လအတွင်း ၁ ကြိမ်သာ ဖောက်ထွင်းမှုများကို ကျူးလွန်ကြလေသည်။ ၁ ကြိမ်မှာ ငွေသားသက်သက်ရသဖြင့် အေးချမ်းစွာ ခွဲဝေယူနိုင်သော်လည်း အခြားတစ်ကြိမ်၌မူ မဂိုလမ်း (ရွှေဘုံသာလမ်း) ရှိ စိန်ဘာဘူတိုက်ကို ဖောက်ထွင်းနိုင်ခဲ့သည့်အတိုင်း စိန်ထည်အမြောက်အမြား ရရှိခဲ့၏။

ဤသို့ဖြင့် စောရညီနောင်တို့မှာ အခြားလူဆိုးများကဲ့သို့ အကြမ်းဖက်မှုဟူ၍မပါဘဲ မောင်အေးချိုက စိတ်ကူးဉာဏ်ထုတ်ရသည့် ဦးနှောက်အဖြစ်ဖြင့်လည်းကောင်း၊ မောင်ရွှေဇင်က အတွက်အချက် အဖောက်အထွင်းတွင် ကျွမ်းကျင်သည့် လက်ရုံးအားကိုး "ကိရိယာတန်ဆာပလာ" အဖြစ်ဖြင့်လည်းကောင်း အသုံးတော်ခံ ခဲ့ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမျိုး၌မောင်အေးချိုမှာပြင်ပတွင်ဆက်ဆံမှုကောင်းခြင်း၊ ငွေကိုရေလိုသုံးနိုင်ခြင်းတို့ကြောင့် နိုင်ငံခြားလက်မှတ်ကိုပင် လွယ်ကူစွာ ရရှိအောင် ယူနိုင်ခဲ့လေသည်။ နိုင်ငံခြားလက်မှတ်ပေါ်တွင်ကပ်ထားသော ဓာတ်ပုံများမှာ သည်းမောင်အေးချိုသည်ဆံပင်ရှည်အတုနှုတ်ခမ်းမွေးရေးအတုကိုတပ်ဆင် ကြည့်၍ မိမိ၏ရုပ်ကို ဖျောက်ထား၏။ ထို့နောက် အကောင်းဆုံး လက်ဆွဲသားရေ အိတ်များ၊ လေယာဉ်ပျံသုံးသံသေတ္တာများ၊ ပထမတန်းဝတ်စုံများကိုဝယ်ယူချုပ် လုပ်ပြီးသော် ဘုံဘေမြို့ (မွမ်ဆိုင်းမြို့)သို့ သွားရောက်၍ စိန်များကို ရောင်းချလေသည်။

ထိုအကြိမ်၌ မောင်အေးချိုမှာ အချိန်တစ်လကျော်ကျော်မျှ ကြာရှိခဲ့၏။

ထိုအချိန်အတွင်း၌မောင်ရွှေဇင်နှင့်မအေးပိုတို့မှာယခင်ကထက်ရင်းနှီး၍လာကြ၏။ အိမ်တွင်းမှ အိမ်ပြင်သို့ ထွက်ခဲလှသော မအေးပိုမှာ အခြားမည် သည့်ယောက်ျားနှင့်မျှတွေ့ဆုံခွင့်မရဘဲမောင်ရွှေဇင်နှင့်သာနေ့စဉ်နှင့်အမျှတွေ့ရ ၍များလတ်သော် ဖိုမတို့၏စိတ်ဓာတ်သည်အနီးကပ်ဆုံးသောအတွေ့အမြင်ကို ရွေးလမ်းတတ်သည့်အတိုင်း သမီးရည်းစားအဖြစ်သို့ ရောက်မှန်းမသိရောက်၍ လာကြကုန်၏။ ထိုအချိန်၌ကား မောင်ရွှေဇင်မှာမအေးပိုအားအဖိုးထိုက်အဖိုးတန် အဝတ်အစားများကိုမကြာခဏဝယ်ခြမ်းပေးသည့်ပြင်လစဉ်မုန့်ဖိုးဟူ၍၁၀၀ကျပ်၊ ၁၅၀ကျပ်မျှပေးကမ်းလျက်ရှိနေခဲ့၏။

ဘုံဘေမြို့မှမောင်အေးချိုပြန်ရောက်လာသောအခါမောင်အေးချိုကငွေ ငါးသောင်းမျှရခဲ့ကြောင်းပြောပြရာမောင်ရွှေဇင်ကလည်းကောင်းစွာယုံကြည်လေ သည်။ အမှန်အားဖြင့်သော်ငွေတစ်သိန်းကျော်မျှရရှိခဲ့၍ကျန်ငွေ ၅၀၀၀၀ကျပ်ကို မောင်အေးချိုသည် သူ့နာမည်နှင့် ဘဏ်တိုက်တစ်တိုက်၌ပင် အပ်ထားခဲ့လေ သည်။

ဤသို့ လက်ထဲတွင် အတော်အတန် စုဆောင်းမိကြသောအခါ မောင်အေးချိုနှင့် မောင်ရွှေဇင်တို့မှာ အပြင်သို့ပင်မထွက်ဘဲ အိမ်ထဲ၌ ကုပ်ကာ အေးချမ်းစွာနေထိုင်ခဲ့ကြ၏။ ထိုမျှသာမက မောင်အေးချိုမှာအလွန်ကျစ်လျစ်သိ မ်သည်းသူတစ်ယောက်ဖြစ်သည့်အတိုင်း မည်မျှပင် ပစ္စည်းဥစ္စာကို ရစေကာမူ



www.burmeseclassic.com

www.burmeseclassic.com



ယခင်ကအတိုင်း မှ မပျက် နေနိုင်သည့်အလေ့အကျင့်ရှိသူတစ်ယောက်လည်း ဖြစ်လေသည်။

ဘုံဘေမြို့မှ ပြန်ရောက်လာသောအခါ မောင်အေးချိုက မောင်ရွှေဇင်အား အိုမီဂါရွှေလက်ပတ်နာရီ ၁ လုံးပေး၏။ ထို့ပြင် "ရာလေး" စက်ဘီးအသစ် ပြိုင်လည်း ဝယ်ယူပြီးလျှင် တစ်စီးကို မောင်ရွှေဇင်အား လက်ဆောင်ပေးလေသည်။

အချိန်များသည် တရွေ့ရွေ့ကုန်လွန်၍လာခဲ့ရာ မောင်ရွှေဇင်နှင့် မအေး တို့၏ မေတ္တာနှောင်ကြိုးများသည်လည်း ခိုင်မြဲသည်ထက် ခိုင်မြဲ၍လာတော့၏။

တစ်နေ့သော ညနေစောင်းနေဝင်ရီတရောအချိန်သာသာလောက်တွင် မောင်အေးချိုသည် အပြင်မှပြန်လာရာ အိမ်တစ်အိမ်လုံး တိတ်ဆိတ်ချက်သားကောင်းလှသဖြင့် အိမ်ထဲသို့ ခြေဖျားထောက်၍ ဝင်ခဲ့လေ၏။ ဘုရားခန်းတွင် မီးခင်ကြီးသည် ဘုရားစင်တွင် ဆီမီးများထွန်းညှိကာ ပုတီးစိပ်လျက်ရှိနေသည်ကို တွေ့ရသော်လည်း ညီမ မအေးပိုကိုလည်းကောင်း၊ မောင်ရွှေဇင်ကိုလည်းကောင်း မမြင်ရသဖြင့် နောက်ဖေးမီးဖိုဆောင်ဘက်သို့ လှည့်၍ ဝင်ခဲ့၏။ မီးဖိုဆောင်မှ နောက်ဖေးသို့ ထွက်သည့် ရေသွန်ခန်းတွင် မောင်ရွှေဇင်သည် ခုံတစ်ခုံပေါ်တွင် မအေးပိုနှင့် ယှဉ်၍ ထိုင်ကာ စကားကောင်းလျက်ရှိနေကြသည်ကို တွေ့ရလေသည်။

(ဇင်)။ "ဘယ့်နယ်လဲ ညီမလေးရယ်၊ အစ်ကိုကြီးပြောသလို ဘယ်အရာများမှ အေးအေးဆေးဆေး နေရပ့ါမလဲကွယ်"

(ပို) "အခုလိုနေတော့ ဘာဖြစ်သလဲ အစ်ကိုကြီးရဲ့၊ ဒီလိုနေရတာ ညီမလေးတော့ သိပ်ပျော်တာပဲ"

"ပျော်တာတော့ ဟုတ်ပါရဲ့၊ ချစ်ရတဲ့အချစ်က ခုန်လျှိုးကွယ်လျှို အစ်ကိုကြီးတော့ လက်ထပ်ပြီးမှ စိတ်အေးမှာပဲ"

"လက်ထပ်ပြီးတော့ ဘယ်လိုလုပ်မှာလဲ"

"အိမ်တစ်အိမ်ဝယ်ပြီး သီးသီးခြားခြားနေတော့မှာပေါ့ ညီမလေးရဲ့"

"ဒါဖြင့် ဒီအလုပ်ကို စွန့်တော့မယ်ဆိုပါတော့"

"စွန့်မယ်လေ၊ အစ်ကိုကြီးလည်း မိုက်တွင်းနက်လွန်းလို့ ဒီအလုပ်လုပ်ခဲ့တာပဲ၊ တစ်ခါတစ်ခါတော့ နောင်တရပါတယ် ညီမလေးရယ်၊ ဒီအပေါ်ကိုရောက်တော့ တွေ့တော့ သာဆိုးနေတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို့လေးကတော့စောရနကွတ်ပါပါတယ်အစ်ကိုကြီးရယ်ပြီးတော့ ဒီလောက်ပစ္စည်းရှိမှ တော်ရောပေါ့"

"သူက အင်မတန်လောဘကြီးတဲ့လူ"

"ဒါထက် အစ်ကိုကြီးကော ဘယ်လောက်စုမိပြီလဲ"

"သိပ်မရှိပါဘူး ညီမလေးရယ်"

"အစ်ကိုကြီးလည်း တစ်ယောက်တည်းပဲ၊ ဒီလောက်ပစ္စည်းရှိရင်တော် လောက်ရောပေါ့၊ ပစ္စည်းတွေသက်စွန့်ကြိုးပမ်းရှာပြီး နောက်တစ်နေ့ ဘာလုပ်မှာ လဲ"

"ဟောဒီ အချစ်ကိုပေးဖို့ပေါ့၊ ကိုင်း ... သိပြီလား ဟင် ..."

"အို...အစ်ကိုကြီးကလည်း ယားပါတယ်၊ နေပါဦး အစ်ကိုကြီးပစ္စည်းတွေ ဘယ်မှာထားသလဲ"

"အစ်ကိုကြီးကို လက်ထပ်ဖို့ ကတိပေးမလား"

"ပေးပါ့မယ် အစ်ကိုကြီးရယ်၊ အခု အခြေအနေရောက်မှတော့ မပေးဘဲ ဖြစ်ပါ့မတော့လား"

"အစ်ကိုကြီး ဒီအိမ်ပြောင်းလာတုန်းကပါလာတဲ့ မီးဖိုကြီးကို မြင်တယ် ဟုတ်လား"

"ဟုတ်ပါတယ်၊ အခုရေသွန်ခန်းဘေးမှာ ပစ်ထားတဲ့ မီးဖိုကြီးမဟုတ် လား၊ ခေါ်တော့ကုလားတွေရောင်းတာမျိုး တစ်ခုနှစ်ကျပ်ခွဲ သုံးကျပ်ပေးရ တယ်"

"ဘယ်လောက်လေးမယ်ထင်လဲ"

"အလေးကြီးပဲ၊ အနည်းဆုံးနှစ်ပိဿာလောက်လေးမှာပေါ့"

"အဲဒါ အတွင်းကရွှေချည်းပဲ၊ အပေါ်ကသာ လူမမြင်အောင် ရွှံ့နဲ့ ဖုံးထား တာ"

"ဟင် ... ဟုတ်လား အစ်ကိုကြီး၊ ဒီလိုဆိုရင် အိမ်ထဲသွင်းထားမှာပေါ့"

"ပြီးတော့ အစ်ကိုကြီး ခေါင်းအုံးမြင်တယ်မဟုတ်လား"

"ဟုတ်တယ်လေ၊ ခေါင်းအုံးစုတ်ကြီး ညစ်ထေးနေတာပဲ"

"အဲဒီအထဲမှာ ငွေစက္ကူတစ်ရာတန် အချပ်သုံးရာရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ပြော် ..."

"ပြီးတော့ အစ်ကိုကြီးအိမ်နေရင်းဝတ်နေတဲ့ဘလေဇာအင်္ကျီအစိမ်းကြီး မြင်လား"

"မြင်ပါတယ်၊ ကုတ်ကတောင် စုတ်နေပြီ၊ အစ်ကိုကြီးမို့ဝတ်နေတာ"

"အဲဒီအင်္ကျီက အောက်အနားပတ်ထဲမှာအတွင်းကလျှောက်ပြီးသိထားတာ စိန်ရတီနှစ်ဆယ်လောက်ရှိတယ်"

"ဟင် ... ဟုတ်လား၊ ကျွန်မဖြင့် မသိပေါင်၊ တစ်နေ့ကတောင် ကုလားသူတောင်းစားကြီး စွန့်လိုက်မယ်ကြံသေးတယ်"

"မလုပ်ပါနဲ့ မချောရယ်"

ထိုခဏ၌ မောင်အေးရှိသည် ခြေဖျားထောက်၍ အပြင်စန်းသို့ပြန်၍ ထွက်သွားပြီးနောက် ဖိနပ်ချွတ် မှနေ၍ ချောင်းဟန့်လိုက်ပြီးလျှင် "အိမ်လည်း လူမရှိပါလားဟေ့၊ မအေးပို ဘယ်သွားနေသလဲ" ဟု အော်လိုက်လေသည်။

နောက်ဥရက်ခန့်ကြာသောအခါမောင်အေးရှိနှင့်မောင်ရွှေဇင်တို့သည် သူတို့၏ "အော်ပရေးရှင်း" အတွက် စီးလားရိုက်လျက် ရှိကြလေ၏။ ထိုနေ့၌ မောင်ရွှေဇင်က စက်ဘီးများကို တိုက်ချွတ်၍ ဝက်အူများကျပ်ပြီးလျှင် ဆီများ ထည့်လျက်ရှိရာ မောင်အေးရှိကမူ ဖောက်ထွင်းသော ကိရိယာများနှင့် လက်နက်များကိုပြင်ဆင်လျက်ရှိလေသည်။

(ဇင်) "ဘယ့်နယ်လဲ ကိုအေးရှိ၊ ဒီတစ်ချီပြီးရင်တော့ ကျုပ်တို့အလုပ် ရပ်ကြစို့ရဲ့ဗျာ၊ ခင်ဗျားတို့ကျုပ်တို့လည်း အတော်အသင့်တော့ စုမိပြီ မဟုတ်လား"

(ရှိ) "ရပ်တာတော့ ဟုတ်ပါရဲ့၊ ပြီးတော့ ဘာလုပ်စားမှာလဲ"

"ကောင်းရောင်းကောင်းဝယ်ပေါ့ ကိုအေးရှိ"

"ဘာ ကောင်းရောင်းကောင်းဝယ်လဲဗျ၊ အခုခေတ်မှာ ဘာကောင်းရောင်းကောင်းဝယ်မှ မရှိဘူး၊ ကျုပ်တို့က တိတ်တိတ်ခိုးတဲ့သူခိုး၊ သူတို့က ကြောင်ခိုးတဲ့ ဂုဏ်သရေရှိ လူကြီးလူကောင်းသူခိုး"

"အင်းလေ ... ဒီဟာတော့ ကြည့်လုပ်ရတာပေါ့၊ တစ်ခုရှိတာကလည်း ခင်ဗျားတို့ကျုပ်တို့ အခုလုပ်နေတဲ့အလုပ်ဟာ မကောင်းဘူး မဟုတ်လား။



www.burmeseclassic.com

ဒီတော့ ကျုပ်တို့ဘယ်လောက်ပဲ ညက်သွားတယ်ဆိုဆို၊ မကောင်းမှုဆိုတာ တစ်နေ့မှာမကောင်းတာနဲ့ အကျိုးပေးတတ်တယ်ကိုအေးရို့။ဒီတော့ ကျုပ်တို့ဟာ ရပ်တန်းကရပ်ဖို့ ကောင်းပြီထင်တယ်"

မောင်အေးချိုသည်စကားမပြောသေးဘဲ ခေတ္တမျှတွေဝေလျက်ရှိလေသည်။ လွန်ခဲ့သော ၃-၄ရက်က အိမ်နောက်ခန်းတွင် မဇအေးပိုနှင့် မောင်ရွှေဇင်တို့ စကားပြောနေပုံကို မောင်အေးချိုသည် ပြေး၍သတိရမိ၏။

"ဒီအကောင်က လက်ထဲမှာ အတော်ကလေးစုမိဆောင်းမိလို့ဒီစကား ထွက်လာတယ်။ပြီးတော့ အေးပိုကိုများ သူကကြံလားစည်လားနဲ့။ ငါ့နမမင်းတို့လို စကားနဲ့တန်သလား ရွှေဇင်ရယ်၊ ငွေကိုတောင်လိုပုံပြီးပေးရချင်ပေးရပါစေဗြိုအုပ် နှာထောက်နဲ့မှ ငါပေးစားမယ်မှန်းထားတာကွ။ တစ်ခုလည်းရှိသေးတယ်၊ ငါ့နှမလည်းလွတ်ကင်းအောင် အခုလက်ငင်းခွဲပေးရမယ့် ငွေငါးသောင်းထဲက တစ်ဝက်ကိုလည်းမပေးရလေအောင် သူစုထားတဲ့ ပစ္စည်းတွေလည်း ရအောင် ငါဘယ်လိုကြံမလဲ၊ အကြံထုတ်စမ်း၊ တစ်နည်းတည်းပဲရှိတယ်။ဒီအကောင် သေသွားလို့ ဘယ်သူကမျှလည်းလာပြီး အမွေတောင်းမှာ မဟုတ်ပါဘူး။ သူ့ဘယ်သူ့လဲဆိုတာတောင် ဘယ်သူမျှ သိမှာမဟုတ်ဘူး။မြို့နီစီပယ်က သောချငါကအမွေရ၊ နိပ်လိုက်လေကွယ် ငါ့အကြံ"

မောင်အေးချိုသည်မိနစ်တစ်ဝက်ခန့်စီးကရက်ကိုဖွာရင်း တွေး၍နေမိလေသည်။

(ဇင်) "ဘာတွေများဒီလောက်စဉ်းစားနေရသလဲဗျာ။ဒီကနေ့ညကိစ္စတာ ခဲသည်းလို့လား"

(ချို) "ခဲယဉ်းတယ်ဆိုတာလည်းဟုတ်ရဲ့ မခဲယဉ်းဘူးဆိုလည်းဟုတ် တယ်"

"ဆိုစမ်းပါဦးဗျာ"

"ဒီလိုဗျ၊ ဒီကနေ့ည ကျုပ်တို့ ဖောက်ရမယ့်တိုက်က သံအမတ်ကြီးရဲ့ အိမ်တော်မြဲတိုက်ဗျ။ သာသနာ့ရိပ်သာနဲ့ သိပ်မဝေးလှဘူး။ဒီကနေ့ညသံအမတ် ကြီးအိမ်မှာ ၉နာရီညစာစားပွဲရှိတယ်။ဒီတော့ သောက်တာက တစ်နာရီလောက် ညစာစားတာက ၂နာရီလောက်၊ ဘိုထီးဘိုမတွဲကမှာက တစ်နာရီလောက်ဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



အနည်းဆုံး ၁၂ နာရီကျော်မှ သူအိမ်ပြန်ရောက်မယ်။ ဒါကြောင့် ကျုပ်တို့ဖောက်ရမယ့်အချိန်ဟာ ၁၀ နာရီခွဲနဲ့ ၁၁ နာရီခွဲကြားဖြစ်ရမယ်"

"အိမ်မှာ အစောင့်မရှိဘူးလား"

"သူက တစ်ယောက်တည်းနေတဲ့လူပဲ၊ အိမ်သားတော့မရှိဘူး။ သေနတ်ကိုင်အရပ်တစ်ယောက်၊ ဂေါ်ရခါးတစ်ယောက်၊ ဘိုင်ကုလားတစ်ယောက်ရှိတယ်။ သူတို့က နောက်ဖေးအစေခံတန်းလျားမှာနေတယ်။ နို့ပေမဲ့ ဒီကောင်တွေအတွက်တော့ စိုးရိမ်စရာမရှိလှပါဘူး၊ ကျုပ်လူတွေက ကြည့်ပြီးလုပ်ထားလိမ့်မယ်"

"ရဖို့ မျှော်လင့်ချက်ကကော"

"နစ်သောင်းလောက်ပါ၊ ပြီးတော့သူ့မှာ မီးခံသေတ္တာရယ်လို့အကြီးအကျယ်မရှိဘူး။ ရိုးတိုက် (Rowe)က ငွေထည့်သေတ္တာအသေးစားကလေးတစ်လုံးနဲ့ ထည့်ပြီး အိပ်ရာခုတင်အောက်မှာ ထားလေ့ရှိသတဲ့ဗျ။ ဒီတော့ သူ့အခန်းသော့ကို ဖျက်ပြီးဝင်ရုံပဲ"

"ကိုင်းလေ...ဒီတစ်ချီတော့ကြံစည်ပြီးလို့ရှိရင်လည်း လုပ်ကြရသေးတာပေါ့"

"ပြီးတော့ ကျုပ်တို့အလုပ်က အိမ်မှာ လူမရှိတုန်းကြံစည်တယ်မဟုတ်လား"

"ဟုတ်တာပေါ့ ကိုအေးချို"

"ဒီတော့ ဒီလိုအခွင့်အရေးမျိုးဆိုတာ အင်မတန်ရခဲတာဗျ၊ လက်လွှတ်လို့မဖြစ်ပေဘူး"

"ဒါဖြင့်လည်း ဆရာ့သဘောအတိုင်းပေါ့ဆရာ"

"ထိုညဉ့် ၁၀ နာရီကျော်ကျော် အချိန်လောက်၌ ယခင်က[illegible]သို့ထ[illegible] မျက်နှာဖုံးများတပ်ထားသောစောရ ၂ ယောက်တို့သည်အတော်အတ[illegible]ကျယ်[illegible] သောခြံကြီးတစ်ခြံ၏ဝင်းအတွင်း တိုက်သစ်တစ်လုံး၏နောက်ဖေးဘက် မှောင်[illegible] တစ်ခုအောက်တွင် ရောက်ရှိလျက်ရှိကြ၏။

ထိုတိုက်သစ်မှာ နိုင်ငံတော်အစိုးရ ရုပ်ရှင်နှင့်ပြဇာတ်ဌာနသို့ ဝင်[illegible] လမ်းထိပ်နှင့် များစွာမဝေးလှချေ။ တိုက်မှာဆောက်ပြီးစ တိုက်သစ်ဖြစ်ပြီး[illegible] နောက်ဖေးဘက်၌ ဝါးရုံတောကလေးရှိ၏။ စောရတို့သည် စက်[illegible]၂စီးကို [illegible]



www.burmeseclassic.com

www.burmeseclassic.com



ထိုနံတော၌ အပြင်မှရုတ်တရက်မမြင်နိုင်သော ဖရောင်ကျကျနေရာတစ်နေရာ၌ ချိတ်၍ထောင်ထားပြီးသော်၊ အိမ်နောက်ဖေးတံခါးကိုဖွင့်ရန် နောက်ဖေးစီးရိုးဆောင် ချို့သွားသော စကြံပေါင်းကူးအောက်သို့ ဝင်ကြလေ၏။

သူတို့ဖောက်ထွင်းရမည့်တံခါးမှာ ဒုတစ်လက်မခန့်ထူ၍သံမင်းတုပ်တွင် အတ်သန်းလုံးခန့် ဒုရှိသည့်သွပ်သော့ခလောက်ကြီးတစ်လုံး တပ်ထား၏။

(၁) "ဟုတ်တယ်ဗျို့ဘာသံမျှမကြားရဘူး၊ အားလုံး တိတ်နေတာပဲ"

(၂) "ဒါကြောင့်ခင်ဗျားကိုကျုပ်ပြောတယ်မဟုတ်လား၊ကျုပ်လုပ်လိုက် ရင်စီးသေသပါတယ်ဗျာ စိတ်ချပါ၊ ဘိုင်ကုလားက မြို့ထဲသွားပြီ၊ အစောင့် ၂ယောက် အ တိုဘက်ကအစေခံတန်းလျားမှာ အရက်မူးပြီး ခုလောက်ရှိလဲနေပြီ၊ စိတ်ချရ အောင် အရက်ထဲမှာ အိပ်ဆေးတောင် ကျုပ်လူက ခတ်လိုက်သေးတယ်။ ဒီတော့ ကျုပ်တို့စဉ်းစားစရာ ၂ချက်ပဲရှိတယ်။ မှန်ပြတင်းပေါက်ကို ဖောက်မလား၊ ဒုတိယ အာတ ပိုလွယ်လိမ့်မယ်ထင်တယ်၊ ကိုင်း ... လာဗျို့ ကျုပ်က ငရဲမီးနည်းနည်း လောင်းထည့်ပေးမယ်။ ဒိုင်းလွှနဲ့ ခင်ဗျားက တိုက်ပေတော့၊ ခင်ဗျာ့ဗလနဲ့ဆိုရင် ကြာပါဘူး၊ နာရီဝက်တိုက်ရတော့မပေါ့"

သို့နှင့်နံပါတ် ၁ - သည် တံခါးသော့ခလောက်ကို ဒိုင်းလွှဖြင့် တဖြည်း ဖြည်းတိုက်ဖြတ်လေ၏။ နံပါတ် ၂မှာမူ အသံဗလံကို နားထောင်လျက် အရေး အကြောင်းရှိက အချက်ပေးရန် အသင့်ရှိနေ၏။ နံပါတ် ၂သည် နံပါတ် ၁အနီးသို့ ချဉ်းကပ်ပြီးနောက် -

"ခုနေအခါ လူလာရင် ဘယ်လိုလုပ်မလဲ"

"ကျုပ်ဝါဒကတော့ ပြေးရုံပဲ၊ ဒါကြောင့် ခြံဘေးတံခါးကို အလွယ်တကူ ပြေးနိုင်အောင်ဖွင့်ထားတာပေါ့၊ အိမ်ရှင်နဲ့ဖြစ်ဖြစ်၊ အရပ်သားနဲ့ဖြစ်ဖြစ်၊ ပုလိပ်နဲ့ ဖြစ်ဖြစ်၊ ရင်မဆိုင်တာ အကောင်းဆုံးပဲ"

"ဒီဟာကတော့ ထားပါဦး၊ ဒါထက် မပြောကောင်း ပြောကောင်း ကျွန် တို့ပြေးရရင် ဘယ်ဘက်ကို ပြေးကြမလဲ၊ အစီအစဉ်ဆိုတာ ကြိုတင်ရှိထားရင် ကောင်းတယ်"

"ဟုတ်တာပေါ့၊ ကျုပ်က မြို့ထဲဘက် ပြေးမယ်လေ။ ခင်ဗျားက မြစ်ဘက် ဘက်ပြေးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီ"

"ဒါထက် ကျုပ်တို့ဘိုင်စကယ်တွေ နေရာတကျရှိရဲ့လားဗျာ"

"ရှိပါတယ်၊ ကျုပ်တစ်ပတ်လှည့်သွားပြီးသွားကြည့်လိုက်ဦးမယ်၊ မှောင်လိုက်တာလည်းဗျာ လွန်ပါရော"

သို့နှင့်နံပါတ် ၂သည် ဝါးပင်ချုံကလေးများရှိရာသို့ ထွက်သွားလေ၏။ ဘိုင်စကယ်များရှိရာသို့ ရောက်သောအခါ သူသည် နံပါတ် ၁၏ စက်ဘီးအနီးသို့ ချဉ်းကပ်သွားလေ၏။ ထို့နောက် ဘောင်းဘီအိတ်ထဲမှ ပလိုင်ယာတစ်ခုကိုယူပြီးလျှင် စက်ဘီးမှ ဘရိတ် များကို ဖြုတ်လေသည်။

မကြာမီ နံပါတ် ၂သည် နံပါတ် ၁အနီးသို့ပြန်ရောက်လာပြီးနောက် -

"သော့ခလောက်ကို ခင်ဗျားတိုက်တာက နည်းနည်းအသံထွက်တယ် ဗျကြိတ်ပြီးဖြည်းဖြည်းဆွဲယူစမ်းပါ။ အဲ ဟုတ်ပြီ၊ ဒီလိုမှပေါ့။ တစ်ဝက်နီးပါးတောင် ပြတ်နေမှ (လေသံဖြင့်) အလို နားထောင်စမ်းဗျို့ အိမ်ရှေ့က ဘာသံလဲ"

နံပါတ်၁သည်ဒိုင်းလွှကိုလွှတ်ချလိုက်၏။ နှစ်ယောက်သားအိမ်ရှေ့ဘက်သို့ နားစွင့်လျက်ရှိကြ၏။

အသံကားလူနှစ်ယောက်၏ဖိနပ်သံအမှန်ဖြစ်၍ခြံအတွင်းသို့အိမ်ရှေ့ဝင်ပေါက်မှဝင်လာသော အသံဖြစ်လေသည်။

"ပြေးကြစို့ ကိုရွှေဇင်"

နံပါတ် ၂မှာ လွန်စွာလျင်မြန်ဖျတ်လတ်သူဖြစ်သည့်အတိုင်း ဝါးပင်ချုံရှိရာသို့ ရှေးဦးစွာရောက်ရှိသွားပြီးလျှင် စက်ဘီးကိုတွန်းရင်း ခုန်၍တက်ကာ ခြံအနောက်ပေါက်မှထွက်၍ လမ်းဘက်သို့ တစ်ခါတည်းစီးသွားလေ၏။ နံပါတ် ၁မှာ တစ်မိနစ်ခန့် နောက်ကျခဲ့လေသည်။

အိမ်ခြံရှေ့မှဝင်လာသူများမှာ စက်ဘီးပတ္တရောင် ၂ယောက်ဖြစ်၍ တစ်ယောက်သည်ခြံရှေ့ပေါက်သို့စက်ဘီးဖြင့်ထွက်၍လိုက်သဖြင့် နံပါတ် ၂သည် ယခင်ကစီစဉ်ထားသည့်အတိုင်း မြောက်ဘက်သို့ပြေးရန်လမ်းပိတ်နေပြီဖြစ်၍ ကုက္ကိုင်းလမ်းမကြီးအတိုင်း တောင်ဘက်သို့ပြေးလေ၏။ ဒုတိယပတ္တရောင်မှာ ၎င်းတို့နောက်သို့ပင် နောက်မှနင်း၍ လိုက်ပြန်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်၍ စောရန်ပါတ်မှာလည်း ယခင်ကအစီအစဉ်မဟုတ်ဘဲ မြောက်ဘက်သို့ ပြေးရလေတော့၏။

စောရန်ပါတ် ၂မှာကား တောင်ဘက်သို့နှင်း၍ပြေးခဲ့ရာ တောင်ဘက်တစ်လျှောက်လုံးမှာ အဆင်းဖြစ်သဖြင့်တစ်ကြောင်း၊ စက်ဘီးမှာလည်း အသစ်ဖြစ်သည့်ပြင် ဆီများကောင်းစွာထည့်ထားသဖြင့် တစ်ကြောင်း၊ တစ်နာရီလျှင်မိုင်၄၀ခန့်ဝင်ရှိမည်ဟု ထင်ရ၏။

ဘိုးဘွားရိပ်သာသို့မရောက်မီ ကိုက် ၁၀၀ခန့်အကွာသို့ရောက်သောအခါစက်ဘီးမှာ ယခင်ကထက်ပို၍မြန်လာသကဲ့သို့ထင်မှတ်ရတော့၏။ ကိုက်၅၀ခန့်အကွာကွေ့ကြီးသို့ရောက်သောအခါ၌မူ စက်ဘီးသည် တစ်နာရီလျှင် မိုင်၆၀နှုန်းခန့် ပြေးလျက်ရှိလေ၏။ ထိုအချိန်၌တောင်ဘက်မှမြောက်ဘက်သို့အပြင်းမောင်းလာသော ဂျစ်ကားတစ်စီးသည် အရှိန်ပြင်းလွန်းသဖြင့် လက်ဝဲဘက်သို့စောင်းနိုင်ဘဲ လက်ယာဘက်ဆီသို့ တစ်ရှိန်တိုးဝင်၍လာနေ၏။ ထိုအခါ စောရ၏စက်ဘီးသည် နောက်ဘရိတ်ကိုခပ်ဖြည်းဖြည်းအုပ်လေ၏။ သို့သော် ဘရိတ်ချို့သဖြင့် ဘရိတ်မမိတော့ချေ။ ထိုအခါမှ မှောင်ထဲတွင် မိမိသည် နံပါတ် ၁၏စက်ဘီးကိုမှား၍စီးနင်းလာခဲ့ကြောင်း သိရတော့၏။ သို့သော် နောက်ကျခဲ့ချေပြီ။ သူ၏အသိဉာဏ်မှာစက္ကန့်ပိုင်းလောက်သာ ကျန်လေတော့သည်။ သူသည် ဘရိတ်အုပ်မရသည့် အဆုံးတွင် ဂျစ်ကားရှေ့မှ လက်ဝဲဘက်သို့ တစ်ခါတည်း ဖြတ်ချရန်မှတစ်ပါး အခြားနည်းလမ်းမရှိတော့ချေ။ သို့နှင့်ဂျစ်ကားရှေ့မှ ရဲဝံ့စွာ ဖြတ်ချလိုက်၏။

သို့သော်မိုင်၆၀နှုန်းခန့်ဖြင့်လာသော ဘရိတ်မပါသည့်စက်ဘီးမှာလက်ကိုင်ကိုလက်ယာဘက်သို့ပြန်၍မထိန်းနိုင်မီ လက်ဝဲဘက်သို့အရှိန်လွန်၍တိုးသွားပြီးနောက် သစ်ပင်ကြီးသုံးပင်နှင့်သစ်သား "ဗိုင်းတား" ကြားသို့ဝင်၍သွားကာ ပေ၃၀ခန့်နက်သော ချောက်ထဲသို့တစ်ခါတည်း ထိုးကျသွားလေတော့ သတည်း။

နောက်မှထက်ကြပ်လိုက်လာသော ရဲပတ္တရောင်များသည် ဂျစ်ကားကို ရပ်စေပြီးလျှင် ယင်းဂျစ်ကား၏အကူအညီဖြင့် ရဲဌာနသို့အကြောင်းကြားပြီးနောက် စောရ၏အလောင်းကို ဆေးရုံသို့ပို့ကြရ၏။ ဘိုင်စကယ်ကိုလည်း သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့နံနက်၌ မောင်ရွှေဇင်လည်း မအေးပိုသားအမိအား စိတ်အားမငယ်စေရန် အမျိုးမျိုးအားပေးလျက် မောင်အေးချို၏ကြံမှုကို မလွှဲသာသည့်အတိုင်း ပြန်ပြောင်းပြောဆိုရတော့၏။ မောင်ရွှေဇင်သည် ဆေးရုံသို့ ရှစ်ဖျောက်ရောက်ခဲ့ပြီးလျှင် မောင်အေးချိုဖြစ်ပျက်ပုံသတင်းကို အလုံးစုံကြားသိခဲ့ရ၏။ မောင်အေးချိုသည် ချောက်ထဲသို့ကျသွားရာ၌ မျက်နှာကို သစ်ပင်ကိုင်းများ ကျောက်တုံးများဖြင့် ပြင်းထန်စွာရိုက်မိပြီးလျှင် ကြေမွသွားသဖြင့် ရဲဘက်ကပင် မည်သူမည်ဝါဟူ၍မသိတော့ပေ။ လက်မပုံစံများမှာလည်း လူဆိုးစာရင်းတွင် ရှာမတွေ့သဖြင့် မှတ်တမ်းဝင်လူဆိုးတစ်ယောက်မဟုတ်ကြောင်း သိရ၏။ ဘိုင်စကယ်မှန်ပါတ်လည်း ယခင်ကပင် ဖျက်ဆီးထားခဲ့သဖြင့် ရဲဘက်မှ ခြေရာမခံနိုင်ပဲ ရှိနေတော့၏။

အဆုံးတွင် မအေးပိုတို့သားအမိမှာ မောင်ရွှေဇင်၏အကြံပေးချက်အရ မိမိတို့အပေါ်တွင် မီးနိုးကြွက်လျှောက်အမှုပတ်မည်စိုးသဖြင့် မောင်အေးချို၏ အလောင်းကိုပင် မယူဝံ့ကြဘဲ ကြိတ်မှိတ်၍သာငိုယိုလျက် ပူဆွေးဒုက္ခရောက်ကြကုန်၏။ လူသိမခံဝံ့သောဒုက္ခကို ပုန်းလျှိုးကွယ်လျှိုးခံရခြင်းကား လွန်စွာမှအခံရခက်လှ၏။ သို့သော် မိမိတို့အပေါ်တွင် ကျရောက်လာမည့်ဘေးအန္တရာယ်အတွက်ကြောင့်သာ ကြိတ်မှိတ်၍ခံကြရလေသည်။

ချောက်ထဲသို့ ထိုးကျသွားသော ဘိုင်စကယ်မှာ မိမိဘိုင်စကယ်ဖြစ်၍ မောင်အေးချိုသည် မှောင်ထဲတွင် အမှတ်မဲ့ မှား၍စီးသွားဟန်တူ၏။ စက်ဘီး၌ ဘရိတ်များမပါဘဲ ရှိနေခြင်းမှာအခြားသူမဟုတ်နိုင် မောင်အေးချိုပင် ဖြစ်တန်ရာသည်။ မောင်အေးချိုသည် မိမိအားဒုက္ခရောက်အောင် ဘရိတ်များကို ဖြုတ်ထားခြင်းမှာထူးဆန်း၍အံ့သြဖွယ်ကောင်းလောက်ပါပေ၏။ သို့သော်မောင်ရွှေဇင်သည် အမယ်ကြီးနှင့်မအေးပိုတို့စိတ်မကောင်းမည်စိုးသဖြင့်ဤအကြောင်းများကိုမပြောဘဲ အတွင်းကျိတ်မျိုသိပ်ထားခဲ့လေသည်။

ရက်သတ္တ ၂ပတ်ခန့်ကြာ၍ ပရိဒေဝမီးအတော်အတန် အေငြိမ်းစပြု၍ လာသောအချိန်တစ်နေ့တွင် အထက်မြန်မာပြည်သွား လေယာဉ်ပျံတစ်စင်းပေါ်၌ မျက်နှာမသာမယာနှင့်ရှိနေသော အဒေါ်ကြီးတစ်ယောက်၊ အသက် ၂၄နှစ်



www.burmeseclassic.com

www.burmeseclassic.com



ချစ်စဖွယ်မိန်းကလေးတစ်ယောက်နှင့် သူ့အနီးတွင်အရပ်အမောင်းတုတ်ခိုင်သော ယောက်ျားတစ်ယောက်ကို တွေ့ရလေရာ သူတို့အား စာဖတ်ပရိတ်သတ်များနှင့် မိတ်ဆက်ပေးရန်ပင် မလိုတော့ပေ။

သူတို့သည်ရန်ကုန်တွင်ဖြစ်ပျက်ခဲ့သောအဖြစ်အပျက်ကိုဇာတ်သိမ်းကာ ရန်ကုန်မှအခြေအနေကိုစွန့်ခွဲ၍အေးချမ်းရာအထက်မြို့ဒေသတွင်ဘဝသစ်ထူထောင်ရန် လိုက်ပါသွားကြခြင်းဖြစ်လေသတည်း။

သွေးသောက်မဂ္ဂဇင်း၊ စက်တင်ဘာလ၊ ၁၉၅၇

www.burmeseclassic.com

www.burmeseclassic.com

## အမွေပြတ်

တောင်ငူမြို့ရုံးကြီးအနီး "မြင်ပုံးမြင်ထင်" ဘုရားသို့သွားသောစစ်တောင်းတံတားကြီးလမ်း၌ အလွန်ကျယ်ဝန်းသော ခြံကြီးတစ်ခြံရှိရာ၊ ထိုခြံကြီး၏အလယ်၌ ဟောင်းနွမ်းသော တိုက်ခံအိမ်ကြီးတစ်လုံး ရှိလေသည်။

ထိုအိမ်ကြီး၌နေထိုင်သူမှာ ဦးသာခင်ဆိုသူဖြစ်၍ ဦးသာခင်မှာ အသက် ၆၀ ရှိပြီးလျှင် ကိုယ်၏ နံဘေးတစ်ဖက်တွင်အောင့်သော ရောဂါဖြင့် တစ်ခါတစ်ရံ အိပ်ရာထဲမှာ ၁၀ ရက်၊ ၁၅ ရက်မျှပင် မထနိုင်ဘဲ ရှိနေတတ်၏။

ဦးသာခင်၌ သား ၂ ယောက်ရှိသည့်အနက်၊ သားအကြီးမှာ မောင်ခင်စိုး ဖြစ်လေသည်။

ဦးသာခင်မှာ အသက်အရွယ်ကြီးရင့်ပြီးဖြစ်၍၊ မည်သည့်အလုပ်အကိုင်ကိုမျှ မလုပ်ကိုင်နိုင်သော်လည်း အသုံးအစွဲ၊ အစားအသောက်၊ အနေအထိုင်တို့တွင် ရက်ရက်ရောရော သုံးစွဲနိုင်ခြင်း၊ သား ၂ ယောက်ကို လှလှကြီး အံ့လိုလိုက်၍ ထားနိုင်ခြင်း၊ အိမ်တွင် အစေခံ ၂ ယောက်ထားရှိနိုင်ခြင်းတို့ဖြင့် ပိုက်ဆံကြေးငွေနှင့် ပြည့်စုံသူတစ်ယောက်ဟူ၍ အသိအမှတ် ပြုကြ၏။

ဦးသာခင်မှာ ငယ်စဉ်က ထားဝယ်နယ်တွင် သတ္တုတွင်းများကို ကိုယ်တိုင်ရှာဖွေလုပ်ကိုင်ခြင်း၊ အခြားကံအားလျော်စွာ လိုက်လံရှာဖွေ တွေ့ရှိသော



www.burmeseclassic.com

www.burmeseclassic.com



သတ္တုထွက်ရာနေရာများကိုအခြားသူများအားရောင်းစားခြင်းစသည်ဖြင့်အသက်မွေးခဲ့ရာ ဇနီးဖြစ်သူသည် သားအငယ် မောင်တင်စိုးကို မျက်နှာမြင်ပြီးနောက် မီးသယ်ရောဂါဖြင့် သေဆုံးခဲ့သဖြင့် အလုပ်ကို ဆက်လက်လုပ်ကိုင်ရန် စိတ်မရှိတော့ဘဲ၊ မိမိမွေးဖွားရာ ဇာတိဖြစ်သော တောင်ငူမြို့သို့ ပြန်လည် လာရောက်နေထိုင်ခဲ့ခြင်းဖြစ်လေသည်။

သားအကြီး မောင်ခင်စိုးမှာ အသက် ၂၅ နှစ်မျှရှိပြီဖြစ်သော်လည်း အလုပ်အကိုင် ပြောပလောက်အောင် မရှိသေးဘဲ၊အပေါင်းအသင်းများနှင့် သောက်စားမူးရူးပြီးလျှင် ဖခင်ကြီး၏ ပိုက်ဆံကြေးငွေကို သုံးဖြုန်းနေသူ အစ်ယောက်ဖြစ်၍ ဦးသာဒင်ကလက်လျှော့ထားရသူဖြစ်လေသည်။ သို့သော် အပြောအဆို၌ ကားပါးနပ်လိမ္မာသူ ဖြစ်သည်။

သားအငယ် မောင်တင်စိုးမှာ အသက် ၂၀ မျှသာရှိသေး၍ အိုင် အေ အထက်တန်းတွင် ၂ နှစ်မျှ ဆက်လက် ရှုံးခဲ့ပြီးနောက် ကျောင်းမှ ထွက်ခဲ့သူဖြစ်လေသည်။ မောင်တင်စိုးမှာလည်း အစ်ကိုကြီး၏ ခြေရာကို လုံးလုံး မနင်းစေကာမူ၊ တစ်နေကုန် တစ်နေ့ခန်း လည်ပတ်နေသဖြင့် ဖခင်ကြီးအား တစ်စုံတစ်ရာ အကူအညီမရချေ။ သို့သော် အတွင်းစိတ်ကောင်းပြီးလျှင် စကားပြောသော အခါ ဟုတ်မှန်သလောက် တိုတိုတောင်းတောင်း ပြောတတ်သူ ဖြစ်လေသည်။

ဤကဲ့သို့ ဦးသာဒင်မှာ ပစ္စည်းဥစ္စာနှင့် ပြည့်စုံသူတစ်ယောက်ပင် ဖြစ်သော်လည်း သားထောက် သမီးခံ ညံ့ဖျင်းသူတစ်ယောက်ဖြစ်ရကား၊ တစ်ခါတစ်ခုံ မိမိ၏ ရှေးအတိတ်ကံ အကြောင်းများကို စဉ်းစားရင်း မျက်ရည်များပင် ကျမိရှာ၏။

ထိုသို့ အိုးအိမ်ပျက်စီးခဲ့သည့်ပြင် သား ၂ ယောက်ကိုလည်း အားကိုးအားထားမပြုရသဖြင့်၊ ၎င်း၏အိမ်ကြီးမှာ ပျင်းရိခြောက်သွေ့ဖွယ်ရှိမည်ဟု ခန့်မှန်းရသော်လည်း ခန့်မှန်းသည့်အတိုင်း မဟုတ်သေးချေ။ ဦးသာဒင်၏ အိမ်ကြီးကို ကောင်းစွာ အုပ်စီးနိုင်မည့်သူ တစ်ယောက်ကား ရှိသေး၏။ ၎င်းမှာ ဦးသာဒင် မွေးစားသော မဝင်းလှိုင် ဖြစ်လေသည်။

ဦးသာဒင်၌ ညီဝမ်းကွဲတစ်ယောက်ရှိရာ၊ ၎င်းသည် ရေးမြို့တွင် ရှင်သံရက် သေဆုံးသွားသဖြင့် ဦးသာဒင်သည် ကျန်ရစ်ခဲ့သော သမီးငယ်ကို [illegible]ထည်



www.burmeseclassic.com

www.burmeseclassic.com



မြို့၌ နေစဉ်ကပင် ခေါ်ယူမွေးစားခဲ့ရာ မဝင်းလှိုင်မှာ ယခု ရေးသားဖော်ပြခဲ့သော အချိန်၌ အသက် ၁၉ နှစ်ပင် ရှိခဲ့လေပြီ။

ဦးသာခင်သည်မဝင်းလှိုင်အားပထမခေါ်ယူမွေးစားစဉ်အခါကဆေးဆေးမီးယူမျှသာ သဘောထားခဲ့သော်လည်း မိမိမှာ အိမ်ထောင်မရှိသည့်ပြင် အိုးအိမ်သစ် ထူရန်လည်းစိတ်မကူးသဖြင့်တစ်ကြောင်း မဝင်းလှိုင်၏ လိမ္မာရေးခြားရှိခြင်းကြောင့်တစ်ကြောင်း၊ မိမိအပေါ်တွင် ဖြူစင်သော စေတနာဖြင့် အဖေအရင်းကဲ့သို့ ပြုစုစောင့်ရှောက်မှုကြောင့် တစ်ကြောင်းမဝင်းလှိုင်အားမိမိ၏အမွေမှ ထိုက်သင့်သလောက် ရစေမည်ဟု စိတ်၌ ရည်မှန်းထားခဲ့၏။ အလုပ်အကိုင် အကူအညီကို မရသောအခါ မဝင်းလှိုင်ကိုပင် တိုင်ပင်လေ့ရှိ၏။

မဝင်းလှိုင်ကလည်း ဦးသာခင်အား ဖခင်အရင်းကဲ့သို့ ကောင်းစွာ ပြုစုစောင့်ရှောက်သည့်အပြင် အစ်ကို ၂ ယောက်အပေါ်၌လည်း သင့်လျော်အောင် အထိုက်အလျောက် ပြောဆိုလေ့ရှိလေသည်။

သို့ဖြစ်ရကား ဦးသာခင်၏အိမ်ကြီးမှာ အုပ်ချုပ်မည့် အိမ်ရှင်မပင် မရှိစေကာမူ ချောက်ချောက်သွေ့သွေ့ဖြစ်သင့်သလောက် မဖြစ်ဘဲ မဝင်းလှိုင်၏ လိမ္မာရေးခြားမှုကြောင့် သာယာစိုပြည်လျက် ရှိ၏။

တစ်ညသ၌ ဦးသာခင်သည် မွေ့ရာပေါ်တွင် တစောင်းအိပ်လျက်ရှိရာမှ ရေနွေးအိတ်ကိုကိုင်၍ အခန်းတွင်းသို့ ဝင်လာသော မဝင်းလှိုင်ကို ကြည့်ပြီးနောက် -

"မယ်ပုကို အပေးနိုင်းလိုက်ပေါ့ သမီးရယ်၊ ကိုယ်တိုင်ပဲ ယူလာရသလား"

"ဒီကောင်မကလေးတွေကမယုံရဘူးဖေဖေကြီး၊တစ်နေ့က အဖုံးပြုတ်ထွက်နေလို့ ကျွန်မသာ ပြန်မပိတ်ရင် ဖေဖေကြီး အပူလောင်ပြီးသားပဲ"

"ဟုတ်တော့ ဟုတ်ပါရဲ့သမီးရယ်၊ ဒါပေမဲ့ သမီး ပင်ပန်းလွန်းလို့ဖေဖေကြီးက ပြောတာပါ။ နေရာတိုင်းကို သမီးကိုယ်တိုင်လုပ်နေလို့ ဘယ်ဖြစ်ပါ့မလဲ၊ အအိပ်ပျက် အစားပျက် ဖေဖေကြီးကို ပြုစုရတာ သမီးလည်း ပင်ပန်းလှပြီ"

"သမီး ဒီလို ဘယ်တော့မျှ မအောက်မေ့ပါဘူး ဖေဖေကြီး"



www.burmeseclassic.com

www.burmeseclassic.com



"အေးကွယ် သာခု သာခု သာခု။ ဒါထက် ဟိုအကောင်ကြီးကော။ တော အတာ မြင်လိုက်ပါတယ်"

"အစ်ကိုကြီးလား။ အိပ်ပြီ ဖေဖေကြီးရဲ့"

"အင်း တစ်နေ့လုံး လျှောက်လည်ရတာ မောရှာမှာပေါ့ကွယ်။ ခွေးလို အကောင်၊ ကိုယ့်အဖေ ဘယ်လိုနေသလဲဆိုတာ မေးဖော်တောင် ရတဲ့ကောင် မဟုတ်ဘူး။ တင်စိုးကော"

"အစ်ကိုလေးတော့ ပြန်မလာသေးဘူး ဖေဖေကြီး"

"ဒီအကောင်ကလေးလည်း တစ်မျိုးခက်တာပဲ"

"ပြောသာ ပြောရတယ်။ အစ်ကိုလေးကတော့ သည်လောက် မဆိုးရှာ ပါဘူး ဖေဖေကြီးရယ်။ အခုလည်း အုတ်ကျုတ်တန်းက ကိုဘိုးမိုတို့နဲ့ ၆ လုံးပြူး အတ်တည့်စမ်းရအောင် ဒီကနေ့ သွားကြဆို ထင်ပါရဲ့"

"ခြောက် ဟုတ်လား"

"ဟုတ်တယ်"

"ဒီအကောင်က ၆လုံးပြူးပစ်များတော့ အင်မတန်ဝါသနာပါတာကလား ကွယ်။ နေပါဦး အိမ်က ခြောက်လုံးပြူးများ ယူသွားသလား သမီး"

"မယူပါဘူး။ သံသေတ္တာထဲမှာ ကျွန်မ သိမ်းထားပြီးပါပြီ"

"သံသေတ္တာသော့ကော သမီး"

"ဖေဖေကြီးရဲ့ ခေါင်းအုံးအောက်မှာ"

"အင်း သံသေတ္တာသော့များတော့ အလစ်မပေးနဲ့နော်။ ဖေဖေကြီး ခေါင်း အုံးအောက်မှာမရှိရင် သမီးလက်ထဲမှာ ရှိပါစေ။ ဒီအကောင်တွေက ၂ကောင်စလုံး ယုံရတာ မဟုတ်ဘူး။ ကြားလား"

"ဟုတ်ကဲ့ ဖေဖေကြီး"

ငုံးနောက် မဝင်းလှိုင်သည် ဦးသာခင်၏ အောင့်သောနံဘေးနှင့် လက် များကို ကျပ်ထုပ်ထိုး၍ ပေးနေလေ၏။

ထိုည ၁၁ နာရီအချိန်လောက်၌ ဦးသာခင်၏ အိမ်ကြီးတစ်လုံးသည် တိတ်ဆိတ်လျက်ရှိလေ၏။ ဝါဆိုလဆန်း ၇ ရက်နေ့ည ဖြစ်သဖြင့် အနည်း ငယ်သော လရောင်နှင့် ကြယ်ရောင်ကလေးများသာရှိရာ မိုးပေါ်တွင်



www.burmeseclassic.com

www.burmeseclassic.com



မှာ တဖြောက်ဖြောက်ကျလျက် ရှိလေ၏။

ထိုအချိန်၌ဦးသာဒင်၏အိပ်ရေးဧည့်ခန်းရှိသော မီးခံသေတ္တာကြီးအနီးတွင် မျက်နှာအောက်ပိုင်းကို အသားနက်စတစ်ရှည်ဖြင့် ချည်နှောင်ထားသော လူတစ်ယောက်သည် လက်ထဲမှ သော့တစ်ချောင်းဖြင့် မီးခံသေတ္တာတံခါးကိုဖွင့်ရန် ကြိုးစားလျက်ရှိလေ၏။ ၎င်း၏ လက်ဝဲဘက်လက်၌ကား စက္ကူနီဖြင့် ဖုံးအုပ်၍ထားသော လက်နှိပ်ဓာတ်မီးတစ်လက် ရှိလေသည်။

ထိုသူသည် လက်နှိပ်ဓာတ်မီးကို ထိုးချည်တစ်ခါ သော့ကိုစမ်းချည်တစ်လှည့်ဖြင့်ရှိနေစဉ် မောင်တင်စိုးသည် တချောက်ချောက် မြည်သံကို ကြားရသဖြင့် မိမိအိပ်ရာမှထပြီးလျှင် ဧည့်ခန်းသို့ နောက်ဖေးအဆောင်ကူးမှ လှည့်၍ခြေဖျားထောက်ကာ လာခဲ့လေ၏။

အခန်းတစ်ခုလုံးမှာ မှောင်လျက်ရှိသဖြင့် ပထမ တစ်စုံတစ်ရာ မမြင်ရသဖြင့် တစ်ခဏမျှကြာလတ်သော် မျက်လုံးများမှာ မှောင်ထဲတွင် ကျင့်သားရလာသဖြင့် တစ်ကြောင်း၊ အပြင်မှ ကြယ်ရောင်ကလေးများသည် မှန်ပြတင်းတစ်ခုမှ ထိုးဝင်ကာ သံသေတ္တာကိုဖွင့်ရန် ကြိုးစားလျက်ရှိသော လူတယောက်၏ပုံကို မသဲမကွဲ မြင်ရလေ၏။

မောင်တင်စိုးသည် သတ္တိကောင်းသော သူငယ်တစ်ယောက်ဖြစ်သည့်အတိုင်း သေတ္တာကိုဖွင့်ပြီးမှ သူခိုးကို လက်ရဖမ်းတော့မည်ဟု ၅ပေခန့်မျှသာရှိသော တိုင်တစ်လုံး၏ နောက်သို့ကပ်ကာ ချောင်းမြောင်းလျက် ရှိလေ၏။ သို့သော်၎င်း၏ လက်၌ကား လက်နက်ဟူ၍ တစ်စုံတစ်ရာ မပါရှိချေ။

တစ်ခဏမျှကြာလတ်သော် သံသေတ္တာတံခါးပွင့်လာပြီးနောက် သူခိုးသည် သံသေတ္တာကြီးအတွင်းမှ ရွှေငွေထည့်သော လက်ဆွဲသံသေတ္တာကလေးတစ်လုံးကို ဆွဲထုတ်လေ၏။ ထိုအချိန်၌ကား မောင်တင်စိုး၏ သန်မာသောလက်များသည် လူဆိုး၏ လက်မောင်းရင်းကို နောက်မှနေ၍ တုတ်နှောင်ပြီး ဖြစ်ခဲ့လေသည်။

သူခိုးသည်မောင်တင်စိုး၏လက်မှ ရုန်းထွက်ရန် ကြိုးစားလေရာ၎င်း၏မျက်နှာ၌ စည်းထားသော အဝတ်သည် ပြုတ်ထွက်သွားလေ၏။ ထို့နောက် မောင်တင်စိုးသည်တိုင်အနီးသို့ကပ်ကာ ဓာတ်မီးခလုတ်ကိုဖွင့်လိုက်ရာ၊ လူဆိုးမှာ



www.burmeseclassic.com

www.burmeseclassic.com



ခြားသူမဟုတ် မိမိ၏အစ်ကိုမောင်ခင်စိုးဖြစ်ကြောင်းသိရသည်နှင့် တစ်ပြိုင်နက် ညီအစ်ကို ၂ ယောက်တို့သည် ကျောက်ရုပ်များကဲ့သို့ မလှုပ်မယှက် ရှိနေကြကုန်၏။

"အစ်ကိုကြီးဟင်"

"မင်း ဘာလဲ"

"အစ်ကိုကြီး ဘာလုပ်တာလဲ၊ ဒါ ဘာအဓိပ္ပာယ်လဲ အစ်ကိုကြီး"

"မင်းနဲ့ ဘာဆိုင်သလဲ။ သက်သက်မင်းငါ့ကို နှောင့်ယှက်တာပေါ့လေ ဟုတ်လား"

"မလုပ်ကောင်းပါဘူး အစ်ကိုကြီးရယ်၊ ဖေဖေကလည်း အသက်ကြီး အိုပြီးတော့လည်း အစ်ကိုကြီး သုံးချင်သလို သုံးနေရတာ အခု ဒီလိုလုပ်တာ ကောင်းသလား အစ်ကိုကြီးရဲ့"

"ဟေ့ ဘာမကောင်းစရာရှိသလဲ ငါ့အဖေပစ္စည်း ငါယူတာ မင်းနဲ့ ဘာဆိုင်သလဲ၊ ကိုင်းကွာ ဒီလောက် စွာလှတဲ့အကောင် သေပေတော့"

ထိုခဏ၌ မောင်ခင်စိုးသည် မောင်တင်စိုးအား မျက်နှာဆီသို့ ချိန်ရွယ်ထားသော လက်သီးဖြင့် တစ်အားကုန် ထိုးနက်လိုက်လေ၏။

မောင်တင်စိုးမှာ နီးကပ်စွာရှိနေသည့်အပြင် မမျှော်လင့်ဘဲ ရုတ်တရက် တိုက်ခိုက်ခြင်းကို ခံရသဖြင့် တစ်ကြောင်း၊ ပြင်းထန်သော လက်သီးချက်သည် လက်ဝဲဘက်မေးရိုးပေါ်တွင် လှလှကြီး မိသွားသဖြင့် တစ်ကြောင်း ကြမ်းပြင်ပေါ်သို့ လဲကျကာ သတိမေ့၍ သွားလေ၏။

ထိုအခါ မောင်ခင်စိုးသည် မိမိစိတ်ကူးကို ရုတ်တရက် ပြောင်းလိုက်ပြီးနောက် ငွေစက္ကူများထားသောနေရာမှ ငွေစက္ကူတစ်ထပ်ကိုယူ၍ မောင်တင်စိုး၏ အင်္ကျီအိတ်ထဲသို့ လျင်မြန်စွာ ထိုးသွင်းပြီး လျှင်သော့နှင့် လက်နှိပ်ဓာတ်မီးကိုလည်း မောင်တင်စိုးလက်ထဲသို့ ထည့်လိုက်လေ၏။

ထို့နောက်မှ ကြေမွနေသောရုပ်အင်္ကျီကို ဖြန့်ထုတ်လိုက်ပြီး လျှင်ဆံပင်ကိုလည်း သပ်ရပ်စွာ ပြုပြင်လိုက်ပြီးနောက် -

"ဖေဖေ အို ဖေဖေ၊ မဝင်းလှိုင်ရေ ညီမလေး ထထ" ဟု အိမ်ပေါ်ထပ်သို့ လှမ်းနှိုးလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် နှီးရန်မလိုတော့ချေ။ မဝင်းလှိုင်သည် အောက်ထပ်မှ ခြေသံကြားသဖြင့် ဓားမြှောင်တစ်လက်ကို ကိုင်လျက် ဆင်းလာပြီဖြစ်ရာ၊ ၎င်းနောက်မှလည်း ဦးသာဒင်ကိုယ်တိုင် လုံဖျားတပ်၍ထားသော တောင်ဝှေးကြီးကို ကိုင်ထောက်ကာ လိုက်ပါလာခဲ့လေ၏။ နောက်ဖေးခန်းမှ အစေခံများလည်း အခန်းတွင်းသို့ ရောက်လာကြလေ၏။

မဝင်းလှိုင်သည် ကြမ်းပေါ်တွင် လဲ၍နေသော မောင်တင်စိုးထံ အပြေးသွားရောက်ကာ ပွေ့ဖိုက်ယူယလျက် -

"ဘယ့်နှယ်လဲ အစ်ကိုလေးရယ်၊ ဘယ်လိုဖြစ်ရတာလဲ ညီမလေးကို ပြောပါဦး။ အစ်ကိုလေး အစ်ကိုလေး။ အစ်ကိုကြီးက ရိုက်လိုက်တယ် ဟုတ်လား အစ်ကိုလေး"

ထိုအခါ မောင်ခင်စိုးသည် (ခါးထောက်လျက်) "ရိုက်တယ်လေ။ သူ့နှီးဆိုတာ ရိုက်ရုံမကဘူး။ သတ်တောင် ပစ်ဖို့ကောင်းတယ်"

ဒင် - "ဘာဖြစ်ကြတာလဲကွယ် သားတို့ရယ်"

ခင် - "ဘာဖြစ်တာလဲဆိုတာမေမေ့ဖေဖေကြည့်ပေတော့၊ဟောဒီသူ့လက်ထဲမှာ သော့နဲ့ဓာတ်မီးတွေတာပဲ၊ မီးခံသေတ္တာကြီးလည်း ပွင့်လို့"

လှိုင် - "အိုအစ်ကိုကြီးကလည်းဘယ်နည်းနဲ့မှအစ်ကိုလေးမဟုတ်နိုင်ပါဘူး အစ်ကိုကြီးရယ်"

ခင် - "လက်ဆုပ်လက်ကိုင်မိနေတာတောင် နင်က ကာကွယ်နေချင်သေးသလား ထွီ"

ထိုခဏ၌ မောင်တင်စိုးမှာ မဝင်းလှိုင်ပွေ့ပိုက်ထားရာမှ သတိရ၍လာပြီဖြစ်ရကား တိုင်တစ်လုံးကိုမှီကာ မတ်တတ်ရပ်လျက် ရှိသေး၏။

ဦးသာဒင်သည် မီးတွက်မတတ်သော မျက်လုံးများဖြင့် မောင်တင်စိုးအားကြည့်လျက် "ခင်စိုးပြောတာ ကြားတယ်မဟုတ်လား။ ဟော့ကောင် မင်း ဘာပြောချင်သေးသလဲ"

မောင်တင်စိုးသည်ကြမ်းပြင်ကိုစိုက်၍ကြည့်ကာမျက်ရည်များကျလျက်ရှိလေ၏။ ထိုအခါမှ မိမိအိတ်ထဲတွင် ငွေစက္ကူတစ်ထပ် ထိုးထည့်ထားသည်ကို မြင်သဖြင့် ငွေစက္ကူများကို ကြမ်းပေါ်သို့ လွှင့်ပစ်လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



မောင်တင်စိုးမှာ ယခင်ကထက် ပို၍အံ့အားသင့်က ၁ အစ်ကိုကြီး၏ အကြံကို ကောင်းစွာရိပ်မိသိရှိပြီး ဖြစ်ရကား၊ ပါးစပ်မှ ထွက်လိုက်မည်ပြုပြီးမှ မိဘတို့၏ တစ်ဟုန်တည်းသော ဒေါသသည် ဟုန်းခနဲ တောက်လောင်စေကာမူ၊ ကြောမီပြန်၍ အေးငြိမ်းသွားတတ်ကြောင်း သိသဖြင့် မည်သို့ပင်ဖြစ်စေ၊ အပြစ်ကို မိမိပင်တာဝန်ယူတော့မည်ဟုစိတ်ကိုပိုင်းဖြတ်ကာ ဆိတ်ဆိတ်ပင်နေလိုက်တော့၏။

ဒင် – "ဟော့ကောင် ပြောလေ၊ မင်း ဘာငြင်းချင်သေးသလဲ"

မောင်တင်စိုးသည် ဆိတ်ဆိတ်ပင် နေသေး၏။

လှိုင် – "ပြောလေ၊ အစ်ကိုလေးမဟုတ်ရင်မဟုတ်ကြောင်းပြောပါတော့လား အစ်ကိုလေးရဲ့"

မောင်တင်စိုးမှာ ခေါင်းငိုင်စိုက်ကျကာ မိမိ၏ကံကြမ္မာကိုသာ အပြစ်တင်လျက်ရှိ၏။

ဒင် – "ဟော့ကောင် ငြင်းချင်သေးလား၊ အိတ်ထဲမှာ စက္ကူတွေတော့ ရောက်နေပြီ၊ အခင်း လူမိုက် လူမိုက် ပြောလေကွယ်"

တင် "ကျွန်တော် မငြင်းပါဘူး ဖေဖေ"

ထိုအခါ မဝင်းလှိုင်သည် ခေါင်းငိုက်စိုက်လျက်ရှိသော မောင်တင်စိုး ခြေကိုဖက်ကာ "အစ်ကိုလေး၊ အစ်ကိုလေး၊ အစ်ကိုလေးဒီအလုပ်ကိုဘယ်နည်းနဲ့မှမလုပ်ဘူးဆိုတာ ညီမလေး သိတယ်"

ဦးသာဒင်သည် လေးနက်သောအသံဖြင့် –

"ဟော့ လူမိုက်"

"ခင်ဗျာ"

"မင်းမျက်နှာ ငါမကြည့်ချင်တော့ဘူး၊ အဖေမိဘကို သစ္စာမစောင့်တဲ့ အကောင်၊ နက်ဖြန်ခါ မနက်လင်းချင်း သွားပေတော့"

မဝင်းလှိုင်သည် ဦးသာဒင်အား တောင်းပန်မည်ကြံသော်လည်း ဦးသာဒင်မှာ ပြောပြီးသောစကားကို မည်သည့်အခါမျှ ပြန်လည်ရုပ်သိမ်းသူတစ်ယောက် မဟုတ်သဖြင့် မတောင်းပန်ဝံ့ဘဲ ရှိနေစဉ် ဦးသာဒင်သည် အိမ်ပေါ်သို့ပြန်၍တက်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုခဏ၌မောင်တင်စိုးမှာအခန်းတွင်းမှထွက်သွားပြီဖြစ်ရာ မဝင်းလှိုင်တစ်ယောက်သာလျှင် ငွေစက္ကူများကို သိမ်းဆည်းရန် ကျန်ရစ်ခဲ့လေ၏။

အချိန်မှာ ဥလစန်မျှကြာမြင့်ခဲ့လေပြီ။

ဦးသာဒင်၏ ရောဂါမှာ သာမန် ပန်းနာရင်ကျပ်အပြင် ထားဝယ်နယ်၌ သတ္တုတွင်းများ လိုက်လံရှာဖွေစဉ် မြင်းပေါ်မှ လိမ့်ကျသဖြင့် ကျောက်တုံးတစ်ခုနှင့် ဆောင့်မိသောဒဏ်မှ ဖြစ်ပေါ်လာသော ဝေဒနာဖြစ်ရကား အသက်ကြီးရင့်၍ သွေးသားများ ဆုတ်ယုတ်လာသောအချိန်၌ကား ရောဂါသည် တစ်နေ့တခြား တိုးလျက်ရှိခဲ့၏။

တစ်နေ့သ၌ ဦးသာဒင်သည် မိမိရောဂါအကြောင်းကို သိပြီးဖြစ်သဖြင့် တာရှည်စွာနေရတော့မည်မဟုတ်ကြောင်း သိသောအခါ မိမိနှင့်အလွန်ကျွမ်းဝင်မိတ်ဆွေ ဝတ်လုံတော်ရ ဦးဘအေးဆိုသူအား တနင်္ဂနွေနေ့တွင် မိမိ၏ အမွေအကြောင်းနှင့် ပတ်သက်၍ နီးနောတိုင်ပင်ရန် လာရောက်ပါမည့်အကြောင်းဖြင့် မှာကြားထားခဲ့၏။

စနေနေ့ည၌ဦးသာဒင်သည်အစေခံများအားအခန်းအပြင်သို့ထွက်စေ၍မဝင်းလှိုင်တစ်ယောက်တည်းသာ အခန်းတွင်း၌ရှိနေသောအခါ မောင်တင်စိုးတို့၏အကြောင်းနှင့်ပတ်သက်၍ ပြောဆို တိုင်ပင်လျက် ရှိကြကုန်၏။

"ဖေဖေမေးတာ မှန်မှန်ပြောစမ်း။ သမီး အဲဒီတုန်းက ဘယ့်နှယ်ထင်သလဲ"

"သမီးလည်းဖေဖေမမေးပေမဲ့ဒီကနေ့ညတော့ဖွင့်ပြောမယ်လို့စိတ်ကိုပိုင်းဖြတ်ထားပြီးသားပါ ဖေဖေ"

မဝင်းလှိုင်သည် ပြောရမည့် စကားများကို နှုတ်မှမထွက်ရက်သကဲ့သို့ အတန်ကြာ တွေဝေလျက် ရှိလေရာ၊ မျက်လုံးအိမ်၌ မျက်ရည်များသည်လည်း ဝဲလျက်ရှိလေ၏။

"နားနဲ့မနာ ဖဝါးနဲ့နာပါတော့ ဖေဖေကြီး"

"အေးကွယ် ပြောသာပြောပါ။ ဖေဖေကြီးလည်း ရိပ်မိတန်သလောက်ရိပ်မိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကြီးက ကျွန်မကို ကြံစည်နေတယ် ဖေဖေကြီးရဲ့ ဒါနဲ့ ကျွန်မနဲ့ အစ်သီးတခြားနေရအောင်ဆိုပြီး ဖေဖေကြီးရဲ့သံသေတ္တာကိုဖွင့်တာ"

"သော့က ဘယ်ကရသလဲဟဲ့"

"ဖေဖေကြီးအလစ်မှာ သော့ကို ခိုးပြီး သော့တုလုပ်ယူမှာပေါ့"

"အင်း ပြောစမ်းပါဦး"

"ဒီအကြောင်းကို အစ်ကိုလေးက ရိပ်မိတယ်။ နို့ပေမဲ့ ဘာမျှ မပြောရှာပါဘူး။ ဒါနဲ့ အဲဒီညက အစ်ကိုကြီးဟာ သံသေတ္တာကိုဖွင့်ပြီး ယူနေတာ အစ်ကိုလေးက ပက်ပင်းပါတွေ့တော့ အစ်ကိုကြီးဟာ အဖေ့ပစ္စည်းကို ဒီလို မတရားလုပ်တာ အကောင်းသလဲဆိုပြီး ပြောနေတုန်း အစ်ကိုကြီးက တစ်ချက်တည်း ထိုးလိုက်တာ လဲသွားတာပဲ။ နောက် ဖေဖေကြီးနဲ့ ကျွန်မတို့ရောက်လာတော့ အစ်ကိုကြီးက အစ်ကိုလေးအပေါ်လွှဲချပြီး ကိုယ်လွတ်ရုန်းတာပေါ့။ သူထွက်သွားခါနီး ဒီအကြောင်းတွေအားလုံး ပြောသွားတယ်"

"အင်း ဒီအကောင်ကြီးက ဒီလိုဉာဏ်မျိုးတော့ ရှိပါတယ်"

"နို့ပေမဲ့ အစ်ကိုလေးဟာ သူဖွင့်ပြောလိုက်ရင် ကျွန်မအပေါ်မှာ ထိခိုက်မှာ ဆိုပြီး ဖေဖေကြီးအပြစ်တင်တာ ခေါင်းငုံ့ခံနေရှာတယ်။ ဘာမျှပြန်မပြောရှာဘူး"

"ကောင်လေးက စိတ်ကောင်းတော့ရှိတယ်၊ ဆိုးမှဆိုးရော"

"အစ်ကိုလေးဟာ အမှန်မြင့်မြတ်တဲ့ စိတ်ရှိပါတယ် ဖေဖေကြီးရယ်"

"ဒီအကောင် အကြောင်းများကော သတင်းမကြားဘူးလား"

"အရင်တစ်ခါတော့ နယ်မှာရောက်နေသလိုလို ကြားတာပဲ ဖေဖေကြီး။ သူလည်း ဖေဖေ ဒါသထွက်မှန်းသိလို့ ရှောင်နေတာပေါ့"

ဒါဖြင့် ဖေဖေကြီး အသည်းအသန်ဖြစ်နေကြောင်း သတင်းစာတစ်စောင်စောင်ထဲ ထည့်လိုက်။ ဒီဟာ သမီးကြည့်ပြီး စီမံလိုက်တော့"

"ဟုတ်ကဲ့ ဖေဖေကြီး"

"ဩော် ဒါနဲ့ မိပုကို ရေနွေးအိတ် အလုပ်ခိုင်းစမ်းပါဦး သမီးရယ်။ အလို သူရား ဘုရား ဒီကနေ့ည ဟောဒီနံကြားက သိပ်အောင့်တာပဲကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ အသာထောက်ပေးမယ်နော် ဖေဖေကြီး"

၎င်းနောက် မဝင်းလှိုင်သည် ဖခင်ကြီးအား အောင့်သောနေရာများကို ရေနွေးအိတ်ဖြင့် နှိပ်နယ်ကာ ပြုစုလျက်ရှိလေ၏။

မောင်ခင်စိုးသည် မိမိ အကြံအစည် မထမြောက်ခဲ့သဖြင့် ညီအပေါ်၌ စိတ်နာသည်ထက် နာခဲ့၏။ မဝင်းလှိုင် ရောက်စက မောင်ခင်စိုးသည် မိမိနှမအရင်း ကလေးကဲ့သို့ မှတ်ယူခဲ့သော်လည်း အပျိုကြီး ဖားဖားဖြစ်ပြီးနောက် မဝင်းလှိုင်၏ တစ်နေ့တခြား ထူးခြားတိုးတက်လျက်ရှိသော ရုပ်အဆင်းကို မြင်ရသောအခါ နှမ ၂ ဝမ်းကွဲမျှဝေးသော တော်စပ်ခြင်းသည် အချစ်ကို တားဆီးခြင်းငှာ မတတ်နိုင်တော့ဘဲ တစ်နေ့တွင် မိမိ၏မေတ္တာကို ဖွင့်ဟပြောဆိုမိလေ၏။

သို့သော် မဝင်းလှိုင်သည် မောင်ခင်စိုး၏ မေတ္တာကိုလက်မခံသေးဘဲ မောင်နှမဝမ်းကွဲတော်စပ်သဖြင့် မလျော်ပါကြောင်းဖြင့်သာ အတန်တန် ငြင်းပယ်လျက် ရှိနေခဲ့လေသည်။

မောင်ခင်စိုးမှာ ဖခင်ကြီးအား သာယာနာပျော်ဖွယ်ကောင်းသော စကားတို့ဖြင့် အမျိုးမျိုး ချော့မော့ပြီးလျှင် ဖခင်ကြီးသေဆုံးက ကျန်ရစ်ခဲ့သောအမွေကို မိမိလုံး လုံးရအောင် အမျိုးမျိုးအကြံထုတ်လျက်ရှိလေရာ၊ မောင်တင်စိုးအိမ်မှ ထွက်သွားသောအခါ ယခင်က အကြံများကို ဆက်လက်ကြံစည်လျက်ရှိ၏။ မဝင်းလှိုင်သည် ဤအကြောင်းများကို တဖြည်းဖြည်းသိရလေလေ၊ ၎င်းအပေါ်၌ မေတ္တာစိတ်များ လျော့ပေါ့လေလေရှိ၍ လာခဲ့၏။

ထိုမျှသာမကသေး မောင်ခင်စိုးသည် ဦးသာဒင်၏ ပစ္စည်းများကို လျှို့ ဝှက်ယူငင်သွားပြီးလျှင် သုံးစွဲတတ်ခြင်း၊ အပေါင်းအဖော်များနှင့် သောက်စား မူးရစ်ပြီးလျှင် တစ်ခါတစ်ရံ အိမ်သို့ ၂ ရက်၊ ၃ ရက်မျှပင် ပြန်၍မလာတတ်ကြောင်း၊ တိတ်တိတ်ပုန်း မယားများထားရှိခြင်း ကိစ္စများမှာ ဦးသာဒင်နားသို့ မပေါက်စေရန် မိမိကပင် ဖုံးဖိထားခဲ့ရသဖြင့် ဤအကြောင်းများကို ပေါင်းစပ် စဉ်းစားလိုက်သော အခါ မဝင်းလှိုင်မှာ မောင်ခင်စိုးအား မည်သည့်နည်းနှင့်မျှ ယုံနိုင်တော့မည် မဟုတ် ကြောင်းဖြင့် စိတ်ကို ပိုင်းဖြတ်လိုက်လေ၏။

မောင်တင်စိုး အိမ်မှ ထွက်သွားခါနီးတွင် မိမိအား မချင့်မရဲရှိလှသော မျက်လုံးများဖြင့် ကြည့်ပြီးနောက် "ညီမလေး အစ်ကိုတော့ သွားပါဦးမယ်နော်" စကား



www.burmeseclassic.com

www.burmeseclassic.com



အစ်ခွန်းတော့ ပြောချင်တာပဲ။ နို့ပေမဲ့ ပြောလိုက်ရင် ညီမလေးက စိတ်ဆိုးချင် ဆိုးမှာ။ ဒါကြောင့် ဒီစကားကို ပြောရကောင်းမလား၊ မပြောရကောင်းမလားလို့ အစ်ကိုလေး စဉ်းစားနေတာကြာပြီ။ ပြီးတော့ အစ်ကိုလေး တစ်ခုမှာခဲ့မယ်နော်။ အစ်ကိုကြီးကိုတော့ ကြပ်ကြပ်ကြီး သတိထား" စသည်ဖြင့် စိတ်ရောကိုယ်ပါမှာခဲ့ သည်များကို ယခုပင် ပြော၍ နေဘိသကဲ့သို့ အမှတ်ရမိ၏။

မောင်တင်စိုးမှာ မိမိအား မောင်ခင်စိုးကဲ့သို့ တည့်တည့်ဖွင့်၍ မပြော သော်လည်း ၎င်း၏မျက်လုံးများ၌ ကိန်းအောင်းလျက်ရှိသော အချစ်ရိပ်အချစ် ငွေ့များကို မြင်ရဖူး၏။ သို့ဖြစ်၍ မေတ္တာဓာတ်တို့မည်သည် အပေါက် ၂ ပေါက်သာ ရှိသော ဆည်၌ အပေါက်တစ်ပေါက်ကို ပိတ်လိုက်က ရေသည် ကျန်တစ်ပေါက် သို့သာ တစ်ဟုန်တည်း စီးဆင်းတတ်ဘိသကဲ့သို့ မိမိမှာ မောင်တင်စိုးအပေါ်တွင် ကြည်ကြည်လေးနက်သော မေတ္တာစိတ်ဖြင့် ဒလဟော ချစ်မိပြီဖြစ်ကြောင်း ထို အခါမှ မိမိကိုယ်ကိုမိမိ ကောင်းစွာ သိရှိရလေ၏။

တနင်္ဂနွေနေ့၌ဦးသာဒင်သည် ဝတ်လုံတော်ရဦးဘအေး၏အကြံပေး ချက်အရ မြန်မာလူမျိုးများသည် သေပြီးသည့်နောက်မှ မိမိ၏အမွေကို ခွဲဝေယူရန် သေတမ်းစာ မရေးနိုင်ကြောင်း၊ သို့သော် မသေမီ မိမိပေးလိုသောသူများအား လက်ထိလက်ရောက်ဖြစ်စေ၊ ယုံကြည်စိတ်ချရသူ တစ်ဦးတစ်ယောက်ထံတွင် အပ်နှံထား၍ဖြစ်စေ ပေးနိုင်ကြောင်း အောက်ပါအတိုင်း စီစဉ်လေသည်။

ဦးသာဒင်တွင် ၎င်းနေထိုင်လျက်ရှိသောအိမ်ကြီးအပြင် အခြား မရွေ့ မပြောင်းနိုင်သော ပစ္စည်းများမရှိချေ။ ဦးသာဒင်မှာ အများအားဖြင့် ငွေသားနှင့် ဘဏ်ငွေများသာ ရှိလေသည်။ သို့ဖြစ်၍ အင်ပီးရီယယ်ဘဏ်၌ရှိသော ငွေ ၆၀၀၀ အနက် သားအကြီး မောင်ခင်စိုးအား ငွေ ၅၀၀၀ ထုတ်ယူနိုင်ရန်ကိုလည်းကောင်း ဦးဘအေးက မိမိသေဆုံးသည့်အခါ မိမိအား သင်္ဂြိုဟ်နိုင်ရန် သားသမီးများအား သင်္ဂြိုဟ်စရိတ် ၁၀၀၀ ထုတ်ယူ၍ပေးရန်လည်းကောင်း၊ အိမ်၌ရှိသော ငွေသား ၁၄၀၀၀ နှင့် အိမ်ကြီးကို မဝင်းလှိုင်က ရနိုင်ရန်လည်းကောင်း စီစဉ်လေ၏။

အိမ်မှထွက်သွားသူ မောင်တင်စိုးမှာ မိမိက အမွေပြတ်ထားသူဟုယူဆ သော်လည်း ဗုဒ္ဓဘာသာဓမ္မသတ်အရ အမွေမပြတ်ကြောင်းဖြင့် ဦးဘအေး



www.burmeseclassic.com

www.burmeseclassic.com



အကြံပေးသည့်အတိုင်း ငွေ ၁၀၀၀နှင့် မိမိပိုင် ၆လုံးပြူးသေနတ်ကိုသာ ဦးဘအေး မှတစ်ဆင့် ပေးအပ်ရန် အပ်နှံလေ၏။

ၾင်းနောက် ဦးသာခင်က မိမိသေဆုံးသွားသော်လည်း ညီအစ်ကို မောင်နမတစ်စု မိမိရှိစဉ်ကကဲ့သို့ ချစ်ခင်စွာ နေထိုင်ကြရန် အထပ်ထပ် မှာကြားပြီးသော် ဦးဘအေးအားလည်း ကလေးများအား စောင့်ရှောက်ရစ်ရန် မှာကြားလေ၏။

အထက်ပါ အမွေခွဲခြင်းကိစ္စ ပြီးစီးသည့်နောက် ၁၇ ရက်မြောက်သောနေ့တွင် ဦးသာခင်သည် ဘဝတစ်ပါးသို့ ပြောင်းသွားရှာ၏။

မဝင်းလှိုင်သည် ဦးသာခင်၏ ရှာပနကိစ္စပြီးလတ်သော် သတင်းစာတိုက်တွင် ထည့်ခဲ့သော ကြော်ငြာမှ ပြန်စာကိုသော်လည်းကောင်း၊ တစ်စုံတစ်ယောက်ထံမှ စာကိုသော်လည်းကောင်း မျှော်ကာ မောင်တင်စိုး၏ အလာကိုသာ စောင့်ဆိုင်းလျက်ရှိလေ၏။

၁၁ ရက်မြောက်သောညဥ္ဓ နံနက်လင်းအားကြီး ၄ နာရီကျော်ကျော်လောက်တွင် အိမ်တံခါးခေါက်သံ ကြားသဖြင့် အစေခံ မိဂုနှင့်ၾင်း၏ယောကျ်ားသည် တံခါးကို ရုတ်တရက်မဖွင့်သေးဘဲ မည်သူမည်ဝါဖြစ်သည်ကို အတန်ကြာမေးမြန်းပြီးနောက် မောင်တင်စိုး၏အသံဖြစ်ကြောင်း သိသောအခါမှ တံခါးကို ဖွင့်သည်။

"ဟင် အစ်ကိုလေး"

"ဟုတ်ပါတယ်ဟဲ့ ငါပါ။ အစ်ကိုကြီးကော ဘယ်သွားလဲ"

"မန္တလေးကို ဆန်ရောင်းရအောင် ဆိုပြီး သူ့အပေါင်းအဖော်တွေနဲ့ သွားတယ်လေ"

"ဒါဖြင့် ညီမလေးကော"

"မမလေးတော့ အိမ်ပေါ်မှာ ရှိပါတယ်"

ထိုခဏ၌ မဝင်းလှိုင်သည် အိမ်အောက်မှ တံခါးဖွင့်သံ စကားပြောသံများကို ကြားရသည်နှင့် အောက်ထပ်သို့ ဆင်းလာခဲ့လေ၏။

"ညီမလေး"

"ဟင် အစ်ကိုလေး ဘယ်တုန်းက ရောက်လာတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အခုပဲ မန္တလေးရထားနဲ့ ပါလာတယ်။ ဒါနဲ့ အစ်ကိုကြီးလည်း မရှိဘူးဆို"

"မန္တလေးကိုကုန်ရောင်းသွားတယ်အစ်ကိုလေးရဲ့၊နေပါဦးအစ်ကိုလေး ဘာ အခု ဘယ်ကလာခဲ့တာလဲ"

"နမ္မတူကလေ။ အစ်ကိုလေး သတင်းစာထဲမှာ တွေ့တွေ့ချင်း ပြေးလာခဲ့တာပဲ"

"မရှိတော့ဘူးအစ်ကိုလေးရေ၊ ဖေဖေကြီးမရှိတော့ဘူး။ သင်္ဂြိုဟ်ပြီးတာ သုံးရက်ရှိပြီ။ ညီမလေးဘယ်သူနဲ့နေရမှာတုံး။ အစ်ကိုလေးရယ်ညီမလေးလောက်ကံဆိုးတဲ့လူ လူ့ပြည်မှာ ရှိသေးရဲ့လား အစ်ကိုလေးရယ်"

(ကျောက်ကိုယုယစွာသပ်လျက်)

"တိတ်ပါကွယ်ညီမလေးတိတ်ပါ။ မငိုပါနဲ့၊အစ်ကိုလေးတစ်ယောက်လုံး ရှိပါသေးတယ်။ ညီမလေးကို ခွဲမသွားပါဘူး"

ဖလုံးပြူးသေနတ်ကိုအမွေအားဖြင့်ရရှိလိုက်သည့်အတွက်မောင်တင်စိုးမှာ အခြားသူများကဲ့သို့ ငွေ အမြောက်အမြားပင် မရစေကာမူ ဝမ်းမနည်းလှချေ။

နောက်တစ်နေ့၌ဝတ်လုံဦးဘအေးထံမှ ငွေ ၁၀၀၀ နှင့် သေနတ်ကိုယူပြီးလျှင် နေအိမ်သို့ ဝမ်းမြောက်စွာ ပြန်ခဲ့လေ၏။

"ညီမလေးရေ၊ အစ်ကိုလေးဖြင့် ဒီသေနတ်ကလေးရလိုက်တာ သိပ်ဝမ်းသာတာပဲ။ ဒီသေနတ်ကလေးဟာ နယ်နယ်ရရမဟုတ်ဘူး ညီမလေးရဲ့ ပထမ မေမေ့အဖေကြီး သေနတ်။ မေမေ့ကို ဖေဖေနဲ့ ရခါနီးမှာလက်ဆောင်ပေးခဲ့တာတဲ့။ ဒါကြောင့်ဖေဖေဟာဒီသေနတ်ကိုခါးမှာအမြဲလွယ်ထားတယ်၊ မဟာလိုအိပ်ရာထဲမှာလဲနေတောင် ခေါင်းအုံးအောက်မှာ သူအမြဲထားတယ်။ ဒါကြောင့် ဖေဖေ အမြတ်တနိုးထားတဲ့သေနတ်ကို ရလိုက်တာ အစ်ကိုလေးဖြင့် ငွေတစ်သောင်းနဲ့ မလဲရက်နိုင်ဘူး ညီမလေးရယ်"

"ဟုတ်ပါတယ် အစ်ကိုလေးရယ်၊ ဖေဖေကြီးဟာ အစ်ကိုလေးကို အမုန်ပိုချစ်တယ်ဆိုတာ ညီမလေး အသိသားပဲ၊ ဒါကြောင့် ဒီသေနတ်ကလေး



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုလေးကို ပေးခဲ့တာပေါ့။ ပြီးတော့ ပြန်းခနဲ ဒေါသထွက်ပြီး ဖေဖေကြီးက ပြော လိုက်တာ၊ အစ်ကိုလေးက ထွက်သွားတာကိုး"

"ကိုင်းလေ ဒါတွေထားလိုက်ပါတော့။ ဒါထက် သေနတ်ကလေး ဖ ကြည့်ရအောင်ပေါ့။ ညီမလေးဆီမှာ အရင်တုန်းက ယမ်းတောင့်ကလေးတွေ သိမ်း ထားတာ ရှိပါတယ်ကွယ်။ ၆ တောင့်လောက် ပေးစမ်းပါလား"

"အရှိသားပဲ ယူလေ"

မဝင်းလှိုင်သည် မိမိအဝတ်အစား သေတ္တာထဲတွင် ချောကလက်ဘူး လွတ်နှင့် ထည့်၍သိမ်းထားသော ခြောက်လုံးပြူးကျည်ဆန် ယမ်းတောင့်များကို ယူ၍ ပေးလေ၏။

မောင်တင်စိုးသည် ယမ်းတောင့် ၆ တောင့်ကို ယူ၍ သေနတ်ကလေးထဲ တွင် တစ်တောင့်စီထည့်ရာ၊ ဆဋ္ဌမမြောက် ယမ်းတောင့်ကို သွင်း၍ မရနိုင်ဘဲ ရှိ သဖြင့် အလင်းရောင်ရှိရာသို့ ယူ၍ကြည့်ရှုရာ အတွင်း၌ ယမ်းတောင့်အိမ်ကို ကပ်၍ နေသော စက္ကူလိပ်ကလေးတစ်လိပ်ကို အံ့ဩဖွယ်ကောင်းစွာ တွေ့မြင်ရလေ ၏။

မောင်တင်စိုးသည် အကျိုးအကြောင်းကို မဝင်းလှိုင်အား ပြောပြီးလျှင်၊ ထိုကပ်၍နေသော စာရွက်လိပ်ကလေးကို မဝင်းလှိုင်သည် ဇာကနာတစ်ခုဖြင့် တဖြည်းဖြည်း ဆွဲထုတ်ရာ၊ နောက်ဆုံး၌ စာရွက်လိပ်ကလေးကို ရရှိကြလေ သည်။

စာရွက်လိပ်ကို ဖြည်၍ကြည့်သောအချိန်၌ကား ထားဝယ်နယ်စပ်မှ သတ္တုတွေ့ရာ နေရာတစ်ခုကို မြို့ရွာတောတောင်မှစ၍ အရှေ့အနောက်၊ တောင် မြောက် သတ်မှတ်ပြီးလျှင် အမှန် သတ္တုတွေ့မည့်နေရာကို မင်နီဖြင့် ကြက်ခြေ ခတ်ပြ၍ ရေးဆွဲထားသော မြေပုံကလေးဖြစ်ကြောင်း တွေ့ရလေသည်။

"ကော်ပြီ။ ညီမလေးရေ ကော်ပြီ"

"ဒါ ဘာလဲ အစ်ကိုလေးရဲ့"

"ငွေဖရန်သတ္တုထွက်တဲ့နေရာတစ်ခု အရင်တုန်းက ဖေဖေတွေ့ဖူးသတဲ့ ဖေဖေတောင် တောထဲမှာ မျက်စိလည်ပြီး သွားလို့ ကံအားလျော်စွာ သွားတွေ့ရ တယ်ဆိုပဲ ညီမလေးရဲ့။ တစ်ခါတုန်းက ဖေဖေ ပြောဖူးတယ်။ ကော်ပြီပေါ့ တို့ ကော်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် မြေပုံကို ကိုယ်ကိုယ်တိုင် မလုပ်နိုင်ရင် ရောင်းစားလို့ ရတာပေါ့နော်"

"ထားဝယ် ဂူလဖရန် ဆင်းဒိကိတ်ဆိုတဲ့ ကုမ္ပဏီကို သွားရောင်းရင် အနည်းဆုံး တစ်သိန်းလောက်တော့ ပေးတာပေါ့ကွယ်"

ဒါကြောင့် ဖေဖေကြီးက အင်မတန် ဉာဏ်အမြော်အမြင်ကြီးတယ်၊ အစ်ကိုလေး စိတ်သဘောကိုလည်း သိလို့ အစ်ကိုလေးကို ပိုချစ်လို့ ညီမလေးက ပြောတာပေါ့။

"ဩော် ဒါထက် ငွေတစ်သိန်းရပေမဲ့ အလကားပါပဲ ညီမလေးရယ်၊ အစ်ကိုလေးတော့ မလိုချင်တော့ပါဘူး"

"အို မဟုတ်တာ ကိုယ့်ကိုပေးတဲ့အမွေ ကိုယ်မလိုချင်ဘူးလို့ ရှိရသေးလား အစ်ကိုလေးရဲ့"

"ညီမလေးရယ် လောကကြီးမှာ ငွေရှိပေမဲ့ ကိုယ်လိုချင်တဲ့ ရတနာကို မရရင် အလကားပါပဲ"

"အစ်ကိုလေး လိုချင်တာက၊ ဘာရတနာလဲ"

"အချစ်ဆိုတဲ့ရတနာပေါ့။ ပြီးတော့ အစ်ကိုလေးဟာ ဒီတစ်ယောက်ဆို ဒီတစ်ယောက်ကိုရမှ သဘောကျတာ"

"ဒါဖြင့် ဘယ်သူလဲ"

လက်ညှိုးထိုးလျက် "သူ့ကို"

"အစ်ကိုလေးကို ဘယ်သူက မချစ်ဘူးပြောလို့လဲ"

စာရေးဆရာစာတောင်၊ စစ်ပြီးခေတ်၊ ၁၉၄၇

www.burmeseclassic.com

www.burmeseclassic.com

## အကြံကောင်းသူ

ယခုခေတ်၌ကြံရည်ဖန်ရည်ရှိသူများသည်၊ အချိန်မြန်း၍ပျင်းရိထိုင်းမှိုင်းစွာ နေကြသူများထက် ကိုယ်၏ချမ်းသာခြင်း၊ စိတ်၏ချမ်းသာခြင်းများနှင့် ပြည့်စုံရှျက်၊ လောကစည်းစိမ်ကို ပိုမိုခံစားကြရလေသည်။ အဘယ့်ကြောင့်ဆိုသော်စိတ်ကူးဉာဏ်သည် ကမ္ဘာ၏ဆင်းရဲမှု၊ ချမ်းသာမှုကိုကောင်းစွာဖန်တီး၍ပေးနိုင်သောကြောင့်ပေတည်း။

သို့သော် စိတ်ကူးဉာဏ်ကောင်းသောသူတစ်ယောက်သည် မိမိ၏ဦးနှောက်ကို ကောင်းသောနေရာ၌အသုံးချလျှင် လူသာဓုခေါ် နတ်သာဓုခေါ်ဟု ဆိုလောက်အောင် လူအများ၏အကျိုးကျေးဇူးကိုပေးနိုင်သော်လည်းမကောင်းသည့်နေရာ၌ သုံးခဲ့ပါလျှင်မူ ရပ်ရွာ၏ရန်သူ၊ လူအများ၏ရန်သူ၊ တိုင်းပြည်၏ရန်သူမှစ၍နောက်ဆုံးကမ္ဘာ၏ ရန်သူပင် ဖြစ်တတ်ချေသည်။

ဤသို့မကောင်းသည့်အရာဌာန၌စိတ်ကူးယဉ်ခြင်းမှာမည်သည့်နည်းနှင့်မျှ ချီးမွမ်းဖွယ်ရာ မဟုတ်သော်လည်း၊ တစ်နည်းအားဖြင့် ဗဟုသုတအလို့ငှာ မှတ်သားထိုက်ပေ၏။

Quality Publishing House

www.burmeseclassic.com

အောက်တွင် ရေးသားအံ့သော အတ္ထုပ္ပတ္တိကလေးမှာ ခေတ်ပညာပင် မတတ်သော်လည်း အတော်အတန် စိတ်ကူးကောင်းသော လူတစ်ယောက်၏ အတ္ထုပ္ပတ္တိကလေးဖြစ်လေသည်။

ဧရာဝတီမြစ်အတွင်းသို့သရက်မြို့ဒိစတြိတ်မှစီးဝင်သောမတုံးချောင်း၏ အရှေ့ဘက်ကမ်းပေါ်၌ ကျောက်စောင်းပေါ် ရွာလေးတစ်ရွာရှိရာ ထိုရွာ၏ အနောက်ဘက်၌ကား ရခိုင်ရိုးမတောင်၏ အဆွယ်အပွားတောင်ငယ်ကလေး များသည် အရှေ့နှင့်အနောက် မျက်စိတစ်ဆုံးတိုင် စီတန်းလျက်ရှိ၏။ ထိုတောင်ငယ်ကလေးများမှာ အများအားဖြင့် တောင်ပူစာကလေးများဖြစ်ကြသည့်အတိုင်း ပေ ၁၅၀ မှ ၃၀၀ အထိ အမြင့်ရှိပြီးလျှင် အချို့နေရာ၌ လွန်စွာပင် တောနက်လျက် လူသူအရောက်အပေါက် နည်းပါးလေသည်။

ကျောက်စောင်းရွာ၏ အနောက်ဘက်ခရီး ၁ မိုင်ခန့်ဝေးသောနေရာ၌ တောင်ပူစာကလေး ၃ ခုတည်ရှိရာအလယ်မှတောင်ပူစာကလေးမှာကျတ်တောင် ဟုအမည်တွင်လျက် ၎င်းနေရာ၌ကျတ်များရှိဟူ၍လည်းကောင်း၊ ဥစ္စာစောင့်များ နေသည်ဟူ၍လည်းကောင်း ကောလာဟလသတင်း ဖြစ်လျက်ရှိနေသည်။ သို့သော် မည်သို့ပင်ဖြစ်စေ ထိုတောင်ပူစာကလေး၏ အနီးသို့ကား ရွာသားများ သည် အချိန်ကိုမဆိုထားဘိ နေ့လယ်ကြောင်တောင်၌ပင် သွားဝံ့သူရှားပါးလေ သည်။ နွားကျောင်းသားကလေးများပင်ထိုတောင်ပူစာနှင့်ဝေးရာသို့သွား၍နွားများ ကိုကျောင်းကြကုန်၏။ သို့သော် ထိုတောင်ပူစာသို့သွားသောလမ်းကလေးသည် အားသစ်ပင်ကလေးများအကြား၌တွေ့မြင်ရ၏။ ထင်းခွေသောသူများနှင့်ဝါးခုတ် သမားများပင်လျှင် မလွှဲမရှောင်သာသောအခါမှ ထိုလမ်းကလေးကို အသုံးပြု ကြ၏။

လပြည့်ရက်များ၌ ထိုလမ်းကလေးပေါ်၌ပင် ဥစ္စာစောင့်မကလေး တစ်ယောက်ကို မြင်ရသည်ဟူသောအကြောင်းမှာ ရွာရှိ ရှေးအဘိုးကြီးများထံမှ ကြားသိကြားရသော်လည်းမည်သူမျှကိုယ်တိုင်တွေ့ဖူးသည်ဟူ၍ကားမရှိ။ အန္တရာယ်ရှိသည့် အလုပ်ဖြစ်သဖြင့်လည်း မည်သူမျှ သွားရောက်စုံစမ်းခြင်းလည်း မပြုခဲ့ချေ။ သို့သော် ရွာသားများမှာ လူအများထုံးစံအတိုင်း မိမိတို့မျက်စိနှင့် မမြင်ရသည်ကို မြင်ရဘိသကဲ့သို့လည်းကောင်း၊ နားနှင့်မကြားရသည်ကို

www.burmeseclassic.com



ကြားရဘိသကဲ့သို့လည်းကောင်း ပြောတတ်ကြစမြဲဖြစ်သည့်အတိုင်း အသက်ကြီးကြီးငယ်ငယ်လူကြီးမကျန် အခါအခွင့်သင့်သောအခါများ၌ ထိုကျတ်တောင်၏အကြောင်းကို အမျိုးမျိုး ရဲ့ထွင်ပြောတတ်ကြလေသည်။

တစ်နေ့သော ညနေစောင်း၌ ရွာမြောက်ဘက် တံခါးအနီးရှိ ရေတွင်း၌ အသက် ၂၀ ခန့်ရှိ ရုပ်ရည်သနားကမား မိန်းမပျိုတစ်ယောက်သည် အသက် ၂၅ နှစ်အရွယ်ခန့် သေးသေးသွယ်သွယ် လူတစ်ယောက်နှင့် စကားပြောလျက်ရှိလေ၏။ မိန်းမပျိုမှာ အိမ်ထောင်သည်တစ်ဦးဖြစ်၍ အဝတ်အစားတို့၌ များစွာပြုပြင်ခြင်းမရှိဘဲ သင့်လျော်ရုံမျှသာ ဝတ်ဆင်ထားသော်လည်း ရုပ်ရည်မှာ အပျိုကလေးတမျှကြည့်ရှု၍ကောင်းလှပေ၏။ ကိုယ်လုံးကိုယ်ပေါက်မှာ အပျိုပင်မဟုတ်သော်လည်း အအိုဘဝမယားဖြစ်ပြီးဟု ဆိုအပ်သော ရာဂစိတ်အားဖြင့် တပ်မက်ဖွယ်ရာသော သဘာဝတ္တကိုဆောင်ကာ ရှိနေ၏။ ယောကျ်ားသည် ရေအိုးကိုခေါင်းပေါ်တွင် ရွက်ထားသဖြင့် ရေတစ်ပိုင်းတစ်စ စိုလျက်ရှိသည့် ကိုယ်လုံးကိုယ်ပေါက်ကို မချင့်မရဲကြည့်ရှုလျက် ရှိနေပြီးနောက် "မဖွားညွန့်တို့က အိုပြီးတဲ့နောက်တောင် ချောတုန်းရှိသေးတာပဲဗျို့၊ ဒါကြောင့်လည်း ဒီက ချစ်မိတာပဲ ။အရင်တုန်းက ပြောမိဆိုမိတာတွေများ စိတ်ဆိုးသေးသလား"

"မဆိုးပါဘူး ကိုဘအောင်ရယ်။ အခုမှ စားမြုံ့ပြန်မနေပါနဲ့တော့"

"ကိုယ်လုံးကိုယ်ပေါက်ကလေးများက အရင်ကထက်တောင် ချစ်ဖို့ကောင်းသေးတယ်"

"အို ကိုဘအောင်ကလည်း တခြားလူတွေကြားသွားမှဖြင့်"

"ကြားတော့ ဘာဖြစ်သလဲဗျာ။ လှတာလှတာပေါ့၊ ဘယ်သူမေးမေး မဖွားညွန့် လှသလားလို့မေးရင် အရင်ကထက်တောင် လှလာတယ်လို့ပြောမှာပဲ။ မှန်တာပြောတာ ဘယ်သူ့မှ ကြောက်စရာမရှိဘူး"

"ဟုတ်တော့ ဟုတ်ပါရဲ့ ကိုဘအောင်။ နို့ပေမဲ့ ကာမပိုင်ရှိနေပြီဟာ ဒီလိုပြောသံကြားသွားလို့ ဘယ်ကောင်းနိုင်ပါ့မလဲရှင်"

"ဒီဟာက မဖွားညွန့်အပြစ်ပဲလေ။ ကျုပ်တို့က လှည်းပိုင်နွားပိုင်လည်းမရှိ၊ လယ်မြေ၊ ယာမြေလည်းမရှိတော့ ဘယ်လိုချစ်ပေမဲ့ လွှဲခဲ့ကြတာပေါ့ခင်နှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီဟာက ကျွန်မအပြစ်မဟုတ်ပါဘူးကိုဘအောင်ရယ်။ မိဘများနေရာချထားတဲ့အတိုင်း နားထောင်ရတာပါ ကိုဘအောင်"

(သက်ပြင်းချလျက်) "အင်း နဖူးစာဆိုတာ လှည်းတစ်စီးနဲ့ နွားတစ်ရှဉ်းဆောင်းကောင်းကိုဆိုတာ ထင်ပါရဲ့။ ကျုပ်တို့ကတော့ ကိုရွှေလှတို့လို ထင်းခွေသာခုတ်ပြီး မယားတစ်ယောက်တော့ မကျွေးနိုင်ဘူးဗျ။ ကိုယ့်ဉာဏ်စွမ်းဉာဏ်စနဲ့သလောက်နဲ့ပဲ ရောင့်ရဲတင်းတိမ်တာပဲ"

ထိုခဏ၌မိမိတို့ဆီသို့လျှောက်လာသောလူတစ်ယောက်ကိုမြင်ရသည်နှင့် မဖွားညွန့်က "ဟော ပြောရင်းဆိုရင်း ကိုရွှေလှတောင် လိုက်လာပြီ။ သွားမယ်နော် ကိုဘအောင်" ဟုပြောကာ ရွာလမ်းအတိုင်း လျှောက်သွားလေရာ မောင်ဘအောင်လည်း ငေးမောတွေဝေကာ ကျန်ရစ်ခဲ့လေ၏။

ထိုညဉ့်သည်ကား လသာသော တန်ဆောင်မုန်းလ၏ညတစ်ညဖြစ်၍ မောင်ဘအောင်သည် ဦးဘိုးထူးဆိုသူ၏ အိမ်ရှေ့ကွပ်ပျစ်၌ ဦးဘိုးထူးနှင့်အတူ စကားပြောလျက်ရှိလေ၏။

မောင်ဘအောင်သည် ယခင်က မဖွားညွန့်အား အတော်ပင် စွဲစွဲလမ်းလမ်း ချစ်ကြိုက်ခဲ့ဖူး၏။ သို့သော် မဖွားညွန့်၏မိဘများသည် ရွာထဲရှိ ဖဲဝိုင်းများ၌လည်းကောင်း၊ အလှူအိမ်များ၌လည်းကောင်း၊ မသာအိမ်များ၌လည်းကောင်း အချိန်ဖြုန်း၍နေသော မောင်ဘအောင်အား သဘောမတူဘဲ သမီးအား လှည်းတစ်စီးနှင့် နွားတစ်ရှဉ်းတင်နိုင်သူ မောင်ရွှေလှဆိုသူနှင့် ပေးစားခဲ့လေသည်။ မောင်ရွှေလှမှာ လူရိုးတစ်ယောက်ဖြစ်သည့်ပြင် မည်သည့်အရာကိုမျှ ကြောက်ရွံ့တတ်သူတစ်ယောက် မဟုတ်ချေ။ ခွန်အားဗလနှင့်လည်းပြည့်စုံသဖြင့် ယောက္ခမအိမ်သို့ရောက်သောအခါ အိမ်၌လုပ်ရန် အလုပ်ကြမ်းများကို မညည်းမညူ လုပ်ကိုင်၍ပေးသဖြင့် မဖွားညွန့်၏မိဘများကလည်း ဤသမက်မျိုးမှာ ရှားရှားပါးပါးဖြစ်သည်ဟု တိတ်တိတ်ပုန်း ချီးမွမ်းခဲ့ကြ၏။

မောင်ဘအောင်မှာမူကား ထင်းကြီးကြီးတစ်တုံးကိုမျှ ရအောင် ခေါက်နိုင်သူမဟုတ်ချေ။ မိခင်ဈေးရောင်း၍ရသောငွေကိုအေးချမ်းစွာထိုင်၍စားသောက်နေသူတစ်ယောက်ဖြစ်ရာ ဖဲလိမ်၍ရိုက်နည်း၊ ကြက်လိမ်၍တိုက်နည်း[illegible] မြင်းပြိုင်ပွဲ၊ နွားပြိုင်ပွဲ၊ လိပ်တိုက်ပွဲအစရှိသည်တို့၌ မိမိကအနိုင်ရအောင် [illegible]



www.burmeseclassic.com

www.burmeseclassic.com



အစရှိသော မကောင်းသောနေရာများ၌ကား တစ်ဖက်ကမ်းခတ်အောင် ကျွမ်းကျင်သူတစ်ယောက်ဖြစ်လေသည်။ ဤသို့ သူများအပေါ်တွင် တစ်ပတ်ရိုက်နည်းများမှ တစ်ခါတစ်ရံ လွယ်လင့်တကူ သုံးစွဲရန် ဝင်ငွေများရရှိခဲ့၏။

ဦးဘိုးထူးသည်ပဲလျော်ကို လက်ဖက်ရည်ကြမ်းနှင့်မြည်းရင်း "သောက်လေကွာ မောင်ဘအောင်။ ပဲလျော်လည်း စားပါဦး"

"ဟုတ်ကဲ့ ဦးလေးထူး"

"ဒါထက် နေပါဦး၊ အရင်လတုန်းက ကျီးမီးရှာကလူတွေနဲ့ပွဲမှာ မင်းကြက်က အနိုင်ရလိုက်တယ်ဆို"

"ရလိုက်တာပေါ့ဦးလေးထူးရဲ့။ ဘအောင်တို့ကြက်ကို သူတို့ဘယ်တော့အနိုင်ရမလဲ"

"ရိုးရိုးဟုတ်ပါရဲ့လား မောင်ဘအောင်ရယ်"

"ရိုးတာမရိုးတာအပထား။ နိုင်တာသာ မူလရင်းပဲမဟုတ်လား ဦးလေးထူး"

"အေပေါ့ကွယ်။ ငါတို့က အကြံသမားပဲ"

"လောကမှာ အကြံကောင်းရင် ထမင်းတော့ ချောင်ချောင်စားရတာပဲမဟုတ်လား ဦးလေးထူးရဲ့"

"မှန်ပေတယ်"

"ဩော် ဒါထက် ဦးလေးထူးကို တစ်ခုမေးရဦးမယ်။ လူသတ်မှုများဟာအများအားဖြင့် ပေါ်တာများတယ်နော် ဦးလေးထူး"

"ပေါ်တာများတာပေါ့ကွယ်။ ဘယ်လိုပဲဖုံးဖုံး အမှုမှန်ရင် တစ်စွန်းတစ်စတော့ ပေါ်လာတာပဲ"

"သတ်တဲ့လူကလည်း ဂရုမစိုက်လို့ပေါ့လေ"

"အေးလေ။ လူသတ်တယ်ဆိုတော့ ထူပူပြီး ဘာလုပ်ရမှန်းမသိ၊ ကိုင်ရမှန်းမသိဖြစ်ပြီး မပေါ်သင့်ဘဲနဲ့ ပေါ်ကုန်တာပေါ့ မောင်ဘအောင်ရယ်"

ဦးဘိုးထူးအိမ်မှာ မောင်ရွှေလှတို့အိမ်နှင့် ကပ်လျက်ရှိလေရာ ဦးဘိုးထူးလည်း ၎င်းတို့အိမ်ဘက်သို့လှည့်၍ "ဟေ့ ဖွားညွှန့်တို့ အိပ်ကုန်ပြီလား မောင်ရွှေလှကော လာဦးကွယ် လက်ဖက်ရည်သောက်" ဟုလှမ်း၍ခေါ်လိုက်၏။ မကြာ



www.burmeseclassic.com

www.burmeseclassic.com



မောင်ရွှေလှရောက်လာပြီးလျှင် ၃ ယောက်သားတို့သည် လက်ဖက်ရည်ကြမ်းများ သောက်ကာ စပ်မိစပ်ရာ ပိုင်းဖွဲ့၍ ပြောဆိုလျက်ရှိကြကုန်၏။

လက်ဖက်ရည်အကျန်ကို သွန်ပစ်လိုက်ပြီးနောက် မောင်ဘအောင်က ဦးလေးထွေး ကျတ်တောင်ဟာ အဟုတ်ခြောက်တယ်နော်။

ထွေး - ခြောက်တာပေါ့။

အောင် - ကျတ်လား၊ ဥစ္စာစောင့်လား ဦးလေးထွေးရဲ့၊ ဦးလေးထွေးတို့တော့ ဒွာနေမှ သိမှာပဲ။

ထွေး - မပြောတတ်ပါဘူးကွယ်။ အပြောများတော့ ဥစ္စာစောင့် အပြောများတာပါပဲ။

အောင် - ကျွန်တော်လည်း ဥစ္စာစောင့်လို့ကြားဖူးတယ် ဦးလေးထွေး။

ထွေး - မင်းကို ဘယ်သူပြောသလဲ။

အောင် - ဘကြီးဦးရွှေဖဲ မသေခင်က ပြောသွားဖူးတယ် ဦးလေးထွေးရဲ့။ သူ့အပြောက လပြည့်ဆိုပေမဲ့ တန်ဆောင်မုန်းလပြည့်၊ တပေါင်းလပြည့်၊ ဝါဆိုလပြည့် အဲဒီလိုရက်တွေမှာ မြင်ရတယ်ဆိုပဲ။ မိန်းကလေးက အတော်ချောသတဲ့။ ဦးတော့ ထိုက်တဲ့လူနဲ့တွေ့ရင် တချို့ရကြသတဲ့ ဦးလေးထွေး။

ထွေး - အေး ဦးလေးလည်း ကြားတော့ကြားဖူးတာပဲ။ နို့ပေမဲ့ ဦးရွှေဖဲလောက်တော့ မသိဘူးပေါ့ကွယ်။ သူကတော့ ရှေးလူကြီးပဲ ဦးလေးထွေးတို့ထက် သိတာပေါ့။ နေပါဦး သူက ဘယ်လိုပြောလို့လဲ။

အောင် - ရွာထဲက ကိုသူတော်တို့ ချမ်းသာတာ ဥစ္စာစောင့်ပေးလို့ဆိုပဲ ဦးလေးထွေးရဲ့။

ဦးဘိုးထွေးမှာ စုန်းနတ်၊ တစ္ဆေသရဲ များကို ယုံကြည်သူတစ်ယောက် ဖြစ်ရာ ရွာထဲမှ ကိုသူတော်ဆိုသူမှာ မကြာသေးမီကမှ ရာကျော်တန်နွားတစ်ရှဉ်း ဆိုလည်းကောင်း၊ ၅ ဧကရှိ လယ်မြေတစ်ကွက်ကိုလည်းကောင်း ဝယ်လိုက်သဖြင့် ၎င်းမှာ ကျတ်တောင်အနီး၌ ရွှေအိုးတစ်လုံးတူးဖော်ရရှိသည်တဲ့၍လည်း ကောင်း၊ အချို့ကလည်း ဥစ္စာစောင့်မကလေးက ငွေစက္ကူများပေးသဖြင့် ချမ်းသာသည် ဟူ၍လည်းကောင်း ရွာသားများ ပြောဆိုကြသည်ကို ယုံကြည်သူတစ်ယောက် ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်ထိ မောင်ရွှေလှမှာ ဇင်းတို့ စကားထဲသို့ တစ်စုံတစ်ရာ ဝင်ရောက်စွက်ဖက်၍ မပြောဘဲရှိနေရာမှ ကိုသူတော်သည် ဦးစွာစောင့်ထံမှ ငွေရကြောင်းကို အချို့ရွာသားများထံ မိမိလည်း ကြားဖူးသဖြင့် ကိုဘအောင်ပြောတာ အဟုတ်လားဟု ဝင်၍မေးလေ၏။

"အဟုတ်ပေါ့ဗျ။ ခင်ဗျားကရွာသားမဟုတ်လို့ကျုပ်တောင်အကြောင်းကောင်းကောင်းမသိသေးတာ၊ ခင်ဗျားကော နည်းနည်းမျှပြောသံ မကြားဘူးလား"

"နည်းနည်းပါးပါးတော့ ကြားဖူးပါတယ်"

ကိုသူတော်တို့ရတာ အမှန်ပဲဆရာ။ နို့ပေမဲ့ သူတို့က အစိုးရဘက်တွေဘာတွေက ရှုပ်မှာစိုးလို့ ဖုံးထားတာ။

"ဟုတ်လား"

"ဟုတ်တာပေါ့ဗျ။ မနစ်ကတစ်နွေတည်းလုပ်တာနဲ့ ၁၀၅ ကျပ်စီပေးရတဲ့ နွား၂ကောင်ဝယ်နိုင်တယ်ဗျာ၊ လှည်းကစဝကျပ်နဲ့ဝယ်တယ်ဗျာ၊ ပြီးတော့သူ့မိန်းမ မသင်ဖို့ပုလဲနားကပ်တစ်ရန်၁၅၀ ပေးပြီးဝယ်သေးတယ်ဗျာ၊ ဒီငွေတွေဦးစွာစောင့်ကမပေးရင် ဘယ်ကရမလဲဗျ။ ခင်ဗျားလည်း စဉ်းစားကြည့်လေ"

မောင်ရွှေလှသည် တစ္ဆေသူရဲကို ကောင်းစွာယုံကြည်သူတစ်ယောက်မဟုတ်ချေ။ သို့သော် ဦးစွာစောင့်ကပေး၍ ချမ်းသာသည်ဆိုသော ပုံဝတ္ထုများကို ကြားဖူး၏။ မောင်သူတော်နှင့် မသင်တို့၌ စီးပွားတက်နေသည်လည်းသိ၏။ သို့ဖြစ်ရကား မောင်ရွှေလှမှာ မောင်သူတော်ကဲ့သို့ မယားကို ပုလဲနားကပ် ဝယ်ပေးလိုသောစိတ်များ ပေါ်ပေါက်လာ၏။

လှ - ဒီကနေ့ လဆန်း ၁၀ ရက်နေ့နော်။

အောင် - ဟုတ်တယ်။ ဘာဖြစ်လို့လဲ၊ ခင်ဗျားကလည်းပြည့်နေ့များ သွားကြည့်ဦးမလို့လား။ မလုပ်လေနဲ့ ဆရာရေ့၊ ဦးစွာစောင့်ဆိုပေမဲ့ လိပ်ပြာတွေဘာတွေတောင် နတ်တတ်သတဲ့။

လှ - နို့ပေမဲ့ ဦးစွာစောင့်ပျို့မကလေးဆို မဟုတ်လားဗျ။ ဘာကြောက်စရာရှိသလဲ။

အောင် - ကျုပ်တို့တော့ ကြောက်တယ်ဆရာ။ မရကာမြဲနေရော မသွားဝံ့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်၌ကားကြက်တွန်သံကြားရသည်နှင့်ဦးဘိုးထူးသည်လက်ဖက်ရည်ခွက်ကိုရုတ်သိမ်းလေရာမောင်ရွှေလှနှင့်မောင်ဘအောင်တို့လည်းတစ်ယောက်တစ်ယောက် နှုတ်ဆက်၍ အသီးသီး ပြန်ကြလေ၏။ ပြန်ခါနီး၌ပင် မောင်ဘအောင်က မောင်ရွှေလှအား ကိုရွှေလှ မယုံဘူးဆိုပြီး သွားများမကြည့်နဲ့ဗျနော်။ ပြောလိုက်ပါပေရဲ့ဟု ထပ်၍ ပြောလိုက်သေး၏။

ထိုညသည်ကား တန်ဆောင်မုန်းလပြည့်နေ့ည ဖြစ်သဖြင့် ဝိုင်းစက်သောလမင်းသည် မိမိ၏အရောင်ကို မြေပေါ်သို့ အစွမ်းကုန်ကျရောက်စေလျက်ရှိ၏။ အချိန်မှာ ၁၂ နာရီထိုးရန် မိနစ်အနည်းငယ်မျှ လိုသေးသည်ဖြစ်ရာ၊ ကျောက်တောင်ရွာကလေးမှာကား သစ်ပင်များအကြား၌လရောင်အောက်တွင်မထင်မရှားရှိနေ၏၊ ထိုနေရာများ၌ကား တောရိပ်တောင်ရိပ်ကြီးလှသဖြင့် အတော်ပင်မှောင်လျက်ရှိနေပြီဖြစ်ရာ၊ လူတစ်ယောက်၏သဏ္ဌာန်သည် လရောင်အောက်တွင် ရပ်နေရာမှ သစ်ပင်ရိပ်တစ်ခုအောက်သို့ ဖြုတ်ခနဲ ဝင်သွားလေ၏။

နောက်ဘက်သို့ ရှမျှော်လိုက်သောအခါ ပေ ၁၅၀ ခန့်မျှမြင့်သော တောင်ပူစာ ၃ လုံးသည် ပြာလွဲ့သော ကောင်းကင်ကို နောက်ခံထား၍ မားမားမတ်မတ် တည်ရှိလေ၏။ လမ်းကလေးမှာ အလယ်တောင်ပူစာဆီသို့ ဖြောင့်မတ်စွာ သွားလျက်ရှိ၏။ ဆီးနှင်းများ အတော်အတန်ကျသဖြင့် ကြည်လင်သော လရောင်ကို မှေးမှိန်သော မြူနှိုးဖြင့် လွှမ်းစေ၏။

ယခင်ကပုံသဏ္ဌာန်သည် လမ်းထိပ်မှ တောင်ခြေဆီသို့ စူးစိုက်၍ကြည့်နေ၏။ ၎င်းမှာ လုံချည်ကို ခပ်တိုတိုဝတ်ထား၍ ခါး၌ ဓားမြှောင်တစ်လက်ကို ထိုး၍ ထားလေသည်။ ထိုသူကား အခြားသူမဟုတ်။ ဥစ္စာစောင့်မအား မြင်ရလိမ့်နိုးအထင်နှင့် လာရောက်ချောင်းမြောင်းနေသော မောင်ရွှေလှပင် ဖြစ်လေသည်။

တစ်ခဏမျှကြာလျှင် မောင်ရွှေလှ၏ ရှေ့ဝါး ၃ ရိုက်ခန့်အကွာလောက်မှ သစ်ကိုင်းခြောက်များကိုနင်းသော အသံကဲ့သို့ ချွတ်ခနဲ အသံတစ်ခုကို ကြားရပြီးနောက် အင်္ကျီအဖြူ ထဘီအနီကိုဝတ်၍ထားသော မိန်းမတစ်ယောက်၏ သဏ္ဌာန်ကို မြင်ရလေ၏။ ထိုမိန်းမသည် သစ်ပင်များကြားထဲမှ ရုတ်တရက် ပေါ်ထွက်လာသကဲ့သို့ ထင်ရပြီးလျှင် နောက်သို့မျှ လှည့်၍မကြည့်ဘဲ (ကျတ်တောင်) ဆီသို့ လမ်းကလေးအတိုင်း တည့်တည့်သွားလျက်ရှိလေရာ၊ မောင်ရွှေလှမှာ အံ့ဩခြင်း



www.burmeseclassic.com

www.burmeseclassic.com



ထက် ဝမ်းမြောက်ခြင်းက ပိုလျက် ထိုမိန်းမနောက်သို့ ခပ်ဖြည်းဖြည်း လိုက်
၏။

ကိုက်၁၀၀ခန့်မျှသွားမိလေသော်တောင်ပူစာခြေရင်းသို့တဖြည်းဖြ
နီးကပ်လျက်လာပြီဖြစ်ရာ၊ထဘီအနီကိုဝတ်၍ထားသောမိန်းမသည်လမ်းအလ
လောက်တွင်ခေတ္တရပ်နေလေ၏။ထိုအချိန်၌ကားဆီးနှင်းများမှာယခင်က
ပို၍ကျလာသဖြင့်မိမိရှေ့မနီးမဝေးတွင်မသဲမကွဲမြင်ရ၏။ထို့နောက်မိန်းကလေ
ပုံသဏ္ဍာန်သည်ရှေ့သို့၄-၅-၆လှမ်းမျှတိုး၍လျှင်မြန်စွာလျှောက်သွားပြီး
သစ်ပင်များအကြားတွင်ပျောက်ကွယ်၍သွားလေ၏။ထိုအခါမောင်ရွှေလှလည်း
မိန်းမရပ်တန့်၍နေခဲ့သော နေရာဆီသို့ ပြေးသွားလေ၏။ မိန်းမကိုကား မတွေ့
တော့ချေ။သို့သော်လမ်းအလယ်၌ကားအဝကျဉ်းသောတောင်းတစ်လုံးကိုတွေ့
လေသည်။ထိုတောင်း၏အစ၌အဝတ်စတစ်ခုဖြင့်ဖုံးလျက်ရှိလေရာအဝတ်
လည်းကောင်း၊ တောင်း၏ပတ်ဝန်းကျင်၌လည်းကောင်း ၂၀-၃၀ခန့်မျှသောအ
များသည် ကြည်လင်အေးမြသော လရောင်အောက်တွင် ကွင်းကွင်းကွက်ကွ
ထင်ရှားစွာ ရှိကုန်၏။

မောင်ရွှေလှသည်"မြောက်ကိုသူတော်တို့ချမ်းသာတာဒါကြောင့်ကိုး"
တစ်ကိုယ်တည်းရေရွတ်ပြောဆိုကာဒင်္ဂါးများကိုအားပါးတရသိမ်းကျုံး ကော
ယူလေ၏။ ထို့နောက် တောင်းဝ၌ဖုံးထားသော အဝတ်ကို ဖယ်လိုက်ပြီးလျှ
တောင်းထဲကို နှိုက်လိုက်ရာ နှိုက်လိုက်သည်နှင့်တစ်ပြိုင်နက် အောင်မ
ကိုက်လိုက်တာဟု အသံထွက်၍ သွားအောင်ပင် ဟစ်အော်လိုက်မိ၏။ ခဏ
လက်မောင်းလုံးခန့်ရှိ မြွေကြီးတစ်ကောင်သည် တောင်းထဲမှအပေါ်သို့တွား
ထွက်ကာ မြေပေါ်သို့ တရွေ့ရွေ့လျှောချပြီးနောက် သစ်ပင်အကြားသို့ ဝင်သွာ
လေ၏။ မောင်ရွှေလှမှာ ထိုစကားတစ်ခွန်းမျှသာ ဖနောက်ဆုံး အော်နိုင်ပြီးလျှ
မြေပေါ်သို့ လဲကျသွားလေသတည်း။

ထိုနေရာ၏မြောက်ဘက်တစ်ခေါ်လောက်တွင်ရေအိုင်ကလေးတစ်
ရှိလေရာထိုအချိန်၌လူတစ်ယောက်သည်ထဘီအနီနှင့်မိန်းမဝတ်အင်္ကျီအဖြ
ချွတ်ပြီးလျှင် ယောကျ်ားလုံ့ချည်နှင့် လဲလှယ်လျက်ရှိလေ၏။ မျက်နှာမှ သနပ်ခါး
များကိုရေဖြင့်အကြိမ်ကြိမ်ပွတ်သပ်ဆေးကြောပြန်ပြီးနောက်"အင်းလည့်လော



www.burmeseclassic.com

www.burmeseclassic.com



ာသာကြီးလှတဲ့ကောင်သေတာပဲကောင်းတယ်" ဟု တစ်ကိုယ်တည်းရေရွတ် ဆိုကာ မိန်းမအဝတ်အစားများကို သေချာစွာထုပ်၍ ချိုင်းကြား၌ညှပ်ပြီးသော် ာတ်ဆီသို့ ဖြတ်လမ်းမှ ပြန်ခဲ့လေ၏။

နောက်တစ်နေ့၌မောင်ရွှေလှမှာပျောက်ခြင်းမလှပျောက်သွားသည်ဆို ာ သတင်းသည်လည်းကောင်း၊ ဆွမ်းခံဝင်ချိန်လောက်တွင် မောင်ရွှေလှ ာင်းကို ကျွတ်တောင်အနီးမှ နွားကျောင်းသားကလေးတစ်ယောက်က ရှိရသည်ဆိုသောသတင်းသည်လည်းကောင်းထိုရွာထဲတွင်ပျံ့နှံ့ကာအိမ်တိုင်း ိုင်ပင် ၎င်းအကြောင်းကို ပြောဆိုလျက်ရှိကြကုန်၏။

အလောင်းကို ရွာသို့ယူလာပြီးနောက် စစ်ဆေးကြည့်ရှုကြသောအခါ ာ်ညှိုးတွင် မြွေစွယ်ရာ ၂ ခုကို တွေ့ကြရ၏။ သို့သော် ဥစ္စာစောင့်၊ တစ္ဆေသရဲ ည်တို့ကို ယုံကြည်သူများက မောင်ရွှေလှမှာ ကျွတ်သော်လည်းကောင်း၊ ာစောင့်သော်လည်းကောင်း ဖမ်းစား၍သေသည်ဟု အယူရှိကြ၏။ သို့သော် ာဝန်၏ မှတ်တမ်း၌ကား အဆိပ်ရှိသောသတ္တဝါ ကိုက်ခဲသေဆုံးဟန် ရှိသည် ထင်မြင်ချက် ရေးထားသည်ကို တွေ့ရလေသည်။

မည်သူမျှ မောင်ဘအောင်အပေါ်တွင် ယုံမှားသံသယမရှိသော်လည်း လေးထူးတစ်ယောက်ကမူကား အတော်အတန် သင်္ကာမကင်းရှိနေခဲ့၏။ သို့ ာ် မောင်ဘအောင်၏ တည်သောမျက်နှာကြီးကို မြင်ရသောအခါ မိမိ၏ ထင် ချက်ကိုပင် မဟတ္တဲ့ပဲရှိနေခဲ့လေသည်။

နောက် ၁ လခန့်ကြာသောအခါ မောင်ဘအောင်သည် အပျိုတမျှ ာလျက်ရှိသော မဖွားညွန့်အား သိမ်းပိုက်လိုက်လေတော့သတည်း။

သွေးသောက်၊ အတွဲ(၁)၊ အမှတ်(၁)

www.burmeseclassic.com